www.burmeseclassic.com

# မမသဒ္ဒါမောင်

အတိတ်မြက်ခင်းစိမ်းပေါ်မှ
အလွမ်းသင့်ဒဏ်ရာ မျက်ရည်စက်လေးများ

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊
၂၀၁၄၊ မေ။

ထုတ်ဝေသူ - ဦးအေးလွင် (၀၄၁၅၂)
ရွှေဥစာပေတိုက်
အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် - ဦးအေးလွင် (၀၈၂၁၀)
အတွင်းပုံနှိပ်သူ ရွှေပဒေသာအော့ဖ်ဆက်
အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

ဖြန့်ချေး - ၁၆၀၀ ကျပ်

အုပ်ရေ - ၅၀၀ အုပ်


မမသဒ္ဒါမောင် ၈၉၅.၈၃
အတိတ်မြက်ခင်းစိမ်းပေါ်မှ အလွမ်းသင့်ဒဏ်ရာ မျက်ရည်စက်လေးများ /မမသဒ္ဒါမောင်။ - ရန်ကုန်
ရွှေဥစာပေ ၊ ၂၀၁၄ ။
၂၁၉ - စာ ၊ ၁၂.၃ x ၁၈ စင်တီ ။
(၁) အတိတ်မြက်ခင်းစိမ်းပေါ်မှ အလွမ်းသင့်ဒဏ်ရာ မျက်ရည်စက်လေးများ

# မမသဒ္ဒါမောင်

# အတိတ်မြက်ခင်းစိမ်းပေါ်မှ အလွမ်းသင့်ဒဏ်ရာ မျက်ရည်စက်လေးများ

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com




## ‘အချစ်ဦး’

မမ ...

အကြင်နာမမမေး

အမွှေးရှိုင်းဆန်

သက်မနှင့်ရှည်မူး

အချစ်ဦး ....

ဖေ ....

ရင်ခုန်သံလေး

ချမြင့်ကြိုးသံစဉ်

ထပ်တူရေးခြေး

အချစ်ဦး ....

မေ ....

နှလုံးသွေးရတ်

သက်ထက်သည်ပြိုင်

ပိုပိုင်ခွင့်ရှု

အချစ်ဦး ....

ဖေ ....

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

Thai လေယာဉ်ကြီးက ဝေဟင်ထက် ငြိမ့်ခနဲထိုးတက်စဉ် ရင်ချောင်းမှာ ဒိတ်ခနဲ အခုန်မြန်သွားရပါ၏။ ဒီခရီးစဉ်က သူ့အတွက် ဒုတိယအကြိမ်မြောက် အမိမြန်မာပြည်ကို ပျံသန်းလာရခြင်းပါပဲ။ ကြာတော့လည်း ကြာခဲ့ပါပြီလေ။ သို့သော် မနေ့တစ်နေ့ကလိုပဲ သုံးသားက လတ်ဆတ်ဆတ်ကြီး နာကျင်နေရတုန်းပါ။

'မေ' . . . ဘဝက ခါးသီးလွန်းပါတယ်။ လမ်းကလည်း ကြမ်းကြမ်းလွန်းတာ 'မေ'အသိဆုံးမဟုတ်ပါလား။ ဒါနဲ့တောင်မှ 'မောင့်'ရင်ဘတ်ကြီးကို အစိမ်းသက်သက်ကြီး ခွဲပစ်ရက်ရတယ်လို့၊ အချစ်ဦးမို့ အရှုံးပေးချစ်ခဲ့မှန်း 'မေ'သိရဲ့သားနဲ့ကွယ်။

လေယာဉ်မယ်လေးက ဖျော်ရည်လိုက်ဝေနေရင်း သူ့ဘေးသို့ရောက်လာလေ၏။ နဖူးထက်မှာ မည်သည့်ဆံစမှမချဘဲ အုပ်လုံးသိမ်းကားဖွံ့ဖွံ့လေး ထုံးထားတာမို့ ရုတ်တရက် 'မေ'နှင့်ပင် တူနေသည့်နှယ်



www.burmeseclassic.com

www.burmeseclassic.com



ပါ။ သူ့ရဲ့ 'မေ' သည်လည်း ဒီလို နဖူးလှလှလေး ရှိနေတာပါလေ။

"Good morning , sir. Do you want to some juice or coffee?

"I'm sorry Miss. Take me a cup of water, please."

"You're welcome, sir. Just a minute, please."

"Thanks."

ဖျော်ရည်သောက်တာထက် ရေက သူ့ရင်ကို ပိုအေးစေမှာလား။ ကော်ဖီဆိုရင် ခါးခါးမှကြိုက်တတ်တဲ့ချစ်သူ။ 'မောင့်'လက်ကို တင်းတင်း ဆုပ်ကိုင်ပြီး ဘဝကိုရင်ဆိုင်ကြမယ်ဆို။ လက်တွေ့မှာ မောင့်အိပ်မက်တွေ က ဘာကြောင့် အကောင်အထည်မပေါ်ဘဲ ပျက်သုဉ်းပျောက်ကွယ်ခဲ့ရတာ ပါလိမ့်။

မေမေပဲ တားမြစ်ခဲ့လို့လား၊ မဖြစ်နိုင်တာ။ သူနဲ့ 'မေ'က တစ်ကျောင်းတည်း တစ်ခန်းတည်း ပညာသင်ခဲ့ရတဲ့ငယ်သူငယ်ချင်းပါ။ အတွင်းသိ အဆင်းသိချင်းမို့ တစ်ယောက်စိတ်ကို တစ်ယောက် ဖွင့်ပြောစရာမလို လောက်အောင်ကို သိနေမြင်နေရတာလေ။ အချစ်ချင်းတူလို့ 'အချစ်ဦး' ဆိုတဲ့ဂုဏ်ပုဒ်ကို မောင်တို့ ပွေ့ပိုက်ခဲ့ရတာ မေရယ်။

"မောင် . . . ကျောင်းဆက်မတက်တော့ဘူး မေ"

"ဟင်! ဘာဖြစ်လို့လဲ"

မျက်ဝန်းမှာ အံ့ဩရိပ်ထင်လေ၏။ ပူပူနွေးနွေးအဖြေပြန်ရတာမှ မကြာသေး။ ချစ်သူကို တားရစ်ခဲ့ဖို့ သူ မနည်းကြီး ကြိုးစား အားမွေးထားရတာပါ။ သူတို့ညီအစ်ကိုနှစ်ယောက်သား (၅)နှစ်နဲ့ (၄)နှစ်အရွယ်





လောက်မှာ လင်စွန့်ပစ်ခံရတဲ့မေမေ၊ သားနှစ်ယောက်နဲ့ မိမိဝမ်းစာကို အသုပ်စုံရောင်းပြီး ရှာကျွေးတဲ့မေမေ့ဒုက္ခတွေကိုမှ မကြည့်ရက်နိုင်တော့ တာကိုး။

ငယ်စဉ်ကတည်းက အစ်ကိုထက် မှတ်ဉာဏ်ပိုကောင်းပြီး ပိုစာတော်တဲ့ ညီကလေးကို ပညာရေးဆုံးခန်းတိုင်စေဖို့တာဝန်ကို သူ တစ်လှည့်ယူသင့်ပြီ မဟုတ်ပါလား။ အစ်ကိုကြီးတော့ အဖအရာ၊ သားဆိုတာ 'အား' တဲ့။ မေမေ အားကိုးရတဲ့သား၊ ညီကလေး မှီခိုရပ်တည်နိုင်မယ့် အစ်ကိုသာ သူဖြစ်သင့်တာပါလေ။

'သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနား' တဲ့။ ငှက်ပေါင်းစုံ ပေးမနားနိုင်တောင် မေမေနဲ့ ညီကလေးကို အရိပ်ကောင်းကောင်းပေးနိုင်တဲ့ သစ်ပင်တော့ သူဖြစ်ခွင့်ရချင်ခဲ့တာပါလေ။ မေမေကတော့ သားတွေနှင့် တစ်ကြိမ်တစ်ခါမှ မခွဲဖူးတာမို့ ပြင်းပြင်းထန်ထန်ကန့်ကွက်ခဲ့တာပါ။ ဒါဖြင့် ညီကလေးကရော၊ အဖေဆိုတာ ဖြူသလား မည်းသလားပင် မမှတ်မိဘဲ၊ ဖတဆိုးဘလေးနယ် အားငယ်တတ်ပြီး၊ အစ်ကိုဖြစ်တဲ့သူ့ကို အစစအရာရာ အားကိုးမှီခိုနေတာမဟုတ်ပါလား။

"ဘာလုပ်ဖို့ မောင်စိတ်ကူးထားလို့လဲ"

"ထိုင်းကို သွားမလို့"

"ဘယ်လို!"

"ဟုတ်တယ် မေ၊ ဟိုမှာ ရေလုပ်ငန်းစက်ရုံထဲမှာ အလုပ်လုပ်ရတာ အဆင်ပြေကြတယ်တဲ့"

"ဖြစ်ပါ့မလား မောင်ရယ်၊ မောင်က အခုမှ အထက်တန်းအောင် ခါစပဲ ရှိသေးတာနော်။ သူများနိုင်ငံကို မကြောက်မရွံ့နဲ့"



www.burmeseclassic.com

www.burmeseclassic.com



''ကြောက်ရင်လွဲ ရဲမှမင်းဖြစ်တာတဲ့ မေရဲ့။ ဒီလိုမှ မစွန့်စားရဲ ခင် အောင်တို့ဘဝက ဒီအတိုင်း ဒုံရင်းဒုံရင်းက တက်မှာကိုမဟုတ်ဘူး''

မျက်စောင်းက ဖျတ်ခနဲရောက်လာလေ၏။ ဘဝနဲ့ချီပြီးပြောတိုင်း အမေဖြစ်လို့နဲ့ ညီကလေးကသာ အဆင့်(၁)နေရာမှာ အမြဲရှိနေပြီး၊ ချစ်သူ က ဒုတိယနေရာမှာ ရှိနေရတာကိုး။ သူများတကာအတွက် (၁၅၀၀)က ပိုသာရင် ပိုသာနိုင်ပေမယ့် သူ့အဖို့ (၅၂၈)ကသာ ပိုအားသာပြီး ပိုအရေး ပါနေတာပါလေ။

''ဟောင့်အမေက ဘာပြောလဲ''

''တားတာပေါ့၊ ဘယ်နေမလဲ''

''မောင်က ဆုံးဖြတ်ပြီးပြီမဟုတ်လား''

''အင်း''

ဘယ်တော့မဆို စိတ်ထဲဆုံးဖြတ်ပြီးမှ နှုတ်ကဖွင့်ပြောတတ်တဲ့ သူ့အကျင့်ကို မေ အသိဆုံးမဟုတ်လား။ မိသားစုထဲမှာ အကြီးဖြစ်နေ တာချင်းအတူတူ၊ 'မေ'ကတော့ ညီမဖြစ်သူနှင့်အပြိုင် ဘာမဆို လုတတ် ပြီး အလျှော့မပေးတတ်တာလေ။ သူကဖြင့် ညီကလေး၏အကြည့်ကို မြင် လိုက်တာနဲ့ ဘာလိုချင်တာ ဘာစားချင်တာကို အလိုလိုလုပ်ပေးပြီးသား ဖြစ်နေတာပါပဲ။

''လွမ်းနေတော့မှာပဲ''

''မောင်လည်း မေ့လိုပါပဲကွယ်၊ ဘယ်ခွဲချင်ပါ့မလဲ။ ဒါပေမဲ့ ရှေ့ ရေးက ရှိသေးတယ်မဟုတ်လား''

လက်မောင်းကိုမှီလိုက်တာမို့ ဆံနွယ်အိအိလေးတွေ လာထိကပ် လေ၏။ 'မေ့'ဆံပင်လေးတွေက အမြဲအလယ်ခွဲထားပြီး ကျောလယ်ခန့်





စင်းစင်းလေးတွေ ရှိနေတာပါ။ လေဘယ်လောက်တိုက်တိုက် ကြိုက်သလို လွင့်ပြီးသွားရင်၊ ကျောပြင်မှာ အလိုက်သင့်လေး ပြန်ရှိနေတတ်တာကို က 'မြတ်နိုးမေ'ရဲ့ ထူးခြားမှုတစ်ရပ်အဖြစ် ထင်ရှားစေတာ မဟုတ်ပါ လား။

''မောင့်ကိုစောင့်နိုင်မယ် မဟုတ်လား''

''စောင့်ရမှာပေါ့၊ မစောင့်လို့ ရမလား''

''စိတ်ကောက်ချင်ပြီပေါ့လေ''

''မကောက်ပါဘူး''

လက်ချောင်းဖြူဖြူလေးတွေကို တယုတယဖြင့် သူဆုပ်ကိုင်ထား လိုက်မိ၏။ ထားခဲ့ရမှာ စိတ်မချပေမယ့် ဘယ်တတ်နိုင်ပါ့မလဲ။ သူက ကိုယ်တက်ရမယ့်လှေကားကို ထောင်ရမယ့်လူကိုး။ တစ်အိမ်တည်းအတူ နေ၊ အတူအိပ်ရတဲ့ ညီကလေးကို ပိုစိတ်မချတာကို ဘယ်ပြောထွက်ပါ့ မလဲ။ ချစ်သူက အူတိုတတ်တာလေ။

''ဘယ်နှနှစ်လဲ''

''ဟင် ! ဘာကိုလဲ''

''ကြာမှာကို မေးတာလေ''

''အင်း . . . အနည်းဆုံး သုံးနှစ်ပေါ့၊ ငါးနှစ်လည်း ဖြစ်ချင်ဖြစ် နိုင်တယ်''

''ဟယ် . . . အကြာကြီးပဲ''

''မကြာပါဘူး မေရယ်၊ ဒီသုံးနှစ်အတွင်း မေက တက္ကသိုလ်တက်၊ စာကျက်နေရတာနဲ့ မောင့်ကိုမေ့တောင် မေ့နေဦးမှာ''

''မောင်နော်၊ အဲလိုမပြောပါနဲ့''



www.burmeseclassic.com

www.burmeseclassic.com



မျက်စောင်းလှလှလေးတွေကို အမှတ်တရသိမ်းဆည်းမိ၏။ ပါး မို့မို့နှင်းဆီခင်းမှာ ညနေဆည်းဆာအောက် သူလျှောက်ခွင့်ရခဲ့သည်လေ။ ရင်ထဲမှာ နှင်းဆီရနံ့တို့ လှိုင်လှိုင်ကြီး မွှေးခဲ့ရတာမဟုတ်ပါလား။ အချစ်ဦးဆိုတာ မြေးဦးရတောင် မမေ့နိုင်တဲ့ချစ်သူတဲ့လေ။

''မောင်''

''ဟင်''

''မေ့သဘောကတော့ ကျောင်းပြီးအောင် ဆက်တက်ပြီးမှ သွားစေချင်တာ''

''မဖြစ်ဘူး မေ၊ သားနှစ်ယောက် ပညာရေးအတွက် မောင့်အမေ ပင်ပန်းလွန်းနေတာ မေ့အမြင်ပဲလေ''

''မေ သိပါတယ်''

''ဟိုကနေ မေ့ဆီကို မောင် ငွေပို့ပေးမယ်လေ''

''အမယ် . . . လူကို ငွေမက်တယ်များ ထင်နေလား''

''မဟုတ်ဘူးလေ၊ မေမေနဲ့ညီကလေးဆီပို့တာလည်း ပို့တာပေါ့။ မောင်တို့လက်ထပ်ဖို့ကို မေပဲစုထားဖို့ ပြောတာလေ။ တော်တော်လေး စုမိရင် မောင်တို့လက်ထပ်တဲ့အခါ မပူရတော့ဘူးပေါ့။ မောင်ပြောတာ နားလည်တယ်မဟုတ်လား''

''မောင့်အိမ်ကသိရင် ဘယ့်နှယ်လုပ်မလဲ''

''မောင်ပြောမှ သိမှာပါ မေရယ်''

''ဒါဖြင့်လည်း မောင့်သဘောပဲလေ''

တီးတိုးရယ်လိုက်မိ၏။ နှစ်ဦးသား တွေ့ဆုံရချိန်က ချစ်ခွန်းသီဖို့ထက် ဒီနေ့ အိမ်မှာ ဘာတွေ ဘယ်လိုဖြစ်တယ်၊ ဘာထူးတယ်ဆိုတာ





သာလေ။ နှစ်မိသားစုက လူလတ်တန်းစားဖြစ်ပေမယ့် သူတို့သားအမိသုံးဦးက ပိုပြီးမပြည့်စုံတဲ့လူတွေကိုး။ ဘဝက ရင်မောစရာအပြည့်နဲ့သာမဟုတ်ပါလား။

''မောင်တို့ သိန်းနှစ်ဆယ်၊ အစိတ်လောက် စုမိရင် လက်ထပ်ကြရအောင်နော်။ အဲဒီအခါ မေလည်း ကျောင်းပြီးဘွဲ့ရလောက်ပြီ။ မေစုထားတဲ့ငွေနဲ့ မင်္ဂလာကိစ္စစီစဉ်ရင် မောင်က ဟိုကပါလာတဲ့ငွေနဲ့ ဒီမှာ စီးပွားပြန်လုပ်ပြီး တစ်အိုးတစ်အိမ်ထူထောင်ကြတာပေါ့''

''တစ်အိုးတစ်အိမ် . . . ဟုတ်လား''

''အင်းလေ . . . ဘာဖြစ်လို့လဲ''

''မောင်က အိမ်ခွဲနေဖို့ဆုံးဖြတ်ထားတာလား''

''ဒါပေါ့''

''အို ! မေက မေမေတို့နဲ့မှ မခွဲနိုင်တာ''

''သိတယ်လေ၊ အဲဒါကိုသိလို့ အိမ်ခွဲနေဖို့ကြို့ပြောထားတာ။ မေ့လိုပဲ မောင်လည်း မေမေနဲ့ညီလေးကို ဘယ်ခွဲထားချင်ပါ့မလဲ။ မောင်တို့မှာက ဒီသားအမိသုံးဦးပဲရှိတာ။ မေ့မှာက မိဘနှစ်ပါးအပြင် မေ့ညီမပါဆိုတော့ မိသားစု ပိုများနေသေးတယ်''

မျက်နှာ ချက်ချင်းညိုလေ၏။ စိတ်မောရပါလားနော်။ တစ်မြို့တည်းနေပြီး နယ်လှရတာ မဟုတ်ပါဘဲ မိဘမိသားစုနဲ့မခွဲနိုင်ရင် ဘယ်လိုအိမ်ထောင်ပြုလို့ရပါ့မလဲ။ ဒါကိုသိသိကြီးနဲ့ မေမို့ ငြင်းရက်တယ်လို့။

''ကဲပါလေ၊ ကြိုတွေးပူနေလို့လည်း အပိုပါပဲ။ နောက်မှပဲ အစီအစဉ်ဆွဲကြတာပေါ့။ ဟုတ်ပြီလား''

ဒီလိုနဲ့ သူထွက်သွားတာ တစ်နှစ်ကျော်နှစ်နှစ်နီးပါးသာ ရှိသေး



www.burmeseclassic.com

www.burmeseclassic.com



ပါ၏။ ညီလေး First year တက်စဉ် ကျောင်းမှာ မေနဲ့တိုးပြီး၊ သူ Phone ဆက်တိုင်း ကြားနေရတဲ့သတင်းတွေက စိတ်မောစရာတွေချည်းသာ။ 'ခြေလှမ်းတွေ ပျက်နေတယ်'၊ 'ကိုကိုသူငယ်ချင်း ဝဏ္ဏနဲ့ မိုးမမြင် လေမမြင် တွဲနေလေရဲ့'ဆိုပြီး ညီလေးတိုင်သမျှ သို့လောသို့လော ထင်စရာတွေအဖြစ်သာလေ။

မေမေကတော့ သူပို့သမျှငွေတွေကို ခြစ်ခြုပ်စုကာ အိမ်ပြင်ပြီး နည်းနည်းစီဖြင့် တစ်ထပ်တိုက်လေး ဆောက်ဖြစ်လေ၏။ ဝင်ငွေရှိနေပေမယ့် ဈေးရောင်းသည့်အလုပ်ကို ဆက်လုပ်နေဆဲ။ ညီလေးက အမေ ပင်ပန်းတာကို မကြည့်ရက်၍ (ကျောင်းနှင့်နီးတာမို့) စာရေးကိရိယာဆိုင်လေး ဖွင့်ပေးလေသည်။

သူပြန်လာခါနီးမှာ 'မမြတ်နိုး မင်္ဂလာဆောင်သွားပြီ'ဟူသည့် သတင်းက နှလုံးသားကို နင်းချေဖျက်ဆီးလိုက်သည့်နှယ်ပါ။ ဘာတွေဖြစ်ကုန်တာလဲ။ သူ့မှာတော့ ရေရှည်စီမံချက်ကြီးနဲ့ လစဉ် ငွေတွေ ခွဲပို့ပေးခဲ့တာပါလေ။ သိန်းနှစ်ဆယ်လား သုံးဆယ်လား ရပြီ။ ပြန်မယ်စိတ်ကူး တုန်း ရင်ဝကို မီးစနဲ့ထိုးခံလိုက်ရတာပါပဲ။ ရှက်ဖို့ကောင်းလိုက်တာ။

"ဟော !"

လေယာဉ်က ပြေးလမ်းကိုဆင်းလာပြီမို့ လွင့်ချင်တိုင်း လွင့်နေသည့်စိတ်ကို အမြန်စုစည်းလိုက်ရတော့၏။ 'လွမ်းစရာရှိရင် နာစရာနဲ့ ဖြေ'တဲ့။ သူ့အဖြစ်က ချစ်ဦးသူ ကောင်းစားရေးအတွက် ငွေပုံစုပေးပြီး သဲစွာဖောက်ကာ ကျန်ရစ်ဖြစ်ခဲ့ရတဲ့ နွားလုံးလုံးဖြစ်ခဲ့ရတာမဟုတ်ပါလား။

တစ်ယောက်တည်းပါ မေ။ အရင်လို မောင်တစ်ယောက်တည်းပါပဲ။ မေ့မှာ မောင့်အပြင် ချစ်ရမယ့်သူရှိရင်လည်း ပွင့်ပွင့်လင်းလင်းပြော





သင့်တာပေါ့။ ခုတော့ အခင်ဆုံးသူငယ်ချင်းက ကြားကနေ အရံသင့် ပြင်ပေးထားတဲ့ ထမင်းပွဲကို ဝင်အုပ်သွားရတယ်လို့။

"Taxi "

အငှားကားကို လက်ပြတားကာ တက်လိုက်ခဲ့၏။ ဘာပစ္စည်းမှ အပိုမဝယ်လာဖြစ်တာမို့ ပေါ့ပေါ့ပါးပါးပါပဲ။ ကတ္တရာလမ်းဘေးမှ တရိပ်ရိပ်ကျန်နေရစ်ခဲ့သည့် ခပ်စိမ်းစိမ်းသစ်ပင်တို့ကို ငေးချင်တိုင်းငေးနေစဉ် Driver က FM လိုင်းကို ခပ်တိုးတိုးလေး ဖွင့်လိုက်လေသည်။

*မောင်× × × သိပ်မြတ်နိုးတဲ့သူ မေရယ်× × × စိမ်းကားသွားပြီလား× × × မောင်× × × သိပ်ချစ်ရတဲ့သူ မေရယ်× × × မင်းတစ်ယောက်တည်းကိုပဲ× × × ဒီတစ်သက်တော့လေ× × × မေ့လို့ ဝမယ်မထင်တော့ဘူး× × ×*

*အစကတည်းက မတွေ့မဆုံရင်တောင်× × × ကောင်းသားလို့တော့ မပြောခဲ့ရက်ပါဘူး× × × မေ့သင့်လို့မေ့ပြီဆိုလည်း နှင့်လွှတ်ပါတယ်× × ×*

*နွမ်းပါးတဲ့ တို့ရဲ့အချစ်မျိုးထဲကို× × × စုတ်ပြတ်တဲ့ တို့ရဲ့ဘဝဆိုးထဲကို× × × မလာနိုင်မှန်း သိပါတယ်ကွာ× × ×*

*မောင်× × × သိပ်မြတ်နိုးတဲ့သူ မေရယ်× × × စိမ်းကားသွားပြီလား× × × မောင်× × × သိပ်ချစ်ရတဲ့သူ မေရယ်× × × မင်းတစ်ယောက်တည်းကိုပဲ× × × ဒီတစ်သက်တော့လေ× × × မေ့လို့ ဝမယ်မထင်တော့ဘူး× × ×*

*နှောင်းခဲ့တဲ့နေ့တွေဟာလေ× × × မင်းအတွက်တော့ အမှတ်တမဲ့ဖြစ်ပေမယ့်× × × တို့ဘက်က တစ်သက်တာတစ်နှလုံး သိမ်းထား*



www.burmeseclassic.com

www.burmeseclassic.com



*မှာပါ× × ×*

*ကြမ်းတမ်းတဲ့ တို့ရဲ့အဖြစ်ဆိုးထဲကို× × × လမိုက်တဲ့ တို့ရဲ့ အမှောင်တိုက်ထဲကို× × × မဝင်ချင်လည်း ရပါတယ်ကွာ× × ×*

*မောင်× × × သိပ်မြတ်နိုးတဲ့သူ မေရယ်× × × စိမ်းကားသွားပြီလား× × × မောင်× × × သိပ်ချစ်ရတဲ့သူ မေရယ်× × × မင်းတစ်ယောက်တည်းကိုပဲ× × × ဒီတစ်သက်တော့လေ× × × မေ့လို့ ဝမယ် မထင်တော့ဘူး× × ×*

အဆိုတော် 'ဗဒင်'၏ လွမ်းလွမ်းဆွတ်ဆွတ်တေးသံက သူ့ရင်ကို တည့်တည့်ထိမှန်လေ၏။ 'မောင်'လို့ ချွဲချွဲနွဲ့နွဲ့ခေါ်ခဲ့ဖူးသည့်ချစ်သူက ခုတော့ဖြင့် တစ်ပါးသူရဲ့ရင်ခွင်မှာ ပြုံးပျော်နေပြီပေါ့လေ။ မေ့ချင်ခဲ့ပါတယ်၊ တစ်သက်တာအတွက် ရည်စူးထားတဲ့လက်ကို 'မေ'မို့ ပုတ်ချရက်တယ်လို့။

'မေ'ရယ်. . . သိပ်ချစ်ခဲ့ရတဲ့လူက မောင်ဆိုတဲ့ 'မင်းသီဟလင်း' ရယ်ပါ။

အာရုံတို့က လွန်ခဲ့သည့် ငါးနှစ်တာကာလဆီသို့ လွင့်ပါးသွားလေတော့၏။

♥ ♥ ♥



## အခန်း (၂)

ဟင်းခါးအိုးထဲသို့ ရေသေချာပဘားကာ ပိုင်းဖြတ်ထားသည့်မြင်းခွက်ဖေကာကို မှောက်ချလောင်း၍ ထည့်မွှေလိုက်ပါ၏။ အရည်ကို ဇွန်းဖြင့်ခပ်ကာ အသာမြည်းကြည့်လိုက်ပြီး ဟင်းခတ်မှုန့် ထပ်ထည့်လိုက်ပါသည်။ ပြီးနောက် မီးသွေးမီးခဲကိုပါ အနည်းငယ်မျှလျှော့၍ မြေအိုးလေးဖုံး ထည့်သတ်ထားလိုက်ပါ၏။

"သားကြီးရေ. . . မောင်သီဟ"

"ဗျာ. . . မေမေ"

"ဟင်းခါးကျက်ပြီလား. . . သား"

"ကျက်ပြီ မေမေ၊ ငရုတ်ကောင်းမှုန့် ခတ်ဖို့ပဲကျန်တာ"

"အေးအေး. . . မုန့်ဖတ်မွှဖို့ ကျန်သေးတယ်"

"ကျွန်တော်ပဲ လုပ်လိုက်ပါ့မယ်"

ကြွေရည်သုတ်လင်ပန်းကို ရေထပ်ဆေးကာ အဝတ်သန့်သန့်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် သုတ်လိုက်ပါ၏။ မုန့်ဟင်းခါးဖတ်ကို(လက်ရေဆွတ်ကာ) ဖွလိုက်ပြီ
တစ်ပုံ ပုံလိုက်ပါသည်။ ပြီးနောက် ဂျုံခေါက်ဆွဲဖတ်ကို ဖြတ်တန်တာဖြ
ပြီး တစ်ပုံ၊ ပြီးနောက် ရေခွေးဖျောကာ ဆန္ဒင်းဝါဝါလေးဖြင့် လိမ့်ထာ
သည့် ဆန်ကြာဆံကိုက တစ်ပုံ၊ သုံးပုံ လှလှလေးစုပုံကာ ဖာပါးလေ
အုပ်ထားလိုက်ပါ၏။

"ကျွန်တော်လုပ်ပေးပါ့မယ်ဆို မေမေရယ်"

"ရပါတယ် သားရယ်၊ သားညီလေးကို စာကျက်ဖို့ နှိုးလိုက်ဦး"

"စောပါသေးတယ် မေမေရဲ့ ညီက အိပ်ရေးမဝရင် ခေါင်း
တတ်တာမို့ပါ"

"ဟုတ်ပါရဲ့၊ လူကလည်း သေးသေးကွေးကွေးနဲ့ ချူချူချာ
လေး မွေးထားမိတာကိုး"

ကြက်သွန်နွှာနေသည့်မေမေ့အနီးမှာ သူထိုင်ချလိုက်ပြီး ဝိုင်း
လိုက်ပါ၏။ ဒီအလုပ်နဲ့ပဲ သူတို့မိသားစု ဝမ်းစာဖြည့်နေရတာမဟုတ်ပါလာ
လောကဓံရဲ့ထုထောင်းမှုဒဏ်ကြောင့် မေမေ့ရုပ်ရည်က ရှိရင်းစွဲအသ
ထက် ပိုရင့်နေသည့်နှယ်ပါ။

"သား"

"ဗျာ"

"အမေမေးတာ မှန်မှန်ဖြေနော်"

"ဟုတ်ကဲ့. . . မေးပါ မေမေ"

"သားနဲ့ မသူရဲ့သမီးအကြီးမလေးနဲ့ ရည်ငံနေကြတယ်ဆိုတ
ဟုတ်သလား"

သူနှုတ်ဆိတ်သွားရပါ၏။ ပါးစပ်တစ်ပေါက်ပိတ်ဖို့ဆိုတာ ဖူး





ရာလောက် ပိတ်တာထက် ပိုခက်ခဲတယ်ဆိုတာ မှန်နေပြီလေ။ မေနဲ့သူ
တိုးတိုးတိတ်တိတ်လေး ကျိတ်ချစ်ကြတာ ဘယ်သူမှမသိ။ လမ်းမှာဆုံရင်
သည်း အကြည့်ချင်းဆုံ အပြုံးချင်းဖလှယ်ရုံထက် မပို။ ဒါနဲ့တောင်မှ
ဘယ်လိုဖြစ်ပြီး အမေ့နားထဲကို ဒီသတင်းပေါက်သွားရတာပါလိမ့်။ ထူး
ဆန်းလေစွ။

"အမေ မေးနေတယ်လေ"

"ဟုတ်ပါတယ် အမေ"

"သားရယ်. . . အခုမှ ဆယ်တန်းပဲရောက်သေးဟာ၊ ဒီစိတ်တွေ
မွေးရလား။ ပြီးတော့ မသူအကြောင်းလည်း သားသိရဲ့သားနဲ့"

သက်ပြင်းကို ကျိတ်ချလိုက်မိပါ၏။ ဘယ်တတ်နိုင်ပါ့မလဲ။ သူ
က မေ့ကိုမှ အချစ်ကြီးချစ်နေမိပြီကိုး။ 'မေ'ဆိုတဲ့ 'မြတ်နိုးမေ'က သူတို့
ကျောင်းမှာ အလှဆုံး၊ အချောဆုံး၊ နာမည်အကြီးဆုံး မဟုတ်ပါလား။ ဒီ
နေ့ခဲလေးရဲ့အချစ်ကို သူရခဲ့တာ အုပ်စုထဲမှာ ဖိုးကံကောင်းဆိုပြီး အခေါ်
ခံရတဲ့အထိ ဖြစ်ခဲ့ရတာပါလေ။

မေ့ဖေဖေ "ဦးမြတ်ကျော်"က လူအေးဖြစ်ပေမယ့် မေ့ မေမေ
"ဒေါ်သူသူမေ"ကဖြင့် ဥစ္စာမက်၊ ငွေမက် မိန်းမကြီးပါလေ။ လူချမ်းသာ
တွေနဲ့သာ ရွေးပေါင်းတတ်ပြီး ရွှေမရှိ ငွေမရှိလူတွေကိုဖြင့် နှာခေါင်းရှုံ့
ကာ မပေါင်းချင်ပေါင်းချင်သည့်နှယ်လေ။ မျက်လုံးထဲမှာ တဝင်းဝင်းလက်
နေတဲ့ရွှေကိုပဲ မြင်တတ်တယ်ထင်ပါရဲ့။

"သားတို့ကိစ္စ မသူ သိလား"

"အဲဒါတော့ မပြောတတ်ဘူး အမေ"

"အင်း. . . သိတဲ့နေ့တော့ အသံကြားရဦးမယ်။ ခက်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူငြိမ်နေမိ၏။ အပြစ်ရှိနေတာကိုး။ ကိုယ့်ဘဝ၊ ကိုယ့်အဆင့် အတန်းကိုသိပါလျက်နဲ့ 'မေ'ဆိုတဲ့ပန်းပွင့်လေးကို လက်လှမ်းမိတာများ မှားနေပြီလား။ အချစ်မှာ အလွှာတွေ၊ အဆင့်အတန်းတွေ မရှိဘူးဆို အသက်အရွယ်တွေ၊ ကြီးတာငယ်တာတွေမရှိတဲ့ သီးသန့်လေးရှိနေတဲ့ အချ် အချစ်ကို ဒီအရွယ်မှာ သိခွင့်ကြုံခွင့်ရတာ မှားနေလို့များလား။

"အမေက နောင်ကြုံလာရမယ့်အရေးကို ကြိုတွေးစေချင်တာ ပါ သားရယ်။ အပျော်သဘောနဲ့သဘောထားရင်တောင်မှ မသူတို့မိသား နဲ့ မပတ်သက်တာ အကောင်းဆုံးပဲ"

အပျော်သဘောတဲ့လား။ မဟုတ်ရပါဘူး အမေရယ်။ ဘဝမှ အရင်ဆုံးကြုံလာတဲ့ အချစ်ဦးကို အမေမို့ ပြောရက်ရတယ်လို့။ အတည် သဘောမျိုးနဲ့ ချစ်စကားတွေ ဖွဲ့ခဲ့မိကာပါ။ ဘဝလက်တွဲဖော်လို့ ယူဆပြ လက်ကမ်းပေးခဲ့တာပါ အမေရယ်။

"လူဆိုတာ မျက်တောင်တစ်ဆုံးမကြည့်ဘဲ မျက်စိတစ်ဆုံး မြ တတ်ဖို့ သားတို့ကို အမေ မကြာခဏပြောခဲ့ဖူးတယ်လေ။ အမေ့တုန်းက အဲဒီလိုကြိုမမြင်မိခဲ့လို့ ဘဝအမောတွေနဲ့ ကြုံရတာ သားတို့အမြင်ပဲမဟု လား။ နောင်တဆိုတဲ့အရာကို အမေ ရရုံနဲ့ပဲ ကျေပါစေတော့ သားရယ်"

သက်မောကို ကျိတ်ရှိုက်မိပြန်၏။ အဖေ့ကိုယုံလို့ ပုံအပ်ခဲ့မိ အမေက ဘဝနဲ့ရင်းပြီး သင်ခန်းစာရခဲ့တာကိုး။ သားနှစ်ယောက်ကို တပ တပန်းရှာကျွေးနေရတဲ့ဒုက္ခက မသေးမှန်း သူအသိဆုံးပါလေ။ မှတ်ဉာ သာမန်ပဲရှိတဲ့သူက ပိုပြီးသိတတ်သင့်တာပါ။ ညီလေးက ဉာဏ်အရမ် ကောင်းလွန်းပြီး စာတော်တဲ့လူတော်လေး မဟုတ်ပါလား။

ဒီတော့ သူက ဒီနှစ် စာမေးပွဲအောင်အောင် မအောင်အော





ကျောင်းနားဖို့ ဆုံးဖြတ်ထားတာပင်။ ညီလေးကိုတော့ ပညာရေးဆုံးခန်း တိုင်အောင် သင်စေချင်တာ အမှန်ပါပဲ။ အစ်ကိုကြီးတော့ အဖအရာတဲ့။ အဲဒီတာဝန်ကို သူ မဖြစ်မနေ ယူကိုယူရမှာပါလေ။

ဘာဖြစ်လဲ. . . ယောကျ်ားပဲ. . . ဉာဏ်နဲ့ မစွမ်းဆောင်နိုင်ရင် တောင်မှ ကာယအားနဲ့ ရှာနိုင်ရမှာလေ။

အမေနဲ့ ညီလေးကို လှုပ်အလယ်မှာ မျက်နှာမငယ်ရလေအောင် ပြည့်ပြည့်စုံစုံလေး သူထားပေးချင်တာ အမှန်ပါ။ တိုက်ကြီးနဲ့နေရမှ ကား ကြီးစီးနိုင်မှ ချမ်းသာတာမျိုးမဟုတ်ဘဲ မတောင့်မတ မကြောင့်မကြနဲ့ စိတ်ချမ်းချမ်းသာသာ ရှိစေချင်တာပါလေ။ ဘုရားတရားလေးလုပ်၊ ဘုရား သွား၊ တရားထိုင်ပြီး နေရရင် အမေ့ရင်ထဲ အေးချမ်းနေမှာကိုး။

"အမေ့ကို အိမ်ရှေ့ပို့ပေးတော့လေ"

"ဟုတ်ကဲ့"

အမေ သတိပေးလိုက်မှ သူအတွေးလွန်နေတာ ရပ်သွားရတော့ ၏။ ကြက်သွန်ပါးပါးလှီးတာကို ဆီသပ်ကာ၊ ဆီချက်ခါက်ထားသည့်ပုလင်း ကို နွေးအောင်ထားပြီးမှ လင်ဗန်းထဲမှာ စီထည့်လိုက်ပါသည်။ ပဲမှုန့်အကြက်၊ ခွတ်သီးအကြက်မှုန့်၊ အချိုမှုန့်၊ ငံပြာရည်ဘူး၊ ဆီချက်ပုလင်းက တစ် ခန်း အသုပ်ထဲထည့်သုပ်ရန် ခြစ်ဖြင့်ခြစ်ထားသည့် ငေါ်ဖီထုပ်၊ ကြက် သွန်နီက ဇကာလေးဖြင့် ရေစစ်ထားကာ ပါးပါးဖြတ်ထားသည့် နံနံပင် ကိုလည်း ဇကာလေးထဲထည့်ကာ လင်ဗန်းအသေးလေးထဲသို့ စီထားလိုက် သည်။ အမေက ငံပြာရည်ကို ဒီအတိုင်း ဘူးပဲဝယ်ပြီး သုံးတဲ့သူမဟုတ်ပါ။ မွှေးနေအောင်လို့ စပါးလင်အစည်းထဲထည့်ကာ ပြန်ကျိုပြီးမှ သုံးတာ ။ ငရုတ်ဆီကြိုက်တဲ့သူတွေအတွက် ဗိုက်မနာရလေအောင် ချင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကြက်သွန်ဖြူ ထောင်းထည့်ဖျော်တာ တစ်ခွက်၊ မန်ကျည်းသီးမှည့်ကြိုက် တဲ့သူအတွက် ရေနွေးဖြင့် ခပ်ပျစ်ပျစ်လေး ဖျော်ထားသည်က တစ်ခွက် ပါ။

မုန့်တီသောက်မယ့်သူတွေအတွက် ငပြာရည်ဘူးသေးလေး သုံး ဘူး၊ ငရုတ်သီးစိမ်းပြုတ်ထောင်းတာ သုံးဘူး၊ ငရုတ်သီးအကြွက်မှုန့်က တစ်ဘူး၊ မန်ကျည်းမှည့်ဖျော်ခွက်က သုံးခွက်၊ အချိုကြိုက်တဲ့သူတွေအတွက် ကြက်သားမှုန့်ကိုပါ သပ်သပ်တစ်ခွက် ထားပေးထားပါ၏။ အားလုံးပြင် ဆင်ပြီး၊ မနေ့က ဆေးပြီးထောင်ကာ လှန်းထားသည့်စားပွဲကို ခြံရှေ့မှာ ခင်းလိုက်ပါသည်။

Plastic ခုံပုလေးတွေကို ရှေ့မှာ ဝိုင်းပတ်ကာ စီချ လိုက်ပါ၏။ အမေက လက်ရာကောင်းသူမို့ မိုးလင်းတာနဲ့ ဆိုင်မှာ လူ တစ်ပြုံကြီး ပြည့်တော့တာပါလေ။ ကျောင်းလမ်းမကြီးလည်း ဖြစ်တာမို့ လူလည်း စည်ကားလေသည်။ မနက် ရှစ်နာရီမကျော်မီ အမေ့ဆိုင်သိမ်း ရတာ ထုံးစံပါပဲ။ ညနေမှာ ဘာမှမရောင်းတော့ပေမယ့် နောက်တစ်နေ့ အတွက် ရောင်းဖို့ ကြိုတင်လုပ်ရတာတွေ ရှိသလို လမ်းထိပ်စက်ဆိုင်မှ အပ်ထည်တို့ကို လက်ချုပ်လိုက်တာ ကြယ်သီးတပ်တာတို့ကိုပင် လုပ်ပေး သေးတာပါ။ ဝင်ငွေရှာတတ်တဲ့ မိခင်တစ်ဦးပင် မဟုတ်ပါလား။

"သားရေ"

"ဗျာ"

"ညီလေးကို နှိုးတော့လေ၊ ပြီးရင် အကြော်မှာထားတာ သွား ယူပေးပြီးရင် စာကျက်တော့။ ကျန်တာ အမေဆက်လုပ်လိုက်မယ်"

"ဟုတ်"





သေချာဆေးကြောထားသည့် ကြွေပန်းကန်ပြား ပန်းကန်လုံး Steel ဇွန်းဇလုံကို 'မ'ပြီး အမေ့ထိုင်ခုံဘေးရှိ စားပွဲလေးပေါ် တင်ထား လိုက်ပါ၏။ မီးသွေးမီးဖိုကို မီးလျှော့ကာ အိမ်ရှေ့ဆီထုတ်ကာ ဟင်းခါးအိုး တင်ပေးပြီးနောက် အမေဈေးရောင်းဖို့ အဆင်သင့်ဖြစ်သွားချေပြီ။ ငါးဆုပ် ကို အမေက ချင်းကြက်သွန်ဖြူ ထောင်းပြီး၊ ပြားပြားလေးကြော်ပေမယ့် ပဲကြော်ကိုတော့ လမ်းထိပ်မှ အကြော်သည်ဆီ မှာရလေ၏။ ပဲပြားသုပ် ကြိုက်တဲ့သူတို့အတွက် သုံးမြှောင့်ပုံစောင်းစောင်းလေး တစ်တုံးကို လေးတုံး ဖြစ်အောင်လှီးကာ အနေတော်လေး ကြော်ထားပါသည်။

"ညီညီ"

ဘေးအိမ်တွေကို အားနာတာမို့ အသံကို ခပ်အုပ်အုပ်လေးဖြင့် နှိုးသော်ငြား ညီဖြစ်သူက မနိုးဘဲ၊ တစောင်းအိပ်နေတာလေ။ စာတော် ပြီး ဉာဏ်ကောင်းသော်ငြား အိမ်မှာအငယ်မို့ ညီက အနည်းငယ်မျှ ဗိုလ် ကျချင်သလို အပျင်းလေးထူပြီး အအိပ်မက်ကာ အမြဲနှိုးရတာ မဟုတ် ပါလား။ အိပ်ရာအနီးသို့သွားကာ တင်ပါးကို အတင်းတွန်းကာ နှိုးလိုက် ရသည်။

"ညီညီ"

"အင်း . . ."

"ထတော့လေ၊ စာထကျက်မယ်ပြောထားပြီး မနက်ငါးနာရီ ရှိ နေပြီကွ"

"အင်း"

"အင်း လုပ်မနေနဲ့နော်၊ ပြီးမှ ကိုကိုမနှိုးလို့ Bio ကျက်ရမှာ အချိန်မှီတော့မယ်ဆိုပြီး ကျိုင်မရှာနဲ့။ ကိုကို မအားတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါဗျာ"

"တကယ်ထပြီလား"

"ထမယ်"

"ထမယ်ဆို ခုချက်ချင်းထတော့"

ချည်စောင်လေးကို သူဖယ်လိုက်တာမို့ ညီလေးက ချမ်းသွားပုံဖြင့် ပုစွန်ထုပ်လို ကွေးကွေးလေးဖြစ်သွားတော့၏။ ညီအစ်ကိုနှစ်ယောက် ကျောကပ်ပြီး အိပ်ရတာမို့ ကိုယ်ငွေ့နဲ့ နွေးပေမယ့် တစ်ယောက်တည်း ကျန်ရင် အေးတတ်တာကို သိသိကြီးနဲ့ ဒီကောင်လေး ပျင်းပြနေတာပါလေ။

"ထတော့နော် . . . ငါ မင်းအပျင်းကြီးတာကို မင်းတို့အတန်းထဲက ကောင်မလေးတွေနဲ့တွေ့ရင် ပြောလိုက်မှာ"

"ဟာဗျာ . . . ကိုကို စိတ်ပုပ်"

ဆတ်ခနဲ ထထိုင်လိုက်သည့် ညီလေးကိုကြည့်ကာ သူပြုံးလိုက်မိပါ၏။ ဒီညီလေးတစ်ယောက်တည်းရှိတာမို့ အကြောင်းမသိဘဲ နေပါ့မလား။ ညီဆိုသည့် 'ညီနန္ဒအောင်'က လူပုံစံ ပိန်ပိန်ပါးပါးလေးဖြစ်ကာ စိတ်ပါ အတော်ပျော့ပြောင်းသည့်လူငယ်လေးပါ။ အရှက်အကြောက်ကလည်း ကြီးကာ၊ စာတော်သူမို့ ကျောင်းမှာ ဆရာမတွေ အချစ်ခံရသည့် ကျောင်းသားလေးပါပဲ။ အထူးသဖြင့် ညီ့ကြောင့်သာ အမေက ကျောင်းသားမိဘတွေကြားမှာ မျက်နှာအပွင့်ဆုံး ဖြစ်ရတာပါလေ။

သူကဖြင့် လူကောင်ကထွားပြီး စကားပြောရင် ဘွင်းဘွင်းရှင်းရှင်း၊ စိတ်က သိပ်မရှည်ဘဲ ခပ်မြန်မြန်လုပ်တတ်ကျင့်ရှိကာ၊ မေမေ အားကိုးရသည့်သားမျိုး ဖြစ်သော်ငြား၊ စိတ်မချဖြစ်ကာ ပူပန်ရပြီး ဆူပူ





ဆုံးမမှု မကြာခဏခံရသူပါ။ စာအတော်စာရင်းမဝင်ဘဲ ဘာပဲလုပ်ချင်လုပ်ချင် 'မင်းမင်းရေ''သီဟရေ'ဟု အမည်ခေါ်ခံရသည့် လူငယ်လေးပါပဲ။

"ကျွန်တော် သွားပြီ အမေ"

"အေးအေး"

စက်ဘီးအစုတ်ကလေးကို အသံမြည်တဲ့အတိုင်း ခပ်သွက်သွက်နင်းခဲ့ပါ၏။ ရပ်ကွက်ထိပ်မှာက မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲဆိုင်နှင့် ကပ်လျက်မှာ အကြော်ဆိုင်ရှိလေသည်။ အကြော်ဆိုင်မှာတော့ လူရှင်းနေပြီး မုန့်ဟင်းခါးဆိုင်မှာ လူကြိတ်ကြိတ်တိုးနေပါ၏။

"အမေမြိုင်ရေ့"

'ဝေ့ ! သြော် . . . မောင်သီဟ"

"ကျွန်တော် မှာထားတာ ရပြီလား"

"အေး . . . ရပြီ သားရဲ့၊ ခဏလေးနော်၊ ဒီတစ်အိုးကြော်တာပြီးရင် ရပြီ"

အကြော်ဆိုင်အနီးမှာ စက်ဘီးစုတ်ကလေးကိုထောင်ကာ၊ ဆိုင်ထဲသို့ ငုံ့ဝင်လိုက်ပါ၏။ လူက အလုပ်ကိုသာ အာရုံစိုက်နေတာမို့ ဘေးဘီကို သတိမထားမိပါလေ။ အမေမြိုင်ထည့်ပေးသည့် အကြော်ထုပ်ကို လှမ်းယူကာ ငွေရှင်းပေးလိုက်ပါ၏။ စက်ဘီးခြင်းထဲထည့်ကာ ဒေါက်ဖြုတ်လိုက်စဉ် 'ကလင် ! ကလင် ! ဟူသည့် စက်ဘီး Bell သံကို ကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်မိ၏။

အလို! အရုဏ်ဦးအလင်းနှင့်အပြိုင် နှင်းဆီလေး ပွင့်နေပါရောသား။ မုန့်ဆိုင်မှထွက်လာပြီး သူ့ကိုလှမ်းပြုံးပြလိုက်သည့် လက်ဆောင်က နွေးထွေးလွန်းလှတာပါလေ။ ညီမဖြစ်သူနှင့်အတူ လာတာမို့ အသံ



www.burmeseclassic.com

www.burmeseclassic.com



လှမ်းပြုံကာ နှုတ်မဆက်ပေမယ့် Bell သံပြုကာ အသိပေးတာမို့ ကျေးဇူးတင်လိုက်တာနော်။

ချစ်သူကို နှစ်လိုဖွယ်အပြုံးမျိုးဖြင့် ခေါင်းတစ်ချက်ညိတ် နှုတ်ဆက်ကာ စက်ဘီးနင်းထွက်ခဲ့ပါ၏။ ဘဝတူ အခြေအနေချင်းတူပေမယ့် မေ့ရဲ့မိခင်က မိုးပေါ်ကိုသာ မော့ကြည့်နေတဲ့လူသားပါလေ။ ဘဝမြင့်တင်ဖို့ အမြင့်ကိုမျှော်ကြည့်တတ်လေ့ရှိတာက ထားပါတော့။ သို့သော် မြေပေါ်မှာ ရပ်နေတာချင်းတူနေပါလျက် လူကို မတူသလို မတန်သလို အကြည့်မျိုးဖြင့် ခပ်နှိမ်နှိမ်လုပ်တာကိုတော့ ခံရခက်စေတာပါလေ။

ဩော်. . . မေရယ်။

♥ ♥ ♥



## အခန်း (၃)

"သား ကျောင်းသွားတော့မယ် မေမေ"

"အေးအေး. . . သားလေး၊ မုန့်ဖိုး ယူသွားဦးလေ"

ရေမိုးချိုး သန့်ပြန့်ကာ အဖြူအစိမ်းကျောင်းစိမ်းဝတ်စုံနှင့် လွယ်အိတ်လွယ်ထားသည့် ညီလေးက အိမ်လေးပေါ်မှ ဆင်းလာလေ၏။ သူက အမေနှင့်အတူ ဆိုင်သိမ်းပေးနေတာပါလေ။ မုန့်ဖိုးယူဆိုရင် ညီလေးက လက်ထဲထည့်ပေးတဲ့ပိုက်ဆံကိုသာ ယူလေ့ရှိပြီး အမေ့ပိုက်ဆံထည့်သည့် သံနို့မှုန့်ဘူးထဲက ဘယ်တော့မှ မနှိုက်တတ်ပါ။

"ရော့"

သူ့ပဲကြည့်မနေနိုင်လို့ နှိုက်ယူပေးသည့် ငွေနှစ်ရာကို လှမ်းယူလိုက်သည့်ညီလေးက အစ်ကိုဖြစ်သူကို ကြည့်လိုက်လေ၏။ မနက် ရှစ်နာရီခွဲခါနီးတောင်မှ ကျောင်းသွားရန် မပြင်သေးသည့်သူ့ကို မေးချင်နေပြီကိုး။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုရော ကျောင်းမတက်ဘူးလား"

"အဲဒါ ငါ့ကိစ္စပါ"

"ဟင် ! စာမေးပွဲကြီး နီးနေပြီကို၊ ကျောင်းပြေးဦးမလို့လား"

"ကျောင်းက ပြေးတာမဟုတ်ပါဘူး ညီရယ်၊ လူက ပြေးတာပါ"

"မေမေ . . . မေမေ့သားကို ကြည့်ပြောပါဦး"

"ဟုတ်သားပဲ သားရယ်၊ ညီလေးက လိမ္မာပြီး အစ်ကိုက ကျောင်းပြေးချင်ရလား"

သူ ပြုံးလိုက်မိပါ၏။ မပြုံးမိဘဲနေပါ့မလား။ အစ်ကိုဖြစ်သူကို ညီက ဆရာလုပ်နေတာကိုး။ သူက အလုပ်လုပ်ရင်သာ စိတ်ရှည်ရှည်ထားတတ်ပြီး စိတ်မြန်လက်မြန်ရှိသူပါ။ ညီလေးကဖြင့် ဘာမဆို စိတ်ရှည်သည်းခံတတ်သူလေ။ စာလည်းတော်တာမို့ သူငယ်ချင်းတွေကို စာပြန်ပြပေးတဲ့အထိပါပဲ။

"ကျောင်းမှာ ကျောင်းသားမစုံတော့ အတန်းတွေစုပြီးပဲ စာသင်ကြတာ အမေရဲ့။ အားလုံးဝေလေလေတွေချည်းပဲမို့ အာရုံတောင် နောက်သေးတယ်။ အိမ်မှာနေတာကမှ စာကျက်လို့ရဦးမှာ"

"အိမ်မှာနေတော့ရော စာအုပ်က ကိုင်ဖြစ်လို့လား။ ကိုကို့စာအုပ်တွေကို ညီပဲ ဖုန်ခါပေးနေရတာကို"

"ကျောင်းသွားမယ့်ဟာ သွားစမ်းပါကွာ၊ အဘိုးကြီးကျနေတာပဲ။ ပွစိပွစိနဲ့ နားညည်းတယ်"

"အင်းပေါ့၊ ညီ့အသံကိုတော့ ဘယ်နားထောင်ချင်ပါ့မလဲ။ ရင်ထဲက ရင်တွင်းမေရဲ့အသံပဲ နားထောင်ချင်ပေမပေါ့။ သိပါတယ်"

"အာ . . . ဒီကောင်တော့"





ညီက သူ့ကို ကလိလိုက်ရတာမို့ ပျော်သွားပြီး လွယ်အိတ်ကို စလွယ်သိုင်းလျက် လမ်းပေါ်ပြေးတက်သွားတော့၏။ တစ်နေ့ မုန့်ဖိုးဆိုပေမယ့် အဲဒီငွေက ဗိုက်ထဲမရောက်မှန်း သူအသိပါ။ ကျောင်းမှာ စာရွက်စာတမ်းကြေး၊ ဘာကြေးညာကြေးဆိုပြီး ကောက်တာနဲ့ ပါသွားမှာလေ။ မနက်ကို ထမင်းကြမ်းလေး ဆားဖြူးပြီး အကြော်လေးနဲ့ အဆာပြေစားပြီး ကျောင်းသွားရတဲ့ညီလေးကို အသနားပိုမိတာ အမှန်ပါလေ။

သူ့လို ခန္ဓာကိုယ်ပြည့်ပြည့်လေး မဟုတ်ဘဲ တကယ့်ပါးပါးလေးဖြစ်နေသည့်ညီကလေးကို သူများတကာ သားသမီးတွေလိုမျိုး အာဟာရဖြစ်စေသည့် အစားအသောက်တို့ကိုသာ စားစေချင်ပါ၏။ မနက်ကို နွားနို့ပူပူလေးနှင့် ကြက်ဥပေါင်မုန့်ကြော်မျိုး၊ ထမင်းစားရင် အားဖြစ်စေမယ့် ကြက်သားမျိုး၊ အမဲသားမျိုး၊ ငါးဥမျိုးတွေ ချက်ကျွေးကာ ညဘက် စာကျက်တဲ့အခါ ကြက်ပေါင်းဆေးရည်မျိုးနဲ့ အားဆေးတွေ တိုက်ချင်တာပါလေ။

အိမ်မှာ သုံးတဲ့ရေကို ထမ်းတဲ့သူ၊ စားဖို့ချက်ပြုတ်တတ်တဲ့သူ၊ လျှော်ဖွပ်မီးပူထိုးပေးတတ်တဲ့သူ၊ အမေ့ကို ကူညီပေးတဲ့သူ စသဖြင့် ဘယ်နေရာမှာမဆို သူမပါရင် မပြီးသည့်နှယ်၊ အသုံးဝင်အောင် လုပ်တတ်ကိုင်တတ်သည့်သူက ဒီညီလေးအတွက် ဘာမှမလုပ်ပေးနိုင်တာကို အတော်လေး စိတ်မကောင်းဖြစ်ရတာ မဟုတ်ပါလား။

"သား . . . မောင်သီဟ"

"ဗျာ . . ."

"ဘာတွေ တွေးနေပြန်တာလဲ"

"ဪ . . . ဘာရယ် မဟုတ်ပါဘူး အမေရယ်။ ဒီလိုပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါအမေးပွဲရော ဖြေချင်ရဲ့လား သား။ သားတို့ကို မပြည့်မစုံနဲ့ ကျောင်းထားပေးရတာ အမေလည်းသိပါတယ်။ အမေ့သားတွေကိုတော့ ပညာတတ်တွေပဲ ဖြစ်စေချင်တယ် သားရယ်"

သူ သက်ပြင်းကိုတိတ်ရှိုက်လိုက်မိ၏။ ဆုံးဖြတ်ချက်ချပြီးသား သူ့အတွက် ပြန်ပြင်ဖို့ဆိုတာ မလွယ်ကူမှန်း သူအသိဆုံးပါ။ ဘွဲ့လေးတစ်ခု ရဖို့ကို မရှိရှိတာလေးနဲ့ ဖျစ်ညှစ်တတ်ပြီး ယူသင့်ပါမလား။ အလုပ်ကို ကြိုးကြိုးစားစားလုပ်ပြီး ငွေရှာတာကမှ သူ့အတွက် ပိုအကျိုးရှိ အဆင်ပြေနိုင်မှာပါလေ။ ဘဝခရီးကြမ်းကို ဆက်လှမ်းဖို့က အနောက်ဘက်မှာ ကျောထောက်နောက်ခံ တောင့်တင်းခိုင်မာမှုမှ မရှိတာကိုး။

ညီကလေး ကိုးတန်းအောင်တာနဲ့ ဆယ်တန်းကို ထူးထူးချွန်ချွန် အောင်မြင်ဖို့ ကျူရှင်တွေ ကြိုတင်ထားပေးချင်တာ၊ အထက်တန်းအောင်ပြီး တက္ကသိုလ်ဆက်ထားပေးမှာ၊ တက္ကသိုလ်မှာ ထူးချွန်သေးရင်လည်း M.Sc ဆက်ထားပေးချင်တာ၊ ဘွဲ့နှစ်ခုသုံးခု ယူစေချင်တဲ့စေတနာတွေကို ဘယ်သူက မြင်နိုင်ပါ့မလဲ။

လူမှန်ရင် ကိုယ့်တက်လမ်းကို ကိုယ်တိုင်ရှာတတ်ဖို့၊ ကိုယ်တက်မယ့် လှေကားကို ကိုယ်တိုင်ထောင်တတ်ဖို့၊ ကိုယ်ကူးမယ့်မြစ်ကို ကိုယ်တိုင် တံတားထိုးတတ်ဖို့ မဆုတ်မနစ် ဖွဲ့နွဲ့ကြိုးစားအားထုတ်ရမှာ မဟုတ်ပါလား။ 'ဝ'မရှိဘဲ 'ဝိ'မလုပ်ချင်နဲ့ဆိုပေမယ့် အဲဒီ'ဝ'ကို အရင်ရှိဖို့က အဓိက လုပ်ရမှာလေ။

"ကျွန်တော် ရသလောက်ကျက်ပြီး သွားဖြေမှာပါ မေမေရယ်။ စိတ်ချပါ"

"သားပြောပုံက အမေ အားမရှိလိုက်တာကွယ်"





"အမေ့သားတွေထဲမှာ တစ်ယောက်လောက် ဘွဲ့ရရင် တော်ပြီပေါ့ဗျာ။ မနိုင်ဝန်ထမ်းနေရတဲ့အမေ့ကို သနားလွန်းလို့ပါ"

"သားရယ် . . . သားတို့နှစ်ယောက်လုံးကို ဘွဲ့ရပညာတတ်ဖြစ်အောင် အမေ ထားပေးနိုင်ပါတယ်။ အမေ့ကိုမယုံတာလား"

"မယုံတာ မဟုတ်ရပါဘူး အမေရယ်၊ ကျွန်တော်တို့ညီအစ်ကိုအတွက် ရှာဖွေကျွေးမွေးရတဲ့အမေ ပင်ပန်းတာကို မကြည့်ရက်လို့ပါ"

"လောကမှာ စုန်ရေလို့ပဲ ရှိတာပါသားရယ်၊ တောင်ပေါ်က ရေပဲ တောင်အောက်ကိုဆင်းတာ သဘာဝပါ"

"ကျွန်တော် နားလည်ပါတယ် အမေ၊ အမေ့ စေတနာ မေတ္တာတွေကိုလည်း သိပါတယ်။ အမေတစ်ယောက်တည်း ရှန်းကန်ကျွေးမွေးတာကို တစ်သက်လုံး ထိုင်စားနေလို့ ဘယ်ဖြစ်ပါ့မလဲ"

"ကွယ် . . . သားတို့က ငယ်သေးတာကို"

Plastic ခုံတွေကို စီထပ်လိုက်ရင်း အမေ့ကို ငဲ့ကြည့်လိုက်မိ၏။ နားမှာ နားကပ်မရှိဘဲ နားပေါက်ဟောင်းလောင်းဖြစ်နေတဲ့ အမေ့မျက်နှာက ကြီးကြီးထက်ပင် ပိုရင့်ရော်နေသည့်နှယ်။ စိန်နားကပ်ကြီး ဝင်းနေအောင် ပန်ထားလိုက်ရင် အဘယ်မျှ ကျက်သရေရှိပြီး တင့်တယ်လိုက်မလဲ။ ခေါ် ချင်ပြောချင်သူတွေ ပုံနေတော့မှာ အသေအချာပါလေ။ ရေးကုသိုလ်နည်းခဲ့လို့ ဒီဘဝမှာ ဆင်းဆင်းရဲရဲနေနေရတဲ့အမေ့ကို ကုသိုလ်များများရပြီး ချမ်းသာစိမ့် ကျောင်းအစ်မ ဖြစ်စေချင်တာပါ။ လူတောထဲ ဝင်ဆံ့ပြီး မျက်နှာဝင့်စေချင်တာ အမှန်ပါလေ။

"အမေမွေးထားတဲ့သားတွေက အားတွေပါအမေရယ်။ လောကမှာ စုန်ရေချည်းပဲ ရှိတာမှမဟုတ်တာ။ တစ်ခါတစ်ရံ ဆန်ရေလည်း ရှိ



www.burmeseclassic.com

www.burmeseclassic.com



တတ်ပါတယ်။ သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနားတဲ့။ အမေနဲ့ ညီလေး နားခိုလို့ရမယ့်အရိပ်မျိုး . . . ပေးနိုင်မယ့် သစ်တစ်ပင်ဖြစ်အောင် ကျွန်တော် ကြိုးစားချင်တယ်။ ကြိုးစားပြပါရစေလား အမေ''

အမေ့မျက်နှာ တစ်မျိုးလေး ဖြစ်သွားပါ၏။ ဝမ်းနည်းသွားလေသလား။ မှန်သောစကားကို ဆိုတာတောင် အမေနားလည်မပေးချင်သလို ပါပဲ။ အနစ်နာခံတယ်ဆိုတာ မိဘတွေချည်းပဲရှိတာမှ မဟုတ်တာလေ။ နိုင်သောဝန်၊ ပင့်သောအား။ အားကိုးရတဲ့သားဆိုတာက ဒီဘဝမှာ ရေစက်ပါတဲ့ မိသားစုတိုင်းမှာ ရှိကြတာပါပဲ။ အမေလည်း သိနေမှာပါလေ။

''အခုလည်း မိသားစုအပေါ် သိတတ် နားလည်တဲ့သားမှန်း အမေသိနေတာပါပဲ သားရယ်''

''နှစ်ယောက်အားနဲ့ရှာတော့ ပိုပြီး ထမင်းအိုးပြည့်တာပေါ့ အမေ၊ ကျွန်တော် ကျောင်းဆက်တက်ဖို့ထက် ညီလေးသာ ဘွဲ့ရပညာတတ်ဖြစ်ဖို့က ပိုအမိကကျတာပါ။ အမေ့ကိုလည်း နားနားနေနေနဲ့ တရားအလုပ်ပဲ လုပ်စေချင်ပြီ''

''အခုလည်း အမေ ဘုန်းကြီးကျောင်းတို့ ဘုရားတို့ ရောက်တာပါပဲ သားရယ်''

''မတူဘူးပေါ့ အမေရယ်၊ ဈေးလေးရောင်းလိုက်၊ တရားလေး ပြေးထိုင်လိုက်နဲ့ ဘယ်မှာ တရားလာရပ့်မလဲ။ ဆယ်ရက်တန်သည် တစ်လတန်သည် သေချာဖောက်ချပြီးလုပ်မှ အမေ့ရင် အေးငြိမ်းမှာပေါ့။ တစ်နေ့တစ်နေ့ သားတွေ စားသောက်ဖို့နဲ့ စာသင်ဖို့ ပူလောင်နေရတာ မမြင်ရက်လို့ပါ''

အမေ ငြိမ်သွားလေ၏။ တွေးမိလေပြီလား။ ဖခင်ပစ်ထားတဲ့





သား။ အဖမဲ့သားဆိုပြီး လူတကာ ကဲ့ရဲ့ရှုံ့ချသမျှဒဏ်ကို ကြံ့ကြံ့ခံနေရတဲ့ နိစ္စဓူဝ ဒုက္ခတွေကို သားအမိသုံးဦးစလုံး အသိဆုံးပါလေ။ ပတ်ဝန်းကျင်ရဲ့ဒဏ်ကို အနှစ်နှစ်အလလ အလူးလူးအလဲလဲ ခံခဲ့ရတာက သူသာဖြစ်ပြီး သိခဲ့ရတာပါပဲ။

ဘာပဲဖြစ်ဖြစ် ညီအစ်ကိုအရင်းကြီးတောင်မှ ညီလေးက စာတော်တဲ့ကလေးမို့ ကရုဏာသက်ကြတဲ့လူတွေက များကြတာပါလေ။ 'ကလေးက ဖအေမရှိပေမယ့် တော်ရှာပါတယ်'ဆိုတဲ့စကားကိုသာ လူတိုင်းနီးပါး ပြောကြတာကို သူကြားခဲ့ရတာပါ။ သူကဖြင့် နှုတ်ရေလက်ပါမြန်ပြီး ကြက်ခေါင်းဆိတ်မခံ ပြန်ပက်တတ်တဲ့ 'လူဆိုး' မဟုတ်ပါလား။

အများအမြင်မှာ သူ့ကို လူဆိုးလို့မြင်ကောင်းမြင်၊ ထင်ကောင်းထင်ကြပေမယ့် အမေနဲ့ညီလေးရှေ့မှာဖြင့် အားကိုးရတဲ့ သားလိမ္မာ အစ်ကိုကြီး အဖအရာအဖြစ်သာ ရှိစေချင်တာပါလေ။ ဒီစိတ်ရင်းစေတနာတွေကို လူသိအောင် မပြနိုင်သော်ငြား ဘုရားအသိ ကိုယ်စောင့်နတ်အသိ မဟုတ်ပါလား။ မေတ္တာမှန်လျှင် ရောင်ပြန်ဟပ်စမြဲ ဓမ္မတာမို့ သူ့ရဲ့အဖြူရောင်မေတ္တာကိုဖြင့် အမေနဲ့ညီလေးထံမှ ပြန်ဟပ်စေချင်ပါရဲ့။

''သားက ဘယ်မှာ ဘာလုပ်ဖို့ စဉ်းစားထားလို့လဲ''

''အန်တီတို့နောက်ကို လိုက်သွားမယ်လေ၊ ဟိုမှာ ရေလုပ်ငန်းဖက်ရုံဆိုတော့ အလုပ်ရဖို့လွယ်ကူမှာပါ''

''ပင်ပန်းမှာပေါ့ သားရယ်''

''ဘယ်အလုပ်မဆို ချွေးထွက်နည်းတာနဲ့ များတာပဲ ကွာတာပါ အမေရယ်။ မပင်ပန်းတဲ့အလုပ်ရယ်လို့မှ ရှိမှမရှိဘဲ။ ငွေရှာမှတော့ ပင်ပန်းလည်း မမှုရုံပေါ့ အမေရာ''



www.burmeseclassic.com

www.burmeseclassic.com



အမေက သူ့ကို ခပ်ငေးငေးကြည့်နေလေ၏။ ဈေးရောင်းပြီး သည့် အိုးခွက်ပန်းကန်တို့ကို အမေပင်ပန်းမှာစိုးပြီး သူ ကူဆေးပေးနေ တာပါလေ။ သူ့အပေါ် လူတွေ ဘယ်လိုပဲမြင်မြင် ကိစ္စမရှိ။ အိမ်မှာ အမေ့ကို ကူလုပ် ကူချက်ပေးတဲ့သား၊ မိခင်ပင်ပန်းမှာစိုးပြီး ရှိသမျှ သိမ်း ကျုံးလုပ်တတ်တဲ့သားအဖြစ် အမေသိရင် ပြီးတာပါလေ။ သူက ယောက်ျား လေးတန်မဲ့ အချက်အပြုတ်လည်း တတ်တာမဟုတ်ပါလား။

"လက်ထဲမှာ ဘယ်နှပြားမှမရှိဘဲ သွားလို့ အဆင်ပြေပါ့မလား သားရယ်"

"ဒီလိုပဲ ကြိုးစားရမှာပေါ့ အမေရယ်၊ မွေးကတည်းက လက်မှာ ပိုက်ဆံဆုပ်ပြီး ပါလာတဲ့လူရယ်လို့ ရှိမှမရှိတာ။ ရာကြဲလုပ်ရမှာပေါ့"

"သားအန်တီက ကူညီချင်ဦးမှကိုး"

"အမျိုးဆိုတာ ရွှေမျိုးတဲ့ အမေရဲ့၊ ဆွေမျိုးမဟုတ်ဘူး။ ရွှေ ရမှာ တော်ချင်ကြတဲ့ရွှေမျိုး။ ကျွန်တော်လည်း အားမကိုးပါဘူး၊ အဆင် အသွယ်ကောင်းကောင်းရှာချင်ရုံပါ။ အေးဂျင့်ကို ငွေစိုက်နိုင်ပြီးသွားရင် တစ်နှစ်နဲ့ အကြွေးအကြေဆပ်နိုင်တယ်တဲ့ အမေရဲ့။ ကျွန်တော်သွားတုန် အမေရုန်းရ တစ်နှစ်အလွန်ဆုံးပါ။ နောက်နှစ်ကစပြီး အမေနဲ့ညီလေး လက်ခမောင်းခတ်နေနိုင်ပါပြီဗျာ"

"အားကတော့ ရှိပ့်"

အမေ မိန့်မိန့်ကြီး ပြုံးတာမို့ သူရယ်လိုက်မိပါ၏။ ဘယ်တော့ မဆို သူက စိတ်ညစ်စရာ ဘေးဖယ်ပြီး သီချင်းအကျယ်ကြီး အော်ဆိုကာ ပျော်အောင် နေကျင့်ရှိတဲ့လူမဟုတ်ပါလား။ ဆရာဖေမြင့်ရဲ့ စာအုပ်ထဲက လို All you can do is enough. တဲ့။ သင်လုပ်နိုင်သမျှအားလုံး





လောက်ပါသည်ဟု ဆိုပါလျှင် ကိုယ်မလုပ်နိုင်တဲ့အရာက မရှိသလောက် ဟုတ်ပါလား။ ဒါကြောင့်လည်း ခွန်အားရှိတဲ့စာ၊ စိတ်ကိုမြှင့်တင်ပေးတဲ့ အကောင်းပေကောင်းတို့ကိုသာ ဖတ်စေမှတ်စေချင်တာပါလေ။

"သားညီလေးက ခွဲနိုင်ပါ့မလား"

"ညီလေး"

"အေးလေ၊ အစ်ကိုဖြစ်သူနဲ့ တစ်ညလေးတောင် ခွဲအိပ်ဖူးတာ မဟုတ်တာကို။ တော်ကြာ မျက်ရည်က ကျဦးမယ်"

"ဒီလိုပဲ ပြောရမှာပေါ့ အမေရယ်၊ တစ်သက်လုံးအတူနေရဖို့ တော့ ခွဲနိုင်ရမှာပေါ့"

"အဲဒါ မသူသမီးကို ပြောရမှာလေ"

"ဟာဗျာ . . . အမေကလည်း"

သူ မျက်နှာရဲသွားရပါ၏။ တစ်သက်လုံးအတူနေရဖို့ တစ်ခဏ မှာကို 'မေ'လည်း သိရမှာကိုး။ ချစ်လက်စက တစ်ခဏလေးဖြစ်ပေ ယ့် တစ်ဘဝလုံးအတွက် ရည်ရွယ်ပြီး ချစ်ခဲ့တာမှန်း 'မေ'လည်း အသိ ဟုတ်ပါလား။ နှစ်ယောက်အတူ လက်တွဲပြီး တက္ကသိုလ်မြေကို ခြေ ဖြစ်ပေမယ့် ဘဝလမ်းမထက်မှာ အတူလျှောက်လှမ်းဖို့ ကိုယ် လက် မ်းပေးမှာကို စောင့်နေပေးပါ 'မေ'။

ညအတူအိပ်ရင် ကျောချင်းကပ်ပြီးအိပ်မှသာ နွေးတတ်တဲ့ ညီ လေး၊ သူထသွားတာနဲ့ အအေးဒဏ်ကြောင့် ပုစွန်ထုပ်လို ကွေးသွား တတ်တဲ့ညီလေးကို ကုတင်မွေ့ရာထူထူနဲ့ ဂွမ်းစောင်ပွပွလေးခြုံပြီး နွေး ထွေးထွေးအိပ်စက်စေချင်ပါရဲ့။ အများတကာနည်းတူ တန်ဖိုးကြီး တ်အစားတွေဆင်ပြီး သူများနဲ့တန်းတူ ပညာသင်ခွင့်ရရင် အဘယ်



www.burmeseclassic.com

www.burmeseclassic.com



မှု ကောင်းလိုက်မလဲ။

'မေ'ရယ် . . . မောင်လျှောက်လှမ်းရမယ့်ခရီးကြမ်းမှာ 'မေ အပြုံးက ခွန်အား။ 'မေ့'စကားသံလေးက တွန်းအားတစ်ရပ်အဖြစ် မော ကို ပံ့ပိုးပေးနိုင်တာကို သိပါရဲ့လား။ အတွေးထက် လက်တွေ့ကိုသ အကောင်အထည်ဖော် လုပ်ဆောင်တတ်တဲ့ 'မောင်'၊ ဆိုးတဲ့ 'မင်းသ လင်း' ရဲ့အားဆေးလေး 'မေ'ရယ် . . .။

❤❤❤



**အခန်း (၄)**

"စာတွေ တော်တော်ရနေပြီလား"

"အင်း . . . ဒီလိုပါပဲ"

အဖြေက မရေမရာ။ 'မေ့'ဇက်ဘီးနီနီလေးက သစ်လွင်နေသော် သူ့ဇက်ဘီးအနက်ကြီးကဖြင့် အသံပေါင်းစုံမြည်နေတော့တာပါလေ။ ...င်းလေက နွေးနွေးလေး တိုက်ခတ်နေပေမယ့် သူ့စိတ်ထဲမှ ပူလောင် ... မအေးငြိမ်းစေနိုင်ခဲ့။ ဘဝက မအေးချမ်းဘဲကိုး။

"မောင်"

"ဟင်"

"စာရော ကျက်ဖြစ်ရဲ့လား"

"ကျက်ပါတယ် မေရဲ့၊ ရသလောက် သွားဖြေမှာပါ"

"ဟင် ! အားမရှိလိုက်တာ"

မျက်စောင်းတဝင့်ဝင့်နှင့် အကြည့်ဆုံစဉ် သူပြုံးလိုက်မိပါ၏။ ဖေ



www.burmeseclassic.com

www.burmeseclassic.com



လွန်းမှန်းသိသော်ငြား ယိုင်လဲတဲ့စိတ်နဲ့ ချစ်မိတာမှ မဟုတ်တာလေ။ ရင် ခုန်ရာနောက် ကောက်ကောက်ပါအောင် လိုက်တတ်ကြတဲ့လူငယ်တွေထဲ မှာ သူ မပါဝင်တာ အသေအချာပါပဲ။

အပျော်ဆိုတာမျိုးက သူ့လိုလူတန်းစားမျိုးနဲ့ လားလားမှ မအပ် စပ်သည့်နှယ်ပါ။ ရှန်းကန်လှုပ်ရှားနေရတဲ့ဘဝသမားကိုမှ ခေါင်းညိတ်လက် ခံခဲ့တဲ့ 'မေ့'ကို အားနာစိတ်က ရင်ထဲမှာ အမြဲတမ်းဖြစ်တည်နေတော့ ခက်သားလား။ ချစ်သူတိုင်းရဲ့စိတ်မှာ ကိုယ့်ချစ်သူကို ရွှေနန်းထက်မှာသာ ထားချင်ကြတာ မမှတာပါလေ။

"ယောက်ျားပဲ မေရယ်၊ ဘာမဆို ဖွဲ့နဲ့လျှောက်နိုင်ရမှာပေါ့"

"မောင့်အိမ်က သိနေပြီလား"

"ဟင် ! ဘာကိုလဲ"

"မေတို့ကိစ္စကိုလေ"

"အင်း"

"ဟယ် ! . . . အဟုတ်"

"အမေပဲ၊ သိတာပေါ့"

"ဘာတဲ့လဲ"

နှုတ်ဆိတ်သွားရပါ၏။ ဘာတဲ့လဲတဲ့။ မဖြစ်နိုင်ဘူးဆိုတဲ့စကား ကိုသာ အရင်ပြောထွက်ခဲ့တာ မဟုတ်ပါလား။ မေ့မေမေ ဒေါ်သူသူမေ လူကြီးမျိုးက ငွေမက်သလို ငွေမျက်နှာတစ်ခုတည်းကိုသာ ကြည့်တ မှန်း သူတို့တစ်ရပ်ကွက်လုံး သိနေရတာပါလေ။ ဩော် . . . ဒီလိုအမေ နဲ့ မတူတဲ့သမီးမို့ တော်ပါသေးရဲ့။

"သက်ပြင်းကျိတ်ရှိုက်ပုံထောက်ရင် အဆင်မချောလို့ပဲ"





"မေတို့က မောင်တို့ထက် သာနေတာလေ မေရဲ့"

"ဘာကို သာတာလဲ"

"အစစပေါ့"

"မောင်ကလည်းကွယ်၊ ဘာများကွာလို့ပြောရတာလဲ။ အခု မေ တို့က တိုက်နဲ့ကားနဲ့နေနိုင်လို့လား . . . ပြောပါဦး"

"တိုက်နဲ့ကားနဲ့ မဟုတ်ပေမယ့် မောင်တို့အခြေအနေနဲ့ နှိုင်းရင် တော့ သာတာအမြင်ပဲလေ။ ပြီးတော့"

"ပြီးတော့ ဘာဖြစ်လဲ"

ပန်းချင်း အသာလာတိုက်လိုက်တာမို့ သူပြုံးမိပြန်၏။ အမြဲ ဘာစေ စိတ်ညစ်နေတတ်တဲ့သူ့အဖို့ ချစ်သူနှင့် နာရီဝက်ခန့် ခဏတာ ရှိ ချိန်လေးက ပျော်ရွှင်ခြင်းနိဗ္ဗာန်ပင် မဟုတ်ပါလား။

"ပြီးတော့ မေ့မေမေအကြောင်းလည်း သိရဲ့သားနဲ့"

"အမယ် ! မေက မေ၊ မေမေက မေမေပါနော်။ လူကို ဒီပုတ် ထဲက ဒီပဲဆိုပြီး မပုတ်ခတ်ချင်ပါနဲ့"

"ဟုတ်ပါပြီ၊ မောင်ကလည်း အဲဒီလိုပြောမှာမှမဟုတ်တာ"

"အင်း . . . ဟုတ်တော့လည်းဟုတ်ပါတယ်၊ မေ့ကို မေမေက သူငယ်ချင်းပေါင်းရင်တောင် အရာရှိသားသမီး၊ သဌေးသား သားသမီး တွေနဲ့ပဲ ပေါင်းခိုင်းတာမို့ မေလည်း သိပါတယ်"

နှစ်ဦးသား ငြိမ်သွားရပါ၏။ ကျောင်းလမ်းမထက်မှာ ငုပင်တွေ က တန်းစီနေတာပါလေ။ နှစ်စဉ် နှစ်စဉ်တိုင်း နှစ်သစ်ကူးသကြန်ကာလ မှာ ပိတောက်ပွင့်ဖို့က မသေချာပေမယ့် ငုဝါကဖြင့် အချိန်မှန် သစ္စာရှိရှိ ပွင့်လေ့ရှိတာပင်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း လှူသူ မပန် မခူးတဲ့ ဒီသစ္စာရှိ ငုဝါပန်း ဝါဝါ ထိန်ထိန်လေးကို သူ့သဘောကျ နှစ်ခြိုက်မိတာလေ။

"ဟင်း . . ."

"ဟော . . . ပြောတော့ မောင့်ကို သက်ပြင်းမရှိုက်နဲ့ဆို"

"မေတို့ကိစ္စကို မေမေသိရင်လည်း တားမှာသေချာလို့ပါ"

"မောင်တို့က ဘာမှ မစုမဆောင်းသေးဘဲ ပြီးစလွယ် လက်ထပ် မယ့်သူမှ မဟုတ်တာ မေရယ်"

မျက်လုံးဝင့်ကြည့်လိုက်ပြန်လေ၏။ လမ်းမကြီးထက် လေကာ၊ အလုံးအရင်းဖြင့် တိုက်လေသည်မို့ မေ့ဆံနွယ်စင်းစင်းလေးတွေ လွင့်ကုန် တော့သည်။ ဆံပင်ကို ထိန်းရဘာထက် လုံချည်ကို အရင်ဆုံးဖိကိုင်လိုက် သဖြင့် ကပိုကယိုလေးဖြစ်သွားပုံက တစ်မျိုးလေး လှနေသလိုပါလေ။

"အို . . . ဘယ်လို လေတိုက်တာလဲ မသိ"

"သဘာဝပဲ မေရယ်"

"ရှိုးပျက်တယ် မောင်ရဲ့"

"ဘာလဲ . . . မေက မောင်နဲ့တွေ့ရမှာမို့ ရှိုးထုတ်လာတာပေါ့ လေ"

"ကြည့် !"

မျက်စောင်းလှလှလေးက ရင်ဝကို လာထိလေ၏။ မေက အသား ဖြူဝင်းသူမို့ ရင်ဘတ်မှာ ဖဲကြိုးလေးပါသည့် လက်ဖောင်းအင်္ကျီအဝါနု ရောင်လေးနှင့် အင်မတန်မှ လိုက်ဖက်လွန်းလှပါသည်။ အောက်မှာက သျှားညိုရောင် ပြောင်လုံချည်လေးဝတ်ကာ၊ Slipper အဖြူလေး စီး ထားတာမို့ အများထဲမှာ ထင်းခနဲမြင်ရတဲ့ အလှကေရိလေးပါပဲ။





သူနဲ့တွေ့ဖို့ လှလှလေးပြင်လာသည့် ချစ်သူကို ကြည့်လို့မဝသော် ငြား အချိန်က ရှားပါးလွန်းလှတယ်လေ။ မေ့ကျူရှင်တစ်ချိန်လေး စော ပြီး ဆင်းတာမို့ နာရီဝက်အချိန်လောက်လေး ဆုံခွင့်ရတာ၊ သူ့အဖို့ ကံ ကောင်းတာပါပဲ။ အနာဂတ်အတွက် ဆွေးနွေးတိုင်ပင်ချိန်လေးတောင် မရှိ ပါလားနော်။ မြန်မြန်တွေ့၊ မြန်မြန်ပြော၊ မြန်မြန်ပြန်နဲ့ အမြန်ယာဉ်မောင်း သလိုမျိုးပါလေ။

မပြည့်စုံတဲ့သူမို့ လူအများမြင်တွေ့ရင် လူကြီးတွေနားပေါက်ပြီး မေ့ကို ဖိနှိပ်ချုပ်ချယ်မှာကို အစိုးရိမ်ဆုံးပါပဲ။ တူတူတန်တန် လူတန်းစား ချင်းဖြစ်ပေမယ့် ဘာပဲဖြစ်ဖြစ် မေတို့က သူတို့ထက် ချိန်ခွင်လျှာလို တစ် ဖက်စောင်းလေးတော့ သာနေတာ မဟုတ်ပါလား။

သမီးမိန်းကလေးတွေ နှစ်ယောက်ပဲမွေးထားတာမို့ လှတပတ လေး ပေါ်သမျှ ဆင်ပေးနိုင်ကြတာပါလေ။ ပညာရေးနဲ့ပတ်သက်ရင်လည်း ကျူရှင်ဆို ကျူရှင်၊ Guide ဆို Guide ၊ အထူးထုတ်ဆို အထူးထုတ် ထားပေး၊ ဝယ်ပေးနိုင်တာ မဟုတ်လား။ သူ့မှာဖြင့် ဘာကျူရှင်မှမရှိ၊ ဘတ်ကူးတန်တာကူးနဲ့ ရှိသမျှလေးသာ ကျက်မှတ်နေရတာကိုး။

"မောင်"

"ဟင်"

"စာတော့ ကျက်နော်"

"အင်းပါ"

"မေတို့ မအောင်ရင် သူများတွေ အပြစ်တင်ကြလိမ့်မယ်"

"ဘာလို့လဲ"

"ဒီအရွယ်နဲ့ ချစ်သူရှာမိတာ စိတ်လေနေတယ်ဆိုပြီးတော့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မေ ကြိုပြောထားသားနဲ့ စာမေးပွဲပြီးဖို့ သုံးလလေးကို မစောင့်နိုင်ဘူး။ တကယ်ပါပဲ''

မျက်စောင်းခဲပြန်လေ၏။ သူပြုံးမိပြန်ချေပြီ။ နောက်ကနေ သူ တကောက်ကောက်လိုက်ပြီး အဖြေတောင်းတာမျိုး မလုပ်ခဲ့ပါ။ သူ့အခြေအနေ သူ့ဘဝက မမီတဲ့ပန်းကို တုံးခု လှမ်းနေသလိုဖြစ်နေမှန်း အသိသာကြီးကိုး။ အရှင်းဆုံးပြောရရင် ယောက်ျားလေးဖြစ်တဲ့ သူ့ထက် မိန်းကလေးဖြစ်တဲ့မေက အရိပ်တကြည့်ကြည့် စောင့်ကြည့်ပြီး မေတ္တာမိုးကြီး သွန်းဖြိုး ရွာစေခဲ့ရတာပါလေ။

မိန်းမသားတွေရင်ထဲမှာ အင်မတန်ကြီးမားလှတဲ့ ကရုဏာ ရေအိုင်ကြီးရှိနေတာကို အမေ့ဆီမှာ မျက်ဝါးထင်ထင် မြင်ခဲ့ရတာ လက်တွေ့ပါပဲ။ သူ့အဖြစ်ကလည်း ဤသို့ဤနှယ်ပါ။ ကျောင်းမှာ ဝိုင်းနိုပ်ဖတ်၊ ခိုင်းဖတ်၊ နိုင်စားဖတ်ဖြစ်တဲ့ ခပ်နွမ်းနွမ်းလူငယ်လေးကို အားပေးနှစ်သိမ့်ရင်း မေ့နှလုံးသားလေး ယိုင်လဲခဲ့ရတာ မဟုတ်ပါလား။

ဩော် . . . မေရယ်။

''မောင်ပြောပြီးပါပကော၊ ရသလောက် သွားဖြေမယ်လို့''

''ကြည့် ! အဲဒါလေးနဲ့ အောင်ပါ့မလား''

''မေအောင်ဖို့သာ အဓိကပါကွာ၊ မောင့်ကို ခေါင်းထဲ သိပ်ထည့်မထားပါနဲ့''

''ဇပြောပြန်ပြီ အဲဒီလို''

လက်မောင်းကို ဆွဲဆိတ်ခြင်းခံလိုက်ရလေ၏။ နာကျင်သွားသော်ငြား စိတ်မဆိုးဖြစ်ပါလေ။ ချစ်သူ၏ကျီစယ်မှုက အနာဂတ်ကိုတွေးပြီး ရင်မောနေသည့် သူ့အမောကို ခေတ္တမျှ ငြိမ်းချမ်းစေသည်ကိုး။





မေက မကြာခဏ သူ့လက်မောင်းကို ရိုက်တာမျိုး၊ ဆွဲဆိတ်တာမျိုးကို လုပ်တတ်လေ့ရှိပါ၏။ နှုတ်မှလည်း 'အသည်းယားအောင် မလုပ်နဲ့'ဟုလည်း မကြာမကြာပြောတတ်သည်လေ။

''သက်ပြင်းမချနဲ့လေ''

''ရော် ! ပြောပြန်ပြီ''

''ဟုတ်တယ် မောင်ရဲ့၊ သက်ပြင်းတစ်ခါချရင် အသက်တစ်ရက်တိုတယ်တဲ့''

''ကြိုကြိုဖန်ဖန် . . . ဘယ်သူပြောတာလဲ''

''သိဘူးလေ၊ သူများတွေပြောတာ ကြားဖူးလို့''

''ယုံလိုက်တာပဲလား''

''မောင်နော်''

တီးတိုးရယ်လိုက်မိ၏။ ပြန်ရှိုးမည်။ စကားတွေ ဖောင်ဖွဲ့ပြောချင်သေးပေမယ့် အချိန်ဆိုတဲ့စက်ဝိုင်းကြီး လည်တာက မြန်လွန်းတာကိုး။ မျက်နှာလှလှလေးကို တစ်ဝကြီး ငေးကြည့်ခွင့်က ဘယ်တော့များမှ ရနိုင်မှာတဲ့လဲ။

လောကကြီးမှာ လူဖြစ်ခွင့်ရနိုင်ခဲ့ပေမယ့် ဘာကိုမဆို မျှော်လင့်တောင့်တခွင့်ကဖြင့် 'မင်းသီဟလင်း' ထံမှာ အခွင့်မရှိခဲ့တာလေ။

''စိတ်ကူးနဲ့လက်တွေ့က တူမှမတူတာ မေရယ်''

''ဟင် ! ဘာကိုဆိုလိုတာလဲ''

''မောင်တို့အနာဂတ်ကို ကြိုပြောတာ''

''မေကတော့ သစ္စာဆိုဝံ့ပါတယ် မောင်၊ မောင်တို့ယောက်ျားတွေ ပေးနိုင်တာက အချစ်ဆိုရင် မေတို့ မိန်းမသားတွေပေးနိုင်တာက သစ္စာ



www.burmeseclassic.com

www.burmeseclassic.com



တရားပါပဲ။ မောင့်အပေါ် အချိန်ဘယ်လောက်ကြာအောင် စောင့်ရပါစေ၊ မေ စောင့်ဆိုင်းနိုင်ပါတယ် မောင်''

ရင်ထဲ သိမ့်ခနဲနွေးသွားစေပါ၏။ ချစ်သူ၏လက်ဖဝါးနုနုကို အနည်းငယ်မျှ ဖျစ်ညှစ်လိုက်မိသည်လေ။ အဘယ်မျှ စိတ်ကြည်နူးဖွယ်ကောင်းလိုက်ပါသလဲ၊ လွှရိုးမို့ ပါးစပ်ထဲ လက်ညှိုးထည့်လာရင်တောင်မှ မကိုက်တတ်ပါဘူးလို့ အပိုမပြောတတ်ပါဘူး မေ။ မေ့နှုတ်ဖျားက စကားသံချိုချိုလေးက မောင့်ကို ရှေ့ဆက်နိုင်ဖို့ ခွန်အားတစ်ရပ်ဖြစ်စေတာ အမှန်ပါ။

အိပ်မက်ကမ္ဘာထဲမှာ မေ့လက်ကိုတွဲပြီး ဘဝကိုတည်ဆောက်ရတာထက် လက်တွေ့မှာ ရင်ဆိုင်ကျော်ဖြတ်ရမယ့် အတားအဆီးတွေကို မရမက အနိုင်ယူရမှာ မဟုတ်လား။ အချစ်တိုက်ပွဲကို တိုက်ခိုက်ဖို့ထက် ဘဝတိုက်ပွဲမှာ မဆုတ်မနစ်ဖွဲ့နဲ့ ရင်ဆိုင်နေရတာကို မေ အသိဆုံးပါလေ။

''မောင်တို့ ရင်ဆိုင်ရမှာ အများကြီး''

''မေ ရင်ဆိုင်နိုင်ပါတယ်''

''ဘယ်လို''

''မောင်သာ မေ့လက်ကို မြဲမြဲဆုပ်ကိုင်ထားရင်ပေါ့''

ကဲ ! အဘယ်မျှ ချစ်စဖွယ်ကောင်းလိုက်တဲ့ ချစ်သူလေးပါလဲ။ ဝင်းမို့မို့ပါးပြင်ထက် သူကျူးကျော်မိစဉ် ရှက်ပြုံးနှင့် နှင်းဆီခင်းတစ်ခု ဖြစ်တည်သွားရလေ၏။ တကယ်ပါ မေ၊ မချစ်ဖူးသေးတဲ့အချစ်ဦးမို့ အရူးအမူးချစ်ခဲ့မိတာကို မေသိအောင် ဝန်ခံချင်ပါရဲ့။

''ဒါပဲနော် . . . မေ့အပြင် နောက်တစ်ယောက် မောင့်မှာရှိတယ်ဆိုတာ သိတဲ့နေ့ မလွယ်ဘူးမှတ်''

''ဟောဗျာ . . . ဘာလုပ်မှာလဲ''





''သိချင်ရင် စမ်းကြည့်လေ''

''မေက ဘာလုပ်မလို့လဲ''

''သတ်ပစ်မှာ''

''ဟာ ! ကြောက်စရာကြီး၊ တကယ်ပဲလား''

''တကယ်ပြောတာပေါ့၊ မယုံဘူးပေါ့လေ''

''ယုံပါတယ်ဗျာ . . . ယုံပါတယ်။ ဒီလောကကြီးထဲမှာ မင်းသီဟလင်းရဲ့နှလုံးသားကို အပိုင်စားရထားတဲ့ကေရိက မြတ်နိုးမေတစ်ဦးတည်းသာ ရှိတာပါဗျာ''

ကြည်ကြည်နူးနူး ရယ်လိုက်မိကြစဉ် ကုက္ကိုလ်ပင်ထက်မှ ငှက်ကလေးတွေ အလန့်တကြား ထပျံသွားကြလေ၏။ ညနေလေချိုက ခပ်အေးအေးလေး တိုက်ခတ်နေပါသည်။ နေညိုချိန် မိုးကုတ်စက်ဝိုင်းအလှကိုခံစားဖို့ အချိန်မှ မရတာလေ။

အိမ်အလုပ်လုပ်နေချိန်မှာ ချစ်သူမျက်နှာလေးကို အာရုံထဲ မြင်ယောင်ရင်း ပြေးတွေ့ချင်စိတ်က တဖွားဖွားဖြစ်ပေါ်လာတတ်သော်ငြား အခုလို ချစ်သူနှင့်တွေ့ရချိန် အခိုက်အတန့်လေးမှာဖြင့် ရင်ခုန်ပျော်ရွှင်ဖို့ထက် အမေ့ကိုကူပေးဖို့ သတိရနေတဲ့စိတ်က ပြင်းပြနေရတာပါလေ။

ဒုက္ခပါပဲ . . . သူတော့ စိတ်က မတည်မငြိမ်နဲ့ ဟိုဒီပြေးနေရင် ကြာရင် ရူးတော့မှာပါပဲ။ ဘဝသမားအတွက် စိတ်ကူးယဉ်ခွင့်က ရှိမှမရှိတာကိုး။ လမ်းမှန်သမျှက မချောမွေ့ဘဲ ကြမ်းတမ်း ခက်ထန်နေတာကို မေမှ မမြင်နိုင်တာလေ။

နေညိုပြီကော . . . ပြန်ချိန်တန်ပြီ မေ။ တစ်ခဏအချိန်လေးပေးမယ့် စက္ကန့်လေးတွေ ရာထောင်ချီ သိန်းသန်းကုဋေ စုဆောင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



သိမ်းဆည်းထားပါ့မယ်။

ဝေးဝေး နေနေရပေမယ့် လမင်းက တစ်ဆင့် မေ့ကို မျှော်ငေးကြည့်နေမှာပါ။ အနီးနားရှိခွင့်မရပေမယ့် မေ့ကိုယ်သင်းရနံ့လေးကို ရှူရှိုက်ခွင့်ရနိုင်မယ့် လေပြည်လေးအဖြစ်နဲ့ မောင့်စိတ်ဝိညာဉ်ကို လွှင့်ပေးနေမှာပါ။

ဩော် . . . မောင့်အသက် 'မေ'ရယ် . . .။

♥ ♥ ♥



## အခန်း (၇)

ညီလေး စာမေးပွဲဖြေနေပြီမို့ အလိုက်တသိဖြင့် သူရော မေမေပါ ဂရုစိုက်ပေးကြပါသည်။ သူများမိဘတွေလို ကလေးကို အားဆေးတွေကြက်ပေါင်းရည်တို့ဖြင့် အားမဖြည့်ပေးနိုင်သော်လည်း နွားနို့ကျိုတိုက်ပေးတာမျိုး၊ တောကြက်ဥ Half-boiled ပြုတ်ကျွေးတာကိုတော့ လုပ်ပေးလေသည်။

နေ့လယ် ပူနေချိန်မှာ မန်ကျည်းကြဲရည်လေး မှာတိုက်ပြီး ဝမ်းအေးစေတာမျိုး၊ ညီလေး စာကျက်နေတဲ့အနားမှာထိုင်ရင်း ယပ်တောင်ခတ်ပေးတာမျိုး၊ ချင်းလက်ဖက်ကို ခရမ်းချဉ်သီးငါးပိတို့ဖြင့် အစာများများ သုပ်ပေးတာတို့ကို ဂရုတစိုက်လုပ်ပေးပါ၏။ သူကတော့ ညီကလေး စားချင်တာ ပြေးဝယ်ဖို့နဲ့ ညီလေး ရေချိုးဖို့ ရေထမ်းပေးတာတို့ကို တစ်ခေါက်တစ်လမ်းက လုပ်ပေးရလေသည်။

"ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"ပြော"

အမေ လျှော်ဖွပ်ထားသည့်အဝတ်တို့ကို ရုတ်လာရင်း ဖျာခင်းပြီး ဝိုင်းခေါက်ပေးနေစဉ် ညီက သူ့ကိုလှမ်းကြည့်ခေါ်လိုက်လေ၏။ မနက်ဖြန် သင်္ချာဖြေရမည့်ရက်မို့ စာကျက်စရာမလိုဘဲ ပုစ္ဆာထိုင်တွက်၊ Theoerm တွေ ချရေးနေတာ မဟုတ်ပါလား။

"စာမေးပွဲဖြေဖို့ စိတ်ကူးရော ရှိရဲ့လား"

"ရှိတာပေါ့ကွ"

"ပြန်ဖြေပုံကိုက ပေါ့ပျက်ပျက်နဲ့"

"မင်း စာမေးပွဲကိုသာ အာရုံစိုက်စမ်းပါ ညီရာ"

"ညီက ပြဿနာမရှိဘူး။ စာမေးပွဲပြီးတာနဲ့ တစ်ပတ် ဘယ်ရက်လောက် အနားယူပြီးရင် ကိုကို့စာအုပ်တွေကို ယူလေ့လာလို့ ရနေပြီ။ ဆရာစစ်မို့ အေးဆေးအောင်တယ်။ အချိန်တန်ရင် A ခန်းမှာ ဝင်လိုက်ရုံပဲ"

"အေးပါ . . . ငါသိပါတယ်"

ဘုကြည့်ကြည့်ပြန်လေ၏။ ကြိုပြီး စာလေ့လာမယ်တဲ့။ ဒါဖြင့် သူ့မှတ်စုစာအုပ်တွေကို ပေးရတော့မှာပါပဲ။ အဲဒါမှ ပြဿနာပဲ။ သူက အပျင်းလည်း ခပ်ကြီးကြီးရယ်။ မှတ်စုတွေ၊ Note တွေ၊ Difination တွေကို Copy စာအုပ်ထဲ ကူးထည့်တာထက် Text ထဲမှာသာ မင်တားပြီး ကျက်နေတာ မဟုတ်လား။ သူတော့ အငယ်ပြောတာ ခံရမှာဖြင့် အသေအချာပါလေ။

"ဒီလောက် စာမေးပွဲနီးနေတာတောင် စာအုပ်ကိုင်တာ တစ်ချက်မှ မတွေ့ဘူး"





"ငါကျက်ပါတယ်ကွ၊ ရသလောက်"

"မေမေ"

"ဝေ့ !"

"မေ့သားကို ကြည့်ပြောပါဦး။ စာမေးပွဲဖြေချင်စိတ်ရော ရှိရဲ့ ဘာမသိ။ ဒီပုံစံနဲ့တော့"

"ဒီပုံစံနဲ့ ဘာဖြစ်လဲ"

"ကျစ် ! ဘာမှမဟုတ်တော့ဘူး"

"ခေါင်းအေးအေးထားပြီး စာလုပ်စမ်းပါ ညီရာ၊ အပူတွေ ရှာမထည့်စမ်းပါနဲ့"

"ညီလည်း မထည့်ချင်ပါဘူး"

အမေရော သူပါ ညီ့ကို ကအံ့တသြကြည့်မိစဉ်၊ ညီက စိတ်ရှုပ်သွားပုံဖြင့် ခေါင်းခါလိုက်ကာ သင်္ချာပုံနှိပ်ကို တဖျတ်ဖျတ်လှန်လှောနေသေ၏။ ညီ့မျက်နှာက ဤသို့တစ်ခါမှ မဖြစ်ဖူးပါလေ။ ဘယ်သူက ဘာတွေပြောလိုက်လို့ ဤသို့ဤနွယ် မျက်နှာလေး ညှိုးနေရပါသလဲ။

"ဘယ်သူနဲ့ တွေ့လာသလဲ"

"ဟင့်အင်း"

"ညီထုတ်ပြောမှ ကိုကိုသိမှာပေါ့။ ဘာပြောလိုက်လို့လဲ၊ တစ်ခုခုဖြစ်လို့ ညီဒီလိုဖြစ်နေတာ ကိုကိုသိတယ်၊ မပြောရင် စိတ်ထဲမှာ ခုလုခုလုဖြစ်နေမှာပေါ့"

ညီက လက်ထဲမှ အကြမ်းတွက်နေသည့်ခဲတံကို ချလိုက်လေ၏။ အမေကပါ ပြောစေချင်ပုံရနေတာမို့ သက်ပြင်းကိုတိုက်ရှိုက်လိုက်လေသည်။ ညီလေးရဲ့ရင်ထဲကို အမောတွေ လာဖြည့်ပေးခဲ့တာ ဘယ်သူများဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေမှာပါလိမ့်။

"မနက်က . . . အင်း . . . သက်ထားမေနဲ့ညီက တစ်ခန်းတည်း
အတူ စာမေးပွဲဖြေရတာ"

"အင်း"

'သက်ထားမေ'ဆိုတော့ မေ့ညီမလေးပေါ့။ မေ့ညီမလေးက စိ
တွဲယူထားတာဖြစ်ပြီး စာမေးပွဲဖြေတော့ ညီတို့သိပ္ပံသမားတွေနဲ့ အတူ
ပြီး ဖြေရတာပါလား။ မေနဲ့ပတ်သက်တဲ့ကိစ္စဖြစ်နေပြီမို့ သူ မျက်နှာပူသွာ
ရပါသည်။ ညီနဲ့မေမေ့ကို အားနာသွားရတာပါလေ။

"သက်ထားက ဘာတဲ့လဲ"

"သိပ်အဆိုးကြီးပြောတာမျိုးတော့ မဟုတ်ပါဘူး။ ကလေးေ
ဂ က လူကြီးတွေလို စိတ်ထားမှ မတူကြတာ"

"အေးပါ၊ ဆက်ပြော"

"နှင့်အစ်ကို ဆယ်တန်းမအောင်ဘဲနဲ့တော့ ငါ့အစ်မကို မေ
ဘူးတဲ့"

သူ့ရင်ထဲ အောင့်သွားရပါ၏။ မှန်တာတော့ မှန်သင့်သလော
မှန်ပါရဲ့။ သို့သော် ကလေးနှုတ်မှ ဒီလိုစကားမျိုးထွက်သင့်ပါရဲ့လား။ အိ
မှာ လူကြီးတွေပြောနေကြလို့ ဖြစ်မှာပါလေ။ မဟုတ်ဘဲနဲ့တော့ သက်ထ
နှုတ်က ဒီလိုထွက်လာရဲပါ့မလား။

"စာမေးပွဲမဖြေခင် ပြောတာလား"

"မဟုတ်ဘူး . . . ဖြေပြီးမှ"

"ညီ ဘာပြန်ပြောလိုက်သလဲ"

"ဘာပြောရမှာလဲ၊ ပြောစရာမှ မရှိတဲ့ဟာ"





တော်သေးတာပေါ့။ မဖြေခင်သာ ပြောလိုက်ရင် စိတ်အနှောင့်အယှက်ဖြစ်ပြီး စာကောင်းကောင်းဖြေနိုင်တော့မှာ မဟုတ်ဘူးလေ။ စိတ်ရှုပ်ရသမျှကို သူသာယူချင်ပြီး ညီလေးကိုဖြင့် အမြဲတစေ စိတ်ချမ်းသာပြီး စိတ်ရှင်းရှင်းထားစေချင်တာ စေတနာအရင်းအမှန်ပါပဲ။

"ညီလည်း ကိုကို့ကို ပြောချင်တာပါ"

"ဘာကိုလဲ"

"ပညာမစုံသေးဘဲနဲ့တော့ ကြင်ယာမရှာချင်ပါနဲ့ ကိုကိုရာ။ ညီ သူများအပြော မခံချင်ဘူး"

"ရော်! ကိုကိုကရော သူများသားသမီးကို မပြည့်မစုံတဲ့ အခြေအနေနဲ့ ယူမလားကွ။ ဒီလောက်တော့ ကိုကိုလည်း စဉ်းစားတတ်ပါတယ်"

"မယူဘူးလို့များ ငြင်းမယ်မှတ်တယ်၊ ဝေးပါသေး"

ညီ ညည်းသလိုပြောတော့ အမေက ကျိတ်ပြုံးလေတော့၏။ ကဲ! သူတော့ အငယ် ဆုံးမတဲ့ဒဏ်ကို ကောင်းကောင်းကြီးခံရချေပြီ။ အင်းပေါ့လေ . . . ရှေ့ကနွားလားက ဖြောင့်ဖြောင့်မှ မသွားမိတာကိုး။ သေစမ်း! မင်းသိဟလင်း။

"မိန်းမ မယူလို့တော့ ဘယ်ရမလဲ ညီရ"

"မယူတော့ ဘာဖြစ်မှာမို့လို့လဲ"

"ဩော်. . . အလိမ္မာအိမ်ပါ အမေနဲ့တည့်မှ Peace တဲ့။ မိန်းမတော့ ယူရမှာပေါ့။ နို့မို့ ပျင်းစရာဘဝကြီးဖြစ်သွားလိမ့်မယ်"

"ကြားလား မေမေ၊ အလိမ္မာအိမ်ပါတော့ မသိဘူး၊ မလိမ္မာဘဲနဲ့မဲ့ရအိမ်လေးပါ ပါသွားမှ ဟုတ်ပေ့ဖြစ်နေဦးမယ်။ မိန်းမဆိုတာ 'မ'တဲ့အမျိုးဗျ။ ရှိသမျှ အကုန်'မ'ချသွားမှာပဲ စိုးရိမ်။ ကန့်တော့ပါ အမေ၊ ညီ



www.burmeseclassic.com

www.burmeseclassic.com



ပြောတဲ့အထဲမှာ မေမေ မပါဘူး''

သူ တဟားဟားအော်ရယ်မိတော့၏။ ပြောနေပုံကဖြင့် 'စေ... ဖြစ်မယ့် အုတ်နီခဲ'ဟု လူတင်စားချင်စရာပါလေ။ သူ့ထက် ပိုပြီးမျှ... မိန်းမတွေအကြောင်းကို သိတဲ့ပုံနဲ့ ဆရာကြီးလုပ်ပြနေတာကို။ ညီလေး... နဂိုကတည်းက သူ့လို ဗျာများတဲ့လူမဟုတ်ဘဲ စိတ်တည်ငြိမ်တဲ့ လူငယ်... လေး မဟုတ်ပါလား။

''သားက အဲဒီလိုပြောတော့ ကြီးလာရင် အိမ်ထောင်မပြု... လား''

''ညီလား''

''ဒါပေါ့''

''မပြုပါဘူး မေမေရာ၊ မေမေ့ကိုရှာဖွေ လုပ်ကျွေးပြုစုရဦးမှာ''

''ပြီးတော့ရော''

''အင်း . . . အသက်လေးရလာရင်တော့ ရာသက်ပန် ဘုန်းကြီး... ဝတ်မှာပေါ့''

''အစားကိုပဲ အကုန်စားစမ်းပါ ညီနန္ဒအောင်ရာ''

''သာဓုပါရှင် . . . သာဓုပါ သာဓု၊ ဒီစကားကြိုကြားရရုံနဲ့ အမေ... က သာဓုကြိုခေါ်လိုက်ပါတယ် သားငယ်လေးကို''

ညီ့မျက်စောင်းက သူ့ထံ ဒိုင်းခနဲရောက်လာလေ၏။ အမေ... အကြိုက်ကို လိုက်ပြောနိုင်တဲ့စွမ်းရည်ကလည်း ညီ့ထံမှာ အပြည့်မဟုတ်... ပါလား။ သူကဖြင့် လိမ္မာသောသားဖြစ်ပေမယ့် အပြောမတတ်တာ... မေမေကအစ ပတ်ဝန်းကျင်အဆုံး သိပြီးသားပါလေ။ 'လူမြင်လျှင် ချစ်ခ... စဖွယ်'ဆိုသည့်လူစားမျိုးထဲမှာ မင်းသီဟလင်း မပါဝင်ပါချေ။





''ကိုကိုသာ အပြောနဲ့အလုပ်ညီအောင် ကြိုးစားပါဗျ''

''ဆရာက လုပ်ပြနိုင်ပြီ''

''ဆရာလုပ်တယ်ဆိုတာ တပည့်ဖြစ်ဖူးတဲ့သူမှ လုပ်နိုင်တာဗျ။ ...ကို့မှာ ဘာ Future Plan တွေရှိမှန်း ညီမသိပေမယ့် ညီ့မှာလည်း ...မျိုး ရှိထားပြီးသားပါ''

''ပြောစမ်းပါ . . . ဦးပုညရယ်''

''ပြောလို့တယ်ဖြစ်ပါ့မလဲ၊ လျှို့ဝှက်အပ်သည့်ကိစ္စဆိုတာ ဘယ် ...ကိုမှမပြောဘဲ လုံခြုံအောင် စောင့်ထိန်းရတာမျိုးဗျ။ ကိုကို့လိုသာ နှုတ် ...နေလို့ကတော့ ဘာပဲလုပ်လုပ် အကုန်ပြန်ပေါ်မှာချည်းပဲ''

''ဘာကွ''

''ဟုတ်တယ်လေ၊ ရည်းစားလေးတစ်ယောက် ထားပါတယ်၊ တိုး ...တိတ်တိတ်မရှိဘူး။ တစ်ရပ်ကွက်လုံး ဟိုးလေးတကြော်ပဲ။ ကျောင်း ...ထားလို့ပဲ တော်သေးတယ်၊ နို့မို့ ဆရာဆရာမတွေနှုတ်က လွတ် ...တ်ဘူး''

''ညီနော် . . . မင်း''

''ဟယ် ! သားကြီးကလည်း၊ ညီလေးကို အဲလိုဒါသမထွက်နဲ့...''

မေမေက ညီနှင့်သူ့ကို ကြားမှဝင်ဟန့်လိုက်လေ၏။ ကြည့်စမ်း! ...က် တစ်နှစ်ပဲငယ်ကဲ့ညီက ဘယ်လိုဖြစ်ပြီး သူ့ကို ဆရာကြီးလုပ်ရ ...၊ သူ့ထက် ပညာပိုတော်တာ ထားပါတော့၊ လက်ရှိအချိန်မှာ ...နဲ့သူက အိမ်မှာ ဦးဆောင်နေရတဲ့သူတွေပါလေ။ ဒါတောင်မှ ဒီညီ... ရှေ့ဆောင်လမ်းပြလုပ်ခွင့်မရဘူးတဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



“သားငယ်လေးကရော ကျောင်းပြီးအောင်တက်ဖို့ အစီအစဉ် ရှိနေပြီလား”

“ဟင် ! ဘာဖြစ်လို့လဲ မေမေ”

“သားကိုကိုက ဒီနှစ်စာမေးပွဲပြီးတာနဲ့ နိုင်ငံခြားသွားပြီး အလုပ် လုပ်မှာတဲ့”

“ဟာဗျာ . . . ကိုကိုကလည်း မဟုတ်တာ၊ အဲဒါကြောင့် စာမေး ပွဲကို ပြီးပြီးရော ဖြေမှာလား”

“မဟုတ်ပါဘူး”

“ဘာပညာမှတတ်မထားရင် သူများနိမ်တာ ခံရမှာပေါ့”

“လူတိုင်း မွေးကတည်းက ဘယ်သူမှ အလိုလိုတတ်မလာပါဘူး ကွာ”

“တွေ့လား မေမေ”

“ညီကလည်းကွာ . . . မေမေတောင် ဘာမှမပြောတာကို”

“မပြောချင်ဘဲ ရှိပါ့မလားဗျ၊ တစ်ခါမှမခွဲဖူးတဲ့ဟာ”

“ဘာလဲ . . . မင်းတစ်ယောက်တည်း မအိပ်ရဲလို့ပေါ့လေ။ သရဲ ဘောက ကြောင်ပဲ့”

“ကိုကိုနော်”

ညီက စိတ်မကောင်းဖြစ်သွားပုံရလေ၏။ စာမေးပွဲတွင်းမို့ မသိ စေချင်ပေမယ့် မေမေပြောလိုက်တာနှင့် သိချေလေပြီ။ ထားပါတော့လေ ဒီနေ့ မသိလည်း နောက်နေ့သိမှာ အသေအချာလေ။ ခက်ချေပြီကော ချစ်သူနှင့်ခွဲရမှာကို စိတ်မချမ်းမသာမဖြစ်ရဘဲ ဒီညီလေးနှင့် ခွဲရမှာ သူ့ကို စိတ်ထိခိုက်စေရတယ်လို့။





“ကတိပေး”

“ဘာကိုလဲ”

“စာမေးပွဲအောင်အောင် ဖြေပါ့မယ်လို့လေ”

“ဟ ! အဲဒါက”

“မအောင်ရင် သွားဖို့စိတ်မကူးနဲ့ ကိုကို။ ညီတို့ ညီအစ်ကိုကို တွေဝိုင်းအထင်သေးကြတာ ကိုကိုသိရဲ့သားနဲ့။ လူတကာ မေးငေါ့တာ၊ တော်ခမ်းရွဲ့တာတွေကို ရှေ့ဆက်မမြင်ပါရစေပါနဲ့ ကိုကို။ လူပုံအလယ်မှာ မင်းသီဟလင်းနဲ့ ညီနန္ဒအောင်ဆိုတာ လက်မထောင် ရင်ကော့ပြနိုင်အောင် လုပ်ပြလိုက်စမ်းပါဗျ။ သိရဲ့လား”

“အေးပါ”

“ပေါ့ပေါ့မပြောပါနဲ့ဗျာ”

“ကတိပေးပါတယ် ညီ”

“တကယ်လား”

“အင်း”

“မေမေ့ရှေ့ . . . ဘုရားရှေ့နော်၊ ကိုကို စာမေးပွဲ မတော်တဆ အောင်ရင်တော့ ညီနဲ့ ဒီတစ်သက်စကားပြောဖို့ မစဉ်းစားလေနဲ့”

“ညီကလည်း”

“အတည်ပြောတာဗျ”

“အေးကွာ . . . အေး . . . ငါ ရဲရဲကြီးကတိပေးပါတယ်”

“ဒီလိုပဲဖြစ်ရမယ်လေ”

အခုမှပဲ ညီက စိတ်ချသွားပုံဖြင့် ပြုံးဖော်ရလေတော့၏။ သြော်, သားရင်းခြာညီမို့ စိတ်ခုလို့မှ မရဘဲကိုး။ ထမင်းချက်ချိန်ရောက်ပြန



www.burmeseclassic.com

www.burmeseclassic.com



ပြီမို့ မေမေနှင့်ကူလုပ်နေတာကို ရပ်ကာ၊ ရေထမ်းရန် သူထွက်လာခဲ့၏။ ဒီလိုရေထမ်းရတဲ့ဘဝကနေ မီးခလုတ်နှိပ်လိုက်ရုံနဲ့ ရေကျလာတဲ့ဘဝမျိုးကို ရောက်ချင်လှပါဘီ။

'လူနေခြုံကြား စိတ်နေဘုံဖျား' လို့ ဆိုရိုးရှိတာ မဟုတ်ပါလား။ ဒီလိုပါပဲ . . . သူတို့မိသားစုသုံးဦးလည်း အခုချိန်မှာ လူတကာ နှိမ်ဘက်ဖြစ်နေပေမယ့် တစ်ချိန်ချိန်မှာတော့ လူတကာလက် မြင့်မားပြီး အဆင့်အတန်းတက်ကာ မော်ကြည့်ရမယ့်နေရာသို့ ရောက်နိုင်တာပါလေ။

'မေ' . . . မောင်တို့နှစ်ဦး နီးစပ်ခွင့်က ခုချိန်မှာ အဝေးကြီးလိုနေသေးတာ မှန်ပေမယ့် ကြိုးစားနေတဲ့လူတိုင်းအတွက် ပန်းတိုင်ဆိုတဲ့အရာကို တစ်နေ့တော့ ရောက်ရမှာ အလွဲကေန်ပါ။ အချိန်အကြာကြီး ခွဲနေရတာ မှန်ပေမယ့် အဲဒီအလွမ်းတွေက မေနဲ့မောင့်ကို ရင်ခုန်သံချင်းထပ်တူနီးကပ်စေလာမှာမို့ ယုံကြည်ပေးလှည့်ပါကွယ်။

♥ ♥ ♥



## အခန်း (၆)

နောက်ဆုံးဘာသာအဖြေလွှာကိုအပ်တာ သူအရင်ဆုံးပါပဲ။ Bio တခြားကျောင်းသားတွေက အသားကုန်သိမ်းကျုံးပြီး ဖြေနေကြတာပါ လက်မှနာရီအိုလေးကို ကြည့်တော့၊ အချိန်စေ့ရန် နာရီဝက်နီးပါး လိုနေသေးတာကို တွေ့ရလေ၏။ သူက စာအကုန်မရတဲ့သူမို့ ရ လောက်သာဖြေပြီး စိတ်လက်ပေါ့ပါးနေရတာပင်။

''အချိန်စေ့မှ ပြန်ရမှာနော်''

''ဟုတ်ကဲ့ပါ ဆရာမ''

အခန်းစောင့်ဆရာမက သူ့အဖြေလွှာကိုယူသိမ်းရင်း ပြောလိုက် တခြားကျောင်းသူကျောင်းသားတွေကို အနှောင့်အယှက်မပေးစေ သတိပေးပုံလည်း ရပါသည်။ သူဖြေရသည့်နေရာက ပြတင်းပေါက် မှာမို့ အပြင်ကိုသာ ခပ်ငေးငေးကြည့်နေမိလေ၏။ ကသစ်တွေ ပွင့် ရဲရဲကို နီလို့ပါလေ။



www.burmeseclassic.com

www.burmeseclassic.com



ကြိုးတစ်အုပ်ကလည်း တအားအားဖြင့် သီချင်းလာဆိုပြနေသည့်နယ်ပါ။ 'ချစ်သောမျက်စိဖြင့် ကြည့်ပါ'တဲ့။ မှန်သောစကားပါပဲ။ ဘယ်အရာကိုမဆို ချစ်တဲ့မျက်စိဖြင့်ကြည့်ပါက လောကကြီးက အလွန်ကို လှပနေတာပါလေ။ ကောင်းကင်ကြီး တိမ်ကင်းစင်နေတဲ့အပြာရောင်လည်း ပန်းချီကားတစ်ချပ်နှယ် လှပနေပါ၏။ လေက ဝေ့ခနဲတိုက်လာတော့ နေပူကို ဖြတ်လာရ၍လားမသိ၊ မအေးဘဲ နွေးနေလေသည်။

ဒါဖြင့် ဘဝကရော . . . ဒီလိုနွေးနေပူထဲမှာလိုပါပဲ၊ ပူလောင်လွန်းနေတာပါလေ။ သက်ပြင်းငွေ့ငွေ့ကို မှုတ်ထုတ်လိုက်မိ၏။ အချိန်ဆိုတာ အကုန်မြန်လွန်းတာမို့ အဲဒီအချိန်ကို ချွေတာသုံးစွဲနိုင်ပါမှ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ သန်းကြွယ်သူဋ္ဌေးကြီး ဖြစ်နိုင်မှာပါလေ။

'ပညာဟူက စာပေမှ'တဲ့။ မရှိမဲ့ရှိမဲ့အားလပ်ချိန်လေးမှာ စာအုပ်တွေကို ငှားဟန်ငှား၊ ဝယ်နိုင်တာဝယ်ပြီး ဖတ်မှတ်နေတဲ့သူပါ။ လောကဓံရဲ့အထုအထောင်းဒဏ်ကို လေနှယ်ခံပြီး ငြိမ်နေလို့ ဘာများထူးလာမှာလဲ။ လောကဓမ္မတာမှာ 'လဲနေသူ ထူပေးပါ' 'အားငယ်သူ အားပေးပါ' 'ရေထဲကျသူ ဆယ်ယူပါ' လို့ဆိုထားပေမယ့် တကယ့်လက်တွေ့မှာက ထိုသို့မဟုတ်ပါလေ။

'မရှိနိုးနိုး မလှစုန်းရှိုး'တဲ့၊ ကိုယ့်ထက်နိမ့်ကျနေသူကို ယက်ကမ်းထူပေးဖို့ ဝေးစွပါပဲ။ 'မျက်နှာလွှဲခဲပစ်'ဆိုတဲ့လုပ်ပေါက်မျိုးကိုသာ လုပ်သွားတတ်ကြတာပါလေ။ ကရုဏာစိတ်ထားဖို့ထက် တောင်းရမ်းလေမလား၊ ချေးငှားလေမလားဆိုသည့် မျက်ဝန်းတို့ဖြင့် အကြည့်ခံခဲ့ရတာ မဟုတ်ပါလား။

ဒီတော့ သူလိုအောက်ခြေက လူအဖို့ 'လဲနေရင် ပြန်ထ' 'အား





ငယ်ရင် ပြန်တင်း' 'ရေထဲမကျအောင် သတိချပ်' ဆိုပြီး နေတတ်အောင်လေ့ကျင့်ခဲ့ရတာပင်။ 'တစ်နေ့တစ်လံ ပုဂံဘယ်ရွှေ့မလဲ'ဆိုတာထက် 'ဒီနေ့ ပုဂံရောက်ကို ရောက်ရမယ်'ဆိုတဲ့စိတ်ကို မွေးနိုင်မှသာလျှင် လက်တွေ့မှာ အကောင်အထည်ဖော်နိုင်မှာ မလွဲဧကန် အမှန်ပါလေ။

"ကရင်း !"

ကျောင်းခေါင်းလောင်းသံကြောင့် အတွေးကို ရပ်တန့်လိုက်ရ၏။ အဖြေလွှာတွေ အကုန်သိမ်းထားပြီးလေမှ အခန်းစောင့်ဆရာမတစ်ဦးက ကျောင်းစာစစ်ခန်းတံခါးကို ဖွင့်ပေးလိုက်လေသည်။ တိတ်ဆိတ်နေသည့်ကျောင်းက အခုမှ တစ်ယောက်တစ်ပေါက်သံဖြင့် အသက်ဝင်လာသည့်နှယ်ပါ။

"အားလုံးပြန်လို့ရပါပြီ၊ စာမေးပွဲအတွက် ကံကောင်းကြပါစေကွယ်"

ဆရာမစကားကြောင့် သူပြုံးလိုက်မိလေ၏။ ကံကောင်းပါစေတဲ့လား။ ကံဆိုတာ သူ့ဘာသာ သူနေတာမဟုတ်လား။ ကောင်းသောဆိုးသော စတာတွေကို လူကပင် လုပ်ဆောင်ကြတာမို့ လူကသာ ကံကို ဖန်တီးယူကြတာပါလေ။

"ဟိတ် ! ဘာတွေ တွေးနေလဲ"

"သြော် . . . မေ"

"ကောင်းကောင်းဖြေနိုင်ရဲ့လား"

"အင်း . . . ဆိုပါတော့"

"မေက နှစ်လုံးမှန်းထားတယ်၊ Maths နဲ့ Chemistry ဆောင်ကော"



www.burmeseclassic.com

www.burmeseclassic.com



"အောင်ပဲ အောင်ပါစေဦး"

"ကြည့် !"

မျက်စောင်းက ဒိုင်းခနဲရောက်လာလေ၏။ ကျောင်းအပြီးပိတ်ပြီမို့ ပျော်နေကြတဲ့သူတွေက များနေတာပါလေ။ သူကဖြင့် ရှေ့ရေးကိုတွေးဆပြီး ဆက်လျှောက်ရမယ့်ခရီးလမ်းက အရှည်ကြီးမဟုတ်ပါလား။ Speaking တက်ရမှာ၊ Thai စကားပြောသင်တန်း တက်ရမှာတွေက အများကြီးမှ တကယ့်ကို အများကြီးပါပဲ။

"ဘာတွေစဉ်းစားနေရပြန်တာလဲ၊ မျက်မှောင်ကိုကြုတ်လို့"

"စဉ်းစားရတာပေါ့ မေရဲ့၊ လုပ်စရာတွေ အများကြီးကိုး"

"ကြီးကြီးကျယ်ကျယ်ပြောပြန်ပြီ"

သူ့စက်ဘီးက သော့မခတ်ပေမယ့် မေ့စက်ဘီးက သော့ခတ်ထားတာမို့ လွယ်အိတ်ထဲနှိုက်ရှာလို့တွေ့မှ ဖွင့်လို့ရလေ၏။ စကားလည်းပြောချင်နေသေးတာမို့ ကျောင်းသူကျောင်းသားအုပ်စု နောက်မှချန်ကာ၊ အသာဖြည်းဖြည်းလျှောက်ခဲ့ကြပါသည်။ နေခင်း ဆယ့်နှစ်နာရီမို့ မွန်းတည့်နေပူက တရှိန်းရှိန်းပါပဲ။

"ကျောင်းပိတ်ပြီနော်၊ မေတော့ ပျင်းနေတော့မှာပဲ"

ပေါ့ပျက်ပျက်ပြောလေသလား။ ပျင်းတယ်ဆိုတာ အချိန်ဖြုန်းလေ့ရှိတဲ့လူတွေရဲ့လက်သုံးစကားပါလေ။ 'ပျင်းရင် ကျောခင်း'ဆိုပြီး အမြဲတစေ အိပ်နေတတ်တဲ့လူတွေထဲမှာ သူမပါတာကိုး။ မေ့နှုတ်က ဒီစကားမျိုးထွက်လာရတယ်လို့။

အိမ်အလုပ်ဆိုတာ မျက်စိစဖွင့်တာနဲ့ မိုးလင်းကနေ မိုးချုပ်တဲ့အထိ (မျက်စိမှိတ်ချိန်အထိ) ကို မပြီးပြတ်နိုင်တဲ့လုပ်ငန်းစဉ်ကြီးမဟုတ်





ပါလား။ ဒါကို အလုပ်မရှိဘဲ (၂၄)နာရီ အချိန်ပြည့်ရှိတာကို ပျင်းတယ်လို့ ပြောရသလား မေရယ်။

"မောင်ကတော့ ဘယ်ပျင်းနိုင်ပါ့မလဲ၊ အမေ့ကို ပိုင်းကူနေရတာကိုး"

အထင်သေးလေသလား။ သူ့အချစ်ကို လက်ခံခေါင်းညိတ်ခဲ့တဲ့မေက အခုတော့ဖြင့် အသုပ်သည်ရဲ့သားကို အထင်တသေးပြောရတယ်လို့။ အချစ်မှာ အဆင့်အတန်းခွဲတာမျိုး၊ ရုပ်ရည်ခွဲခြားတာမျိုးတွေ မရှိပါဘူးဆို။ အခုတော့ဖြင့် သူ့ချစ်သူက သူ့ကိုအပျော်သဘောထားပြီး တွဲကာ၊ ခဏတာချစ်သူ အချိန်ပိုင်းရည်းစားလို့များ မှတ်ယူထားလေသလားကွယ်။

ထားပါတော့လေ၊ အခုအရွယ်မှာတော့ ရွေးစရာအများကြီးမရှိတာမို့ ကရုဏာသက်ပြီး သူ့ကိုချစ်ရတဲ့မေမို့ပါပဲ။ တက္ကသိုလ်တက်လျှင်တော့ သူ့ထက်အများကြီး အပုံကြီးသာတဲ့ လူငယ်မျိုးတွေနဲ့ ဆုံတွေ့နိုင်တာမှန်း သူသိနေတာပါ။ သို့သော် ဒီအချိန်အခါလေးမှာဖြင့် လက်ရှိလူနဲ့သာ တွဲသင့်တာမဟုတ်ပါလား။

ဘယ်လိုလဲ . . . လူကို လိုအပ်မှ သုံးလေ့ရှိတဲ့ Tissue paper လိုမျိုးများ သတ်မှတ်ယူဆထားလေသလား။ ရင်ခုန်တတ်စအရွယ်၊ ချုပ်ခတ်နေသည့်စိတ်၊ ရူးသွပ်စွာမက်မိတဲ့ အိပ်မက်ကမ္ဘာကို မေကိုယ်တိုင်က နှိုက်ချိုးဖျက်ဆီးချင်နေပြီလားကွယ်။

"မောင်"

"အင်း"

"အိမ်နားတောင် ရောက်တော့မယ်၊ မောင့်ပုံစံက စိတ်နဲ့ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



မကာပ်သလိုပဲ။ စာမေးပွဲပြီးသွားတာကိုတောင် ပျော်ပုံမရသလိုမျိုး။ သူများ
တွေ စိတ်လွတ်ကိုယ်လွတ်ပျော်နေကြတာ မြင်ရဲ့သားနဲ့။ တကယ်ပါပဲ''

ဟုတ်တော့ ဟုတ်ပါတယ်၊ တခြားကျောင်းသားတွေ တစ်ယောက်
ကို တစ်ယောက် အချင်းချင်းတွန်းထိုး ရိုက်ပုတ် ဆော့ကစားသွားကြတာ
ဆူညံလို့ပါပဲ။ မေနဲ့သူကဖြင့် စက်ဘီးကိုယ်စီတွန်းကာ လျှောက်ရင်း စကား
ခပ်တိုးတိုးပြောလာကြတာ မဟုတ်ပါလား။

''မောင်တို့ဘဝက ပျော်ရာထက် တော်ရာကိုသာရွေးပြီး နေ
တာပါ''

''မောင့်စကားကလည်း''

''မှန်တာပြောတာလေ၊ မတောင့်မတ မကြောင့်မကြဘဝမျိုး
နေလို့ရအောင် အများကြီး ကြိုးစားရဦးမှာ''

''ကြိုးစားပါ မောင်ရယ်၊ မောင့်နောက်က မေ အားပေးနေ
ပါ''

''မောင်တို့ကိစ္စကို မေ့မေမေ သိပြီလား''

အသံတိတ်သွားတော့၏။ ဘူးတစ်ရာသာ ပိတ်လို့ လုံကောင်း
နိုင်သော်ငြား နှုတ်တစ်ပေါက်ကိုဖြင့် ဘယ်နည်းနဲ့မှ ပိတ်မရနိုင်တာ
လည်းသိနေပါသည်။ အမြင့်ကိုမျှော်မှန်းတတ်သည့်အကျင့်က ကောင်း
မှန်ပေမယ့် အလုပ်းကျယ်လွန်းရင် အလယ်လပ်တတ်တာ မဟုတ်ပါလား
မေတို့မိသားစုက အဘယ်ထိများ မိုးကိုမျှော်ကြည့်နေကြမှာပါလိမ့်။

''သိနေပြီထင်တာပဲ''

''ဘာပြောသေးလဲ၊ အင်းလေ . . . တားမှာ သိနေတာပဲ''

မျက်နှာညှိုးသွားပါ၏။ ထားပါတော့လေ၊ ငွေရှာနိုင်တဲ့အချိန်





ဆိုရင်တော့ သူ့ကို သားမက်တော်နိုင်မှာ မဟုတ်ပါလား။ လောလောဆယ်
ငယ်သေးတဲ့အရွယ်မို့ သမီးဖြစ်သူကို အိမ်ထောင်ချပေးဖို့ နှမျောမှာက
မိဘတိုင်းမှာ ရှိသင့်တဲ့အချက်ပါပဲ။ လောကမှာ တူတူတန်တန်အရာတို့
က အမြဲယှဉ်တွဲပါလာတတ်တဲ့ သဘောသဘာဝပါလေ။

''ဆူလား''

''ဆူတာတော့ မဆူဘူး . . . ဟုတ်လားလို့တော့ မေးတယ်။ မေ
တို့ စာမေးပွဲရှိနေလို့ မဆူသေးတာလည်း ဖြစ်နိုင်ပါတယ်''

ဟုတ်တာပေါ့။ ဘယ်မိဘကများ သားသမီးကို စိတ်ဆင်းရဲစွာ
မျက်ရည်စက်လက်နဲ့ စာမေးပွဲဖြေစေချင်ပါ့မလဲ။ တစ်စုံတစ်ခု လုပ်သွား
မှာ၊ စိတ်အလိုလိုက်သွားမှာ၊ လမ်းမှားရွေးသွားမှာကိုတော့ ကြိုတွေးတတ်
မှာပါလေ။ သြော် . . . သူတို့နှစ်ဦးရှေ့ရေးက ရင်လေးစရာတွေချည်းပါပဲ
လား။

မေက စက်ဘီးကိုတွန်းလျက်မှ ရပ်လိုက်ပြီမို့ သူပါ ရပ်လိုက်ရ
ပါ၏။ အိမ်ပြန်ချိန် လမ်းခွဲဖို့နေရာ ရောက်ပြီကိုး။ ပြောစရာတွေ အများ
ကြီးရှိနေသော်ငြား ပြောမထွက်ဖြစ်တာက များနေလေသည်။ ချစ်သူ
နားလည်းပေးနိုင်မည်ထင်ပါ၏။ အကြင်နာများစွာနှင့် နှောင်တွယ်ခြင်း
များစွာက ငယ်နုသည့်နှလုံးသားတစ်စုံကို ခိုင်မြဲအောင် တုပ်နှောင်ထား
တာ မဟုတ်ပါလား။

''မေ . . . သွားတော့မယ်''

''အင်း''

''မောင်သွားခါနီးကျရင် ဆက်သွယ်ဖို့ မမေ့နဲ့နော်''

''အင်းပါ၊ မေသာ စောင့်နိုင်ဖို့လိုပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



အပြုံးယဲ့ယဲ့ထင်လေ၏။ ကြည်နူးစရာအချိန်က အဘယ်မျှရှား လိုက်တာပါလိမ့်။ နွေနေပူအောက်မှာ လေပူသွေးနေတာမို့ ချစ်သူ၏ မို့မို့က အနည်းငယ်မျှ အနီရောင်သမ်းနေသည့်နှယ်ပါ။ ဒီပါးနုနုလေး မထိရက် မကိုင်ရက် နမျောတသဖြစ်ရတော့မှာ အမှန်ပါလေ။

"စောင့်နိုင်ပါတယ် မောင်၊ ဘယ်လောက်ပဲကြာကြာ မောင့် မေ စောင့်နိုင်ပါတယ်"

"ကျေးဇူးပါ . . . မေ"

"မလိုပါဘူး မောင်ရယ်"

ကျေနပ်သွားရပါ၏။ လက်ဖျားနုနုလေးကို လှမ်းကိုင်ညှစ်လို မိစဉ် မေ မရုန်းပါလေ။ ဒီလက်လေးကို တစ်သက်တာ တွဲခွင့်မျိုး မော ရပါရစေလား။ ချစ်ဦးသူနဲ့အတူ လက်ထပ်ပေါင်းသင်းခွင့်မျိုးကို လူ တိုင်း ဆန္ဒလိုလားကြမှာ အမှန်ပါလေ။

ခေါင်းတစ်ချက်ညိတ်ပြကာ စက်ဘီးနင်းထွက်သွားသည့် မေ ကျောပြင်လေးကိုငေးရင်း ရပ်ကျန်ခဲ့ရ၏။ ကျောခိုင်းထားရစ်ခဲ့ရမှာ မှ ပေမယ့် နောင်တစ်ချိန်အတွက် နှစ်ကိုယ်တူနီးစပ်ဖို့ဆိုတာကို မေ နားလည် နိုင်မည်ထင်ပါသည်။ နှလုံးသားချင်းနီးဖို့အတွက် ရင်းနှီးရတဲ့အချိန်အခ အနီးက မမျှမတပါပဲ။ သို့သော် ကြင်နာသူအတွက် မိသားစုအတွ ရှန်းကန်ရှာဖွေဖို့ သူ့ထံမှာ အားအင်အပြည့်ရှိသင့်တာပါလေ။

မွန်းတည့်နေမင်းကို တစ်ချက်မော့ကြည့်လိုက်မိ၏။ နေ့ဘက် အလင်းရောင်ပေးဖို့အတွက် တာဝန်ကျေတဲ့နေလို၊ ညဘက်ကို အေးမြ ဖို့အတွက် ဝတ္တရားကျေတဲ့လလိုမျိုး သူသည်လည်း လူ့တာဝန်ဝတ္တ ကျေပွန်ရမှာ မဟုတ်ပါလား။





အတွေးကိုရပ်ကာ တကျွီကျွီမြည်နေသည့် စက်ဘီးအိုလေးကို င်းလိုက်ပါ၏။ လမ်းမှာ ကျောင်းသားတွေရှင်းသလောက်ပင် ဖြစ်နေချေ ပြီ။ အမေတော့ မျှော်နေတော့မှာပဲ။ နွေရောက်ပြီမို့ မနက်ကို အသုပ်စုံ ရောင်းပြီး နေ့လယ်နှံ့ညနေမှာ ရွှေရင်အေး၊ မုန့်လက်ဆောင်း ရောင်းမယ့် အမေ့ကို ဝိုင်းကူပေးရဦးမှာကိုး။

သူ စာမေးပွဲဖြေစဉ်ရက်တွေအတွင်း အမေ့ကိုကူလုပ်တဲ့တာဝန် ကို ညီလေးက ခဏယူထားလေ၏။ အမေကတော့ ဆိုင်ဝိုင်းခင်းပြီးတာ နဲ့ သားငယ်ကို အိမ်ပေါ်ပြန်တက်စေတော့တာပါလေ။ သူတို့ညီအစ်ကိုက တော့ ဈေးရောင်းတာကို ရှက်စရာလို့ယူဆတာမှ မဟုတ်ဘဲ။ သူတစ်ပါး ပစ္စည်းကို အချောင်လိုချင်စိတ်မျိုး အလျဉ်းမရှိဘဲ သမာအာဇီဝနဲ့ငွေရှာ တာ လူတိုင်းမျက်မြင်ပါလေ။

"ဟော ! သားတောင် ပြန်လာပြီ၊ ဖြေနိုင်ရဲ့လား"

"ဟုတ်ကဲ့"

"နားဦးလေ၊ ဗိုက်ဆာရင်လည်း စားတော့။ အမေ ငါးဆုပ်ချက် ပေးတယ် သား"

"ဟုတ်ကဲ့ အမေ"

ရာသီဥတုပူပြီမို့ အမေ့ဆိုင်လေးမှာ လူတွေပြုံနေလေ၏။ အိမ် ပေါ်တက်ကာ လွယ်အိတ်ကို ချိတ်မှာချိတ်လိုက်ပါသည်။ မီးဖိုခန်းထဲ ဝင်လိုက်စဉ် အခုပဲ ထမင်းစားပြီးသည့်ညီလေးက ပန်းကန်ဆေးပြီး စင် မှောက်လိုက်လေ၏။

"ကိုကို့ဖို့ ညီ ထမင်းခူးထားတယ်၊ အုပ်ဆောင်းအောက်မှာ"

"အေး"



www.burmeseclassic.com

www.burmeseclassic.com



အုပ်ဆောင်းကိုဖွင့်လိုက်တော့ ငါးပိရည်တို့စရာနှင့် ငါးမြစ်ခြင်
ခြစ်ကိုထောင်းကာ ချက်ထားသည့်ငါးဆုပ်ဟင်းက အစာအိမ်ကို Alu
မြည် စေလေတော့၏။

❤❤❤



## အခန်း (၇)

အမေ့မျက်နှာထက် အပြုံးယဲ့ယဲ့နှင့် မျက်ရည်စက်ကို ကျိတ်
တ်နေတာ တွေ့နေရပါ၏။ ရင်ထဲမချိသော်ငြား စိတ်ကို တင်းထားရ
သည်။ သူလက်အုပ်ချီ၍ ကန်တော့တာကို နှုတ်ဖျားမှ ခပ်တိုးတိုးရေ
ကာ အမေ ဆုပေးနေပါ၏။ သားကို နှစ်ရှည်လများ ခွဲရမယ့်အမေ့
တွက် ရင်နင့်စေမှာ အမှန်ပါလေ။

"မေမေက မငိုနဲ့လေ၊ ကိုကို စိတ်မကောင်းဖြစ်မှာပေါ့"

"အမေ မငိုပါဘူး သားငယ်ရယ်"

"ညီက နွေကျောင်းပိတ်ရက် ဆရာ့ဆီမှာ Computer သင်
ပြီ ကိုကို။ Level အကုန်ပြီးဖို့ကတော့ ဆယ်တန်းဖြေပြီးမှပဲ ဆက်
ဖြစ်မယ်"

"အေးပါ၊ ကိုကိုသိပါတယ်"

"State ကျောင်းပြီးရင် ဆရာ့ဆီမှာပဲ အလုပ်ဝင်ရင်း ကျောင်း
မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်မှာလဲ ညီရဲ့"

"Learning Centre ဖွင့်နိုင်အောင်ပေါ့ ကိုကိုရဲ့။ ကိုကို ညီကို ထောက်ပံ့ပေးမှာဆို။ နောက်သုံးနှစ်ဆို OK... ပြီမဟုတ်လား"

"အေးပါ . . . ဟုတ်ပါတယ်"

ယောက်ျားချင်းမို့ လွမ်းကြောင်းသိပ်မပြောဖြစ်။ ညစဉ် အ အိပ်၊ အတူစား၊ အတူသွားခဲ့ရတဲ့ညီကလေးမို့ သူအရမ်းချစ်တာကို အ အသိဆုံးပါလေ။ စာမှန်မှန်မရေးအားပေမယ့် Phone တော့ တစ်လတ ခါဆက်ဖို့ အမေမှာတာကို ခေါင်းညိတ်ပြရပါတော့၏။ ဟိုမှာ အဘယ်မျ ပင်ပန်းမလဲဆိုတာကို သွားပြီးပြန်လာတဲ့ အန်တီတို့ထံမှ သတင်းအ တာ မဟုတ်ပါလား။

သူ့လိုပင် လူငယ်သုံးလေးဦးစုပြီး သွားတာမို့ ခရီးဖော်တော့ ပါ၏။ စီးပွားရေးအကွက်မြင်တတ်သူပီပီ လေယာဉ်ခရီးစရိတ်၊ အခွန် Taxi ခ၊ စသဖြင့် အသေးအဖွဲကအစ စာရင်းအတိအကျမှတ်ထားသ အန်တီ့ကြောင့် နှုတ်က ဘာမှမပြောဖြစ်သော်ငြား သက်ပြင်းကို ခပ် ရှည်ရှိုက်မိတာတော့ အမှန်ပါလေ။

လေဆိပ်မှ လေယာဉ်ဖြင့်ထွက်ခဲ့စဉ် ရစ်ဝဲလာသည့်မျက်ရည် ကို မနည်းထိန်းထားရလေ၏။ သူများတွေလည်း ခြေခြားမြေခြားမှာ အ သွားလုပ်ကြတာမို့ မိသားစုကို ခွဲထားခဲ့ရတာပဲ မဟုတ်ပါလား။ သူ ငယ်လေးက ဒီလောက်တော့ ခံနိုင်ရည်ရှိမှဖြစ်မှာပါလေ။

"မေတော့ လွမ်းနေတော့မှာပဲ"

နားထဲမှာ အထပ်ထပ်အခါခါ ကြားယောင်နေခဲ့ရတာပါ။ ကို ငွေပို့တိုင်း လေးပုံပုံပြီး အမေ့အတွက် နှစ်ပုံ၊ သူစားသောက်ပြီး





စ်ပုံနဲ့ မေ့အတွက် တစ်ပုံ ပို့ဖြစ်ခဲ့တာ မှန်မှန်ပါ။ ဒီလိုမှမဖြစ်ရင် မေ နှစ်ယောက်တစ်ကမ္ဘာ တည်ဆောက်ဖို့ ဘယ်လိုမှမဖြစ်နိုင်တော့မှာကိုး။

"ကျန်းမာရေး ဂရုစိုက်နော်၊ မောင်အဆင်ပြေအောင် ဒီကနေ ဆုတောင်းပေးနေတယ်"

တကယ်ပါ မေ . . .။ ချွေးသိပ်စကားလေးတစ်ခွန်းက ရှေ့ဆက် ကျက်လုပ်ဖို့ အားယူနေတဲ့မောင့်အတွက် အဘယ်မျှ ခွန်အားဖြစ်စေ သလဲ။ နှစ်ဦးသား တိုးတိုးတိတ်တိတ် တိုင်ပင်ခဲ့တာမို့ သူတို့ ငွေစုကြ ကိစ္စကို မည်သူတစ်ဦးတစ်ယောက်ကမှ မသိခဲ့ကြပါချေ။

"အမေတို့ အိမ်မြင်ဆောက်နေပြီ၊ သားငယ်လေး ကျောင်းပြီး အိမ်မှာပဲ ကွန်ပျူတာသင်တန်းပေးမယ်တဲ့"

အမေ့မျက်နှာ အဘယ်မျှ ပြုံးနေလိုက်မလဲ။ ရင်ထဲမှာ အဘယ် ကျေနပ်နှစ်သိမ့်လိုက်မှာပါလိမ့်။ ညီလေးကတော့ အစစအရာရာ ဆရာ တိုင်ပင်ပြီး လုပ်တာမို့ အဲဒီကိစ္စတွေ သူနဲ့မတိုင်ပင်ပါ။ ဘာပဲဖြစ် သားတစ်ယောက်က အဝေးမှာ ရောက်နေတာမို့ အနီးဆုံးမှာရှိသည့် လေးကြောင့် အမေ့စိတ် အတော်အသင့်ပြေနိုင်လောက်မည်ဟု သူ မိပါ၏။

"ဘယ်တော့ပြန်လာမှာလဲဟင်၊ မောင်ပြောတော့ သုံးနှစ်ဆို"

ဟုတ်ပါတယ်၊ သုံးနှစ်ဆိုပြီး အလုပ်အဆင်ပြေနေတာနဲ့ အိမ် ဖြစ်ခဲ့တာ သူ့အပြစ်ဖြစ်ခဲ့ရတာပါလေ။ ကြိုးစားခွင့်ရတုန်း ကြိုးစား လား။ အချိန်ဆိုတာ လူတိုင်းအတွက် တန်ဖိုးကြီးမားလွန်းတာကို မှာလေ။ ငွေစုပြီး မေ့ကိုက တစ်လကိုတစ်သိန်း၊ အမေ့ကို တစ် သူ့အတွက် တစ်သိန်းဆိုပြီး သုံးပုံပုံကာ ပို့ပေးခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



''ကိုကို . . . မမမြတ်နိုးက ကျောင်းမှာ ကိုဝဏ္ဏနဲ့ တတွဲတွဲပဲ''

ဆိုသည့်စကားကို ညီ့ထံမှ မကြာခဏကြားခဲ့ရပေမယ့် တစောင်း တစေ့မှ သံသယမဝင်မိခဲ့။ 'ငယ်သူငယ်ချင်းတွေပဲလေ'လို့သာ ဖြေတွေးမိ တာ အမှန်ပါ။ တက္ကသိုလ်ဆိုတာ တစ်ခုံတည်းမှာ မိန်းကလေးနဲ့ ယောက်ျာ လေး အတူတွဲထိုင်ပြီး စာသင်လို့ရတဲ့နေရာတစ်ခုမှန်း သူအသိပေကိုး။

''ကိုဝဏ္ဏနဲ့ မမမြတ်နိုးက ပုံစံမှုမမှန်ဘူး''

သတိအတန်တန်ပေးတဲ့ညီ့ကို သူ စိတ်ခုမိခဲ့တာပါလေ။ ဘယ် လိုလှမ်းမြင်လို့ ရပါ့မလဲ။ မြန်မာပြည်မှာ ချန်ထားရစ်ခဲ့တဲ့နှလုံးသားက စစ်မှန်တဲ့မေတ္တာစစ်တို့ဖြင့် အဖြူရောင်သာ ထင်နေရစ်တာပါ။ အစွန် အထင်းမဲ့ချစ်ခြင်းတွေကို ဘယ်သူက ဖောက်ဖျက်လို့ရပါ့မလဲ။

''လွှမ်းလိုက်တာ မောင်ရယ်၊ မျက်နှာလေးမြင်ချင်ပေမယ့် မတတ် သာလို့ အသံလေးနဲ့ပဲ ရောင့်ရဲနေရတယ် . . . သိရဲ့လား''

''မေ့အလွမ်းတွေက ဒီဇင်ဘာပန်းတွေ ပွင့်သလိုဖြစ်နေပြီ။ ဒီ နှစ်လည်း မောင် ပြန်မလာဖြစ်ပါလားကွယ်''

''အဲဒီမှာ ပေါင်ဖြူမလေးတွေနဲ့ ကဲမနေနဲ့နော်။ မောင် သစ္စာ ဖောက်ရင် မေ့ကိုယ်မေ သတ်သေပစ်လိုက်မှာ။ မယုံမရှိလေနဲ့ရှင့်''

ရှုးခဲ့ပါ၏။ တကယ့်ကို ရှုးသွပ်စေလောက်တဲ့ အချွဲအနွဲ့စကား တွေပဲကိုး။ နှုတ်ချိုစကား ပျားသကာနှယ် မင်းသီဟရဲ့ရင်မှာ တွယ်ပြီး အရှုးအမူး ချစ်မြတ်နိုးခဲ့မိတာ ကိုယ်တိုင်အသိဆုံးပါမေရယ်။ သစ္စာ ခဲ့ပါလျက်၊ အကြင်နာပိုခဲ့ပါလျက်၊ မေတ္တာပုံခဲ့ပါလျက်၊ မောင်ဆိုတဲ့ တ မိုးအောက်က တစ်ယောက်သောသူကို မေမို့ ရက်ရက်စက်စက် စွန့်ပ ခဲ့ရက်ရတယ်လို့။





''အင်း . . . ဘဏ်စာအုပ်ထဲမှာထည့်ထားတာပါ၊ တော်တော် ...းနေပါပြီ''

''မောင်လာမှပဲ မေနဲ့အတူ ခန်းဝင်ပစ္စည်းတွေ လျှောက်ကြည့် ... ဝယ်မယ်လေ''

''မောင့်ညီလေးနဲ့လား၊ ကျောင်းမှာ တစ်ခါတလေ တွေ့ပါတယ်၊ ...သို့ပါပဲ''

ရိပ်မိသင့်ခဲ့တာပါ။ တစ်စစ အေးစက်လာတဲ့စကားလုံးတွေကို ...ကြောင့် သူသတိမထားမိခဲ့တာပါလိမ့်။ အနေဝေးရင် သွေးအေးတတ် ...ယ်ဆိုတာ တကယ်ပဲ မှန်နေပြီလား။ မျက်နှာလေးမြင်ခွင့်မရသော်ငြား ...သံလေးကို တစ်လနှစ်ကြိမ်သုံးကြိမ်လေး မှန်မှန်ကြားခွင့်ရခဲ့ပေမယ့် ...ာက်ပိုင်းမှာတော့ Phone ခေါ်တဲ့သူသာ စောင့်ဆိုင်းရသူဖြစ်ပြီး ချစ် ...၏ ဥပေက္ခာပြုခြင်းကို ခံယူခဲ့ရတာပါလေ။

''မအားဘူး . . . အလုပ်ရှုပ်နေတယ်''

''အိပ်ပျော်နေလို့''

''အပြင်သွားပါတယ်၊ ပြန်မရောက်သေးဘူး''

''မမက မနှောင့်ယှက်ပါနဲ့လို့ ပြောခိုင်းပါတယ်''

သူ အံ့သြပြီးရင်း အံ့သြခဲ့ရတာပါလေ။ အမေ့ထံမှ ကြားရသမျှ ...သတို့က သူ့အတွက် စိတ်ချမ်းသာစရာဖြစ်ခဲ့ပေမယ့် မေ့ကိုဆက်သွယ် ... Phone ကဖြင့် တဖြည်းဖြည်း ခြားနားခဲ့ရတာပါလေ။ ဘာဖြစ်လို့ ... ဘာကြောင့်လဲဆိုသည့်မေးခွန်းများစွာကသာ သူ့ကို နေ့စဉ် နေ့စဉ် ...မှု နှိပ်စက်ပြီး အနှောင့်အယှက်ဖြစ်စေခဲ့တာ အမှန်ပါ။

'အိမ်မှာ အဆူခံနေရလို့လား'၊ 'စိတ်မကြည်လို့ပဲဖြစ်မှာပါ'၊



www.burmeseclassic.com

www.burmeseclassic.com



‘တကယ်အိပ်ပျော်နေလို့ပဲ ထင်ပါရဲ့’ဆိုပြီး ချစ်သူအပေါ် မြူတစ်မှုန်စာလေးမျှ မျက်ရှုခြင်းမရှိဘဲ ကိုယ်စားနေရာ ဝင်ကြည့်ရင်း ဖြေတွေးပေးခဲ့တာပါလေ။ ‘အချစ်စစ်တို့မည်သည် ဖြောင့်ဖြူးရာနည်းမရှိ’တဲ့။ ဒါကြောင့်မို့ အဖုအထစ်လေးတွေတော့ ရှိစမြဲပါလေဆိုပြီး အေးအေးနေခဲ့မိတဲ့တစ်နေ့၊ ရင်ဘတ်ကြီးဟင်းလင်းပွင့်ခဲ့ရတာ မဟုတ်ပါလား။

“ကိုကို အသည်းခိုင်ခိုင်ထားပေတော့”

“မမြတ်နိုးနဲ့ ကိုဝဏ္ဏတို့ မင်္ဂလာဆောင်ပြီ။ အကြီးအကျယ်ပဲ”

“မေ့လိုက်ပါ ကိုကိုရာ၊ ကိုယ့်ကို မကြင်နာတဲ့မိန်းမတစ်ယောက်ကို သစ္စာရှိပြမနေပါနဲ့။ ကေန်းသွားရင် ငွေလာစမြဲပဲဟာ”

အငယ်ဖြစ်သူက သူ့စိတ်ကိုပြေအောင်၊ တတ်သမျှ မှတ်သမျှစကားတို့ဖြင့် လေပြည်သွေး ပြောပေးသော်ငြား ရင်ကွဲပက်လက်ဖြစ်တဲ့ဝေဒနာကို ကာယကံရှင်လောက် ဘယ်သူက နားလည်စာနာတတ်မှာတဲ့လဲ။ ‘နှလုံးသားတွေ တစ်စစီကြေ’ဆိုတဲ့စာသားမျိုးကို စာရေးဆရာတွေတင်စားပြီး ရေးကြတာ၊ အမှန်းတင်ကြတာပါလို့ ပေါ့ပေါ့လေးထင်ထားခဲ့မိတာ အမှားကြီးမှားခဲ့တာ မဟုတ်ပါလား။

ဒီရင်ဘတ်ကြီးကို စုတ်ပြတ်သတ်သွားအောင် မင်းမို့လုပ်ရက်တယ်။ ဒီနှလုံးသားကို တစ်စစီကြေမွသွားရအောင် မင်းမို့ ရက်စက်တယ် ဒီဘဝကြီးကို ကပြောင်းကပြန် ကမောက်ကမဖြစ်အောင် မင်းမို့ ချေရက်ရတယ်လို့ ‘မြတ်နိုးမေ’ရယ် . . . ။

ဟုတ်ပါတယ်၊ ရင်ထဲမှာ ရွာတဲ့မိုးက တစ်သက်တာ မစဲတဲ့မိုးပဲ။ စီးမျောသွားတဲ့ရေထဲမှာ နှလုံးသွေးတွေပါရောပြီး ပါခဲ့တာကို သူတစ်ယောက်တည်း သိခဲ့တာပါလေ။ စူးစူးနစ်နစ် ထိထိရှရှ ခံစားရတဲ့ ရင်ဘတ်





ကြီးကို ပြန်အားနာမိတာ အမှန်ပါ။

လက်တွဲဖော်လို့ ရည်ရွယ်ပြီး ဆယ်ကျော်သက်နှလုံးသားနဲ့ ရွေးချယ်ခြင်းက အမှားတဲ့လား။ သူပို့ပေးခဲ့တဲ့ငွေတွေက ချစ်သူနဲ့ တခြားလူလက်ထပ်ဖို့ လက်ဖွဲ့ငွေဖြစ်ခဲ့လိမ့်မယ်လို့ နည်းနည်းလေးမှ မထင်ခဲ့တာပါလေ။ အချစ် မစစ်မှန်ခဲ့လို့များလား။ ပန်းနုရောင်နှုတ်ခမ်းပါးက ပျားရည်လို ချိုသောစကားကို နှလုံးသားနဲ့ ယုံကြည်မိခဲ့တဲ့ သူ့အဖို့ ကိုယ့်သိပ်ပြာ ကိုယ်ရှက်ခဲ့ရတာပါ။

“မိန်းမတွေ ပေါပါတယ် ကိုကိုရာ၊ ဟိုမှာရှာမတွေ့လို့ ဒီမှာပြန်ရှာမယ်ဆိုလည်း လာခဲ့။ ညီ့ဘော်ဒါတွေထဲက ရွေးစမ်းပါလေ့”

ညီ့စကားက သူ့ရင်ကို အေးချမ်းအောင်ဖြစ်စေတာမို့ ပြုံးမိတာအမှန်ပါ။ ခံမှန်ဖူးတဲ့စာသူငယ်လို နောက်ထပ်တစ်ဖန်ချစ်ဖို့ နှလုံးသားကလန်းဆန်းခဲ့။ နာကျင်ဖူးတဲ့ဒဏ်ရာအမာရွတ်နဲ့ သူ့လိုလူမှာ အချစ်သစ်[illegible] ရှိနိုင်ပါ့မလား။ အသည်းတစ်ခြမ်းပဲ့နဲ့လူရဲ့ချစ်ခြင်းကို လက်သင့်ခံ[illegible]ခေါင်းညိတ်မယ့်မိန်းကလေးကရော ဒီကမ္ဘာမှာ ရှိမှရှိပါ့မလားလေ။

“ကိုယ်နဲ့ တူတူတန်တန် လိမ္မာရေးခြားရှိတဲ့ မိန်းကလေးနဲ့ တစ်နေ့ တွေ့ရမှာပေါ့ သားကြီးရယ်”

အမေ့ချွေးသိပ်စကားက သူ့အမောကို ပြေတန်သလောက် ပြေ[illegible]ခဲ့ရတာပါပဲ။ လောကမှာ မိန်းမတွေအများကြီးရှိတာ မှန်ပေမယ့် နှလုံးသားနဲ့ချစ်တတ်တဲ့အချစ်က ပါနိုင်ပါ့မလား။ မပြည့်မစုံခင်က ထားပါတော့၊ [illegible]လို စုစုဆောင်းဆောင်းနဲ့ အထုပ်ပိုက်ပြီးရောက်လာတဲ့သူ့ကို လူမမြင်[illegible] ငွေကိုသာမြင်ရင် ဘယ့်နှယ်လုပ်မလဲ၊ ခက်ပါ့ လောကကြီးရယ် . . . ။



www.burmeseclassic.com

www.burmeseclassic.com



''ဒီလမ်းလားကွယ့်''

''ဩော်. . . ဟုတ်တယ် ဦးလေး''

Taxi driver မေးသံကြောင့် အဝိတ်ကိုလွင့်စင်နေသည့်စိတ်ကို ရုတ်ချည်းပြန်သိမ်းလိုက်ရပါ၏။ လမ်းကြားထဲ ချိုးချလိုက်တာမို့ ကျောင်းလမ်းမြေနီနီမှာ ကွန်ကရစ်လမ်းမကြီးဖြစ်နေမှန်း မြင်လိုက်ရလေသည်။ အရာရာတိုးတက်နေတဲ့ခေတ်ကြီးမှာ ပြောင်းလဲတန်သလောက် ပြောင်းလဲနေပါရောလား။

''ရှေ့နားကခြံမှာ ရပ်ပေးပါ ဦးလေး''

''ဘယ်တိုက်လဲ''

''အဲဒီ Computer Learning Center တိုက်ရှေ့ပါ''

''အေးအေး''

ကားခရှင်းပေးပြီး ကားပေါ်မှအထုပ်အပိုးတွေကို ချချိန်အထိ တိုက်ထဲမှ မည်သူမှထွက်မလာပါချေ။ မိတ္တူစက်၊ စာရေးကိရိယာအစုံရောင်းသည့်ဆိုင်မို့ အတော်အသင့်ကျယ်ဝန်းပါ၏။ တိုက်ထဲ သူဝင်လိုက်စဉ် အတွင်းဘက်မှ အမေ့အသံ ထွက်လာလေ၏။

''ဘာလိုချင်လို့လဲကွယ်၊ မိတ္တူကူးမယ်ဆို စောင့်ရမှာနော်။ သားငယ်လေး အပြင်ခဏသွားတယ်ကွယ့်''

သူပြုံးလိုက်မိ၏။ လူရိပ်မြင်လို့ လှမ်းပြောလိုက်တာမျိုးပါလား။ ဘယ်သူဘယ်ဝါမှန်း တိတိကျကျမသိဘဲ ညှော်ကြိုပြုပုံက အဝေးက ပြန်လာသည့်သားကို ပြုံးစေသည်လေ။ အသံလှမ်းပြုရန် ပြင်မိစဉ် သူ့နောက်ကျောကို ဖျတ်ခနဲ ထုလိုက်ခြင်း ခံရလေ၏။ အလို ! ဘယ်လိုဖြစ်ပြီး ဘယ်က ကောင်မလေးက လူကို တရင်းတနှီး လာဆက်ဆံရတာပါလိမ့်။





''နန္ဒ . . . အဲ''

အံ့သြသွားဟန်ဖြင့် ပါးစပ်အဟောင်းသားဖြစ်ကာ မျက်လုံးဝိုင်းဝိုင်းဖြင့် ငေးကြည့်နေသည့် မိန်းကလေးကို သူငဲ့ကြည့်လိုက်မိ၏။ ဖြစ်ရမယ်လေ . . . ညီအစ်ကိုနှစ်ယောက်က ရုတ်တရက်ကြည့်ရင် တူလွန်းတာပဲ မဟုတ်လား။ သူက အသားအနည်းငယ်ဖြူပြီး ညီလေးက မဆိုစလောက်လေး ညိုသွားတာပါလေ။

''ဟာ ! ကိုကို၊ ကိုကိုပြန်လာပြီ မေမေရေ့။ အိမ်ရှေ့မှာ ရောက်နေပြီ''

''ဟဲ့ ! ''

ညီလေးက သူ့ကို အားရဝမ်းသာဖြင့် ပြေးဖက်တော့ အမေ့အသံပါ ဆူညံသွားရလေတော့၏။

ကျွန်တော် ပြန်ရောက်ပါပြီ အမေ . . .။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com




"ဇွဂါယအချစ်"

နလုံးသားက ဒဏ်ရာ
အက်ကြောင်းရှိတဲ့အသည်း
ဒီရင်ကို ခွဲကြည့်ပါမှ
မြင်သိနိုင်မှာပါ ....

ပွပြင်းလို့ လောင်မြိုက်
မှောင်မိုက်တဲ့ရင်တွင်း
အိပ်မက်တွေ ဖန်ဆင်းပြီး
လတစ်စင်း သာစေခဲ့ ....

မြင်မြင်ချင်း လှုပ်ခတ်
ရှုပ်ယှက်ခတ်တဲ့ ဒီရင်ခွင်ကို
အေးမြကြည်လင်စေဖို့
ကျောက်စက်ရေလေး ချပေးခဲ့ ....

အသည်းအသက်မက
အပ်နှင်းပုံချစ်ရတဲ့
ကိုယ့်နှလုံးသားရဲ့အရှင်
ချစ်သက်လယ်ခင် ....

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

Dream bed ပေါ် သူလှဲချလိုက်မိ၏။ ညီတစ်ယောက်ကဖြင့် ကလေးနှယ်ပင် သူ့အိတ်တွေဖွင့်မွှေပြီး အတော်သဘောကျနေလေသည်။ လက်ဆောင်ပေးဖို့ တစ်ခါတည်းထုပ်ပိုးပြီး နာမည်ပါတပ်ထားတာမို့ အမေ က ယူသိမ်းပြီးချေပြီ။ အဝတ်အစားကြိုက်သည့် ညီနှနှအောင်တို့ကဖြင့် အစ်ကို့အကျီဘောင်းဘီတွေကို စိတ်ကြိုက်ရွေးနေတော့တာပါပဲ။

''ကျွစ်! လှတယ်ကွာ၊ ဒါလေးရော ယူရမလား ကိုကို၊ မိုက်တယ် ဗျ''

''ယူကွာ. . . ယူယူ၊ ရှိသမျှအကုန်လုံးသာ မင်းဖိရိုထဲ သိမ်းလိုက် ပါတော့ ညီရာ''

''အကုန်လုံးတော့ မယူပါဘူး ကိုကိုရဲ့၊ ကိုကိုလည်း ဝတ်ရဦး မှာလေ။ အား. . . မျက်စိထဲ အကုန်လှနေတော့ ခက်တာပဲ''

ညီလေးက တီးတိုးရယ်မောရင်း ဖျာခင်းရွေးနေသည့် အဝတ်





ပုံထဲမှာ ပျော်နေလေ၏။ ဒါလား. . . Computer ဆရာ၊ တပည့် လေး ငါးခြောက်ယောက် လက်ခံသင်ပေးနေတာတောင်မှ ခုထိ ကလေးစိတ် မပျောက်သေးသည့်နှယ်လေ။

''မုန့်ပေါင်းခါးရပြီ သားကြီး၊ ဘူးသီးကြော်နဲ့နော်''

''ဟုတ် . . . အမေ''

''နေနေ . . . အမေထည့်လာပေးမယ်''

''ညီဖို့ရော''

''ပါပါ့ရှင် . . . ပါပါ့၊ အိမ်ကကိုယ်တော်လေးကို ဘယ်မေ့လို့ ဖြစ်ပါ့မလဲ''

''မေမေကလည်း''

ညီက ရှက်ပြုံးလေးဖြင့် T-shirt တွေ၊ Sport-shirt တွေ၊ Pants တွေ လေးငါးခြောက်စုံမျှ တွဲယူပုံကာ၊ ဖယ်ထားလိုက်လေ၏။ သူက မှုမှုဝတ်တတ်ပြီး ညီလေးက Fitting ကျကျ Style ကို နှစ်သက် သည်လေ။ သူက ဆံပင်ခပ်တိုတိုညှပ်တာကြိုက်ပြီး ညီက ဆံပင်ပျော့ပျော့ လေးမို့ အရမ်းအတိုမညှပ်ပါချေ။

''ညီ''

''ဗျာ''

''ဟိုနေ့ကလာတဲ့ ကောင်မလေးက သင်တန်းသူလား''

''ဘယ်သူ့ကိုပြောတာလဲ ကိုကို''

''ကိုကိုနဲ့ညီကို လူမှားခေါ်တဲ့ ခပ်ဖြူဖြူကောင်မလေးလေ''

''သြော် . . . နှောင်းလား၊ သူငယ်ချင်းပါ ကိုကိုရဲ့။ ညီတို့ ကြက် ခြေနီသင်တန်းအုပ်စုထဲကပါ။ သင်တန်းသူမဟုတ်ဘူး''



www.burmeseclassic.com

www.burmeseclassic.com



''ခြောာ်''

သူက ဘာရယ်မဟုတ် မေးလိုက်တာပါ။ မိန်းကလေးတစ်ယောက် အိမ်ကိုဝင်ထွက်နေရင် အိမ်မှာရှိတဲ့ညီနဲ့ ငြိနေပြီထင်စရာမဟုတ်ပါလား။ ညီလေးလည်း ရည်းစားရှိရင်ရှိမှာပေါ့။ ဘွဲ့ပဲရပြီးနေပြီ။ အသက်ငယ်တော့ တာမှ မဟုတ်တာကိုး။

''ဟာ . . . ကိုကို စိတ်ဝင်စားလို့လား၊ ဟုတ်လား''

''ဘာလဲကွ''

''နှောင်းကိုလေ''

''ကြံကြံဖန်ဖန်ကွာ၊ ငါက မင်းကောင်မလေးလားလို့ မေးကြည့်တာ''

''မဟုတ်တော့ ကိုကို ဖန်လို့ရတာပေါ့။ ဖန်မလား . . . မိတ်ဆက်ပေးမယ်လေ''

''ကျစ် ! မလိုပါဘူး၊ ရှုပ်ရှုပ်ယှက်ယှက်''

''ကျိတ်လိုက်စမ်းပါ ကိုကိုရဲ့၊ နှောင်းက သွက်သွက်လက်လက် ထက်ထက်မြက်မြက် ချက်ချက်ချာချာနဲ့ . . . ချစ်စရာလေးဗျ။ ဒါမှ အက်ကြောင်းထင်နေတဲ့ ကိုကို့ Heart လေး အနာအမြန်ကျက်မှာ''

''ပြောပြန်ပြီ ပေါက်ကရ၊ ဒီကောင်တော့''

အမေက ညီလေးကို ခေါက်ဆွဲသုပ်ပန်းကန် လှမ်းပေးလိုက်လေ၏။ ညီအစ်ကိုဖြစ်ပေမယ့် အကြိုက်ကတော့ ခြားနားတာမဟုတ်ပါလား။ နှစ်ပေါင်းများစွာ မစားဖြစ်သည့် မုန့်ဟင်းခါးရန့်က ဗိုက်ထဲမှ အော်သံကြောင့် စားချင်နေမှန်း သူအသိဆုံးပါလေ။

''မေမေ''





''ပြောလေ၊ ဘာလဲ . . . သွားယော်လေး''

''ကိုကိုက နှောင်းကို စိတ်ဝင်စားနေလို့တဲ့''

''ဟာ ! ဟော့ကောင်၊ ဒီလောက်ပြောနေတဲ့ကြားက နှုတ်ဖွာပြန်ပြီ''

''ဟုတ်လား သား''

''မဟုတ်ဘူး အမေ၊ ဒီကောင် ပေါက်ကရလျှောက်ပြောနေတာ''

''မဟုတ်ရင် ဘာလို့မေးသေးလဲဗျ။ ဘာလဲ . . . နှောင်းရဲ့ မျက်လုံးဝိုင်းဝိုင်းလေးတွေကြောင့် ကိုကို့ရင်ခုန်သံတွေ မြန်ကုန်တာ မဟုတ်လား။ မှန်မှန်ပြော''

''ကျွတ် ! ဒီကောင်တော့ နာတော့မယ်၊ မဟုတ်ဘူး ဆိုနေမှပဲကွာ၊ ခက်တာပဲ''

အမေက ကန်စွန်းရွက်ခြွေရင်း ပြုံးလေ၏။ ခရီးရောက်မဆိုက်နဲ့ သူ့ကို ညီလေး စနောက်နေတာကို အတည်လို့များ၊ အမေ ယူဆသွားလေမလား။ ကွဲထားတဲ့အသည်းက အနာမှ မကျက်သေးတာလေ၊ ညီလေးကတော့ အဲဒီကောင်မလေးအပေါ် တကယ်ပဲ ရိုးသားတာမို့ ကြားထဲက သူ့ကို အတင်းလှော်နေတော့တာပါလား။

အများအမြင်မှာတော့ ဆယ်ကျော်သက်အရွယ် ချစ်သူရည်းစားထားကြတာကို စိတ်အပန်းဖြေရုံ အပျော်သဘောမျိုးလို့ ထင်ကောင်းထင်ကြပေမည်။ သူ့အဖို့ကဖြင့် မေ့ကို တစ်သက်တာ ရည်စူးပြီး ချစ်မြတ်နိုးခဲ့တာ မဟုတ်ပါလား၊ တမ်းတလွမ်းမောဖွယ်ရာတွေအပြည့်နဲ့ ချန်ခဲ့ရတာယ်လို့ မေရယ်။

''မဆိုးပါဘူး သားရဲ့၊ နှောင်းလေးက ငယ်တာပဲရှိတာ၊ သိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ရေးခြားရှိပါဘိ။ အမေ့ကိုလည်း မှီသေတယ်၊ ဘယ်တော့မဆို တက်ကြ
လန်းဆန်းပြီး ဦးဆောင်စိတ်လည်းရှိတယ်။ အမေကတော့ သားကြီးပဲဖြ
ဖြစ် သားငယ်လေးနဲ့ပဲဖြစ်ဖြစ် ဘယ်သူနဲ့ပဲရရ . . . နှောင်းနဲ့ သဘောတ
ပြီးသား''

''ပွတာပဲဟေ့၊ ငါ့အစ်ကိုတော့ ထီမထိုးဘဲ အိမ်ပေါ်ကို ပေါက
မယ့်ထီလက်မှတ် အလိုလိုရောက်လာသလိုပဲ။ ကံများလည်း ကောင်းပါ့

''ညီလေးနော်၊ မင်းဘာသာမင်း ကြိုက်ပါလားကွ။ ငါ့ထက
အရမ်းငယ်ဟာမျိုး စိတ်မဝင်စားဘူး''

''ဘယ်လောက်ငယ်လို့လဲ ကိုကိုရ၊ သုံးနှစ်တည်းပါ။ Up thre
(or) Down three (or) Equare to the best . . . ဆို။ ကိုကို
ပြောဖူးတယ်လေ''

ညီ့ကို သူကြိုဟ်ကြည့်ကြည့်လိုက်မိပါ၏။ စာဖတ်ဝါသနာပါကြ
တွေမို့ အခုနောက်ပိုင်း သူက အလုပ်များပြီး စာအုပ်နှင့်ဝေးနေရက
ညီကဖြင့် သူ့ထက်ပင် ဗဟုသုတပိုနေသည့်နှယ်ပါ။ ဆယ်တန်းကလေးတွေ
အဝေးသင်တက်နေသည့်ကလေးတွေကို Computer သင်ပေးနေ
ညီက ဆရာဖြစ်နေပြီကိုး။

''Computer . . . ဘယ်နှလုံးရှိနေပြီလဲ''

''အားပါး . . . စကားလမ်းကြောင်းပြောင်းတာက ပညာသာ
မပါလိုက်တာကွာ''

''စကားကောင်းပြောပါ ညီရာ''

''အဲဒီလိုပဲ၊ လူပျိုကြီးတွေရက်ရင် စကားလမ်းကြောင်းလွှဲတတ
တယ်တဲ့''





''အံမာ ! မင်းက ငါ့ထက် တစ်နှစ်ပဲ ငယ်တာကိုများ။ အစ်ကို
ကို လူပျိုကြီးဆိုပြီး နှိပ်ကွပ်ပြနေပြန်ပါပြီ''

''မတူဘူးလေ ကိုကိုရဲ့၊ ညီက ဆရာဖြစ်နေပြီ။ နည်းနည်းတော့
ရှာသွားပြီမဟုတ်လား''

''သိတယ် . . . သိတယ် . . . ထောင့်မကျိုးတဲ့ဆရာမှန်း''

အမေက အချီအချ စကားများနေကြသည့် သားနှစ်ဦးကြောင့်
သဘောကျသည့်နှယ် တီးတိုးရယ်နေလေပြီ။ မဆုံဖြစ်တာ နှစ်ချီကြာပြီကိုး။
ဘယ်ဆို အလွမ်းသယ်ရမှာဖြစ်ပါလျက် သူခံစားရမှာကို နားလည်နေ
သည့်အလား၊ ညီလေးက စိတ်လက်ပေါ့ပါးစေရန် အပျော်စကားတို့ဖြင့်
ပြောဆိုနောက်ပြောင်နေတာပါလေ။

''မေမေ ဘာချက်မလို့လဲ''

''ဒီမယ်လေ၊ သားကိုကိုက ကန်စွန်းရွက်ချဉ်ရည်ဟင်းလေး စား
ချင်တယ်ဆိုလို့ ငါးကြင်းနဲ့ချက်ပေးမလို့။ ငါးပိထောင်းလေးရယ်၊ ငါးရံ့
ခြောက်လေး မီးဖုတ်ဆီဆမ်း ပေးမယ်လေ''

''Good... ပဲ၊ ဒီနေ့တော့ ဗိုက်ခွေးနမ်းရချေရဲ့''

''ပေါက်ကရပြောပြန်ပြီ၊ မင်းကိုယ်မင်း ကလေးထင်နေတုန်းပဲ
လား ညီရ''

''ဒါပေါ့ဗျ၊ ညီက အိမ်မှာ အငယ်ဆုံးပဲကိုး''

''ပြောမနေနဲ့သားရေ့၊ တပည့်တွေနဲ့ဆို တရုန်းရုန်းပဲ၊ ကလေးတွေ
ကလည်း ဆရာကိုချစ်ပုံ။ သင်တန်းဆင်းသွားပြီးတာတောင်မှ လာလည်
တုန်း။ ဩော် . . . ပြောဖို့တောင် မေ့နေပြီ။ အံဆွဲထဲမှာ သားငယ်ရဲ့
သည့် မင်္ဂလာဆောင်ဖိတ်စာ ရောက်နေတယ်နော်''



www.burmeseclassic.com

www.burmeseclassic.com



“ဟား . . . လုပ်ချလိုက်ပြန်ပြီ၊ နောက်ကားတွေချည်း ကျေ

တက်နေတော့တာပဲ။ အိမ်ကရှေ့ကားကြီး ဆီပိတ်ပြီး ရပ်နေတာကိုလည်း

ပြောဦး မမေရေ့”

“ကြည့် ! မင်းဘာသာမင်း အရင်ယူလည်း ရပါတယ် ညီ

ယူပါကွ”

“Senior က Senior… ၊ Junior က Junior…

ကျော်တက်လို့ ဘယ်ရပ့်ပါမလဲ။ မဟုတ်ဘူးလား မမေ”

“မှန်တယ်”

ကောင်းရော။ အတော်လေး အတိုင်အဖောက်ညီတဲ့ သား

တွေပါပဲလား။ ညီက ဗီရိုဘေးရှိ စားပွဲအံဆွဲကိုဖွင့်ကာ ပန်းနုရောင်စာအိ

လေးကိုဖွင့်ဖတ်နေလေ၏။ ပန်းနုရောင်ဆိုတော့ ညီလေး ကြိုက်တဲ့အရော

ပဲကိုး။ သူကတော့ မိုးပြာရောင်ကိုသာ သဘောကျတာပါလေ။ သို့ရော

ဖိတ်စာကို အဝါနဲ့ပန်းရောင်သာ အများဆုံးရိုက်ကြတာမဟုတ်လား။

“အင်း . . . စပယ်နဲ့ပဲ၊ ညီကတော့ ရေမွှေးနှင်းဆီနဲ့ ပိုကြ

တယ်။ ကိုကိုကရော”

“နှံ့သာဖြူ”

“ဒါဖြင့် ဖိတ်စာကို နှံ့သာရောင်ဖျော့ဖျော့လေးပဲ ရိုက်မယ်

လေ”

ကြည့် ! ဖိတ်စာကို အနံ့ရှူရင်း သူ့ကိုလှမ်းခနဲ့လိုက်တာ

မှန်ပါတယ် . . . သူ မင်္ဂလာဆောင်တဲ့အခါ ဖိတ်စာကို နှံ့သာရောင်

ဖျော့လေးနဲ့ နှံ့သာဖြူနံ့လေးသာ ဆွတ်စေချင်တာပါ။ ဩော် . . . အိပ်

ဆိုတာမျိုးက လက်တွေ့နဲ့ထပ်တူ တစ်ထပ်တည်းကျတတ်တာမှ မ





…လေ။

“နှောင်းနဲ့အကြိုက်တူနေတာပေါ့၊ မဟုတ်ဘူးလား မမေ”

“ဟုတ်တယ်၊ နှောင်းလေးလည်း နှံ့သာဖြူသနပ်ခါး အမြဲလူး

…တာ”

“အဲဒါကြောင့် သူ့ကို အဘွားလေးလို့ သူငယ်ချင်းတွေ ပြောင်

…ကြတာပေါ့။ ကိုကိုလည်း အဘိုးလေးဖြစ်သွားပြီ . . . ဟင်းဟင်း”

“လူကြီးကို နောက်စရာလား”

“ဟုတ်တယ်လေ၊ ကိုကိုတို့ကြိုက်တာ အဘွားကြီးတွေကြိုက်တဲ့

…ဗျ။ မမေတောင် အဲဒီအနံ့မျိုးမကြိုက်ဘူး”

“အေးပါ . . . အေးပါ၊ ငါ့ကို ကောင်းကောင်းသာ နှိပ်ကွပ်ချည်၊

…သာ အဘွားလေးနဲ့ မညားပါစေနဲ့လို့ ဆုတောင်း”

“မယူပါဘူးဗျာ၊ ကိုကို့ဖို့ သီးသန့်ဖယ်ပေးထားပါ့မယ်။ ညီနန္ဒ

…အတွက် နှောင်းလေပြည်ဆိုတာ မစားကောင်းတဲ့အသီး၊ မနူးကောင်း

မဆိတ်ကောင်းတဲ့အရွက်မှုန်း သိပ့်ဗျာ”

“ဟော့ကောင်! မင်းကတော့ ကြံကြံဖန်ဖန်ကို ရှာပြောတတ်တယ်။

…နှောင်းက . . . အဲ”

“နန္ဒရေ”

ကောင်းရော . . . ။ အခုပဲပြောနေတုန်း ရုတ်တရက် ရောက်ချ

…ယ်လို့။ ပြောလက်စစကားကိုရပ်ကာ ပါးစပ်ဟောင်းလောင်းဖြင့်

…နေမိစဉ် အိမ်ထဲကို သင်းခနဲပျံ့ဝင်လာသည်က နှံ့သာဖြူနံ့လှိုင်

…ပါလေ။ ညီလေးပြောတာ တကယ်ပဲ အမှန်ဖြစ်နေပါရောလား။

“သမီးနှောင်းလား၊ ဝင်လာလေ သမီး”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်"

လုံခြည်ကို ခပ်တိုတိုဝတ်ထားသည့်ကောင်မလေးက ခပ်သုတ်သုတ်ဟန်ဖြင့် အိမ်ထဲရောက်လာလေ၏။ အရင်ဆုံး ဆုံသည်က သူနှင့် မျက်နှာအမ်းတမ်းတမ်းဖြစ်သွားကာ ရှက်ပြုံးလေး ပြုံးပြလိုက်လေ၏။ ကတော့ အားနာမိတာအမှန်ပဲ။ အခုလေးတင် ဒီကောင်မလေးအကြောင်း မိသားစုပြောနေကြတာ မဟုတ်လား။

"ကိုကြီးကို အားနာလိုက်တာ၊ ဟိုတစ်နေ့က နန္ဒနဲ့မှားပြီး ခေါ် လား" လိုက်မိလို့ . . . အဲဒါ"

"ရပါတယ်"

"တကယ်စိတ်မဆိုးပါဘူးနော်"

"အင်း . . ."

ညီလေးက သူနှင့်နှောင်းကိုကြည့်ကာ ပြုံးစိစိလုပ်နေလေ၏။ ဘာ ကိုလဲ . . . ဟုတ်ပါရဲ့၊ ဘယ်လိုဖြစ်ပြီး လူကို 'ကိုကြီး'ဆိုပြီး စခေါ်ရ ဘာ" ပါလိမ့်။ ဒီလောက်ကြီး ရင်းနှီးတာမျိုးလည်းမဟုတ်၊ စတွေ့တာမှ ခ တဖြုတ် စက္ကန့်ပိုင်းလေးနဲ့ စကားကိုတောင် တစ်ခွန်းမှ မပြောဖူးသေး လေ။ ဘယ်တုန်းက ရင်းနှီးပုံမျိုးနဲ့များ 'ကိုကြီး' လို့ ရဲရဲတင်းတင်းခေါ်လို ရပါသလဲ။

"ငါမိတ်ဆက်ပေးဖို့ မလိုတော့ဘူးပေါ့လေ"

"နင်နော်"

"သိပ်ရင်းနှီးချင်နေတာမဟုတ်လား၊ ငါ့အစ်ကိုနားကို ကပ် ချောကလက်ရရင်တောင် ကံကောင်း"

"ညီညီ"





"နင်နော် . . . ငါ့ကိုမစချင်နဲ့"

"ဆိုပါဦး၊ လာရင်းကိစ္စ"

"ဆေးရုံမှာ အစာအိမ်ခွဲမယ့်လူနာရှိတာ သွေးလိုလို့တဲ့"

"ဘာသွေးလဲ"

"A... "

"ရတယ်လေ၊ ငါရော ကိုကိုပါ A သွေးတွေပဲဟာ။ အခုလိုက်ရ

"မဟုတ်ပါဘူး၊ ညနေလောက်မှ ခွဲဖြစ်မှာ။ လိုမှတောင်းမှာတဲ့။ ကြီးက ခရီးရောက်ခါစကြီး၊ သွေးလှူလို့ဖြစ်ပါ့မလား"

"အဲဒါပဲ . . . အဲဒါပဲ"

"ဘာ ! အဲဒါပဲလဲ"

"စေတနာတွေ ရေစီးကမ်းပြိုကျလာတာလေ၊ စိုးရိမ်တာ . . . စိုး

"နန္ဒနော်"

"ညီညီ"

ပြိုင်တူအသံထွက်သွားတာမို့ ညီက တဟားဟားနှင့် အော်ရယ် တော့၏။ ကောင်မလေး၏မျက်စောင်းကလည်း လှုနှင့်လိုက်ဖက်အောင် ရာလေးပါလော။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

နယ်ဆေးရုံလေးမို့ ခပ်သေးသေးလေးပါပဲ။ ညီက ကြက်ခြေနီ တပ်ဖွဲ့ဝင်မို့ ရပ်ကွက်အရေးတို့ သာရေးနာရေး ပရဟိတအလုပ်တွေကို ပါ ကူညီလုပ်ကိုင်ပေးတတ်လေ၏။ ဒါကြောင့်လည်း သူ့ထက်ပိုပြီး ညီ့ကို လူသိများရခြင်းဖြစ်ပါသည်။ အလှူတကာ့အလှူတွေထဲမှာ မိမိခန္ဓာကိုယ်မှ အဖိုးတန်သော သက်ရှိအရာကိုလှူခြင်းက အမြတ်ဆုံးတဲ့။ ဒီတော့ မတတ်နိုင်ခင်ကတည်းက လှူလေ့လှူထရှိတဲ့ သွေးလှူရှင်တွေထဲမှာ သူတို့ညီအစ်ကိုစာရင်း ပါဝင်ရတာပါလေ။

"အသက်ခြောက်ဆယ် အဘိုးကြီးတဲ့"

ဘေးမှာလာရပ်ကာ တီးတိုးပြောလိုက်သည့် ကောင်မလေးကို သူ ငဲ့ကြည့်လိုက်မိ၏။ A သွေးအမျိုးအစား လူငယ် လေးငါးခြောက်ဦး ရောက်လာပေမယ့် မလှူတာကြာသည့်ညီကပင် လှူမည်ပြောပြီး၊ သွေး စစ်ကာ ထုတ်နေခြင်းဖြစ်ပါသည်။ မိန်းကလေးဖြစ်ပြီး သွေးမြင်ရင် မူးတာ





မျိုးတာမျိုး ဒီကောင်မလေးမှာမရှိပါလား။ အာဂသတ္တိပါပဲ။

"ကိုကြီးရော လှူဖူးလားဟင်"

"အင်း . . . မလှူဖြစ်တာ ကြာပြီ၊ Thai မှာတုန်းကတော့ စက်ရှာ အမျိုးသမီးတစ်ယောက် မီးမဖွားနိုင်ဘူးဆိုတာနဲ့ လှူတာ နောက်ဆုံးပဲ"

"ဩော်"

လူကိုမော့ကြည့်ကာ ပြုံးတုံ့တုံ့ဟန်လေးဖြစ်နေတာမို့ သူ နားလည်ပါလေ။ ဘာကိုများ သဘောကျလို့ပါလိမ့်။ ခပ်လှမ်းလှမ်းအုပ်စုမှ ကောင်မလေး သုံးယောက်ပါလာတာမို့ သူတို့ကိုလှမ်းကြည့်ကာ အတင်း အုပ်နေသည့်နှယ် တီးတိုးပြောနေကြလေ၏။ ကြည့်ရတာ ကောင်မလေးနဲ့ သိပ်မရင်းနှီးပုံပါပဲ။

"ဟိုပြန်သွားဦးမှာလားဟင်"

"ဘယ်ကိုလဲ . . . Thai... လား"

"ဟုတ်"

"မပြောတတ်ဘူး၊ အမေကတော့ မသွားစေချင်ဘူးပြောတာပဲ"

"ကိုကြီးတို့ညီအစ်ကိုနှစ်ယောက်စလုံး အမေကိုသိပ်ချစ်ကြတာ နော်"

"ဒီအမေပဲရှိတာကို၊ မချစ်ဘဲနေမလား"

"အဟမ်း ! အဟမ်း ! "

အခန်းထဲမှ လုပ်ချောင်းသံ တမင်ပေးပြီး ထွက်လာသည့်ညီ့ကြောင့် ကောင်မလေးက သူနှင့်နီးကပ်စွာ ရပ်နေရာမှ အနည်းငယ်မျှ ခွာက်ဆုတ်ကာ ရပ်လိုက်လေ၏။ ဘာလဲ . . . ညီမြင်လို့ မသင့်တော်ဘူး



www.burmeseclassic.com

www.burmeseclassic.com



လို့များ ယူဆလေသလား။ ရိုးရိုးသားသားစကားပြောတာကို မြင်ရုံနဲ့ သိသာနိုင်ပါတယ်လေ။

"ပြီးပြီလား"

"ဘာကိုလဲကွ၊ အဲဒါ မင်းကိုမေးရမှာ"

"မသိဘူးလေ၊ ကိုကိုတို့စကားပြောလက်စ ရပ်သွားလို့မေးတာ"

"နန္ဒနော်"

"ငါ့ဖို့ ဘာညာကွိကွတွေ ယူထားပြီးပြီလား"

"ဟင့်အင်း . . . ပေးမှမပေးသေးတာ"

"သွားယူပေးလေ၊ နင်က ကိုကို့မျက်နှာမြင်ရုံနဲ့ အားပြည့်ပေမယ့် ငါက ကြက်ဥတွေ ပဲနို့တွေ မစားမသောက်ဘဲ အားပြန်မပြည့်ဘူး။ ငါး ဖောင်ရိုးခြောက်မလေးရဲ့"

"ဟော့ကောင်"

"ယူပေးပါ့မယ်၊ ငါ့ကိုဆို သိပ်နိုင်စားတာပဲ။ အလကားကောင်"

"ဘာ . . . အလကားကောင်လဲ၊ ငါ့ကိုဖားထားမှ ငါ့အစ်ကိုကို . . . အား"

"ဟဲ့ ! ဟဲ့ ! ဘာဖြစ်တာလဲ၊ မူးလို့လား မောင်နန္ဒ"

"မမူးပါဘူး ဆရာမရယ်၊ ဒီလောက်က အပျော့ပါဗျ"

နှောင်းက ညီ့လက်မောင်းကို ဆွဲလိမ်လိုက်တာမို့ အော်လိုက်မိသဖြင့် တာဝန်ကျသူနာပြုဆရာမက စိုးရိမ်တကြီးမေးလေ၏။ ခဏအကြာမှာ Plastic bag ကိုင်လျက် ကောင်မလေး ပြန်လာပါသည်။ အိတ်ထဲမှာက ပဲနို့တစ်ပုလင်း၊ အားဆေးတစ်ကတ်၊ အချိုရည်နှစ်ဘူး၊ ကြက်ဥငါးလုံးနှင့် သွေးလှူရှင်စာတမ်းပါ Sport shirt အဖြူရောင် Parking





ပိတ်လေးပါ။ သွေးလှူထားသည့်အလှူရှင်က အားမလျော့ဘဲ လေများနေတော့တာပါလား။

"ငါ အန်တီနဲ့ ပြန်တိုင်မှာနော်"

"မေမေ့ကို၊ အေး . . . တိုင်ပေါ့၊ ဒါမှ နားဖောက်ပြီးသားဖြစ်သွားမှာ"

"နန္ဒနော် . . . နင်"

"ဟုတ်တယ်၊ တကယ်ပြောတာ။ မယုံရင် ကိုကို့ကိုမေးကြည့်။ မေမေက နင့်ကို ငါတို့ညီအစ်ကိုနှစ်ယောက်ထဲက ဘယ်သူနဲ့ပဲဖြစ်ဖြစ် သဘောတူထားတာ"

"နင်နော် . . . မဟုတ်တာတွေ လျှောက်မပြောနဲ့"

"ကြည့် ! လူကို မယုံသက်ာနဲ့၊ ကိုကို . . . ညီပြောတာ မှန်တယ် ဟုတ်လား"

သူ နှုတ်ဆိတ်နေလိုက်ရပါ၏။ သူ့ကိုပဲဆွဲခေါ်နေတာကိုး။ မိန်းကလေးရှေ့ ဒီလောက်ကြီးလျော်တာတော့ မသင့်တော်ဘူးလေ။ ကောင်မလေးကတော့ ညီ့ကို တကယ်စိတ်မဆိုးမှန်း သိသာနေပါ၏။ မျက်နှာထက် မှာသွေးဖြာနေတာတော့ အမှန်ပါပင်။ ကွယ်ရာမှာ တွဲစရင် တော်သေးတာပေ့ါ။ အခုက နှစ်ယောက်စလုံးရှေ့မှာ အားမနာစတမ်း ညီက တမင် အတာကြီး ပြောနေတာကိုး။

အားနာစရာပါပဲ။ ကိုယ့်ထက် သုံးနှစ်ကျော်ငယ်တဲ့ကလေးနဲ့မှ သဘောတူတယ်တဲ့လား။ သူ့အမြင်ကဖြင့် နှောင်းနဲ့ညီကမှ အင်မတန် လိုက်ဖက်လွန်းတာပါလေ။ သူ့ကိုတော့ အကြီးမို့ထင့်၊ တရိုတသေပြောပြီး ညီနဲ့တော့ အတော်လေးကို လက်ပွန်းတတီးရှိလှတာ မျက်မြင်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



အနေနီးတဲ့လူနဲ့မှ ရင်ခုန်သံပိုမြန်လေ့ရှိတာကို ညီလေး မသိလေလျော့သလား။

"နော် . . . ကိုကို"

"ဘာလဲကွာ"

"ကိုကိုကတော့ လုပ်ချလိုက်ပြန်ပြီ၊ ယုန်ကလေး နှာစေးနေပြီဆိုပြီး ငြိမ်မနေပါနဲ့ဗျ။ ကျွန်တော်ကြားထဲက အာပေါက်လှပြီ"

"အဲဒါ မင်းဘာသာ မင်းပဲလေ၊ ဘယ်သူက ပွဲခပေးထားလို့ အတင်းပြောနေရသလဲ"

"အေးလေ၊ မဟုတ်မဟတ်ပြောတဲ့ကောင်။ မှတ်ကရော"

"အေးပါ . . . အေးပါ၊ ချိန်ခွင်လျှာတစ်ဖက်လိုက်နေမှန်း ငါ ကောင်းကောင်းကြီး သိနေပါတယ်"

"နင်နော် . . . ငါစိတ်ကောက်လိုက်ရင် ညနေလာပို့မယ့်ဟာင်းတော့ ဝေါ်တော့မှာပဲ။ စေတနာတွေ လျော့ချင်ချင်ဖြစ်လာပြီ"

"ဘာဟာင်းလဲ"

"ဝက်သားနဲ့ ကြံမဆိုင်ကြော်"

"အားပါး ! ကိုကိုတော့ မှတ်ဆိတ်ပျားဆွဲကိန်းပဲ။ လာပို့ . . . လာပို့ . . . ငါ့ကို မစားစေချင်ပေမယ့် နိုင်ငံခြားပြန်ကြီးရဲ့ Favourite...မို့ ဆင်ဖြူတော်မို့ပြီး ကြံစုပ်ရချေသေးရဲ့"

"စကားပုံတွေ ကျန်သေးလား"

"ကျန်တာပေ့ါ။ နင့်ကိုအားနာလို့ မသုံးပြတော့ပါဘူး။ ကျေးဇူးပါ ငါးဖောင်ရိုးခြောက်မရယ်"

"ရပါတယ် ထန်းပင်ကြီးရယ်၊ သွားပြီ"





အနိုင်မခံဘဲ ပြန်ပြောကာ ခြံထဲဝင်သွားသည့် ကောင်မလေးကို သူလှမ်းကြည့်လိုက်မိပါ၏။ ကြည့်စမ်း ! အတော့်ကို ပြည့်ပြည့်စုံစုံနဲ့ နေရသည့်မိန်းကလေးက ဒီလိုပရဟိတအလုပ်တွေကို စိတ်ပါလက်ပါနဲ့ အနစ်နာခံပြီး လုပ်တတ်တာပါလား။ အံ့သြဖွယ်ကောင်းလေစွ။ တော်ရုံ မိန်းကလေးဆိုတာ အလှပြင်ဖို့၊ အဝတ်အစားဆင်ဖို့၊ လည်ဖို့ပတ်ဖို့၊ သုံးဖို့ဖြုန်းဖို့ကိုသာ နားလည်ကြတာ မဟုတ်ပါလား။

"တီ ! တီ !"

ကားဟွန်းသံကြောင့် သူတို့ညီအစ်ကို လမ်းဘေးကပ် လျှောက်လိုက်ရပါ၏။ ကားက Taxi ဖြစ်နေပြီး ကားအသစ်လေး ဖြစ်နေလေ၏။ ဒီမှာက ဆိုင်ကယ်သာ အစီးများပြီး ကားက အတော်လေးရှားပါးသည့်မြို့မဟုတ်ပါလား။ နောက်ဆုံးပေါ်ကားသစ်လေးက ဝါလွင်လွင်လေးမို့ သူသဘောကျမိစဉ် ကားပေါ်မှလူက ခေါင်းပြူထွက်ကာ သူ့ကိုလှမ်းနှုတ်ဆက်လိုက်လေ၏။

"ဟေ့ကောင် သီဟ"

သူ မျက်မှောင်ကြုတ်လျက် လှည့်ကြည့်လိုက်ပါ၏။ တရင်းတနှီးခေါ်တာမို့ သူငယ်ချင်းမှန်း ခန့်မှန်းလိုက်မိပေမယ့် ရုတ်တရက် ချက်ချင်း မမှတ်မိလိုက်ပါချေ။ အသားခပ်ညိုညို ဝဝဖိုင့်ဖိုင့်ဖြစ်နေသည့်လူငယ်က သက်ပြလျက် ပြုံးနေတာမှ တရင်းတနှီးကြီးပါပဲ။ ဘယ်သူပါလဲ။

"ဟ ! ငါ့ကိုတောင် မမှတ်မိဘူးလား၊ ငကျော်လေကွာ"

"ဩော် . . . အေး"

"မင်း ဘယ်တုန်းက ပြန်ရောက်တာလဲ"

"မကြာသေးဘူး၊ တစ်ပတ်လောက်ပဲရှိသေးတာကွ။ မင်း Taxi



www.burmeseclassic.com

www.burmeseclassic.com



ဆွဲနေတာလား''

''အေး . . . အိမ်ပြန်မှာမဟုတ်လား၊ လိုက်ခဲ့လေကွာ''

''မလိုက်ပါဘူး သူငယ်ချင်းရာ၊ ရောက်ပဲရောက်တော့မယ့်ဟာကို''

''မင်း အခုဘာလုပ်နေလဲ''

''ဒီလိုပါပဲ၊ ခဏနားတုန်းပါ''

''ငါတို့ တစ်ရက်လောက် တွေ့ရအောင်ကွာ၊ မင်းကိုပြောစရာတွေ အများကြီးရှိတယ်ကွ''

''အေး''

''Date... ကြတာပေါ့၊ ငါလစ်ပြီ သူငယ်ချင်း''

သူ ခေါင်းကိုသာ ညိတ်ပြလိုက်မိပါ၏။ ငယ်သူငယ်ချင်း ကျော်နိုင်ကို။ ဝမ်းသာစိတ်ဖြစ်သွားရသည်နှင့်တစ်ပြိုင်နက် ရင်ထဲမှာ နွမ်းလျမှုကပါ ဖြစ်သွားရတာပါလေ။ အဟောင်းတွေ အသစ်ဖြစ်ဦးမှာပါလား။ ကျော်နိုင်နှင့်သူက တစ်အုပ်စုတည်းသော သူငယ်ချင်းဖြစ်သလို သူနှင့် မေ့အကြောင်းကို ကကြီးမှ အ,အထိ အစအဆုံးသိထားတာပါလေ။

ရှေးဟောင်းနှောင်းဖြစ်ဆိုတာ ရှေးရှေးက ပုံပြင်တစ်ပုဒ်ဖြစ်ပေမယ့် လတ်လတ်ဆတ်ဆတ်ကြီး နာကျင်နေတဲ့နှလုံးသားကို သွေးစိမ်းရှင်ရှင် ထပ်မကျစေလိုတော့တာ အမှန်ပါ။ သူငယ်ချင်းမို့ မတွေ့ချင်ဘူးဆိုပြီး ရှောင်လို့လည်းမဖြစ်၊ သွားတွေ့ရမှာလည်းအခက်၊ သူ့အတွက် ရှေ့တိုးရ နောက်ဆုတ်ရခက်တဲ့အဖြစ်မျိုးနဲ့ ကြုံရပြန်ပြီကော။ စိတ်လည်း ညစ်ပါရဲ့။

''သားတို့ ပြန်လာကြပြီလား''





''ဟုတ်ကဲ့အမေ''

''လှူနာရော ဝင်ကြည့်ခဲ့သေးလား''

''ကြည့်ခဲ့ပါတယ် အမေရယ်၊ အသက်ကြီးကြီးလူကြီးမို့ ဝေဒနာခံစားနေရတာ သနားပါတယ်''

ညီက အလိုက်သင့် ဝင်ပြောပေးပါ၏။ သူ့မျက်နှာမကောင်းတာကို အမေ မရိပ်မိအောင် အတတ်နိုင်ဆုံးပြင်ပေမယ့် မွေးထားသည့်အမေက မြင်နေတာပါပဲ။ အင်းပေါ့လေ၊ ဝမ်းနဲ့လွယ်ပြီး ထွက်လာရတဲ့သားပေကိုး။

''ဘာဖြစ်လာလို့လဲ သားကြီး၊ မျက်နှာလည်း မကောင်းပါလား''

အမေက သူတို့ညီအစ်ကို ဝင်လာသည်နှင့် မေးခွန်းက ထွက်လာပြီ။ ဘာကိုမှ ဟန်ဆောင်ဖုံးကွယ်လို့မရပါလားနော်။ 'မေ့'အကြောင်းကို ဒီအိမ်မှာ တစ်ခွန်းမှမဟဘဲ နှုတ်ဆိတ်ငြိမ်သက်နေတဲ့ ရေကန်လိုနေခဲ့ပေမယ့် ဒီကန်ရေပြင်ပေါ်ကို ဘယ်သူကများ ခဲပစ်ချချင်ရတာပါလဲ။ နင်းလျှမောရတဲ့ရင်ခွင်ကျယ်မှာ ဒဏ်ရာက အစိမ်းသက်သက်ကြီး ကျန်နေခဲ့ဆဲဆိုတာကို ကာယကံရှင်လောက် ဘယ်သူမှ နားလည်နိုင်မှာမဟုတ်တာလေ။ နာတယ်ဆိုတဲ့စကားလုံးက ပါးပါးလေးဖြစ်ပေမယ့် ခံရသူကဖြင့် တနင့်တပိုးကြီးမဟုတ်ပါလား။

''ဘယ်သူနဲ့တွေ့ခဲ့လို့လဲ''

''ကိုကျော်နိုင်နဲ့''

''ြော်''

အမေက အံ့ဩဟန်ပြပြီး ဘာကိုမှဆက်မမေးတော့ပါလေ။ ဖိုးကျော်ဆိုတာ သူနဲ့ငယ်ပေါင်းကြီးဖော်ဖြစ်ပြီး၊ 'မေ'နဲ့ တစ်အုပ်စုတည်း



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတက်ခဲ့တဲ့သူမှန်း သိနေတာကိုး။ ဒီနာမည်ပြောလိုက်ရုံနဲ့ ရွှေ… ဘာဆက်ဖြစ်မလဲဆိုတာကို လူကြီးဖြစ်တဲ့အမေက ကြိုသိနေမှာပါ။ … မပြောချင်တာကို ညီလေး ပြောပေးတာမို့ ကျေးဇူးတင်လိုက်ပါရဲ့။

ရင်မှာ နွမ်းလျတာဖြစ်ပေမယ့် ငယ်သူငယ်ချင်းနဲ့ တွေ့ရမှာ… ဖြင့် တာဝန်အရမဟုတ်ဘဲ လူမှုရေးအရပါလေ။ သူငယ်ချင်း ကျော်… မင်းနဲ့တွေ့ရမှာ ဝမ်းသာမိပေမယ့် ငယ်ကျွမ်းဆွေအကြောင်းကို ရင်… ဆွေးနွေးခန်းလုပ်ရမှာကဖြင့် ရင်လေးစရာပါ သူငယ်ချင်းရယ်။ မဆုံ… တာ နှစ်ချီကြာနေပြီမို့ ဆုံလည်းဆုံချင်ပါရဲ့။ အခုမှပဲ သူ့အဖြစ်က ကို… တိုင် အပြစ်လုပ်ထားတဲ့လူလို လူတကာကိုရှောင်ပြီး ပုန်းပြီး ပြေး… နေသလိုအဖြစ်မျိုးလေ။

"သားကြီးရေ . . . ထမင်းစားရအောင်လေ"

သူ့အခန်းထဲမှာ လှဲနေရာမှ အမေ့ခေါ်သံကြောင့် ဆတ်ခနဲ… ထိုင်လိုက်မိ၏။ ထမင်းဆိုလို့ ဟင်းလာပို့မည်ပြောလိုက်သည့် ကော… လေးကို ဖျတ်ခနဲ သတိရသွားမိတာကိုး။ လာများ လာပြီးသွားပြီ… ပြတင်းပေါက်လိုက်ကာကို အသာဖယ်ကြည့်လိုက်စဉ် ခြံဝထောင့်နား… ကပ်၍ရပ်ထားသည့် စက်ဘီးနီနီလေးကို မြင်လိုက်ရလေ၏။

ဟော့ ! ဒါဖြင့် ရောက်နေပြီပေါ့လေ။ သူတောင် မသိလိုက်… လား။ ညီနဲ့ စကားများပေမယ့် သူ့ကိုစားစေချင်တဲ့စေတနာမျိုးနဲ့… ချင်တဲ့ဟင်းကို အရောက်လာပို့တာလေ။ အခန်းထဲအောင်းနေရင်… မတွေ့ချင်လို့ ရှောင်နေတယ်ထင်မှာစိုး၍ အခန်းထဲမှ ထွက်လိုက်ရပါ… ညှော်ခန်းဆီမှ ရယ်သံသဲ့သဲ့ကြောင့် မပြန်သေးမှန်း သိလိုက်လေ… ခန်းရှိ ခန်းစီးကို အသာလှပ်ကြည့်လိုက်ပါသည်။





"နင်နော် . . . နှောင်းပို့တဲ့ဟင်းကို နန္ဒကို မကျွေးနဲ့နော် မေမေချော"

"စားမှာပဲ၊ ငါက ငါ့ကို မသဒ္ဒါလေ . . . ပိုပြီးစားချင်လေပဲ"

"ခွေးကောင် . . . နှောင်းပြန်ပါဦးမယ် မေမေချော"

"အေးအေး . . . သမီးလေး"

ကံများ မကောင်းချင်တော့ မျက်နှာလှလှလေးကို မြင်ခွင့်မရ…လိုက်ပါဘဲ ကျောပြင်လေးကိုသာ မြင်လိုက်ရတာလေ။ တစ်ဝက်စည်း…ယ်လေး ဝေ့ဝဲသွားကာ၊ စက်ဘီးနင်းလျက် ပြန်သွားသည့် မိန်းကလေး…ကျောပြင်ကိုသာ ခဏတာလေးပဲ မြင်ရတာပါပဲလား။

မင်းသိဟလင်းဆိုတာ ဘယ်တော့မဆို ကံဆိုးခြင်းတွေနဲ့ ပခုံး…ပြီး ကြီးပြင်းလာရတဲ့ လူသားတစ်ဦးပါလေ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

''ငါဒီမှာ . . . သီဟ''

လက်ဖက်ရည်ဆိုင်ထဲမှ လက်တောင်ပြလိုက်သည့် ကျော်နိုင်[illegible] သူမြင်၍ ဆိုင်ထဲဝင်လိုက်ပါ၏။ သူငယ်ချင်းဖြစ်သူကဖြင့် တပင်တ[illegible] ရှာဖွေစားသောက်နေရပေမယ့် အသားအနည်းငယ် ညိုရုံကလွဲပြီး [illegible] ဖြိုးပြီး ကျန်းမာနေပုံရလေသည်။ သူကတော့ နဂိုကတည်းက အသား[illegible] သူဖြစ်ကာ နိုင်ငံခြားမှာလည်း စက်ရုံထဲမှာ တစ်ချိန်လုံး အလုပ်လုပ်[illegible] မို့ နဂိုအတိုင်း ဖြူနေတာပါလေ။

''ထိုင် . . . သူငယ်ချင်း၊ ဘာသောက်မလဲ''

''Tea ပဲ၊ ငါတိုက်ပါ့မယ်။ မင်း ဒီနေ့ ကားမထွက်ဘူးလာ[illegible]''

''ထွက်မှာပါ၊ ဆယ်နာရီလောက်မှ ထွက်ဖြစ်မယ်''

''အဆင်ပြေတယ် မဟုတ်လား''

''အေး . . . ဒီလိုပဲ ရရစားစားပေါ့ကွာ၊ သိတယ်မဟုတ်[illegible] အိမ်မှာ ပါးစပ်တစ်ပေါက်တိုးလာလေ၊ ဝင်ငွေကို ပြုံးပြပြီး ရှာရ[illegible]





''ဒါတောင် ဆယ်နာရီမှ ထွက်ရလား''

''ရတယ်၊ မနက်ကိုးနာရီအထိက ဖယ်ရီလို ကြိုပို့ကျောင်းသား [illegible]ရှိလို့ ငါ့ဘော်ဒါကို ကိုယ်စားလွှတ်လိုက်တယ်။ အချင်းချင်းနားလည်မှု [illegible]ပေါ့''

''ဩော်''

''ပေါ့စိမ့်ပဲ မဟုတ်လား''

ခေါင်းကိုသာ ညိတ်ပြလိုက်ပါ၏။ ခုချိန်ထိတောင်မှ သူ့အကြိုက် [illegible] သူငယ်ချင်းတောင် မှတ်မိနေတုန်းပဲကိုး။ အရာရာပြောင်းလဲကုန်တာ [illegible]ပေမယ့် မင်းသီဟလင်းရဲ့ တစ်ကြောင်းဆွဲမျှဉ်းကဖြင့် တစ်သမတ်ထည်း [illegible]နေတုန်းပါပဲလား။

''ဘာမှမပြောင်းလဲသေးပါလား''

''ဟင် ! ဘာကိုလဲ''

''မင်း ပေါ့စိမ့်ကြိုက်တာကို ပြောတာလေ''

''အင်း''

သူ သံယောင်လိုက်ကာ ခေါင်းညိတ်ပြစဉ် စားပွဲထိုးကလေးက [illegible]ဖက်ရည်ခွက်ကို လာချပေးလေ၏။ နှုတ်ဖြင့် အသာမွှေနေရင်း စိတ် [illegible]ထွာထားရပါသည်။ ပြောမယ်ဆိုရင် အကုန်ပဲပေါ့လေ။ ဒါမှပဲ ရင်ထဲ [illegible]အောင်းထားသမျှ အကုန်အစင်ဖွင့်ချပြီး ရင်ပေါ့သွားမှာ အမှန်ပဲကိုး။ [illegible]င့်ထား . . . မင်းသီဟလင်းရေ။

''မင်းတော်တော်စိတ်နာမယ်မှန်း ငါလည်းသိပါတယ်။ ကိုယ်ချင်း [illegible]တယ် သူငယ်ချင်း''

ပခုံးကိုအသာပုတ်ကာ စကားစပြီးမှ သက်ပြင်းကို ခိုးရှိုက်လိုက်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ပိပါ၏။ ငိုချင်းချဖို့အတွက် ဤနေရာကို လာမိတာမျိုးပဲလား။ အသွာ
မတော် တစ်လှမ်းဆိုတာ သူ့အတွက် အထူးအဆန်းမှမဟုတ်တော့တာ
လေ။ အချစ်မတော်လို့ပဲ တစ်ခါ အသည်းက ကွဲဖူးသွားခဲ့ရတာကိုး။

"ပြန်တောင်မလာတော့ဘူးလို့ ထင်ထားတာ"

"ဒီမှာ ညီလေးရော အမေပါ ရှိနေတာ၊ ငါမပြန်လာလို့ ဘယ်
ဖြစ်ပါ့မလဲ"

"အေးပါ၊ ငါသိပါတယ်"

ဖေကြည့်ကို လမ်းမထက် ပို့ထားမိ၏။ တကယ်ဆိုလျှင်တော့
မြေကို နောက်ထပ်မနင်းချင်တော့တာ အမှန်ပါ။ ဒီမြေမှာမွေး၊ ဒီရေ
သောက်၊ ဒီလေကိုရှူပြီး ကြီးပြင်းခဲ့ရတဲ့ ကိုယ့်နိုင်ငံကို ဘာမဟုတ်
ကိစ္စလေးလောက်နဲ့ ကျေးဇူးကန်းသင့်ပါ့မလား။ နှလုံးသားကို ဦးစားပေး
ချင်ပေမယ့် သူက ဦးနှောက်မရှိတဲ့လူမှ မဟုတ်တာလေ။

"တကယ်တော့ မင်းကို ငါပြန်မပြောသင့်မှန်း သိပါတယ် သိ
ဒါပေမဲ့ မင်းရင်ထဲက ဒဏ်ရာကျက်သလောက်ဖြစ်နေလို့ ဒီကိုပြန်လာ
လို့ယူဆပြီး ငါပြောချင်တာပါ"

"..."

"သစ္စာဆိုတာ တကယ်ရှားတတ်မှန်း မျက်မြင်ကိုယ်တွေ့ကြ
ငါယုံခဲ့တာကွ"

"ဘယ်လို"

"ဝဏ္ဏနဲ့ မင်းရဲ့မေလေ"

ရင်ထဲ တင်းကျပ်သွားရပါ၏။ မပြောနဲ့ဟု တားချင်သော်
နားကကြားချင်တဲ့စိတ်က ရှိနေသေးတာကိုး။ ချစ်သူ မဟုတ်တော့





ယ့် အချစ်ဦးဆိုတာ မေ့ဖို့ မှန်းဖို့ လွယ်တဲ့ပုဂ္ဂိုလ်မျိုးမှ မဟုတ်ဟာကိုး။

"သူတို့ အဆင်မပြေကြလို့လား"

"အေး"

သက်ပြင်းကို ခပ်ရှည်ရှည်ချလိုက်မိပါ၏။ အပြုံးတို့လှိုင်လှိုင်
ခဲ့ပါသည့်ချစ်သူ့မျက်နှာက ယခုမည်သို့ဖြစ်လေမည်နည်း။ အမြင့်ကို
န်းချင်တာ၊ စိတ်ကိုဦးစားပေးတာ၊ စိတ်စေရာနောက် ကိုယ်ကိုပါ
လိုလိုက်တတ်တာ၊ စတာတွေကို သူ့ချစ်သူက လက်တွေ့ကျကျ
ပ်ပြသွားတာ မဟုတ်ပါလား။ နေကောင်းပါရဲ့လား 'မြတ်နိုးမေ'။

"ဝဏ္ဏက ဘာဖြစ်နေလို့လဲ"

"သောက်သောက်စားစား လူ့မင်းသားဖြစ်နေတာလေ"

"ဘာ !"

"အေး . . . ချမ်းသာတယ်ဆိုပြီး မြတ်နိုးရဲ့အမေက ဝဏ္ဏနဲ့
ဘောတူခဲ့တာ။ အခုတော့ လင်ဆိုးမယား တဖားဖားဘဝနဲ့ လင်ကုန်
နေရပြီ"

နှလုံးသားမှ ကျဉ်ခနဲဖြစ်သွားရတာ အမှန်ပါ။ လင်ဆိုးမယား
သား။ ဖြစ်မှဖြစ်ရလေ မေရယ်။ မင်းကို တန်ဖိုးထား ချစ်မြတ်နိုးလှ
ည်ရဲ့ဆိုတဲ့ မောင့်လိုလူကိုစွန့်ခွာပြီး ဒီလိုကောင်မျိုးနဲ့ လက်ထပ်ဖြစ်တဲ့
ဆိ ရှူးမိုက်ရတယ်လို့။

"ရပြီးမှ အခွံပဲရှိမှန်း သိတော့မှ ဒေါ်သူသူ ထပေါက်ကွဲတော့
ဟိုးလေးတကြော်ပဲ။ မင်္ဂလာဆောင်စရိတ်စကတွေတောင် မြတ်နိုး
ာက်ကပဲ အကုန်အကျခံခဲ့တာ"

ဟုတ်တာပေါ့။ နှစ်ကိုယ်တူ ပေါင်းဖက်ဖို့ရည်ရွယ်ပြီး သူ့ရှိုင်း

www.burmeseclassic.com



တဲ့ငွေတွေနဲ့ ဒီကောင်က အခန့်သား သတို့သားနေရာကို ဝင်ထိုင်ခွင့်ရ သွားခဲ့တာလေ။ ဒီငွေတွေနဲ့ မင်းမို့ ပျော်ပုံတယ်၊ စားရက်တယ်၊ ဘဝတည် ထောင်ရဲရတယ်လို့၊ မျက်စိတစ်ဆုံးမကြည့်တဲ့ မျက်တောင်တစ်ဆုံးပဲ ကြည့် ဆုံးဖြတ်ခဲ့တဲ့ရလဒ်က နောင်တတရားတဲ့လား။

''ငါလည်း ပထမတော့ မသိဘူး၊ ငါယူတဲ့မိန်းမက မြတ်နိုးတို့ ဝမ်းကွဲအစ်မတော်တယ်လေ။ အဲဒီအတွင်းရေးတွေအားလုံးကို သက်ထား သိကနေ အကုန်ပြန်ကြားရလို့ သိခဲ့ရတာ၊ ငါအံ့သြလို့ မဆုံးဘူး။ ဖင်းရင် လိုက်ရတဲ့အရင်းအနှီးက ဒီလောက်ထိ ကြီးရတယ်လို့ သူငယ်ချင်းရယ်''

သက်ထားတဲ့၊ သူတို့နှစ်ဦးကြားကို အများဆုံး အနှောင့်အယှက် ပေးခဲ့သည့် မေ့ညီမလေးပဲကိုး။ အမေက သဘောမကျဘူးဆို။ ညီကိုတစ် အင့်ပြောပြီး သူ့ကိုသိစေခဲ့တဲ့ရလဒ်က နှလုံးသားနှစ်ခုရဲ့ကြေမွအက်ကွဲ ခြင်းဆိုတာကို မေ့ညီမလေး တကယ်ပဲ မသိခဲ့တာ ထင်ပါရဲ့။

အတွင်းရေးတွေပြောတဲ့အဆင့်ဆိုတော့ မေတစ်ယောက် အဘယ် မျှ မိက်ဆင်းရဲခြင်းကြီးနေရလို့ ညီမဖြစ်သူကိုတောင် ရင်ဖွင့်ရတာပါလိမ့်၊ အကြီးဖြစ်သူက အေးပြီး အငယ်ဖြစ်တဲ့'သက်ထားမေ'က ငယ်စဉ်ကတည် က ထက်ထက်မြက်မြက်ရှိလွန်းတာ မဟုတ်ပါလား။

''ထားက ဘာပြောလဲ''

''ကိုမင်းသီဟနဲ့ မမကို သဘောမတူမိခဲ့တာ မဟာအမှားကြီး တဲ့။ နွယ့်ကိုပြောတုန်းက အစ်မဖြစ်သူကို ဒုက္ခတွင်းထဲ တွန်းချမိပါပြီ ပြီး ငိုလိုက်တာကွာ။ ကာယကံရှင်မဟုတ်ဘဲ ဘေးလူတောင် ဒီလော ခံစားရတာ''

သူ ငြိမ်နေမိ၏။ အလှမ်းကျယ်လို့ အလယ်လပ်ခဲ့တာလား။ ဘဲ





ည်းမဟုတ် အမြင့်ကိုမျှော်လှမ်းမိလို့ ခြေချော်ကျတဲ့အဖြစ်လေလေား။ ဘယ် ယှဉ်တွဲပြရမှာပါလိမ့်။ ကြားထဲက ဗီလိန်က ကာယကံရှင်မဟုတ်ပါဘဲ မျက်ရည်ဖြိုင်ဖြိုင်ကျရသတဲ့။ ကြားဖူးမှ ယုံရခက်ခက်အဖြစ်ပါလေ။

''မင်းငွေ သိန်းသုံးဆယ်လောက် ရှိတာဆို''

''ကျစ် ! ထားလိုက်ပါတော့ကွာ''

''မြတ်နိုးက သူ့ညီမကိုတော့ အကုန်ဖွင့်ပြောသားကွ။ မစား င်တဲ့ငွေနဲ့ ဗိုက်ထဲကို စားမိလို့ အဆိပ်သင့်တာတဲ့လေ။ ရှိတုန်းတော့ ည်ပတ်လိုက်၊ စားလိုက် သောက်လိုက်နဲ့ ပျော်မဆုံး မော်မဆုံးဖြစ်နေ ပြီတာ။ သုံးစရာလည်း ကုန်ရော အသံမြည်လာတော့တာပဲ''

''ဝတ္တုလည်း လက်ကြောမတင်း။ အလုပ်ကို မယ်မယ်ရရ မလုပ် ။ ကားပွဲစားယောင်ယောင် ဘာယောင်ယောင်နဲ့ ဘီယာလေး တမြမြ တိုင်းမှူးရာကစပြီး နောက်ဆုံး အရက်ချိုးဖြစ်သွားတာ။ မြတ်နိုးဆို မျက် ည်နဲ့မျက်ခွက်''

''ကလေးရော''

''ရှိတယ်၊ ငါ့လိုပဲ သမီးတစ်ယောက် သားတစ်ယောက်''

''ဘာပဲဖြစ်ဖြစ် ကလေးတွေကို ငဲ့သင့်တာပေါ့''

''မှန်တယ်၊ ဒါကြောင့်လည်း အဘွားကြီးက အခါခါ ကွာရှင်း ဘာတောင် သူ တုပ်တုပ်မလှုပ်တာ။ သုံးစားလို့မရတဲ့လင်ကို ဘာလို့ က်ပေါင်းနေမလဲ၊ ကွာတော့ရော အပျိုပြန်ဖြစ်မလား။ ကလေးနှစ် က်နဲ့ တစ်ခုလပ်ဘဝကို ဘယ်သူက လေးစားပါ့မလဲဆိုပြီး လင်ဆိုး ခါးစည်းခံနေရတာလေ''

သနားလိုက်တာ။ သနားရော သနားသင့်ပါရဲ့လား။ ကိုယ်က



www.burmeseclassic.com

www.burmeseclassic.com



ခံခဲ့ရတဲ့သူမို့ နာသင့်တာ အမှန်ပါ။ ဒုက္ခပေးနေတဲ့ယောကျ်ားကို မကျ ရက်ဘူးတဲ့လား။ ကလေးနှစ်ယောက်ကို ငဲ့တာပဲ ထင်ပါရဲ့။ မိခင်စိတ်ေ နိုင်တာမို့ စိတ်ထဲမှ ချိုးမွမ်းချင်သွားရတာပါလေ။ ဘယ်မိခင်မဆို သာ သမီးတွေရှေ့မှာ မားမားမတ်မတ်ရပ်ပြီး အန္တရာယ်မှန်သမျှ ကာကွယ်ပေ ချင်ကြတာ မဟုတ်ပါလား။

"ဘာလဲ . . . သနားနေပြီလား သီဟ"

သူဘာမှပြန်မပြောမိပါချေ။ သို့သော် မျက်နှာထက်မှာ ဒေါ မရှိဘဲ ကရုဏာသက်နေမှန်း မြင်တာနဲ့သိနိုင်တာကိုး။ ယခုလိုပြောရခြ ရဲ့ ရည်ရွယ်ချက်အစစ်အမှန်က ဘာများပါလဲ။ သူ နားမလည်နိုင်တာ ကျော်နိုင် သိပ့်မလား။

"မသနားလေနဲ့ သီဟရေ့၊ တစ်ခါသေဖူးရင် ပျဉ်ဖိုးနားလည် အောင် မင်းကို ငါက ကြိုပြောပြထားတာ။ ဟိုက မျက်ရည်လေး ပေါ ခနဲ ကျပြရုံနဲ့ မင်းရင်ဘင ဒ်ိဳး ဘုတ်ခနဲ ပြုတ်ကျမသွားစေနဲ့"

"ငါသိပါတယ်"

"လေသံက ပျော့နေပြီ"

"သူငယ်ချင်းသံယောဇဉ်နဲ့ စိတ်တော့ ဘယ်ကောင်းပါ့မလဲကွာ"

"ဒါတော့ဒါပေါ့လေ၊ ငါနားလည်ပါတယ်။ သူလည်း သူ့ဘ သူဆက်လျှောက်သလို မင်းလည်း မင်းလမ်း မင်းလျှောက်ဖို့ပဲ စဉ်းစားပါ"

"အင်း"

"သူတို့ဆီက ငွေပြန်တောင်းမှာလား၊ ငါတော့ ပြန်ပေးနိုင်မယ် မထင်ဘူး။ သက်ထားကတော့ မင်းကိုမြင်ရင် အတော်မျက်နှာပူရမယ်တ"

"နေပါစေတော့ကွာ"





စကားဝိုင်းက တိတ်သွားပါ၏။ ရင်ပေါ့မလားထင်ပြီး လာခဲ့ရပေ မယ့် ရင်လေးစရာအဖြစ်နဲ့သာ ကြုံရတယ်လို့။ ကလေးနှစ်ယောက်အဖေ ဖြစ်နေပြီတဲ့လား။ အရင်လို လုလုလေး မနေနိုင်တော့ဘူးထင်ပါရဲ့။

ဩော် . . . ဖြစ်မှဖြစ်ရလေ မေရယ်။

"မင်း အသစ်တွေ့နေပြီလား"

"ဘာကိုလဲ"

"ရည်းစားလေကွာ"

"ကြုံကြုံဖန်ဖန်"

"ရှာရင် ရမှာပါကွာ၊ မင်းလို စုစုဆောင်းဆောင်းရှိလို့ကတော့ ကောင်မလေးတွေ ဝိုင်းကပ်နေကြမှာ မလွဲဘူး"

"တော်ပါတော့"

"မင်းကိုတော့ အမေချောက အိမ်ထောင်ပြုစေချင်တာ အမှန်ပဲ ကွ။ ငါတို့ကိုတွေ့တိုင်း ပြောပြောနေတာ။ သူလည်း မြေးချီချင်ပြီတဲ့လေ"

သက်ပြင်းကို ရှိုက်ထုတ်လိုက်မိပြန်၏။ မြေးချီချင်တာချင်းအတူ တူ ညီ့ကိုတော့ မိန်းမ မပေးစားဘဲ သူ့ကိုမှရစေချင်သတဲ့လား။ စုဆောင်း ထားတဲ့ငွေတွေကို စီးပွားဖြစ်အောင် လုပ်ရဦးမှာ။ သုံးဖို့ဖြုန်းဖို့ မစဉ်းစား ဘဲ သိမ်းဆည်းစုဆောင်းတတ်တဲ့ မိန်းမမျိုးရမှသာ ဖြစ်မှာလေ။

"အဲဒါ ဟိုဘက်ရပ်ကွက်က အရာရှိကြီးရဲ့သမီးလေ။ တစ်ဦး တည်းသောသမီး။ မာနသိပ်ကြီးတာကွ"

ခပ်ငေးငေးကြည့်နေလျက်မှ သတိဝင်သွားရပါ၏။ အတွေးက တခြားရောက်နေတာမို့ မြင်ကွင်းထဲရောက်လာသည့် မိန်းမချောလေးကို သတိပင် မထားမိပါလေ။ ဒါလည်း သိနေတာပဲလား။ မိန်းမတွေနဲ့ ခပ်စပ်

www.burmeseclassic.com



ယှက်ယှက်မရှိတဲ့ သူ့အတွက် နောက်ထပ် ချစ်သူထားဖို့ဆိုတာ အဝေး တကာ့ အဝေးဆုံးနေရာမှာပဲ။

''နာမည်က သက်လယ်ခင်တဲ့''

''စိတ်မဝင်စားပါဘူး''

''မင်းပဲ ကြည့်နေပြီးတော့၊ သူ့မိဘတွေကတော့ စိတ်တအား ပြည့်တာကွ။ သမီးဖြစ်သူကသာ ငါတို့လိုယောကျ်ားလေးတွေကို အဖက် မတန်သလိုအကြည့်နဲ့ မာနတင်းတာ။ အေးလေ . . . မာနကြီးမယ်ဆိုလည်း ကြီးချင်စရာပဲကိုး။ တို့မြို့မှာ ဒိတ်ဒိတ်ကျဲကွမ်းတောင်ကိုင်လေ''

သူပြုံးလိုက်မိလေ၏။ ရင်နင့်စရာပြောခဲ့တာ သူမဟုတ်သလိုပါ ပဲလား ကျော်ရယ်။ အခုပဲ မြင်ကွင်းရှေ့ စတိုးဆိုင်ထဲ ဈေးဝင်ဝယ်တဲ့ မိန်းကလေးအကြောင်း အာပေါင်အာရင်းသန်စွာ ပြောပြနေလေရဲ့။ ဒဏ် ရာရထားတဲ့ နှလုံးသားက အခုမှပဲ အနည်းငယ်သက်သာသွားရသလိုပါ။

''ပြန်မယ်ကွာ''

''အေး . . . ငါလည်း ကားသွားယူရမယ်''

သူငယ်ချင်းနှင့်လမ်းခွဲကာ လက်ဖက်ရည်ဆိုင်ထဲမှ ထထွက်ခဲ့ ၏။ ပွက်တွေအိုင်နေသည့် လမ်းဘေးကို သူရှောင်နင်းလိုက်မိစဉ် 'အို!' ခနဲ အာမေဋိတ်သံနှင့်အတူ ခြေဖမိုးဖြူဖြူလေးကို နင်းမိသွားရလေသည်။ အားနာစွာဖြင့် "Sorry!" ဟု တီးတိုးပြောရင်း ငုံ့ကြည့်စဉ် သမင့်မျက် ဝန်းလှလှလေးထံမှ မျက်စောင်းလှလှလေးကို အမှတ်တရ လက်ဆောင် ရလိုက်လေ၏။

ဇာတ်လမ်းစခဲ့ပြီကော 'သက်လယ်ခင်' . . .။

♥ ♥ ♥



## အခန်း (၁၀)

ဘာအလုပ်ကိုမှ ဖောက်ချမလုပ်ရသေးပေမယ့် ယာဉ်စီးဖို့ လို အပ်တာမို့ ဈေးသက်သာသည့် ယာဉ်တစ်စီးရသဖြင့် ကားသေးလေးကို ဝယ်လိုက်ပါ၏။ ညီ့ဆိုင်မှာ Mobile Hand set တွေ၊ Electronic နဲ့ ပတ်သက်သည့်ပစ္စည်းတိုလီမုတ်စတွေ တင်ဖို့စဉ်းစားထားပါသည်။ ဒီမှာ ခဲဒီလိုဆိုင်မျိုး ခပ်ရှားရှားမဟုတ်ပါလား။

လိုအပ်တာတွေ မှာတန်မှာပြီး၊ မရရင် ရန်ကုန်တက်ဝယ်ရမှာ တွေ ရှိတာမို့ သွားသွားလာလာကိစ္စကို သူပဲဦးဆောင်ရမှာလေ။ ပြီးတော့ သူက နဂိုကတည်းက Electronic နဲ့ပတ်သက်ပြီး သင်တန်းတွေ ဆင်း ထားပြီးသားမဟုတ်ပါလား။ သူများနိုင်ငံမှာ သွားလုပ်တာက အလုပ်ရွေး နေတာမို့ ရရာအလုပ်ကိုသာ လုပ်ခဲ့ရတာကိုး။

''ဟော !''

လမ်းဘေးမှာ ကားတစ်စီးထိုးရပ်ထားတာမို့ သူ လှမ်းအကြည့်တ်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်မိ၏။ ကားပျက်တာပဲ ထင်ပါရဲ့။ ကားကို ထိုကားရှေ့မှာ ကျော်ရပ်ကာ ကားပေါ်မှဆင်းလိုက်ပါသည်။ ကားစက်ဖုံးကိုဖွင့်ကြည့်နေတာက အသက်ငါးဆယ်ကျော်လူကြီးတစ်ဦးပါလား။

"ကျစ် ! ဘာက ဖောက်ပြန်ပြီလဲ မသိပါဘူး၊ စိတ်ရှုပ်ပါ့"

"ဘာများဖြစ်လို့ပါလဲ အန်ကယ်"

"ဩော် . . . ဒီမှာကွယ်၊ ကားက ထိုးရပ်သွားပြီး စက်ကိုနှိုးလို့ မရတော့ဘူး"

"ကျွန်တော် ကြည့်ပေးရမလားခင်ဗျာ"

"မောင်ရင်ကြည့်တတ်ရင် ကြည့်ပေးပါကွယ်"

"ဟုတ်ကဲ့"

စက်ဖုံးဖွင့်ထားတာမို့ သူ ဟိုဒီကိုင်ကာ ကြည့်လိုက်မိပါသည်။ Bettery ခေါင်းချောင်တာကို ကျပ်ပေးလိုက်ပြီး ဆီပိတ်သည့်နေရာကို အဝတ်စုတ်ဖြင့် သန့်စင်ပေးလိုက်တာမို့ သူ့လက်မှာ စက်ဆီတွေ ပေကျံ တော့သည်။ သူက အနက်ရောင်နှစ်သက်တာမို့ T-shirt အနက်ကို အမြဲ လိုလိုဝတ်ဖြစ်တာမို့ အပေခံတာ တော်ပါသေးရဲ့။

"ရလောက်ပါပြီ၊ နှိုးကြည့်လိုက်ပါ အန်ကယ်"

"အေးအေး"

လူကြီးက ကားပေါ်တက်ကာ စက်နှိုးတော့၊ ကားက ရှောရှော ရှူရှူပင် နိုးလေ၏။ မျက်နှာမှာ အပြုံးတွေပေါ်သွားသည့်လူကြီးက သူ့ကို ကျေးဇူးတင်စကားပြောတော့သည်။ ကားထဲမှာ အန်တီကြီးတစ်ယောက် ပါလာတာမို့ ဦးညွတ်ဟန်ဖြင့် နှုတ်ဆက်သမှု ပြုလိုက်ပါသည်။

"ကျေးဇူးတင်လိုက်တာ မောင်ရင်ရယ်"





"ရပါတယ် အန်ကယ်"

"ကားက ခုလိုပဲ မကြာခဏ ဖောက်ဖောက်နေတာ ကြာပြီ"

"ဘက္ထရီအိုး အသစ်လဲလိုက်ပါ အန်ကယ်၊ အင်ဂျင်ဝိုင်လည်း ခမ်းနေလို့ပါ"

"ဩော် . . . အေးအေး . . . ဒါနဲ့ နာမည်လေး တဆိတ်လောက် သိပါရစေ"

"မင်းမင်းပါ အန်ကယ်"

"ဟုတ်လား၊ ကျေးဇူးပါပဲကွယ်။ အန်ကယ့်နာမည်က ဦးသက် မောင်ပါ၊ ဒါ အန်ကယ့်ဇနီး ဒေါ်မြမြခင်တဲ့။ မှတ်ထားနော် . . . နောက် သမ်းမှာဆုံရင်လည်း ခေါ်ပြောနှုတ်ဆက်ပါ မောင်မင်းမင်း"

"ဟုတ်ကဲ့ခင်ဗျ"

သူနောက်ဆုတ်ရပ်လိုက်စဉ် အန်ကယ်ကြီးတို့ကားက သူ့အနီးမှ ထွက်သွားလေတော့၏။ သူ ကားပေါ်ပြန်တက်ပြီး စက်နှိုးကာ ထွက်လာ ခဲ့ပါသည်။ လူကြီးပုံစံကတော့ အရာရှိအရာခံလို ခန့်ခန့်ထည်ထည်ပါပဲ။ တစ်ခါမှမတွေ့ဖူးမမြင်ဖူးတာမို့ သူစိမ်းသက်သက်ကြီးဖြစ်နေပေမယ့် သူ့ မှာက လူမှုရေးစိတ်ဓာတ်အပြည့်ရှိတာမို့ ဘာမျှော်လင့်ချက်တစ်ခုမှ မရှိ ပဲ စေတနာဖြင့် ကူညီပေးလိုက်တာပါ။

အန်တီကြီးမျက်နှာကို မြင်လိုက်စဉ် အာရုံက ဖျတ်ခနဲ မျက်နှာ တစ်ခုကို မြင်ယောင်လိုက်မိပါ၏။ ဒီမျက်ခုံးလေးနဲ့ မျက်လုံးတွေက တူကို တူလွန်းနေတာကိုး။ ဘုရားရေ ! သူကူညီလိုက်မိတာ 'သက်လယ်ခင်'ရဲ့ မိဘများ ဖြစ်နေမလား။ ရိုးရှင်းလွန်းတဲ့အမည်တွေမို့ သူမှတ်မိနေသလို ကျော် ရွှတ်ဖူးတဲ့ဒီနာမည်လေးကို မှတ်မှတ်ရရရှိနေတာပါလေ။



www.burmeseclassic.com

www.burmeseclassic.com



ဖြောင့်စင်းနက်မှောင်လွန်းပါသည့် ဆံနွယ်ရှည်များ၊ နှာတံလုလု စင်းစင်းလေးနဲ့ အင်မတန်မှ လိုက်ဖက်လွန်းပါသည့် အရည်လဲ့လဲ့မျက်ဝန်းလေးတစ်စုံနဲ့ အကြည်ချင်းဆုံစဉ် ရင်ထဲမှာ ဒိတ်ခနဲ ခုန်ခဲ့တာ အမှန်ပါပဲ။ လူပ်ခတ်တဲ့အရွယ်ရဲ့အလွန် (၂၄)နှစ်နီးပါး ပြည့်တော့မယ့်အသက်အရွယ်က ဒီလိုရင်ခုန်သံမျိုး ဖြစ်သင့်ပါရဲ့လား။ တစ်ကြိမ်တစ်ခါ ခုန်ခဲ့ဖူးတဲ့ နှလုံးသားက အေးစက်စက်နဲ့ ငြိမ်သက်နေခဲ့တာ ကြာခဲ့ပြီလေ။

ရင်ထဲမှာရှိနေတဲ့ဒဏ်ရာက ကျက်သင့်သလောက် ကျက်နေပြီ ဖြစ်ပေမယ့် အမေကိုယ်တိုင်က သူ့ကို သားကြီးဖြစ်တဲ့အတွက် အရင်ဆုံး အိမ်ထောင်ပြုစေချင်နေတာမို့ ဘဂအတွက် လက်တွဲဖော်ဆိုတာ သူ့အဖို့ မရှိမဖြစ် တစ်ထောင့်တစ်နေရာက လိုအပ်နေချေပြီ။ နှလုံးသားက အသစ်တစ်ဖန် မွေးဖွားခွင့်ရနိုင်ပါ့မလား။ အတွေးဖြင့် ပြုံးလိုက်မိစဉ် ရုတ်တရက် မြင်ကွင်းရှေ့သို့ ဝင်လာသည့်စက်ဘီးကြောင့် ဘရိတ်ကို အမြန်နင်းလိုက်ရလေ၏။

"ဟာ ! "

လမ်းဘေးနား လဲကျသွားသည့်စက်ဘီးကြောင့် တိုက်မိသွားပြီလားဟု စိုးထိတ်သွားရပါ၏။ ဒီနေ့ခရီးစဉ်တစ်လျှောက် ကမောက်ကမချည်းပါပဲလား။ မနက်ပိုင်းကိစ္စရှိလို့ အပြင်ထွက်စဉ်က သူများကားပျက်တာကို ကူပြင်ပေးပြီး သူ့အလုပ်ကိစ္စတွေ အဆက်အသွယ်လုပ်၊ သေသေချာချာမှာပြီး အပြန်မှာတောင်မှ အခုလိုဖြစ်ရတယ်လို့။

ကားပေါ်မှ အမြန်ဆင်းလိုက်ပါ၏။ ကိုယ့်လမ်းထဲ မရောက်သေးတာမို့ နှောင်းတော့ မဖြစ်လောက်ပါဘူးထင်ပါရဲ့။ ပြီးတော့ နှောင်းစီးနေကျ စက်ဘီးက အနီရောင်လေးမဟုတ်လား။ အခုက အပြာရောင်စက်ဘီး





မို့ တခြားကောင်မလေးပဲ ဖြစ်မယ်ထင်ပါရဲ့။ ညနေငါးနာရီကျော်ရုံပဲမို့ သိပ်မမှောင်သေးပါလေ။ ဘယ်သူများ ဖြစ်မှာပါလိမ့်။ မြန်မာပြည် ပြန်ရောက်တာ မကြာသေးတဲ့သူ့အတွက် လူတွေကိုပြန်မှတ်မိဖို့က အတော်လေး စဉ်းစားနေရတာပါလေ။

"အား . . . ကျွတ် ! ကျွတ် ! "

"ဘာဖြစ်သွားသေးလဲဟင်၊ ထလို့ရရဲ့လား"

"အရမ်းစွတ်မောင်းရသလားရှင့်"

"ဟောဗျာ ! ကျွန်တော် ကားဟွန်းတီးပြီးမှ လမ်းကွေ့တာပါ"

"အဲဒီဟွန်းသံကြောင့် လန့်ပြီးလဲတာပေါ့။ ကျစ် ! နာလိုက်တာ"

ကျစ်ဆံမြီးကျစ်ထားသည့် ဆံပင်ရှည်တွေကိုမြင်ရုံနှင့် ဘယ်သူဘယ်ဝါမှန်း သူသိလိုက်ပါ၏။ စူးခနဲမော့ကြည့်လာသည့် မျက်ဝန်းတောက်တောက်လေးနှင့်အတူ ခပ်မာမာလေးပြောသံကိုက အဘယ်မျှ မာနကြီးသလဲဆိုတဲ့မိန်းမချောလေးရဲ့ပုံရိပ်ကို ကိုယ်ထင်ပြနေတာပါလေ။ ဒုတိယအကြိမ် ဆုံရပြန်ပြီကော 'သက်လယ်ခင်'။

"သက်လယ်ခင်"

"ဘာရှင့် ! ရှင်က အသက်နာမည်ကို ဘယ်လိုလုပ်ပြီး သိနေရတာလဲ"

ဒေါသရိပ်အဖြစ်မှ အံ့ဩရိပ်အဖြစ် ပြောင်းလဲသွားရပါ၏။ မရည်ရွယ်ပါဘဲ နာမည်ကို နှုတ်မှလွှတ်ခနဲထွက်သွားမိရတယ်လို့။ အားနာလိုက်တာ သက်လယ်ခင်ရယ်၊ စတွေ့ကတည်းက မင်းအပေါ် နာကျင်စေချင်တဲ့စိတ် နည်းနည်းလေးမှ မရှိခဲ့တာမှန်ပေမယ့် ဘာကြောင့်များ အခါတိုင်း နာကျင်စေရတာပါလိမ့်နော်။ Sorry . . . ပါ သက်လယ်ခင်။



www.burmeseclassic.com

www.burmeseclassic.com



''လောလောဆယ် မတ်တပ်ထနိုင်ဖို့က ပိုအရေးကြီးတာ မဟုတ်လား။ အရင်ထကြည့်လိုက်ပါဦး''

မျက်စောင်းက နောက်ထပ်ရောက်လာပြန်လေ၏။ ဒီကောင်မလေးကို မြင်ရတိုင်း ရင်ထဲမှာ အမြဲဒေါသဖြစ်နေပြီး ရန်စောင်တဲ့မျက်ဝန်းမျိုးကိုသာ အမြဲလိုလိုတွေ့နေရတာပါလေ။ ဘယ်လိုများ ဖြစ်နေရတာပါလဲ။ ရွယ်တူချင်းအတူတူတောင်မှ 'နှောင်းလေပြည်'ရဲ့မျက်နှာလေးက ပိုအပြစ်ကင်းစင်ပြီး ချစ်စရာလည်း ပိုကောင်းနေတာ မဟုတ်ပါလား။

ဘုရားရေ ! ဘယ်လိုဖြစ်ပြီး ဒီမိန်းကလေးနှစ်ဦးကို သူ ယှဉ်တွဲကြည့်မိရတာပါလိမ့်။ သူနဲ့လည်း မည်သို့မျှ မပတ်သက်တဲ့ မိန်းကလေးနှစ်ဦးစလုံးကို ဤသို့သောအမြင်ဖြင့် မြင်သင့်ပါသလား။

သူ့ကို အမေအိမ်ထောင်ပြုစေချင်တာနဲ့ပဲ အတွေးတွေ ပလုံစီယောက်ယက်ခတ်ကုန်တာပါလေ။ ခက်ချေပြီကော 'မင်းသီဟလင်း'ရယ်

''နာလိုက်တာ''

''တကယ်ပဲ ထလို့မရဘူးလား''

''ဘာရှင့် ! ဘယ်သူက တကယ်မနာဘဲ ဟန်ဆောင်ပန်ဆောင်နဲ့ ဇွက်တောတဲ ထိုင်ချမှာလဲ။ ရှင့်မှာ ဦးနှောက်ရှိရင် စဉ်းစဉ်းစားစားပြော''

တွေ့လား . . . ။ ကျိုးကြောင်းသင့်လျော်သလိုလေး စကားပြောနိုင်ပါလျက် လူကို ပက်ခနဲပြန်ပြောတတ်တာလေ။ ဘယ်လိုမိန်းကလေးလဲ။ အလှတရားမှာ မာန်ဝင့်လောက်အောင် ချောမောလွန်းတာ မှန်ပေမယ့် ဒီလိုတော့ ဖြစ်မနေသင့်ပါချေ။ လှတာချင်းအတူတူဖြစ်ပါလျက် 'နှောင်းလေပြည်'မှာဖြင့် မျက်နှာပေါ်မှာ ဘာမာန်မှမရှိသလို အပြုံးချိုချို





လေးက အစဉ်အမြဲပေါ်လွင်နေတာပါလေ။ ဒီမိန်းကလေးရဲ့မျက်နှာမှာဖြင့် အပြုံးတွေ့ဖို့ဝေးစွ၊ ခပ်မာမာမျက်နှာနဲ့ အေးစက်စက်အကြည့်ကိုသာ မြင်နေရတာကိုး။

''ဒီမှာ အမိ၊ ကျုပ်ကလည်း စကားကိုရှည်ရှည်ဝေးဝေးပြောချင်တဲ့ကောင်မဟုတ်ဘူး။ ခဏနေ မှောင်လာတော့မှာ။ အမိ ထနိုင်လား ထနိုင်ဘူးလားဆိုတာ ပွင့်ပွင့်လင်းလင်းပြော''

''ဘာ ! ရှင်ကပဲ ကားနဲ့ လူကိုတိုက်သေးတယ်၊ တောင်းတောင်းပန်ပန်ပြောတာမျိုးမရှိဘဲ ဒီလိုတင်တင်စီးစီးပြောရသလား။ လူမှုရေးစိတ်ဓာတ် ခေါင်းပါးလိုက်တာ''

ကြည့်စမ်း ! အပြောမတတ်တာက ဘယ်သူလဲ။ လူကို စော်စော်ကားကားနဲ့ အကြောက်အလန့်မရှိ ပြောနေပြန်တာလေ။ ပြဿနာဖြစ်တော့မှာပါလား။ သူက နဂိုကတည်းက လက်ရဲဇက်ရဲရှိတဲ့လူလေ။ ဒီမိန်းကလေးတော့ မလွယ်ကြောပါပဲ။

''အမိနဲ့ ကျုပ်ကားနဲ့ အဝေးကြီးကွ၊ မကောင်းတတ်လို့ ဆင်းကြည့်မိတာ မှားတာပဲ''

''ဘာရှင့်''

''ကဲ ! မေးတာကိုပဲဖြေပါ၊ ထနိုင်လား . . . မထနိုင်ဘူးသား''

''မထနိုင်တော့ ရှင်က ဘာလုပ်ပေးနိုင် . . . ဟင် ! ဒါဘာလုပ်တာလဲ၊ လွှတ်နော်''

''ငြိမ်ငြိမ်မနေရင် ပစ်ချလိုက်မှာနော်။ မလုပ်ဘူး မထင်လေနဲ့''

သူက ကောင်မလေးကို ဇွေ့ခနဲပွေ့ချီလိုက်တာမို့ ရန်တွေ့နေတဲ့ ငယ်လေး ဆိတ်ဆိတ်ငြိမ်သွားပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပဲ ဖြစ်ရမယ်လေ။ မင်းသီဟတို့ ရင်ခွင်ထဲရောက်တဲ့ မိန်းကလေး(တွေ)က ဒီဗလဘောင့်တဲ့ လက်မောင်းအိုးကိုကြည့်ပြီး ရင်မခုန်ဘူးဆိုရင် ကြိုက်သလိုပြောနိုင်ပါရဲ့။

ရှေ့ခန်းခုံမှာ အသာတင်ပေးပြီး ကားတံခါးကိုပိတ်လိုက်ပါ၏။ လဲနေသည့်စက်ဘီးကိုပါ နောက်ဖုံးထဲသို့မဖြစ်ဖြစ်တဲ့နည်းဖြင့် ထိုးထည့်လိုက်ရပါ၏။ ဒီလိုမှမလုပ်ရင် မရဘူးကိုး။ ကားပေါ်ပြန်တက်ကာ စက်နှိုး လိုက်ပြီး လှည့်မေးလိုက်ပါသည်။

''ဘယ်မောင်းပို့ပေးရမလဲ''

မဖြေပါ။ ဘယ်လိုဟာလေးလဲ။ ပို့ပေးမယ့်လူက ပို့ပေးမယ်ဆိုကာတောင်၊ ပဲက များနေသေးတာပါလေ။ စိတ်ရှိလက်ရှိသာ လှုပ်ပြီးကိုင်ဆောင့်မိရင် ဒီချာတိတ်မတော့ အရုပ်လို တစ်စစီ ပြုတ်ထွက်ကုန်တော့မှာပဲ။ စိတ်ကိုလျှော့ မင်းသီဟရေ့။

''ဟ ! မပြောဘူးလား။ လူကို မတူမတန်သလို မဆက်ဆံပါနဲ့အမိရဲ့''

''လူကို အမိအမိနဲ့ ခပ်နှိမ်နှိမ်ခေါ်တာကျတော့ကော''

ရော် ! ဖြစ်ရပြန်ပါပြီ။ နာမည်ခေါ်တော့လည်း မကြိုက်သလိုဟန်ပန်လုပ်တာမို့ နာမ်စားသုံးမိပြီး ခေါ်လိုက်တာပါ။ ဒါတော့ မကြိုက်ဘူးဆိုပဲ။ လူကိုနှိမ်ချပြောနေတာဖြင့် အရေးမကြီးဘူးပေါ့လေ။ ဘာလဲသူ့ကိုယ်က စက်ဆီနံ့ကျန်နေသေးတာကို ရနေလို့များလား။

လူကို Work shop ဝန်ထမ်းလို့ထင်ပြီး Service Center က ကားကို ယူမောင်းလာတယ်လို့များ ယူဆတယ်ထင်ပါရဲ့။ ကောင်းပါရော

''အမိက နာမည်ခေါ်တော့ရော ကြိုက်လို့လား''





''မကြိုက်ဘူး . . . မခေါ်နဲ့''

''ရော် ! ဒါဖြင့် ဘယ်လိုသုံးရမှာလဲ''

''နာမည်သိနေတာပဲ၊ အိမ်လည်းသိရမှာပေါ့။ မောင်း''

''ဟောဗျာ . . . ကျုပ်တကယ်မသိလို့ မေးနေရတာပါ။ မင်းနာမည်ကို တမင်စုံစမ်းပြီး သိနေတာမဟုတ်ဘူး။ သူငယ်ချင်းပြောဖူးလို့ သိနေတာ။ လူကိုရော အိမ်ကိုပါ လုံးဝစိတ်မဝင်စားဘူး။ သဘောပေါက်''

''ဘာ ! ရှင် . . . ရှင်''

လက်သည်းဆိတ်မှတော့ လက်ထိပ်နာတာ သဘာဝပါလေ။ ဒေါသဖြစ်ပြီး ရဲရဲနီလာသည့်မျက်နှာကို မကြည့်တော့ဘဲ ဖျတ်ခနဲလှဲကာ ကားကိုဆောင့်ထွက်လိုက်မိ၏။

ရှေ့ခန်းမှာ ကသောင်းကနင်းဖြစ်ကာ၊ ယိုင်သွားရသည့် မိန်းကလေးကိုတော့ အားနာမိပါရဲ့။ သို့သော် သူက ယောကျ်ားမာနတော့ ပြင်းသလောက်ရှိတဲ့ ယောကျ်ားတစ်ယောက်ပေကိုး။

''အား . . . အရမ်း အရမ်းပဲ၊ ရှင် ဒီပုံစံနဲ့သာ ဆက်လုပ်နေရင် အသုပ်ပြုတ်မှာ အသေအချာပဲ''

ကဲ ! တွေ့လား။ ဒီကောင်မလေး လူကို အထင်တသေးဖြစ်နေတာ အမှန်ပဲကိုး။ မင်းသီဟလင်းတို့ရုပ် ဒီလောက်ပဲ သုံးလို့ရပါသလား။ ရုပ်က မကျေမနပ်ဖြစ်တာထက် ဒီချာတိတ်မအပေါ် ရယ်ချင်စိတ်ကသာ ဖြစ်သွားတာမို့ မဲ့ပြုံးကိုသာ ပြုံးလိုက်မိလေတော့၏။

''ရောက်ပြီ . . . ရောက်ပြီ''

အလျှင်အမြန်ပြောလိုက်တာမို့ ကားကိုရပ်ပေးလိုက်ရပါ၏။ အိမ်ရှေ့၌ သူမလက်မောင်းကို တွဲကိုင်ပြီးခေါ်ခဲ့စဉ် အိမ်ထဲမှ ထွက်လာသည့်



www.burmeseclassic.com

www.burmeseclassic.com



အန်တီကြီးက တအံ့တသြဖြစ်သွားလေသည်။

အဲဒီနောက် အပေါ်ထပ်မှဆင်းလာသည့် အန်ကယ်ကြီးကပါ သူ့ကို ဖော်ဖော်ရွေရွေ နှုတ်ဆက်ကြတော့ ကောင်မလေး ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့၏။ မင်းသီဟမှာလည်း ကံကောင်းခြင်းတွေ ... သေးတာပါလားနော်။

♥♥♥



## အခန်း (၁၂)

''အဲဒါနဲ့ပဲ သက်လယ်ခင်နဲ့ ကိုကို ငြိရောလား၊ မြန်လိုက်တာ''

''မငြိပါဘူးကွာ၊ ဘယ်မှာငြိလို့လဲ''

''မပြောနိုင်ဘူးလေ၊ ဟိုက အိမ်အထိခေါ်ပြီး ထမင်းဖိတ်ကျွေး ...အဆင့်တောင် ရောက်နေမှတော့ အခြေအနေ OK လို့ပေါ့၊ မဟုတ်ဘူး ...''

''ရှူး . . . တိုးတိုး၊ အမေ ကြားသွားဦးမယ်''

အခန်းထဲမှာ ပြောနေတာဖြစ်ပေမယ့် အမေက နားပါးတာမို့ ...ကြားချင်ကြားမှာပါလေ။ ငြိရောလားတဲ့၊ မာနရှင်လေးရဲ့ အေးစက်စက် ...ဆံရေးကနေ အနည်းငယ် နွေးထွေးတဲ့အပြုံးက တစ်စွန်းတစ်စလေး ... ပေါ်လာတုန်းပါ။ စကားကို မပြောချင်သလို မာမာလေးပြောရာက ... ခပ်ပါးပါးလေး ပျော့သလိုမျိုး လေသံပြောင်းရုံကဖြင့် သူ့ဘက်ကို ...ကျလာစရာမှ မရှိတာဘဲ။

''ရာသီဥတုအခြေအနေကရော''



www.burmeseclassic.com

www.burmeseclassic.com



''အေး. . . မိုးကတော့ ခပ်အုံ့အုံ့ပဲ''

ညီညီ ရယ်ချေပြီး၊ မေးလို့လည်း ပြတင်းပေါက်ကနေ မိုးပေါ် လှမ်းကြည့်ပြီး ဖြေမိပါတယ်။ သူ့ဘာများမှားဖြေမိလို့ပါလိမ့်။ ဇဝေဇဝါဖြ ကြည့်တော့ ညီက လက်မှာ စာအုပ်ပိုက်ထားလျက် သူ့ကိုလှမ်းကြည့်နေ လေ၏။ ညီလေးကိုင်ထားသည့်စာအုပ်အနီရောင်က ဆရာဖေမြင့်၏ 'ချ ကြားမှ ဘုံဖျားသို့' ဟူသည့်စာအုပ်ဖြစ်မှန်း သူသိနေပါသည်။

''ဘာရယ်တာလဲကွာ''

''ညီက ကိုကိုနဲ့ သက်လယ်ခင်ကိစ္စကို မေးနေတာဗျ''

''အာ. . . ကြုံကြုံဖန်ဖန်''

''ဘာမှမထူးခြားသေးတာ အမှန်ပဲလား''

''အေး''

''အင်းပေါ့လေ၊ မာနတံခွန်ထူထားတဲ့ ကောင်မလေးပဲဟာ။ လွမ်း လွမ်းနဲ့တော့ ဘယ်ယိုင်ကျလာပါ့မလဲ''

မာနတံခွန်တဲ့လား။ နာမည်သိရုံနဲ့ သူမအိမ်ကိုပါ သိနေရမယ် လို့ တရားသေ စွပ်စွဲခံရတာမို့ စိတ်ထဲမှာ ထောင်းခနဲဒေါသထွက်သွား 'လူကိုရော အိမ်ကိုပါ စိတ်မဝင်စားဘူး' လို့ လွှတ်ခနဲ ပြောချလိုက်မိ လေ။ အတော်စိတ်ဆိုးသွားပုံပါပဲ။ သူကလည်း သူ့ ကိုယ့်ကို လာထိ နဲ့ မခံနိုင်ဘဲ ဖျတ်ခနဲ Responds ပြန်လုပ်ကျင့်က အရိုးထဲ စွဲနေ ကိုး။

နာရှာပေမပေါ့။ မာနကို ရှေ့တန်းတင်တဲ့မိန်းမချောလေး အထင်မကြီးတဲ့အချိုးမျိုးနဲ့ သူ တမင်ချိုးပြလိုက်မိတာကိုး။ ဟုတ်တယ် သူမကိုမြင်တာနဲ့ ရှေ့ပါးမှာ ဒူးထောက်၊ ချစ်ခြင်းကိုတောင်းခံဆိုပြီး





ဖြစ်ရမယ်လို့ ယူဆလို့မှမရနိုင်တာဘဲ။ သူက လူထဲကလူတင်ဦးဖြစ်နေ ပေမယ့် ကွဲပြားခြားနားတဲ့အကြောင်းအချက်ကတော့ ရှိကောင်းရှိနိုင်မှာ အသေအချာပါလေ။

''သူ့မိဘတွေက ကိုကိုနဲ့ Peace ဆို။ ဘယ်လိုဖြစ်ပြီး OK သွားတာလဲ''

''ဒီလိုပါပဲကွာ''

''မဟုတ်သေးဘူးနော်၊ အဲဒီလူကြီးက တော်ရုံလူတွေနဲ့ သိပ်ပြီး စပ်ယှက်ယှက်နေတာ မဟုတ်ဘူး။ မိသားစုလိုက် တစ်သီးတစ်သန့် နေတာမျိုးဗျ။ ကိုကိုနဲ့ကျမှ ဘယ်ကနေဘယ်လိုဖြစ်ပြီး တစ်ချီကည်းနဲ့ အိမ်ဝင်ထွက်ခွင့် Permitt ပါ ရသွားတာလဲဆိုတာ စဉ်းစားလို့ကို မရ ဘူး အဟုတ်ပဲ''

သူပြုံးလိုက်မိပါ၏။ အကျိုးအကြောင်းဆိုတာ သင့်လျော်လျောက် ပတ်မှုရှိလာမှသာ ဖြစ်လာရတာ မဟုတ်လား။ အဲဒီနေ့က (မဟုတ်ဘူး) ညနေက အန်ကယ်ဦးဘက်မောင်နဲ့ အန်တီဒေါ်မြမြခင်တို့၏ လေးစားမှု ဖြင့် ခေါ်ပြောဆက်ဆံခြင်းကို သူရခဲ့တာလေ။ တစ်လမ်းလုံး ရန်ထောင် မျက်နှာစူပုပ်လာတဲ့မိန်းကလေးပင် မျက်နှာကြောလျော့သွားရတဲ့အဖြစ် ပဲ။

သို့လောသို့လော အတွေးတွေနဲ့ ဘာမှသေချာခြင်းမရှိခင် သူ့ မသိမသာ View လာတဲ့မေးခွန်းတွေကို တည်တည်ငြိမ်ငြိမ်နဲ့ ဖြေပေး ဘာပါလေ။ တကယ်ဆိုရင် အဲဒီလိုမေးခွန်းမျိုးကို သမီးဖြစ်သူအတွက် သမက်အဖြစ် အရွေးခံဖို့ လာလျှောက်တဲ့လူငယ်တွေကိုသာ မေးသင့် မဟုတ်လား။ အခုတော့ မနက်ကပဲ စကားစပြောခဲ့တဲ့လူငယ်ကို



www.burmeseclassic.com

www.burmeseclassic.com



အလွှာပ် သလွှာပ ပြောသလိုမျိုး မသိမသာနဲ့ ဒွဲတိုးမေးရတယ်လို့။

သူကလည်း ပွင့်ပွင့်လင်းလင်းပြောတတ်သူမို့ သူစတင်ပြီး လုပ် နေတဲ့အလုပ်ကို ပြောလိုက်မိတာပါလေ။ ဘာမျှားဖုံးကွယ်စရာ ရှိပါသလဲ မဟုတ်တာ မလုပ်တတ်တဲ့လူမို့ အရှိကို အရှိအတိုင်း ပြောဖြစ်တာပါပဲ သဘောကျမကျ မလိုပါလေ၊ ကိုယ့်ကိုမေးလာမှတော့ အမှန်ကို ဖြေရုံ ပေါ့။

''အဲဒီကောင်မလေးမိဘတွေက တော်ရုံတန်ရုံလူဆို အခေ အပြောလုပ်ကြတာ မဟုတ်ဘူး ကိုကိုရ''

''အဲဒီတော့''

''ကိုကိုက စလာကတည်းက မီးစိမ်းအပြခံရတာ အတော်ထူ ခြားတာလေ။ ဘယ်လိုလဲ. . . ငြိချင်နေပြီလား''

''လာပြန်ပြီ၊ ဘာလဲ. . . မင်းကောင်မလေးကို ငါကြိုက်မှာ တာနဲ့ သက်လယ်ခင်ဆီ အတင်းတွန်းပို့နေတာလား''

''ဘယ်က ကောင်မလေးလဲ''

''ဘယ်သူရှိမလဲ၊ မင်းရဲ့နှောင်းလေပြည်လေကွာ''

ညီညီ တရှုံးရှုံးဖြစ်ချေပြီ။ အစ်ကိုဖြစ်သူကို မိန်းကလေးနဲ့ တွဲ ခဲ့တာ ဘာမှမဆန်းပေမယ့် ညီ့ကို အဲဒီလိုမျိုးပြောတိုင်း ရှက်ရမ်းရမ်းတတ် တဲ့အကျင့်ရှိတာ မဟုတ်ပါလား။ ညီကလေးက ယောကျ်ားလေးဖြစ်ပေ မယ့် အင်မတန်မှ အရှက်အကြောက်ကြီးတဲ့ကလေးပါလေ။

''လာပြန်ပြီလား မိနှောင်းနဲ့''

''မဟုတ်လို့လား''

''မဟုတ်ပါဘူး''





''မသိဘူးလေ၊ အစကတော့ နှောင်းနဲ့ငါ့ကို ဘာလိုလို တွဲစနေ ပြီး အခုတော့ သက်လယ်ခင်ဆီ မရမက တွန်းပို့နေသလိုဖြစ်နေတာကိုး။ ယုန်ထင်ကြောင်ထင်ဖြစ်လာစရာပေါ့''

''ကိုကို''

''ပြော''

''တစ်ယောက်ဆို တစ်ယောက်ပဲ ရွေးနော်၊ ငါးရံ့နှစ်ကောင် တစ်ပြိုင်တည်းမဖမ်းချင်နဲ့။ တော်တော်ကြာ တစ်ကောင်မှမမိဘဲ ဟုတ်ပေ့ ဖြစ်ကုန်မယ်''

သူ တဟားဟားဖြင့် အော်ရယ်မိတော့၏။ နှောင်းနာမည် ရေရွတ် လိုက်ရုံနဲ့ ညီညီ့စိတ်ထဲမှာ တကယ်ပဲ မရိုးမရွဖြစ်လာစေပါသလား။ ချစ် ညီလေးရဲ့ရင်ဘတ်ထဲမှာ နေရာပေးထားသည့်ကောင်မလေးကို အစ်ကိုဖြစ် တဲ့သူက လုယူစရာအကြောင်းမှမရှိတာလေ။ သူတို့ညီအစ်ကိုက ရာဇဝင် ထဲကလိုမျိုး မယ်သီတာကို လုသလိုဖြစ်မယ့် ရာမနဲ့ လက္ခဏာမှ မဟုတ် တာဘဲ။

''မရယ်ပါနဲ့ဗျ။ ညီက အကောင်းပြောနေတာ''

''အေးပါ၊ ကိုကိုကရော အဆိုးပြောနေတာမို့လို့လား ညီရ''

''ရှင်းရှင်းပြောဗျာ၊ သက်လယ်ခင်လား. . . နှောင်းလား''

''ရော်! ''

သူ ကျိတ်ပြုံးနေမိပြန်ပါ၏။ ယှဉ်ပြတာကိုတောင်မှ သက်လယ် ခင်က ရှေ့တန်းရောက်နေပြီး နှောင်းလေပြည်က နောက်ချန်ဖြစ်နေတာ ပါလေ။ သြော်. . . ညီလေး ညီလေး၊ အစ်ကိုဖြစ်သူကို ချစ်သူရဖို့ အပြ ပြုတာမှန်ပေမယ့် ရင်ထဲ တိတ်တခိုးရှိနေတဲ့မိန်းကလေးကိုတော့ လုယူ



www.burmeseclassic.com

www.burmeseclassic.com



မှာကို စိုးထိတ်နေတာပါလားနော်။

''ဟာဗျာ. . . အဲဒီလိုကြီးမပြုးနဲ့''

''ဘာလို့လဲ''

''ကိုကိုပြုံးတဲ့အဓိပ္ပာယ်ကို ညီသိတယ်''

''ဟုတ်လား. . . ဘာတဲ့လဲ ပြောပါဦး''

''ငါသိပါတယ် သာလိကာရယ်ဆိုပြီးတော့လေ။ မဟုတ်လို့လား''

သူရယ်မိပြန်လေ၏။ ညီအစ်ကိုရင်းကြီးမို့ ဘာကိုမှ လျှို့ဝှက်ဖုံးကွယ်လို့ မရပါလား။ အစ်ကိုဖြစ်သူရဲ့မျက်နှာကိုပါ ဖတ်တတ်နေပါရောလား ညီရယ်။ ညီက သူ့ကုတင်ပေါ်ကို ဝမ်းလျားမှောက်ကာ လှဲချလိုက်လေ၏။ ဒီညတော့ သူ့ကို မရမက အစ်အောက်မေးလို့ မရမချင်း အခန်းထဲက မထွက်ဘူးထင်ပါရဲ့။

''မပြောဘူးလား''

''အေးပါ. . . ပြောပါတယ်ကွာ''

''ဒါဖြင့် ဘယ်သူလဲ''

''သေချာမှမသိတာ''

''ကိုကိုက အဲဒီလိုမလုပ်နဲ့လေဗျာ''

''အေးပါ ညီရာ၊ မင်းကောင်မလေးကို ငါမလုရင်ပြီးရော မဟုတ်လား''

''လာပြန်ပြီ၊ နှောင်းနဲ့ညီ့ကို အဲဒီလိုတွဲမစပါနဲ့ဗျ။ မဟုတ်ပါဘူးဆို''

''ညီ့ပုံစံက စိုးရိမ်တကြီးဖြစ်နေတာမဟုတ်လို့၊ ဘာလဲ''

ညီက သူ့ခေါင်းအုံးကို ရင်ဘတ်အောက်သို့ ဆွဲယူထည့်လိုက်





ပြီး မော့ကြည့်လိုက်လေ၏။ သူက စာကြည့်စားပွဲရှိခုံမှာ ခန္ဓာကိုယ်ကို ခပ်လျော့လျော့လုပ်ပြီး ထိုင်နေတာပါလေ။ အမှာစာပို့သည့်စာရင်းတွေကို မှာတာရတာနှင့် ရွေးပြီး ပြန်စိစစ်နေလို့ပါပဲ။

''မျက်နှာပူရမှာစိုးလို့''

''အေးလေ၊ ကိုကိုလည်း အဲဒါကိုပြောနေတာပဲဟာ''

''လွဲနေပြီ ကိုကိုရဲ့၊ ကိုကိုက နှောင်းနဲ့ညီ့ကို တစ်မျိုးထင်နေတာကြီး''

''မဟုတ်လို့လား''

''ဩော်. . . ဘုရားပေးပေး ကျမ်းပေးပေးပါ ကိုကိုရာ။ မဟုတ်ရပါဘူး။ လူကို မယုံသကာနဲ့''

''ဒါဖြင့် ဘယ်သူ့ကိုပဲရွေးရွေး ရနိုင်တယ်၊ အဲဒီလိုလား. . . ဟုတ်လား''

''ဒါပေါ့''

''ဒါဖြင့် စဉ်းစားကြည့်မယ်လေ''

''ဟာဗျာ! Half Feel ကြီး လုပ်ပြန်ပြီ။ ကိုကိုက ရည်းစားထားတာကို နှလုံးသားနဲ့မဆုံးဖြတ်ဘဲနဲ့ ဦးနှောက်နဲ့ဆုံးဖြတ်နေရလားဗျ။ တကယ်ပဲ''

''ရော်. . . ကိုကို့အရွယ်က အပျော်ရည်းစားထားရမယ့်အရွယ် မဟုတ်တာ ညီရဲ့။ ထားမယ်ဆို အတည်၊ ယူမယ်ဆို နောက်ဆက်တွဲ မဟုတ်ဘူးလား''

ညီညီ ငြိမ်သွားလေ၏။ အစ်ကိုဖြစ်သူကို ချစ်သူတော့ ထားစေချင်ပြီး အိမ်ထောင်ပြုသွားမှာကိုတော့ လန့်နေသလိုပါလေ။ အစ်ကိုနဲ့ခွဲ



www.burmeseclassic.com

www.burmeseclassic.com



ရမှာကိုပဲ တွေးပြီးကြောက်နေတာလား။ သို့တည်းမဟုတ် ဖွင့်မပြောဘဲ တိတ်တဆိတ် ရင်ခုန်နေသည့်မိန်းကလေးကို တစ်သက်တာ ဆုံးရှုံးရတော့ မှာကြောင့် သွေးပဲပျက်နေလေသလား။ ညီညီ့ဦးနှောက်ထဲကိုဖြင့် သူဝင် ပြီး မမြင်တတ်ပါလေ။

"အတည်"

"အင်း"

"မမမြတ်နိုးတုန်းကလည်း ကိုကို အတည်လို့သတ်မှတ်ပြီး ချစ် ခဲ့တာလားဟင်"

သူ့မျက်နှာ တည်သွားရပါ၏။ အနာဟောင်းကိုမှ ဆွရက်လေ ခြင်းဟု ညီ့အပေါ် အပြစ်မမြင်မိပါချေ။ နှလုံးသားဆီမှ ရူးအောင့်သွား သည့်ဝေဒနာဆိုးကို ကာယကံရှင်ဖြစ်တဲ့သူသာ အသိဆုံးပါပဲ။ အချစ်ဦး ဆိုတာကို မြေးဦးရချိန်အထိ မမေ့နိုင်ပါတဲ့။ သူ့အဖြစ်ကဖြင့် အရှက်အို ကြီး ဖြန်းဖြန်းကွဲခဲ့ရတာမို့ အတိတ်ကိုပြန်လှည့်ကြည့်ရမှာတောင် မကြည့် ဝံ့တော့တဲ့အခြေအနေပါပဲ။

ဒါကို ညီညီသိရဲ့သားနဲ့ကွယ်။ တစ်ချိန်က သူ့ရင်ကို လှုပ်ခါနိုး စေခဲ့တဲ့ချစ်သူ။ သူ့ရင်ဘတ်ကို နွေးထွေးမှုတစ်လှည့် အေးမြမှုတစ်သွယ် ဖြစ်စေခဲ့သူ။ လှပဆန်းသစ်တဲ့အတွေးတွေနဲ့ အဖန်တလဲလဲ မလွတ်တမ်း မက်ချင်စဖွယ် အိပ်မက်တို့ကို ဖန်ဆင်းပေးနိုင်ခဲ့တဲ့ချစ်သူကဖြင့် အတိ ကမ္ဘာမှာ ကျွန်ရစ်ခဲ့ရတာပါလေ။ မေ့ချင်ပေမယ့် ခုချိန်ထိ မမေ့နိုင်ပေမယ့် မျက်စိစုံမှိတ်ပြီး မရမက မေ့ထားရတာပါ ညီရယ်။

အချစ်ဆိုတဲ့အရာကို ပေါ့ပေါ့တန်တန်လေး သဘောထားပြီး ... ကို ချစ်ခွင့်ပန်ခဲ့တာမှမဟုတ်ဘဲ။ လမ်းထိပ်က ခရေပင်အောက်မှာ ...





သိပ်မြတ်နိုးတဲ့ ခရေပွင့်လေးတွေကို အချိန်ယူကောက်ပြီး သီကုံးပေးခဲ့တာ၊ မေထိုင်တဲ့ခုံမှာ မေ့အပြင် ဘယ်သူမှမသိအောင် ငှက်ပျောဖက်လေးကို ကတော့ထိုးပိတ်ပြီး ခဏ်ရကုံးလေး နေ့စဉ်ထားပေးခဲ့တဲ့ရက်တွေက နည်း မှ မနည်းခဲ့တာဘဲ။

အများတကာတွေ ပိုးကြေးပန်းကြေးနဲ့ လာပို့ကြတဲ့ နှင်းဆီတွေ၊ သစ်ခွတွေထက် ရင်ကိုအေးမြပြီး အမောပြေစေတဲ့ ဒီခရေရနံ့ကိုမှ စွဲစွဲ လန်းလန်းနှစ်သက်ပြီး သူ့ကိုခေါင်းညိတ်အဖြေပေးခဲ့တာ မဟုတ်ပါလား။ ပြေးလမ်းတစ်လျှောက်မှာ ပြိုင်ပွဲဝင်သူတွေ အများအပြားရှိတဲ့အနက်မှ သူ့ကိုသာလျှင် ဖွဲဆုပန်းကုံးလေး မေ ဆုချပေးခဲ့တာပါလေ။

မနာလိုချင်စရာပါပဲ။ သူငယ်ချင်းတွေ မေးငေါ့ကြတဲ့အထိ သူ့ အဖြစ်က တကယ့်ကိုရှိခဲ့တာပါ။ အသုပ်သည်ရဲ့သား ဘာမဟုတ်တဲ့ကောင် ကိုမှ ရွေးရတယ်လို့ဆိုပြီး မေ့ကိုတောင် မိန်းကလေးသူငယ်ချင်းတွေ ကျဉ် ...မှန်း သူလည်းသိခဲ့တာပါလေ။ အချစ်မှာ သတ္တိရှိသတဲ့။ အဲဒီသတ္တိမျိုး ... မိုက်မိုက်မဲမဲချစ်ခဲ့တဲ့ ချစ်ခြင်းရဲ့အဆုံးသတ်ရလဒ်က ကျောခိုင်းခွဲခွာ ...င်းတဲ့လား။

ရက်စက်ပါ့ ကံကြမ္မာရယ်။ ဒီလိုသာဖြစ်မယ်မှန်း ကြိုသာသိခဲ့ ... အဲဒီအချစ်ဆိုတာကို ဘဝကြီးတစ်ခုလုံးပုံအပ်ပြီး မချစ်မိခဲ့ပါဘူး။ ...မှာ ဒဏ်ရာဗလပွကြီးဖြစ်ကျန်ရစ်မှတော့ ဒီလိုရင်ခုန်သံမျိုးကို ဘာဖြစ် ... တစ်သက်တာ သိမ်းဆည်းထားစရာလိုပါ့မလဲ။ သူများတကာတွေလို ...ချစ်တွေကို ဖောဖောသီသီနဲ့ ဟောတစ်ယောက် ဟောတစ်ယောက်ဆို ... One go, Two come . . . ထားတတ်မှာပါလေ။

အခုတော့ ချစ်ခြင်းကို တန်ဖိုးထား လေးစားတတ်တဲ့သူလိုလို



www.burmeseclassic.com

www.burmeseclassic.com



ကို ထိခိုက်ကြေကွဲခြင်းတွေသာ အဖတ်တင်ကျန်ရစ်ခဲ့ရလေအောင် သူ့ကို မှ ကွက်ကြားမိုးရွာပြီး ကံဆိုးစေရတယ်လို့။ အများတကာတွေ တစ်ယောက် ပြတ်၊ နှစ်ယောက်တွဲဆိုသလို လွယ်လွယ်မေ့ လွယ်လွယ်ကြိုက်တတ်တဲ့ နှလုံးသားမျိုး သူ့ရင်ဘတ်ထဲမှာ အဘယ်ကြောင့် ရှိမလာရတာပါလိမ့်။

''ကိုကို''

''. . .''

''ကိုကို''

''ဟင်''

''ဘာလဲ၊ သတိရသွားပြန်ပြီလား။ Sorry . . . ပါဗျာ၊ ညီ မရည်ရွယ်ပါဘဲ လွှတ်ခနဲမေးလိုက်မိတာပါ။ ဘာမှမဟုတ်ပါဘူး''

''အေးပါ''

''အခုနှစ်ယောက်ထဲက ဘယ်သူ့ကိုပဲ ကိုကိုရွေးရွေး ညီ သဘောတူပါတယ်''

''အံမာ! မုန့်ဆီကြော်က ဘယ်နေ့မှန်းမသိ''

''ဪ. . . လက်စသတ်တော့ ညီက ငါးရံ့မလေးတွေလို့ ထ ထားတာ၊ ကိုကို့အတွက် မုန့်ဆီကြော်လေးတွေ ဖြစ်နေတာကိုး။ ကျ ကျွတ်ရှရှလေးကွေပေါ့လေ''

နှစ်ယောက်သား လွတ်လပ်ပေါ့ပါးစွာ ရယ်လိုက်မိပါ၏။ ရင် မှာ အနည်းငယ်ပေါ့သွားရတာတော့ အမှန်ပါလေ။ ဘာပဲဖြစ်ဖြစ် အ လိုချင်တဲ့ရွေးမကို သူကဖြင့် နှစ်ယောက်ထဲမှ ရွေးစရာမှမရှိတာပါ။ ကို ကိုဖွင့်မပြောပေမယ့် နားလည်နေပါတယ် ညီလေးရယ်။



# အခန်း (၁၃)

မခို့တရို့အပြုံးကို တွေ့ရလေ၏။ 'ခင်'တို့ခြံက အတော်လေး ...ယ်သင့်သလောက် ကျယ်တာမို့ ခြံထဲမှာ ပန်းခြံသေးသေးလေးနှင့် ခုံ ...န်းလေး ထားရှိပါသည်။ ညနေခင်းလေပြည်နှင့် ချစ်သူ၏အလုတရား ... ပျော်ရွှင်ခြင်းနွေ့ကို ပြီးပြည့်စုံစေသည်ကိုး။

''ဒီလိုပဲ ငြိမ်နေတော့မှာလား၊ ဘာမှမပြောဘတ်တော့ဘူးလား ...''

မျက်စောင်းက ဖျတ်ခနဲရောက်လာလေ၏။ ခင်တို့အိမ်မှ ကောင် ...လေးက သူတို့နှစ်ဦးအတွက် လိမ္မော်ရည်နှစ်ခွက်လာပို့ကာ အိမ်ထဲ ပြန် ...သွားလေသည်။ လူကြီးတွေက အိမ်ထဲမှာရှိနေပေမယ့် သူတို့ကို ခြံထဲ ... ဆင်းထိုင်စေကာ စကားပြောစေချင်တာမို့ လွတ်လပ်ခွင့်ပေးတာပဲ ...တ်ပါလား။ သူက ရတဲ့အခွင့်အရေးကို ရသလိုပဲ အလွဲသုံးစားလုပ် ...တဲ့ကောင်မှ မဟုတ်တာလေ။



www.burmeseclassic.com

www.burmeseclassic.com



"ခင်"

"ဘာလို့ အဲဒီလိုခေါ်ရတာလဲဟင်၊ နားထဲမှာ တစ်မျိုးကြီးဖြ
နေတယ်။ အသက်ကို အသက်လို့ပဲ အားလုံးက ခေါ်ကြတာ"

"ကိုယ်က ဘယ်သူနဲ့မှမတူအောင် ခေါ်ချင်လို့ပေါ့ ခင်ရဲ့။ ဘာ
လဲ. . . လယ်လယ်လို့ ခေါ်ရမှာလား"

"ဟင့်အင်းနော်၊ မခေါ်ပါနဲ့"

သူ ကြည်နူးစွာ ပြုံးလိုက်မိလေ၏။ မေ့တုန်းကတော့ လူကြီးတွေ
ကအစ သူငယ်ချင်းတွေအဆုံး သူနဲ့မေ့ကို မရမက လိုက်ဖျက်ကြတာလေ
အခုတော့ ခင့်မိဘတွေကအစ သူနဲ့ခင့်ကို လိုလိုလားလားရှိကြတာမဟုတ်
ပါလား။ ဒီတစ်ခါဖြင့် သူ့ဘက်မှာ ကံကောင်းခြင်းတွေက ပြည့်စုံခြင်း
ပျော်ရွှင်ခြင်းတွေ အပြည့်အဝရနိုင်တော့မှာဟု သူယူဆမိချေပြီလေ။

"ချစ်သူဖြစ်မှတော့ တစ်ယောက်ကိုတစ်ယောက် နာမ်စားတ
ခုခုတော့ သုံးမှဖြစ်မှာပေါ့ ခင်ရဲ့။ ဘာလဲ. . . ကိုယ့်ကို တစ်သက်
ရှင်နဲ့ ဟိုလူကြီးလို့ပဲ ခေါ်သွားဖို့ စိတ်ကူးထားသလား"

ရှက်ပြုံးလေးဖြင့် ခေါင်းငုံ့သွားလေ၏။ ရှက်ရှာပေမပေါ့။ ချစ်
ရည်းစား တစ်ခါမှမထားခဲ့ဖူးတာကိုး။ သူ့တုန်းကလည်း ဤသို့ဤနှယ်
လေ။ ကိုယ့်ချစ်သူကို ပခုံးလေးကိုင်ဖို့၊ လက်ကလေးတွဲဖို့ဆိုတာ ဝေ
ဝေး။ ဘေးမှာထားပြီး တစိမ့်စိမ့်ထိုင်ကြည့်ခဲ့တာ မဟုတ်ပါလား။ အချ
ဦးမို့ တန်ဖိုးထားချစ်ခဲ့တာဖြစ်ပေမယ့် မေတ္တာမစစ်မှန်ခဲ့လို့များ ကွဲ
ခဲ့ရလေသလား။

"ကို"

"ဟင်"





ခေါ်သံသဲ့သဲ့ကြောင့် သူထူးလိုက်မိစဉ် ခင်က သူ့ကိုကျောပေး
ထားလိုက်ပါး ခုံဟိုဘက်နားထိ ရွှေ့ထိုင်လိုက်လေ၏။ အရှက်က ကြီးပါဘိ။
ဒါလေးခေါ်တာလေးကို ဤမျှအထိ ရှက်ဖို့လိုအပ်ပါသလား။ ထားပါတော့
လေ၊ လူလူချင်းမတူဘဲ အကြောင်းအချက်တွေရှိနေတာ သဘာဝပါပဲ။

"ဘယ်လိုခေါ်လိုက်တယ်"

"ဟင်းနော်. . . လိုက်မစနဲ့၊ အသက် စိတ်ကောက်လိုက်မှာ"

"ဟုတ်လား၊ ခင်စိတ်ကောက်ရင် ကိုယ်ချော့ရမှာပေါ့။ ဘယ်လို
ချော့ရမလဲ၊ ကောက်ပြပါဦး. . . ကြည့်ရအောင်"

သူ့ပေါင်ပေါ်သို့ လက်သီးဆုပ်ဖွဖွလေး ရောက်လာတော့၏။ သူ
ဘာကိုမှ မတုံ့ပြန်ပါ။ သူများချစ်သူရည်းစားတွေ ဒီအခြေအနေလောက်
ဆို ပူးပူးကပ်ကပ်မျိုးတော့ ဖြစ်လောက်မှာမဟုတ်လား။ သူကဖြင့် ခင်နဲ့
တစ်ပေခန့်အကွာမှာ ဝေးဝေးလေး ထိုင်နေတာပါလေ။ လေအဝေ့ လွင့်
သွားသည့် ဆံနွယ်ရှည်တို့ကို လှမ်းယူဆွဲကာ နမ်းရှိုက်လိုက်ချင်စိတ်ကို
ချုပ်ထိန်းလိုက်ရပါ၏။ အခွင့်အရေးယူသလို ဖြစ်မှာစိုးလို့ပါလေ။

"အသက်ဘဝမှာ ဒီလိုတစ်ခါမှရှိခဲ့တာ မဟုတ်ဘူး"

"အင်း"

"အသက်ကလွဲပြီး တခြားသူကို စိတ်မဝင်စားရဘူးနော်။ ကြည့်
လည်းမကြည့်ရဘူး"

"ဟောဗျာ! လမ်းသွားရင်းမှ ဟိုဟိုဒီဒီကြည့်မကြည့်ဖြစ်ရင်
ပြဿနာဖြစ်ကုန်မှာပေါ့ ခင်ရဲ့။ ဘယ်ဖြစ်ပါ့မလဲ"

"မရပါဘူး၊ အသက်က ဒါဆိုဒါပဲ။ အသက်စိတ်နဲ့ တစ်ထပ်
တည်းမဖြစ်ရင် ဘယ်လိုမှ ကျေနပ်နိုင်မှာမဟုတ်ဘူး။ ဒါလေးကိုတော်



www.burmeseclassic.com

www.burmeseclassic.com



တာတိမပေးနိုင်ဘူးလား. . . ကို။ ပြောပါ. . . တစ်သက်မှာ အသက်တ
ဆယ်တည်းပဲရှိတာလို့''

သက်ပြင်းကို ခိုးရှိုက်လိုက်မိ၏။ ပခုံးထက် မေးတင်လာသည
ခင့်ထံမှ ရနံ့သင်းသင်းလေး ရှူရှိုက်မိစဉ် အာရုံက နံ့သာဖြူသနပ်ခါး
ကို ဖျတ်ခနဲသတိရလိုက်မိလေ၏။ ဗုဒ္ဓေါ! ဖွ! လွဲပါစေ. . . ဖယ်ပါစေ၊ ဘ
လိုဖြစ်ပြီး ညီကောင်မလေးက သူ့အာရုံကို ဖမ်းစားသလိုဖြစ်ရတာပါလိ

''ပြောပါဆို''

ဟုတ်ကဲ့ပါဗျာ၊ ခင်သာ ကိုယ့်ဘဝမှာ တစ်ဦးတည်းသာရှိ
အသည်းပလ္လင်ထက်က အရှင်သခင်မပါ။ ကဲ! ကျေနပ်ပြီလား''

''အင်း. . . ဒီလိုမှပေါ့''

လက်မောင်းကို ခေါင်းမှီထားတာမို့ သူငြိမ်နေလိုက်ပါသည်။ ဘ
လိုလဲ. . . ဒီမိန်းကလေးရဲ့စိတ်ထဲမှာ အတ္တတွေ အနည်းနဲ့အများတေ
ရှိနေပါရောလား။ အလှမာန်တက်တဲ့မာနပဲ ရှိတယ်ထင်နေတာ၊ အခု
သူ့ကို သူ့ရဲ့စိတ်အစုံကို အပိုင်သိမ်း ထိန်းချုပ်ချင်နေတဲ့ ချစ်ခြင်းရဲ့အ
တွေနဲ့ ပြည့်နှက်နေပါလားလေ။

သြော်. . . အချစ်ဆိုတာ ကိုယ်က ပေးဆပ်ရုံနဲ့ ပြီးပြည့်စုံ
မျိုးမဟုတ်ရပါလား။ သူ့ဘက်ကိုယ့်ဘက် မျှတအောင် ကြည့်ရပြီး၊ ညီ
ရတဲ့အခြေအနေမျိုးလည်း ရှိနိုင်တာပဲကိုး။ ခင့်မှာ ဒီလိုမနာလို အူတိုတ
တဲ့စိတ်ထားရှိတာ ကောင်းပါရဲ့လား။ ပယ်သူမို့ စိတ်နုတယ်ပဲဆိုဆို သူ
ဖြင့် ဤသို့မရှိစေချင်ပါလေ။

ဘာမဆို ပွင့်လင်းရိုးသားတတ်တဲ့သူက ဘဝတစ်လျှောက် ဖြ
ပျက်ခဲ့သမျှအကုန်အစင်ကို ဖွင့်ပြောပြချင်ပေမယ့် သူ့ချစ်သူလေးရဲ့ စိ





နုနုလေးကို ထိခိုက်ပွန်းပဲ့မှာမျိုး မဖြစ်စေချင်တာလေ။ ဒါကြောင့်လည်း
တစ်ဦးတည်းသာရှိခဲ့သည့် သစ္စာမဲ့သူတစ်ယောက်အကြောင်းကို ပြောဖို့
လို၊ ပြောပြရန်မသင့်ဟု ဆုံးဖြတ်ကာ တိတ်ဆိတ် နှုတ်ပိတ်နေလိုက်တာ
အကောင်းဆုံးပါပဲ။

''ကို့မေမေ သိသွားပြီလား''

''ကိုယ်တို့ကိစ္စကိုလား''

''အင်း''

''သိတယ်လေ၊ ကိုယ်တို့မိသားစုက ပွင့်လင်းကြတာကိုး''

''ဟင်၊ ဒါဖြင့် ကို့ညီလေးပါ သိနေတယ်ဆိုပါတော့လေ''

''ဒါပေါ့၊ ညီညီက ကိုယ့်ရင်ဖွင့်ဖော်ပဲဟာ။ မသိဘဲနေပါ့မလား''

''မနာလိုလိုက်တာနော်''

''ဟောဗျာ. . . ဘယ်သူ့ကိုလဲ''

''ကို့ညီလေ၊ ညီနန္ဒအောင်ကို''

''ညီက ဘာများဖြစ်နေလို့လဲ ခင်ရဲ့''

မျက်စောင်းက ရောက်လာပြန်လေ၏။ ဤကလေးမ စနေသာ
ဖြစ်နေချင် သူတော့ ပြာဖြစ်တော့မှာ အမှန်ပါလေ။ ဘယ်လိုများလဲ၊ သူ
ချစ်တဲ့ညီကလေးနဲ့ ပလဲနံပဖြစ်မှသာ မိသားစုဝင်အဖြစ် သူလက်ခံ
မှာလေ။ အမေ့ကိုရှိသေ၊ သူ့ကိုလေးစား၊ ညီကလေးကို ညှာတာတတ်
စိတ်ရှိမှသာ သူ့ဘဝရဲ့ မဟေသီဘွဲ့ကို ရာသက်ပန် အပ်နှင်းပေးချင်
တာ မဟုတ်ပါလား။

ညီနဲ့အဆင်မပြေရင် အမေ့ကို မရိုသေ မလေးစားရင် အဲဒီမိန်း
ကလေးနဲ့ သူဘယ်လိုလုပ်ပြီး လက်ဆက်ခွင့်ရနိုင်ပါ့မလဲ။ သူက ဒေါ်သ



www.burmeseclassic.com

www.burmeseclassic.com



ကြီးတတ်တဲ့လူဖြစ်ပေမယ့် ညီကလေးက အနေလည်း အေးလွန်းပြီး တော်
ရုံနဲ့လည်း မကျေနပ်ချက်ကို မပြောတတ်တာလေ။ ပွင့်လင်းတယ်ဆိုတ
တောင်မှ အစ်ကိုဖြစ်သူရဲ့အရိပ်အကဲကိုကြည့်ပြီး မရဲတရဲပြောလေ့ရှိ
ကလေးပါ။

မရီးဖြစ်လာမယ့်လူကို မကျေနပ်ရင် ဘာမှဖွင့်မပြောဘဲ ေ
နှုတ်ပိတ်နေမှာပါပဲ။ အစ်ကိုနဲ့ပြဿနာမတက်ချင်လို့ အစ်ကိုစိတ်ညစ်
ကို ကြို့မြင်ပြီး ငြိမ်နေရင် ကြာလာတာနဲ့အမျှ မကျေနပ်ချက်တွေ
တစစစုပြုံပြီး ပေါက်ကွဲထွက်လာတတ်တာ မဟုတ်ပါလား။ ဒီလိုသာဆို
သုံးဦးတည်းသာရှိတဲ့ မိသားစုလေးရဲ့ဘဝ သာယာစိုပြည်နိုင်တော့မ
မဟုတ်တော့ပါလေ။

မရှိစဉ်က အတူလက်တွဲပြီး ပျော်ခဲ့ရသလိုမျိုး ပြည့်စုံစဉ်မှာလည်
လက်ရှိအခြေအနေလေးကို ဟည်မြဲသွားစေချင်တာ အမှန်ပါ။ ဘဝ
ဦးထိပ်ပန်ဆင်ထားတဲ့ မြတ်စွာဘုရားပြီးရင် အဓိကအရေးကြီးတဲ့ပုဂ္ဂိ
ယ ကိုယ့်ကို ကိုးလလွယ် ဆယ်လဖွားတဲ့ မိခင်ပဲ မဟုတ်ပါလား။ ဤမိ
ကြီး ဆင်းဆင်းရဲရဲ ပင်ပင်ပန်းပန်းရှာဖွေ ကျွေးမွေးလာခဲ့တဲ့ကျေး
ကျေပွန်အောင် မဆပ်နိုင်တောင်မှ အမေ့ကိုစိတ်ချမ်းချမ်းသာသာနဲ့ တ
ဓမ္မလေးနဲ့ မွေ့ပျော်စေချင်တဲ့စေတနာကဖြင့် သူ့ရင်ထဲ အပြည့်အနှ
ရှိနေတာပါလေ။

''ငြိမ်သွားလိုက်တာ၊ ဘာတွေများ စဉ်းစားနေတာလဲ''

''ဘာမှမစဉ်းစားပါဘူး။ ခင် ဘာပြောချင်လို့လဲ၊ ပြောလေ''

''အသက်တို့. . . အင်း. . . ပြောလို့ဖြစ်ပါ့မလားမသိဘူး''

''ဖြစ်ပါတယ် ခင်ရဲ့၊ ပြောသာပြောပါ''





သူမ ခဏမျှရပ်ကာ စဉ်းစားဟန်ပြုလေ၏။ ဘာများ ပြောမလို့
လဲ။ လက်မထပ်ခင်ကတည်းက အစစအွေးနွေးတိုင်ပင် ညှိနှိုင်းနိုင်မှသာ
ခင်ကြုံလာရမယ့်ပြဿနာတွေကို ရှောင်ရှားနိုင်မှာလေ။ 'အစရှိ အနှောင်
ခင်' လို့ ဆိုရိုးရှိသလို၊ ဘာမဟုတ်တဲ့ကိစ္စလေးနဲ့ အထအနကောက်ပြီး
မ ပြဿနာရှာတတ်မှာကိုတော့ စိုးထိတ်မိပါရဲ့။

''အသက်ကို လက်တွဲဖို့ ရည်ရွယ်ထားပါရဲ့လား''

''ဩော်. . . ကိုယ့်အရွယ်က စိတ်အလိုလိုက်ပြီး အပျော်ရည်းစား
ားရမယ့်အရွယ်မှမဟုတ်တာ။ ခင့်ကို မရည်ရွယ်ထားဘဲနဲ့ ဒီလိုစကား
ပြောပါ့မလား''

''တော်ပါသေးရဲ့''

''ဟော! ဘာဖြစ်ရပြန်ပြီလဲ''

''အသက်က မေမေမေးခိုင်းလို့သာ အရဲစွန့်ပြီး မေးရတာ။ ကို
သက်ကို အထင်သေးမှာ သိပ်စိုးရိမ်တာ''

''ဖြစ်ရလေ ခင်ရယ်၊ ဒါလေးမေးတာ စိုက်ခုစရာမှမရှိတဲ့ဟာ။
က်ထပ် ဘာမေးချင်သေးလဲ၊ စဉ်းစားထားလေ''

''ဟင့်အင်း. . . ဒီလောက်ဆိုရပြီ။ အသက်ကို လက်ထပ်ဖို့ ရည်
ယ်တာသိရုံနဲ့ တော်တော်ကျေနပ်သွားရတာပါ။ ကို့ကို ကျေးဇူးတင်ပါ
ယ်''

''မလိုပါဘူးကွာ''

ရှေ့ဆက်တိုင်ပင်ရမှာတွေ ရှိသေးမှန်း သူသိနေပါ၏။ လက်ထပ်
င် အိမ်ခွဲနေကြဖို့၊ မိဘတွေနဲ့အတူနေရင် သူ့အိမ်ကိုယ့်အိမ် လုရွေး
ကို။ အိမ်မှာက ညီကလေးရှိသလို အမေလည်းရှိတာမို့ မခွဲချင်ပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် ရေရှည်ကြံရမယ့် (ဘက်လိုက်အိမ်ထောင်ရေးမို့) အစောကြီးကတည်းက ညှိထားရမှာမဟုတ်ပါလား။

"ကို"

"အင်း. . . ပြော"

"အသက်ကို စိတ်ခုမနေဘူးလား"

"ဘာဖြစ်လို့လဲ"

"ကိုနဲ့စတွေ့ကတည်းက ကို့ကို အသက်ပဲ ရန်တွေ့ခဲ့တာလေ"

"ဩော်. . . အဲဒါလား၊ ထားပါတော့၊ ကိုယ့်တက်က လွန်တယ် လို့ပဲ"

"တကယ်လည်း လွန်တာပဲဟာ"

"ဟောကြည့်"

"ဟုတ်တယ်လေ၊ ကိုကသာ အသက်ကို နာကျင်အောင် လု ခဲ့တာ၊ ပြီးတော့ သေချာလည်း မတောင်းပန်ဘူး"

"ဒါဆို အခုတောင်းပန်ရုံမှာလား"

"အခုမဟုတ်တော့ပါဘူး"

"ဒါဖြင့် ခင်နာသွားတဲ့နေရာကို ဉူဖွလုပ်ပေးရင်ကော၊ ရတယ် မဟုတ်လား"

"ကိုနော်. . . အဲဒီလိုမလုပ်ပါနဲ့"

သူ ဟက်ဟက်ပက်ပက်ရယ်မိလေတော့၏။ မိန်းကလေးမှန်ရင် ဒီလောက်တော့ ရှက်တတ်ရမှာကိုး။ အသားယူတာ မဟုတ်သော်ငြား သူ ကိုမှီထားသည့် ခင့်ပခုံးလေးကို အသာဖွဖွဖက်ထားလိုက်တော့ သူမ မငြ ဖယ်ပါလေ။ Shampoo နံ့သင်းနေသည့်နဖူးစပ်ကို အသာငုံ့မွှေးမိ





တ်ခနဲမော့အကြည့်နှင့်တိုးလေ၏။ ဤတစ်ကြိမ်တော့ ရှက်ပါန်မပြဘဲ သြဟန်ပြုတာကိုး။

"ဉူဖွလုပ်ပေးတာလေ"

"လူလည်ကြီး"

"အခုမှသိလား"

"ဟင်းနော်. . . ဖေဖေတို့ မီးစိမ်းပြတာနဲ့ မီးနီကိုဖြတ်မမောင်း ပ်ပါနဲ့"

"မီးနီကိုဖြတ်မောင်းတော့ ဘာဖြစ်မှာလဲ"

"Danger!..."

နှစ်ယောက်အတူ ရယ်လိုက်မိ၏။ ဒီလိုပဲ အပျော်လေးတွေသာ ဆက်ဖြစ်ပါစေလား။ သူလည်းသူ့ချစ်သူနှင့် ပျော်နေချိန်မှာ ညီကလေး ည်း နှောင်းနဲ့အဆင်ပြေနိုင်မှာလေ။ နို့မို့ သူ့ကို ကြားထဲကနေ ပွဲစား ်နေရင်း အရှက်ကြီးသည့် ညီလေး ချစ်သူမရမှာကို သူ အစိုးရိမ်ဆုံး ုတ်ပါလား။

"ကို"

"အင်း. . . ပြော"

"ကို့မေမေထက် အသက်ကို ပိုချစ်ရဲ့လား"

"(၁၅၀၀)နဲ့ (၅၂၈) မတူဘူးလေကွယ်"

"မရဘူး. . . ပိုချစ်တယ်ပြောရမယ်"

"ဟုတ်ပါပြီ ပိုချစ်ပါတယ်ဗျာ။ ပိုချစ်ပါတယ်တဲ့၊ ကျေနပ်ပြီလား"

"ကို့ညီထက်ရော"

"ဟော! လာပြန်ပြီ နောက်ထပ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေကွာ"

"ချစ်တယ်. . . ချစ်တယ်၊ အပုံကြီး အများကြီးကို ချစ်တာပါ"

"ဟင်းဟင်း. . . အသက် ယုံလိုက်ပြီနော်"

သက်ပြင်းကို ကျိတ်ရှိုက်လိုက်မိပါ၏။ ပျော်သတဲ့လား။ လော
ကြီးတယ်လို့ ပြောရမလို တစ်ဖက်စောင်းနင်းဆန်နေတာတော့ အသိသ
ကြီးပါပဲ။ မိဘတွေ အလိုလိုက်ထားတာနဲ့ သက်လယ်ခင်ဟာ အမြင်
ဆန့်ကျင်ဘက်ဖြစ်ရလောက်အောင် ဆိုးနွဲ့လွန်းနေတာလေ။

အာရုံမှာ ဖျတ်ခနဲဝင်လာသည့် မျက်နှာလေးတစ်ခု။ ရွှန်းလဲ့သည
မျက်ဝန်းတစ်စုံ။ သက်ဝင်လှပလွန်းသည့်အပြုံး။ ချိုပေမယ့် ပွင့်လင်း
သည့်လေသံ။ ဘုရားရေ! အနီးကပ်ဆုံးရှိနေပါသည့် ကိုယ့်ချစ်သူကို အာ
ရိုက်မိတာမျိုးမရှိဘဲ ဘယ်ကနေ ဘယ်လိုဖြစ်ပြီး ဟိုမိန်းကလေးက ဦးနှော
ထဲ ရောက်လာရတာပါလိမ့်။

'နှောင်းလေပြည်' . . . ညီ့သူငယ်ချင်းဖြစ်နေတဲ့မင်းက ဘာဖြ
လို့ ငါ့ကို အာရုံမှာ ညို့ယူဖမ်းစားနေရတာပါလဲ။ အချစ်ဆိုတာကို တခ
တကာ အသစ်တစ်ဖန်မွေးမြူနေရတဲ့ ကိုယ်လိုလူကို အာရုံတွေပြားအော
မပြုစားပါနဲ့လားလေ။ ညီ့ကိုပဲ ခင်တွယ်ပါ။ ညီ့ကိုပဲ ကြင်နာပါ။ ညီ့ကို
ချစ်ခင်မြတ်နိုးပါလို့ အကြံပြုပါရစေလား။

ညနေလေအေးက သူ့ရင်အပူကို မအေးမြစေနိုင်ခဲ့။ ရင်ဘတ်
မှာ ဖြစ်တည်လာသည့်အမေးကဖြင့် 'သက်လယ်ခင်'ကို ချစ်မိတာ မှာ
များ မှားနေပြီလားဟု။

♥ ♥ ♥



# အခန်း (၀၉)

"ကလင်! ကလင်!"

စက်ဘီး Bell သံကြောင့် Phone ပြောနေရင်းမှ လိုက်ကာကို
င်ပြီး ခြံဝကို လှမ်းကြည့်လိုက်မိပါ၏။ ထင်ထားသည့်အတိုင်း စက်ဘီး
နိုင်ရှင်လေးပါပဲ။ အိမ်ထဲမှ ညီညီထွက်လာတာကြောင့် စက်ဘီးကိုကိုင်
ားရင်း စကားပြောနေလေ၏။ စိတ်ထဲကပဲ ထင်နေ၍များလား။ ကောင်
လေးကြည့်ရတာ နည်းနည်းပိန်သွားသလိုပါလေ။

"ပြန်တော့မယ်"

"နေပါဦးဟ၊ မေမေက လက်ဖက်သုတ်နေတာ ခဏဝင်ခဲ့ပါဦး
ဲ့"

"မဝင်တော့ပါဘူးဟယ်"

"နှောင်းကလည်းဟာ၊ နင် ဒီလောက် လေစိမ်းတွေ မတိုက်ပါနဲ့
ာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဘယ်မှာ လေစိမ်းတိုက်လို့လဲ"

"အိမ်မလာတာ အတော်ကြာနေပြီလေ။ အဲဒါ လေစိမ်းတိုက်တာမဟုတ်လို့ ဘာလဲ"

ခေါင်းကိုခါပြလေ၏။ ဘာများ မကျေမလည်ဖြစ်နေကြပါသလဲ။ နေ့လယ်နေ့ခင်း ရေနွေးကြမ်းသောက်ဖို့ ခေါ်တတ်လေ့ရှိတဲ့ အမေ့ကိုတောင် မတွေ့ချင်ရအောင် ဘာကများ ပြဿနာဖြစ်ထားလို့ပါလဲ။ သူ အခန်းထဲမှထွက်ကာ ဆိုင်ထဲရောက်တော့ ကောင်မလေးမျက်နှာ ကွက်ခနဲပျက်သွားတာကို မြင်လိုက်ရလေ၏။ ဘုရားရေ! နှောင်း ရှောင်ချင်နေတဲ့လူက သူ ဖြစ်နေတာများလား။

"ငါ. . . ငါသွားတော့မယ် နန္ဒ"

"နေဦး"

ပြန်မယ့်သူက တာစူနေပေမယ့် ညီက စက်ဘီးကိုလှမ်းဆွဲထားတာမို့ ထွက်မရဖြစ်နေတာလေ။ ဘယ်လိုလဲ. . . ဆွဲလားရမ်းလားတွေအထိ ဖြစ်နေရတယ်လို့၊ ညီလေးကပဲ ဖွင့်ပြောထားတာမို့လို့လား၊ မဖြစ်နိုင်တာ။ ဒါဆို ညီနဲ့တောင် စကားပြောရဲစရာမှမရှိတာကိုး။ ဒါဖြင့် ဘာဖြစ်လို့ သူ့ကိုမှ မျက်နှာချင်းမဆိုင်ရဲဘဲ ရှောင်ရှားချင်ရတာပါလဲ။

"သမီးလေး. . . လာလေ"

အမေက ရေနွေးလင်ပန်းဖြင့် သူ့ဘေးမှာ ရောက်လာပြီမို့ ကောင်မလေး ငြင်းဆန်ရန် ခက်သွားပါ၏။ ခါတိုင်းတော့ 'နန္ဒရေ' ဆိုတဲ့ခေါ်သံနဲ့ အိမ်ထဲအထိဝင်လာလေ့ရှိတဲ့ မိန်းကလေးက အခုတော့ အိမ်ထဲ ခြေလှမ်းဝင်ရမှာကို နောက်ဆုတ်နေရတယ်လို့။

"ကဲ! မေမေ ထွက်ခေါ်နေပြီ၊ လာခဲ့"





"နှင်ကလည်း"

"ဘာနှင်ကလည်းလဲ၊ နှင် ငါ့အိမ်မလာတာ ဘယ်လောက်ကြာနေပြီလဲ။ နှစ်လလား. . . သုံးလလား ရှိနေပြီ"

ဗုဒ္ဓေါ! ဒီအိမ်ကို နှောင်းလေပြည် မလာဖြစ်တာ နှစ်လသုံးလခဲ့လား။ တိုက်ဆိုင်မှုလေလား။ သူနဲ့ခင် ချစ်သူဖြစ်တဲ့ကာလအပိုင်းအခြားလေးမှာ ဒီကောင်မလေးနဲ့ ညီ အဆက်အသွယ်ပြတ်တောက်သွားခဲ့တယ်လို့၊ ဘာကြောင့်ပါလိမ့်။ ဒီမိန်းကလေးဆီမှာ ဘာလျှို့ဝှက်ချက်တွေများ ရှိနေမှာပါလဲ။ သိချင်စိတ်ပြင်းပြရအောင်ကို နှိုးဆွနိုင်ပါလား 'နှောင်းလေပြည်'။

"မငယ် နေကောင်းရဲ့လား သမီး"

"ဟုတ်ကဲ့. . . မေမေကတောင် အမေချော အကျီမချုပ်တော့ဘူးလို့ ပြောနေသေးတယ်။ ဘယ်ဆိုင်အပ်အပ် စိတ်တိုင်းမကျဘူးတဲ့"

"သြော်. . . ဒါများသမီးရယ်၊ ယူလာခဲ့ပေါ့လို့ လူရင်းတွေပဲ ဥစ္စာ။ အမေ အဝတ်မချုပ်တော့ပေမယ့် မငယ်လိုလူရင်းတွေကိုတော့ ချုပ်ပေးနေပါတယ်။ စား. . . သမီး၊ ချင်းနဲ့လက်ဖက် ရောသုပ်ထားတာ။ အဖန်ရည်လေးလည်း သောက်၊ လက်ဖက်ခြောက်က သားကြီး ဝယ်လာပေးတာလေ"

အမေက ဧည့်ခန်းစားပွဲထက် စားစရာတွေပြင်ပြီး ဧည့်ခံနေပေမယ့် မိန်းကလေးစားပုံက ခါတိုင်းနှင့်မတူဘဲ တို့ခနန်း ဆိတ်ခနန်းပါလေ။ စိတ်သဘောနဲ့များပါလိမ့်။ ညီလေးက သင်တန်းလာအပ်သည့် ကျောင်းသူတွေကို လက်ခံနေတာမို့ သူရှိနေသည့်နေရာကို ရောက်မလာသေးဘူး။



www.burmeseclassic.com

www.burmeseclassic.com



"သားကြီး လာစားလေ၊ အခုပဲ ထမင်းစားပြီးကြတာ။ သမီးတို့အိမ်မှာ ဘာချက်စားကြလဲ"

"ကြက်သားနဲ့ ဗူးသီး"

"ကာလသားချက်လား"

"ဟုတ်"

"အေး. . . စပါးလင်လေးထုပြီး ထည့်ချက်တာကို အမေ့သားကြီးက သိပ်ကြိုက်တာ။ တစ်ရက်လောက် ချက်ကျွေးဦးမှပါပဲ"

"နောင်း လာပို့ပေးမယ်လေ"

"နေပါစေ သမီးရယ်၊ မငယ်ကို မျက်နှာပူပါတယ်"

ဟိုက်! ဒါက ဘာအဓိပ္ပာယ်ပါလိမ့်။ အိမ်ကို ဟင်းတစ်ခွက် လာပို့တာနဲ့ပဲ အမေက မျက်နှာပူရအောင် ဘာစကားတွေများ အလွန်အကျွံပြောထားမိလို့ပါလဲနော်။ သူငယ်ချင်းချင်း ခင်မင်မှုမျိုးနဲ့ ဟိုအိမ်ဒီအိမ် ဟင်းတစ်ခွက် ပို့ပေးခဲ့တာမျိုး မဟုတ်ဘူးတဲ့လား။

"မေမေတောင် မေးနေသေးတယ်"

"ဘာများလဲ"

"မင်္ဂလာလက်ဖွဲ့ ကြိုဝယ်ထားရတော့မလားလို့ မေချောကို မေးခဲ့တဲ့"

အမေ့မျက်လုံးများက သူ့ထံ ဖျတ်ခနဲရောက်လာလေ၏။ အလိုလေး! နေရင်းထိုင်ရင်း လူက လုံးလုံးတရားခံအဖြစ် ရောက်နေရသလိုပါပဲ။ လက်ဖွဲ့ကိစ္စက သူ့ကိုရည်ညွှန်းပြီး မေးတဲ့သဘောမျိုးပါလေ။ နေပါဦး. . . သူနဲ့ခင်က ချစ်သူဖြစ်တာမှ သိပ်မကြာသေးတာ။ လက်ထပ်ဖို့ကိစ္စကို မဆွေးနွေးပါရစေနဲ့ဦး။





"သားကြီး"

"ဗျာ"

"မေးနေပြီ၊ ကြားရဲ့လား"

"အမေကလည်းလေ"

"အမေကလည်းလုပ်မနေနဲ့၊ သားနဲ့ ဟိုအရာရှိကြီးရဲ့သမီးကိစ္စက မြို့မှာ ဟိုးလေးတကြော်ဖြစ်နေတာ။ ဒီမေးခွန်းက အနေးနဲ့အမြန်ထွက်လာမှာပဲ"

"လိုပါသေးတယ် အမေရယ်"

"အေး. . . နှစ်ဖက်မိဘဆုံဖို့ ပြောရင်လည်း အမေ့ကို ကြိုအသိပေးဦး။ အင်္ကျီအသစ်လေးဘာလေး ကြိုချုပ်ထားမှဖြစ်မှာ။ ပြောထားပါတယ်နော်၊ ကိုယ့်ထက်မြင့်လွန်းတဲ့လူကို မမှန်းမိစေနဲ့လို့။ ချိန်လိုက်ရင် အဲဒီလိုချည်းပဲ၊ ကိုယ်နဲ့တူတူတန်တန် အဆင့်အတန်းတူတဲ့မိန်းကလေးကို မရွေးချယ်ချင်ဘူး"

အလိုလေး! သူ့ကို မဆူစဖူး အမေဆူပုံက နောင်းရှေ့မှာတဲ့လား။ ကလေးရှေ့မှာ အဆူခံထိတာမို့ နည်းနည်းတော့ ကသိကအောင့် ဖြစ်ရတာပါလေ။ နောင်းက မျက်လွှာချကာ ရေနွေးပန်းကန်လုံးအေးအောင် မှုတ်ရင်း မသိယောင်ဆောင်နေပါသည်။ ဘာပဲဖြစ်ဖြစ် သူ့မှာ ချစ်သူရှိနေပြီဆိုတာကို ဤကလေးမ သိစေချင်လို့ပဲမဟုတ်လား။

"ကျွန်တော်က ကလေးမှမဟုတ်တော့တာဗျာ"

"ကလေးမဟုတ်လို့ ပူရတာပေါ့ သားရယ်၊ ကလေးတုန်းက ရိုက်ခဲ့တာကို ခွင့်လွှတ်ပေးလို့ရတယ်။ လူကြီးဖြစ်မှ စိတ်အလိုလိုက်တာဆိုတော့ အမေလက်သင့်မခံချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ကျွန်တော်က ဘာလုပ်ရမှာလဲ"

"ဘာမှလုပ်မနေနဲ့၊ လုပ်လို့လည်း ရမှာမှမဟုတ်တာ"

ကဲ! အမေစိတ်ခုနေတာ အမှန်ပဲကိုး။ လူငယ်မတွေကိုစွကို လူငယ်ချင်း(ညီအစ်ကိုချင်း) ညှိပြီး ဖြေရှင်းရင် ပြီးရောပေါ့။ အမေက ဘယ် ဖြစ်ပြီး ဝင်ပါချင်ရတာပါလိမ့်။ ပြောချင်ရင်လည်း တခြားအချိန်မျိုး မပြောဘဲ သူစိမ်းတစ်ယောက်ဖြစ်တဲ့ နှောင်းရှိတဲ့အချိန်မှ ပြောရတယ် လို့။ ခက်ပါရဲ့။

"နှောင်း ပြန်တော့မယ်"

"ဪ. . . အေးအေး. . . သမီးလေး၊ မငယ်အကျီချုပ်မယ် ပိတ်စပဲ ယူလာခဲ့နော်။ သူ့ကိုယ်တိုင်းက အမေ့ဆီမှာရှိတယ်"

"ဟုတ်"

သူက အိမ်ပေါက်ဝမှာ ရပ်နေတာမို့ သူ့ကိုရှောင်ပြီးမှ ဆိုင်း ကိုဖြတ်ကာ အိမ်ပြင်ရောက်နိုင်မှာလေ။ ခါတိုင်းလို 'ကိုကြီး' ဆိုပြီး စကား တွေ ဖောင်နေအောင်လည်းမပြော၊ 'နေကောင်းရဲ့လား' ဆိုသည့် ပဋိသန္ဓာ စကားလေးတောင် နှုတ်ဆက်ဖော်မရပါလား 'နှောင်းလေပြည်'။ မင်းစိတ် ထဲ ဘာတွေ ဘယ်လိုဖြစ်နေသလဲဆိုတာကို သိချင်စမ်းပါဘိ။

"ဟ! ပြန်တော့မလို့လား၊ နေပါဦး နှောင်းရာ၊ ငါနဲ့ စကားတော ကောင်းကောင်းမပြောရသေးဘူး"

"နောက်မှ"

"နောက်မှဆိုတာ အခုလောက် မကျိန်းသေဘူးဟ။ ခဏနေ နှင့်ကိုပေးစရာရှိလို့ပါ"

ညီလေးက နှောင်းလက်မောင်းကိုတွန်းကာ အိမ်ထဲပြန်ဝင်





ဘာမို့ နှောင်းကိုယ်ခန္ဓာလေးက သူ့ကိုတိုက်မိကာ ယိုင်လဲလေ၏။ ရုတ် တရက် သူလှမ်းဆွဲလိုက်မိတာမို့ သူနဲ့အနီးဆုံးကို ရောက်လာရတာပါလေ။ ရင်ထဲမှာ ဒိတ်ခနဲ ဆောင့်ခုန်သံက အကျယ်ကြီးပါပဲ။ ဘုရားရေ! ကိုယ့် ဖြစ်သူနဲ့အတူရှိစဉ်မှာ ဒီလိုရင်ခုန်စိတ်လှုပ်ရှားမှုမျိုးမဖြစ်ပါဘဲ ဘယ့်နှယ် ဖြစ်ပြီး နှောင်းနဲ့ကျမှ ဒီလိုဖြစ်ရတယ်လို့။

"ဖြည်းဖြည်းလုပ်ပါ ညီရာ"

"ကိုကိုက စိုးရိမ်တယ်ပေါ့လေ"

"ကျစ်! စလာပြန်ပြီလား"

"ကျွန်တော်က ရိုးရိုးသားသားပြောတာနော်။ ကိုယ့်လိပ်ပြာ ကိုယ် လုံဟဲ့လူတော့ ဘယ်သိနိုင်မလဲ"

"နန္ဒ! "

"အေးပါ. . . လာ၊ ငါ ဗီရိုဖွင့်ပြီး ယူရဦးမှာ"

ညီက နှောင်းလက်ကောက်ဝတ်ကို ဆွဲခေါ်သွားလေ၏။ ရင်ထဲ မှာ ကျဉ်ခနဲဖြစ်သွားရသည်က ဝေဒနာတစ်ရပ်လား။ ဘုရားရေ! ညီလေး နှင့်နှောင်းက နဂိုကတည်းက ဒီလို ဟိုပုတ်ဒီရိုက်နဲ့ လက်ပွန်းတတီးရှိခဲ့ သည်းသိသိကြီးနဲ့ အခုမှ သူဘာလို့အနုစိတ်ကြည့်နေမိရတာပါလိမ့်။ မဟုတ် သေးပါဘူး. . . ညီကိုယ်တိုင် နှစ်ယောက်ထဲက တစ်ယောက်ကို စိတ်ကြိုက် ရွေးဆိုပြီး သူ့ကိုရွေးချယ်ခိုင်းခဲ့တာပါလေ။

အခုမှ လွတ်တဲ့ငါးကို ကြီးတယ်ထင်စရာလား။ ညီနှစ်သက်တယ် ထင်နေလို့ပဲ 'နှောင်းလေပြည်' ကိုရှောင်ကာ 'သက်လယ်ခင်' ကိုပဲ သူ ရွေး ချယ်ခဲ့မိတာပါလေ။ အခုတော့ ညီနဲ့ဒီကောင်မလေးကို မျက်စိရှေ့တွေ့ ပြီး အခုလို မနာလို မရှုစိမ့်စရာမျိုး ဖြစ်စရာလား။ ပြဿနာပါပဲ။ သူ



www.burmeseclassic.com

www.burmeseclassic.com



တော့ အခုမှ ကောင်းကောင်းကြီး ဒုက္ခဖြစ်နေချေပြီ။

''ရော့. . . အဝါနဲ့အဖြူရှိတာ ငါက နင်နဲ့လိုက်မယ့်အဝါလေး ရွေးယူလာခဲ့တယ်''

''ငါ့အတွက်''

''အေးလေ. . . လက်ဆောင်ပေါ့''

''ဖြန့်ကြည့်လိုက်ရမလား''

''ကြည့်လေ၊ နင်ပိုင်တဲ့အင်္ကျီပဲကို၊ နင့်သဘောပေါ့။ လှတယ် မဟုတ်လား''

''အင်း''

''ကြိုက်လို့ တော်သေးတာပေါ့''

နှောင်းက အင်္ကျီကို အိတ်ထဲမှထုတ်ကာ ကိုယ်မှာ ကပ်ကြည့် လိုက်လေ၏။ ညီ့မျက်ဝန်းက နှောင်းကိုပြုံးပြုံးကြည့်နေတာမို့ အမိပ္ပာယ် ကောက်၍မရ။ ဘာလဲ. . . ချစ်သူကို ချစ်လက်ဆောင်သဘောနဲ့ ဝယ် တာများလား။ ဖြစ်နိုင်တာပေါ့။ သူနဲ့မဆုံဖြစ်တဲ့ကာလအပိုင်းအခြားလေး မှာ ညီနဲ့နှောင်းလည်း ချစ်သူဖြစ်သွားနိုင်တာပါလေ။

မုဒိတာပွားရမယ့်ကိစ္စကို ရင်မအေးချမ်းဘဲ ဘာကြောင့် သူ့ ပူလောင်နေရတာပါလိမ့်။ ဟကယ်ဆို တစ်ဦးတည်းသာရှိတဲ့ ညီကလေး ပျော်ရွှင်ခြင်းတွေကို အစ်ကိုဖြစ်တဲ့သူက မပြည့်ပြည့်အောင် ဖြည့်ဆည်း ပေးရမှာမဟုတ်ပါလား။ အခုတော့ အူပုပ်သည်းပုပ် စိတ်ပုပ်တွေက ဘယ် က ဘယ်လိုဝင်လာပြီး မင်းသီဟရဲ့ဦးနှောက်ကို နှောက်ကျိအောင် နေရပါသလဲ။

''ကိုကို''





''ဟင်''

''ဘာတွေစဉ်းစားနေတာလဲ၊ နှုတ်ဆက်နေတယ်လေ''

''ဪ. . . အင်း''

ဘယ်လိုနှုတ်ဆက်လိုက်မှန်းပင် မသိလိုက်ပါ။ ရှေ့မှာ ယှိုယှိုလေး ...နေပါသည့် မိန်းကလေး၏အပြုံးက ယဲ့ယဲ့လေးသာ ရှိတော့သလိုပါပဲ ... စိတ်ထဲမှာ ညှိုးနွမ်းနေလို့လား 'နှောင်းလေပြည်'။ ဘယ်သူ့ကြောင့် ... ဘာအကြောင်းကြောင့်များနဲ့လဲ။

''နှောင်း သွားတော့မယ် အစ်ကိုကြီး''

''အင်း''

ဒါပဲလား. . . ဒီ့ထက်ပိုပြောစရာ စကားလုံးမရှိတော့ဘူး ထင်ပါ ...သူနဲ့နှောင်းကြားမှာ ဟိုတစ်ခါလိုမျိုး အေးစက်စက်အပြောမျိုးနဲ့ စကား ...စရာ ရှားသလိုပါလေ။

စက်ဘီးကို ခြံပြင်ထိတွန်းသွားပြီးမှ တက်စီးသွားလေ၏။ နေပူ ...ကို ထီး(ဒါမှမဟုတ်) ဦးထုပ်မဆောင်းဘူးလား။ ဖျားနာတော့မှာပဲ ...စိတ်ကတွေးပူလိုက်မိပါသည်။ ဘုရားရေ! သူ့စိတ်တွေ ဘာများဖြစ်ရ ...ပါလိမ့်။ ဤကလေးမ နေပဲပူပူ၊ မိုးပဲစိုစို သူလိုက်ပူစရာမှ မလိုအပ် ...သ။

''အကြည့်ကို ရုတ်သိမ်းပါတော့လား ကိုကို၊ နှောင်းက အခု ...က်ဆို လမ်းထိပ်ရောက်နေပြီ''

''အာ. . .''

''မဟုတ်လို့လား၊ ကိုကို့အကြည့်က တကယ့်ကို တနစ်တမျော ...ငဲ့နေတာ။ ဘေးကနေ အံ့မြင်သာကြီး''



www.burmeseclassic.com

www.burmeseclassic.com



"ငါဘာဖြစ်နေလို့လဲ"

"ဒါတော့ ကိုကို့စိတ်ကို ကိုကိုပဲ သိမှာပေါ့"

ပြတင်းပေါက်မှ အပြင်ကို ငေးကြည့်နေမိ၏။ နောင်တဆို တစ်ကြိမ်ရရုံနဲ့ လုံလောက်သင့်ပါတယ်။ နောက်ထပ်တစ်ကြိမ် ရရှိးထ ရယ်လို ရှိနိုင်ပါ့မလား။ သို့သော် သူ့ရင်ထဲမှာ တနင့်တပိုးကြီး ဖြစ် တာတော့ အမှန်တကယ်ပါလေ။

"နှောင်းက ကိုကို့အပေါ် လိုတာထက် ပိုသာတဲ့သံယောဇဉ် ရှိနေတာ"


"ဘာ! "

"သက်လယ်ခင်ကို ကိုကိုကြိုက်တယ်ဆိုကတည်းက အိမ် ကို လုံးဝမလာတော့တာပဲကြည့်။ နှောင်းရဲ့မျက်ဝန်းတွေကိုကြည့်ရုံနဲ့ နိုင်ပါတယ် ကိုကို။ မျက်ဝန်းဆိုတာ စိတ်ရဲ့တံခါးပေါက်ပဲ မဟုတ်လ

မျက်ရည်တို့ စို့ဝဲလာရလေ၏။ ဘုရားရေ! နှောင်းက. . . နှော က. . . သူ့အပေါ် သံယောဇဉ်တွေ ပိုနေသတဲ့လား။ ဒါကို သူဘာ မသိရတာပါလိမ့်။ သူမလိုချင်တဲ့ အဲဒီနောင်တက သူ့ဆီကို ဦးတည် နေပြန်ပြီ ထင်ပါရဲ့။ မင်းတော့ ရှုံးတော့မယ် မင်းသီဟလင်းရေ့. . .

♥ ♥ ♥






www.burmeseclassic.com

www.burmeseclassic.com

## "တတိယဝေဒနာ"

နောက်ဆုံးမျှော်လင့်ချက်
နောက်ဆုံးရင်ခုန်ခြင်း
နောက်ဆုံးသော မြတ်နိုးခြင်းတွေက
နှလုံးသားကို တုပ်နှောင်
ရက်ချည်း မှောင်လုလုအနာဂတ်
အလင်းကွက်ကွက်လေးနောက်
အပြေးလျှောက်လိုက်ခဲ့ရင်း....
နောက်ဆုံးပျော်ရွှင်ခြင်း
နောက်ဆုံးတောင့်တခြင်း
နောက်ဆုံးမွှတ်သိပ်ခြင်းတွေနဲ့
ငါဆိုတဲ့လူသားတစ်ဦးက
ထွက်လုလု အသက်ယဲ့ယဲ့လေးရှိချိန်မှာတောင်
မင်းကိုသာ တမ်းတနေခဲ့မိတာလေ....
နောက်ဆုံးလိုအင်
နောက်ဆုံးဆန္ဒ
နောက်ဆုံးချစ်ခြင်းတွေနဲ့
နောက်ဆုံးသောအနာဂတ်ကို
ရှေ့ဆက်ရှင်သန်ခွင့်တွေ ပေးလှည့်ပါ....။

## အခန်း (၁၇)

တစိမ့်စိမ့်ရွာနေသည့်မိုးက နွမ်းလျလျရင်ကို ပိုပြီး ဝေဒနာတိုး
သလိုပါပဲ။ ဆိုင်သွပ်တံခါးကိုဖွင့်ကာ ဆိုင်တွင်းသန့်ရှင်းရေးကို ခပ်မှန်
လုပ်လိုက်ပါ၏။ လမ်းပေါ်မှာ ထီးကိုယ်စီ စက်ဘီးကိုယ်စီဖြင့် ကျောင်း
ားနေကြသည့် ကလေးတွေကို လှမ်းမြင်နေရသေးသည်။ ယေစဉ်က
ဝင်တဲ့နှလုံးသားမျိုး ဘယ်လိုပြန်ရနိုင်ပါတော့မလဲ။

"အမေ ဈေးသွားတော့မယ်၊ သားတို့ ဘာစားချင်လဲ"

"ရပါတယ်၊ ဘာပဲဖြစ်ဖြစ်"

"သားငယ်လေးက ပဲပုပ်စားချင်တယ်တဲ့ မိုးရွာနေတော့ အသည်
ောင် ထွက်ပါ့မလားမသိဘူး"

"ဒေါ်သိန်းတို့ကုန်စုံဆိုင်မှာ မေးကြည့်လိုက်ပါ အမေ"

"အေးအေး . . . ဟုတ်သားပဲ"

အမေက ဈေးခြင်းတောင်းတစ်ဖက် ထီးတစ်ဖက်ကိုင်ကာ ဈေး



www.burmeseclassic.com

www.burmeseclassic.com



သို့ထွက်သွားလေတော့၏။ လုံချည်တိုတိုဝတ်ဖို့ သတိမပေးလိုက်မိပေ။

ဒုက္ခပဲ၊ သူ့တော့ စိတ်နဲ့လူ မကပ်သလိုဖြစ်နေပါလားနော်။ မိုး လင်းတာနဲ့ လက်ဖက်ရည်ဆိုင်ထိုင်ကျင့်ရှိတာမို့ သွားချိန်တန်လို့ သွားချင် နေပြီ။ ညီလေး မနိုးသေးတာမို့ ဆိုင်စောင့်ဖို့ လူမရှိ။

ဂျိုန်းခနဲ မိုးခြိမ်းသံကြောင့် မှန်တံခါးတွေကို သူသတိထားလိုက် ရပါသည်။ အပေါက်ဝတည့်တည့်ချထားသည့် ကောင်တာမှန်ကို လက် မနေစေရန် ပိတ်စတစ်ခုဖြင့် အုပ်ကာထားလိုက်မိ၏။ လျှပ်စီးလက်တာ မြင်ရင်တော့ ကိစ္စမရှိပါချေ။

''Bettery Charging... တုံးရှိလားဟင်၊ အားသွင်းကဲ့ကြိုး မဟုတ်ဘူးနော်''

''Bettery Pack... လား၊ ရှိပါတယ်''

''ဘယ်လောက်လဲဟင်''

''နှစ်သောင်းနှစ်ထောင်ပါ''

ကောင်တာနောက်မှာ ဝင်ရပ်ရင်း မှန်ပုံးကိုဖွင့်ယူနေတာမို့ ဝယ် သူကိုမကြည့်မိ။ ဘူးကိုယူကာ ဖွင့်ပြရန်ပြင်စဉ်၊ ရေစိုထီးကို ခါနေသည့် ကောင်မလေးကို တွေ့လိုက်ရပါ၏။ ငါးနှစ်တာကျော်ပြီဖြစ်ပေမယ့် ဒီမျက် နှာပေါက်မျိုးကို ဖျတ်ခနဲမြင်ရုံနဲ့ အာရုံက မှတ်မိနေတာပါလေ။

''သက်ထားမေ''

''ဟုတ်ပါတယ် အစ်ကို . . . ထားပါ၊ မဆုံရတာ တော်တော် ကြာနေပြီနော်။ ဒီမှာ ပိုက်ဆံ''

ငါးထောင်တန်ငါးရွက်ကို မှန်ပုံးပေါ်တင်ပေးလိုက်တာမို့ ထောင်တန်သုံးရွက်ကို အံဆွဲထဲမှ သူရှာလိုက်ပါ၏။ အမေက ငွေကို





ထပ်နှင့်သူ စနစ်တကျထားတတ်တာမို့ အခက်အခဲမရှိပါချေ။

''Plastic နဲ့ ထုပ်ပေးလိုက်မယ်နော်၊ မိုးရေစိုကုန်မှာစိုးလို့။ အား သွင်းထားရင် တုံးလေးတုံးလုံး မီးပြည့်မှ အားပြည့်တာနော်။ Phone Charging ကြိုးနဲ့ပဲ သွင်းလို့ရတယ်''

''ကျေးဇူး''

''ခရီးသွားစရာရှိလို့လား''

''ဟုတ် . . . မန္တလေးဘက်ကိုပါ အစ်ကို''

ယူစရာရှိတာယူ၊ အမ်းစရာရှိတာ အမ်းပြီးပြီမို့ တာဝန်က ပြီး ပြီ။ သို့သော် သက်ထားမေက သူ့ဆိုင်ထဲမှ ချက်ချင်းပြန်မသွားပါလေ။ များပြောဦးမလို့ပါလဲ။ တစ်ချိန်က မမနဲ့သဘောမတူဘူးဟု ခါးခါးသီး ကန့်ကွက်ခဲ့သည့်ကောင်မလေးက လူကြီးပင် ဖြစ်နေပြီပဲ။

''အစ်ကို''

''ဟင်''

''အစ်ကိုနဲ့ တစ်ရက်လောက် ထားတွေ့ချင်ကယ်၊ ပြောစရာတွေ ရှိပါ အစ်ကို''

''ကိုယ့်မှာ ဘာစကားမှ ပြောစရာမရှိပါဘူး''

''ဟုတ်ပါတယ်၊ ထားဘက်ကပဲ ရှိတာပါ။ ကုမ္ပဏီလုပ်ငန်းဆို OFF ရက်က မရှိသလောက်ပဲ အစ်ကို။ တစ်ရက်လုံးမဟုတ်တောင် စ်ညနေလောက်ပဲဖြစ်ဖြစ် တစ်နာရီလောက် ထားကို အချိန်ပေးစေ ပါတယ်။ ကျေးဇူးပြုပြီး . . .''

စကားကို အဆင်ပြေပြေပြောတတ်သွားပါပဲ။ နဂိုကတည်းက က် မေ့ညီမလေးက စကားပိုတတ်ပြီး သွက်သွက်လက်လက်ရှိတ



www.burmeseclassic.com

www.burmeseclassic.com



ပါလေ။ တစ်ညနေတဲ့ . . .၊ ဟိုတစ်လောလေးကပဲ ကျော့်နိုင် ဝင်မွေ့သွ
လို့ မနည်းကြီး အနည်တိုင် တည်ငြိမ်အောင် ကြိုးစားခဲ့ရတဲ့နှလုံးသာ
ကန်ရှေပြင်က နောက်ထပ်တစ်ကြိမ် လှုပ်လာရဦးမှာပါလား။

"နော် . . . အစ်ကို"

"အင်းလေ . . . ထား အားတဲ့တစ်ရက်ပေါ့၊ ရပါတယ်"

"ကျေးဇူးတင်လိုက်တာ အစ်ကိုရယ်၊ ထား တကယ်ပြောတာ
ရုံးချိန်နီးနေပြီမို့ သွားဦးမယ် အစ်ကို"

"ကောင်းပါပြီ"

သက်ထားမေက ထီးအပြာလေးကို ပြန်ဖွင့်ဆောင်းကာ ဆိုင်
မှထွက်သွားတော့၏။ အဆက်ပေါင်းနဲ့မတွေ့အောင် အဲဒီလမ်းကို ထ
ကွေ့ရှောင်ပြီး သွားလာနေတာပါ။ အခုတော့ သူ့ကိုတွေ့ချင်တဲ့လူတွေ
တမင်တကာ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး လာရှာကြရတယ်လို့။ 'မေ'ရဲ
မေ့သင့်သလောက် မေ့ထားနိုင်ခဲ့ပါပြီ။ အဟောင်းဆိုတာ ဘယ်တော့
အသစ်ဖြစ်လာနိုင်တာမှ မဟုတ်တာလေ။

"Phone မြည်နေတယ်လေ ကိုကိုရာ၊ မကိုင်ဘဲ ဘာ
တာလဲ"

အိမ်ထဲမှ ညီလေး လှမ်းပြောလိုက်တာမို့ ညှော်ခန်းစားပွဲပေါ်
Phone ကို ဝင်ယူလိုက်ရလေ၏။ ညီလေးက ရေမိုးချိုး အဝတ်အ
လဲရင်း လှမ်းအသိပေးလိုက်ပုံပါ။ Phone ခေါ်သံမြည်နေတာတော
အာရုံက ဘယ်ရောက်နေလို့ သူ မကြားရပါသလဲ။

"ဟဲလို! ပြောလေ ခင်၊ မဟုတ်ပါဘူး၊ ဆိုင်ထဲရောက်နေတာ"

ညီက သူ့ကိုနှုတ်ခေါင်းရှုပြကာ ဆိုင်ထဲရောက်သွားလေ၏





မှာချိတ်ထားသည့် ထီးကောက်ကိုလှမ်းယူကာ၊ Phone ပြောနေရင်း
ဘောင်းဘီအောက်နားကို လိပ်တင်လိုက်ပါသည်။ ဖွက်တွေ ပေကျံကုန်ရင်
အမေ တပင်တပန်းလျှော်ရမှာစိုးလို့ပါပဲ။

"လာမှာပေါ့၊ အခုမိုးတွေရွာနေတာ စိုစိစိုစိနဲ့ အပြင်ထွက်လို့
မကောင်းဘူး။ အင်းလေ. . . မိုးတိတ်မှ ညနေဘက်ပေါ့"

"အဟမ်း ! အဟမ်း ! "

ညီလေးက သူလက်ဖက်ရည်ဆိုင်သွားတော့မှာကို သိနေတာမို့
လုပ်ချောင်းသံ တမင်ပေးလိုက်လေ၏။ ကောင်မလေးဆီကိုသွားမှာထက်
လက်ဖက်ရည်ဆိုင်သွားဖို့က သူ့အတွက် ပိုအရေးကြီးနေတာကိုး။ Phone
ပြောရုံနဲ့ ကျေနပ်သင့်တာပေါ့။ နေ့တိုင်းတွေ့ရတော့ကော ပြောစရာစကား
က သူ့ထံမှာ မရှိသလောက်နီးပါး ရှားနေတာလေ။

"ညီ့ဖို့ ပါဆယ်နော်"

"ဟာ. . . ကျစ်! အေးအေး. . . မဟုတ်ပါဘူးကွာ၊ ဒီနားလေး
ဘင် သွားမလို့ပါ။ ခင်နဲ့မတွေ့ချင်လို့မှ မဟုတ်တာကို။ နေမကောင်းဘူး
ဟုတ်လား၊ ကိုယ်ပြောထားတယ်လေ၊ ညနေဘက်ကြီး 'ခေါင်းမလျှော်ပါ
နဲ့'ဆိုတာ ခင်က ကိုယ့်စကားဆို နားမထောင်ဘူးကွာ။ တကယ်ပဲ"

Phone ကို နားမှာကပ်ထားရာမှ ခွာလိုက်ရပါ၏။ အသံစူးစူး
အ နားအူအောင် ထွက်လာမှာကိုး။ ကလေးလည်းမဟုတ်ပါဘဲ လူကို
ကိုဟာမလုပ်နဲ့ ဒီလိုလုပ်၊ ဟိုမသွားရ ဒီမသွားရဆိုပြီး ချုပ်ချယ်နေမှတော့
သူနေရကြပ်ပြီး အသက်ရှူရကြပ်လာတာပါလေ။ အုပ်ထိန်းသူဖြစ်တဲ့အမေ
ဆောင်မှ ဒီနေ့အထိ သူ့ကို ထောင့်စေ့အောင် ကြည့်ပြီး ထိန်းနေတာ
မဟုတ်ဘဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဟော"

"ဒါက ဘယ်လဲ"

"လမ်းထိပ်"

"မိုးထဲလေထဲ သားကြီးရယ်၊ အိမ်မှာ ကော်ဖီပဲသောက်တာ မဟုတ်ဘူး"

"ကော်ဖီမှမကြိုက်တာ၊ ညီလေးလည်း သောက်ချင်တယ်ဆိုလို့"

"ဒါဖြင့်လည်း မြန်မြန်ပြန်လာ၊ အအေးမိဦးမယ်"

"ဟုတ်"

Phone ပိတ်ကာ လမ်းထိပ်ဘက် ထွက်လာခဲ့၏။ အရင်က မုန့်ဟင်းခါးဆိုင်နှင့်အကြော်ဆိုင်သာ ရှိခဲ့ပေမယ့် အခုတော့ စတိုးဆိုင်တွေ လက်ဖက်ရည်ဆိုင်တွေဖြင့် စည်ကားနေလေပြီ။ အင်းပေါ့လေ၊ အရင်နဲ့မှ မတူတော့တာကိုး။

"ဘာသောက်မလဲ အစ်ကို"

"ပေါ့စိမ့်တစ်ခွက်၊ ချိုစိမ့်ကို ပါဆယ်လုပ်ပေးနော်။ ပဲအီကြာ တစ်ပွဲပါ"

"ဟုတ်ကဲ့"

ညီလေးအတွက် အရင်မှာထားလိုက်ပြီး ရေနွေးခွက်ကို ဆေး လိုက်ပါ၏။ စိတ်ထဲမှာ တစ်ယောက်ယောက်က ကိုယ့်ကိုစိုက်ကြည့်နေသလို ခံစားလိုက်ရတာမို့ ဝန်းကျင်ကိုဝေ့ဝဲကြည့်လိုက်မိသည်။ ခပ်နွေးနွေးမျက် ဝန်းတို့ကို ဖျတ်ခနဲရုတ်သိမ်းသွားသည်နှင့် တိုးလေ၏။ ဒီကောင်မလေး တစ်ယောက်တည်း ဘာလာလုပ်ပြန်တာလဲ။ စက်ဘီးလည်း မမြင်ပါဘူး။

"နှောင်း"





"ခေါ်နေတယ် အစ်မ"

စားပွဲထိုးလေး လှမ်းပြောလေမှ လှည့်ကြည့်ဖော်ရလေ၏။ လက် ထဲမှ Steel တစ်လုံးချိုင့်လေး ကိုင်ထားတာမို့ တစ်ခုခုလာဝယ်မှန်း သူ သိလိုက်ပါသည်။ ထီးကို စားပွဲပေါ်တင်ထားတာမို့ မိုးအစဲကိုစောင့်နေလေ သလား။

"ဘာလာဝယ်တာလဲ"

"မေမေနေမကောင်းလို့ နွားနို့လာဝယ်တာ"

"ပြန်တော့မလို့လား"

"ဟုတ်ကဲ့ . . . ဒါပေမဲ့"

ဘာမှဆက်မပြောတာမို့ သူအံ့ဩသွားရပါ၏။ ဘာဖြစ်လို့ပါလိမ့်။ ဘကယ်ဆို ဒီလောက်ထိ စိမ်းမနေသင့်ပါ။ 'နန္ဒကလေ' 'ကိုကြီးညီကပေါ့' ဆိုပြီး သာလိကာမလေးလို တိုင်တန်းပါဦးလား။ အစအနောက်သန်တဲ့ ညီလေးနဲ့ မကြာခဏစကားများကြပြီး အခုတော့ နှစ်ယောက်သား ငြိမ် သက် တိတ်ဆိတ်လို့ပါလေ။

"ဒါပေမဲ့ ဘာဖြစ်လဲ၊ ဆက်ပြောလေ နှောင်းရဲ့"

"ဘာမှမဟုတ်တော့ပါဘူး"

"ဟဲ့! မငယ်သမီးလေး၊ သီဟနဲ့တစ်လမ်းတည်းမဟုတ်လား။ ပြန်ရင် အတူတူပြန်လိုက်လေ။ သီဟထီးက ကြီးတာပဲကို"

"နေပါစေ ဦးလေးရယ်"

"ဘာနေပါစေလဲ၊ သမီးထီးက ခေါင်ပြုတ်သွားတာ ဆောင်းလို့ ရတော့ဘူးမဟုတ်လား"

ကဲ! ပြဿနာကိုသိရပြီ။ သူနဲ့အတူပြန်ရရင် ဘာဖြစ်မှာမို့လို့လဲ။



www.burmeseclassic.com

www.burmeseclassic.com



ညီနှနှအောင်ရဲ့အစ်ကိုကို သူမအစ်ကိုလို သဘောမျိုး မထားရဲဘူးတဲ့လား။ ‘နောင်းက ကိုကို့ကို လိုတာထက်ပိုတဲ့သံယောဇဉ်တွေ ရှိခဲ့တာ’ဟူသည့် ညီ့စကားကို ဖျတ်ခနဲကြားယောင်ရင်း သူ့မျက်နှာ နွေးသွားရပါသည်။

ဒုက္ခပါပဲ . . . ကလေးကို ကူညီရပါမယ်ဆိုနေမှ ဒီအတွေးက ဘာလို့ဝင်လာရတာပါလိမ့်။ ခါတိုင်းလို ဖိမ်နဲ့ထိုင်သောက်မနေတော့ပါဘဲ မုန့်ပင်မစားဖြစ်ကာ ခပ်နွေးနွေးလက်ဖက်ရည်ကို တစ်ကျိုက်တည်းမော့သောက်လိုက်ပါသည်။

“ခေါ်သွားလို့ရတယ်မဟုတ်လား မောင်သီဟ”

“ရပါတယ် ဦးလေးရဲ့၊ အပန်းမကြီးတာကို။ ရှင်းမယ် . . . ညီ Cream မပါတဲ့ပေါင်မုန့်တစ်ထုပ်ပါ ယူလာပေးပါ”

သူ ကျသင့်ငွေရှင်းတော့ ကောင်မလေးက မိုးရေထဲသွားရန် ခြေလှမ်းပြင်လိုက်လေ၏။ အမေဖြစ်သူ ဖျားနေပါလျက် သမီးပါ မိုးမိပြီး ဖျားချင်နေပါသလား။ ငွေရှင်းပြီးပြီမို့ ထီးကိုခပ်မြန်မြန်ဖွင့်ကာ သူမလက်မောင်းကိုကိုင်လိုက်ပြီး မိုးရေထဲ လျှောက်လိုက်ပါ၏။

“နောင်းက ရပါတယ်၊ ကိုကြီးပဲ . . .”

“ဘာရပါတယ်လဲ၊ အမေကိုပြုစုနေတဲ့လူပါ အိပ်ရာထဲလဲမှ ဟုတ်ပေ့ဖြစ်ကုန်မယ်။ ဒီဘက်ကိုတိုး . . . စိုကုန်တော့မှာပဲ”

“ဟိုလေ”

“ညီလေးနဲ့ ရန်ဖြစ်ထားတာလား”

“ဟင်! ဟင့်အင်း . . . မဖြစ်ပါဘူး”

“ဒါဆို ဘာလို့ အိမ်ကိုမလာတော့တာလဲ”

မျက်နှာကိုမော့ကြည့်လေ၏။





ထီးကို သူမဘက် ပိုဆောင်းပေးလိုက်သလို ထီးအောက်မှာ သူငုံ့သူမှာက အတော်လေး နီးနီးကပ်ကပ်ရှိနေတာပါလေ။ မိုးသံက တဖြောက်ဖြောက်၊ ရင်ထဲမှာက တထိတ်ထိတ်၊ ဘုရားရေ! ကြာလာရင် သူတော့ နှလုံးရောဂါဖြစ်တော့မယ်ထင်ပါရဲ့။

“ကြည့်မနေနဲ့လေ၊ မေးတာဖြေမှပေါ့”

“မအားလို့ပါ”

“မအားလို့ ဟင်းဟင်း . . . reason က မခိုင်လုံပါလား။ လှစ်ခနဲ့သွားတဲ့ဈေး၊ ဖျတ်ခနဲရောက်တဲ့စတိုးဆိုင်၊ ဟောခဏဆိုပြီး ခေါ်တာနဲ့ အပြေးရောက်သွားတဲ့ဆေးရုံ၊ ညနေတိုင်း ဘုရားမှာ ပန်းသွားလှူတာကရော၊ အဲဒါ မအားတဲ့အကြောင်းအရင်းလား။ အိမ်ရှေ့ကနေ ဖြတ်မောင်းသွားတဲ့ အနီရောင်အရိပ်လေးကို ကိုယ်မြင်ပါတယ် နောင်း၊ ဟောဒီလမ်းကြီးပေါ်မှာ ဘာတွေရှိမယ်လို့ ထင်သလဲ”

“သိဘူးလေ၊ ဘာတွေရှိနေလို့လဲ”

“နောင်းလေပြည်ရဲ့ စက်ဘီးရာလေးတွေ”

“အာ . . . ကိုကြီးကလည်း”

မမြင်ရတာကြာပြီဖြစ်သည့်အပြုံးကို ရှားရှားပါးပါးလေး တွေ့လိုက်ရပါ၏။ ပြုံးဖို့တောင် ဒီမိန်းကလေးမှာ အင်အားမရှိတော့လေသလား၊ အရင်ဆို ရယ်မောစရာရှိရင် ဟန်ဆောင်ခြင်းအလျှင်းမရှိဘဲ ပွင့်လင်းသွားစွာ ရယ်မောတတ်တာလေ။

“လာမှာလား . . . ကန်စွန်းရွက်နဲ့ ချဉ်ပေါင်ရွက်စပ်စပ်လေး ရောကြော်တာ စားဖူးချင်လို့။ အန်တီငယ် နေကောင်းတော့ ချက်ကျွေးမှာလား”

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ဒါဖြင့် အိမ်ကို ဘာကြောင့်မလာရသလဲဆိုတဲ့အဖြေကို ပြောင်းဖြေလို့ရပြီ"

"ကိုကြီးကောင်မလေး အတင်လွဲမှာစိုးလို့ပါ"

"ဘယ်လို"

♥ ♥ ♥

## အခန်း (၁၆)

ရုံးဆင်းချိန်မို့ ကုမ္ပဏီအဝတ်အစားနှင့်ပင် သက်ထားမေက ဖယ်ရီပေါ်မှ ဆင်းလိုက်ပါ၏။ သူနဲ့ဆုံပြီး သုံးလေးရက် ခရီးထွက်တာ ပြန်လာတာမှ အခုလို လက်ဖက်ရည်ဆိုင်မှာပင် ချိန်းလိုက်တာပါ။ မိုးပြာရောင် Uniform က အသားဖြူသည့်ထားကို ပိုကြည့်ကောင်းစေသည့်နှယ်ပါလော။

"စောင့်ရတာ ကြာနေပြီလား အစ်ကို"

"မိနစ်နှစ်ဆယ်လောက်ပါပဲ"

"ကားလမ်းတွေ ကြပ်နေလို့ပါ"

သူ ခေါင်းကိုသာ ညိတ်ပြလိုက်မိ၏။ သောက်လက်စ လက်ဖက်ရည်က အေးနေပြီမို့ ရေနွေးကြမ်းခွက်ထဲကိုသာ ရေနွေးပူပူငှဲလိုက်ပါသည်။ ထားက ရင်ပူနေ၍ပဲထင့်၊ လိမ္မော်ရည်တစ်ပုလင်းသာ လှမ်းမှာလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အရင်ဆုံးပြောချင်တာက ထားကိုခွင့်လွှတ်ပေးစေချင်တာပါ အစ်ကို"

"မဟုတ်တာ"

"မမမှာ အပြစ်ရှိတာမှန်ပေမယ့် အစ်ကိုနဲ့မမကြားမှာ လူကြမ်းဝင်လုပ်ခဲ့မိတဲ့ နောင်တက ထားကို ဒီနေ့အထိ ခြောက်လှန့်နေတုန်းပါပဲ"

"ပြီးတာတွေ ထားလိုက်ပါတော့လား"

"ထားချင်တာပေါ့ အစ်ကိုရယ်၊ ဒါပေမဲ့ မေ့မေ့ပျောက်ပျောက်နေလို့မှမဖြစ်နိုင်တာ။ မမကိုမြင်ရင် ခဲအိုကိုတွေ့ရင် တူလေးနဲ့တူမလေးတို့ရဲ့ ငိုသံကိုကြားရရင် ထားရင်ထဲမှာ တစစ်စစ်နဲ့ ကိုက်ပြီး နာကျင်လာရတာ အမှန်ပါ"

နှလုံးသားက ပုံမှန်ခုန်နှုန်းအတိုင်းပါပဲ။ မဆိုးဘူး . . . မင်းသီဟလင်း အနည်ထိုင်လာပြီ။ အနာကျက်လာပါပကောလား။ ကျော်နဲ့တွေ့စဉ်ကလို ရင်ဘတ်အောင့်တာမျိုး မဖြစ်တော့၍ ကိုယ့်ကိုယ်ကိုယ် ချီးမွမ်းမိတာအမှန်ပါ။ 'လွမ်းစရာရှိရင် နာစရာနဲ့ဖြေ'တဲ့။ 'နာစရာကိုရော ဘာနဲ့ဖြေလို့ ပျောက်နိုင်ပါသလဲ'။

"ထား လုံးဝမသိခဲ့ဘူး"

"ဘာကိုလဲ"

"မမကို အစ်ကို ငွေစုပေးထားတဲ့ကိစ္စလေ"

"ဩော် . . . နေပါစေတော့ ထားရယ်"

"ဘယ်ဖြစ်ပါ့မလဲ အစ်ကို၊ ကာယကံရှင်က မတတ်သာလို့ မျက်စိစုံမှိတ်နေပေမယ့် ရင်းနေတဲ့အနာလို အောင့်အည်းနေရမှန်း ထား သိနေတယ်။ ဘာပဲဖြစ်ဖြစ် အစ်ကိုတို့ကိစ္စကို ဖျက်လိုဖျက်ဆီးလုပ်တဲ့အထဲမှာ





ဘားလည်း တစ်ထောင့်တစ်နေရာက ပါဝင်ခဲ့တဲ့အပြစ်ရှိနေတာပါ"

"ထားအပြစ်မှ မဟုတ်တာ"

"အစ်ကို့စိတ်ကို ထားနားလည်ပါတယ်၊ အစ်ကိုသာ နှုတ်မလုံ င် ထားတို့မိသားစု ပိုင်းလုံးဆိုတဲ့နာမည်ပျက်နဲ့ အများတံတွေးခွက်မှာ ျာရုံပဲရှိမှာ။ အစ်ကိုစောင့်စည်းလို့ နှုတ်လုံလို့ ဒီအကြောင်းတွေကို လူ ပ်မယ်သိကြပေမယ့် ဆွေရင်းမျိုးရင်းတွေတော့ သိထားပါတယ် အစ်ကို"

ဘာသဘောပါလိမ့်၊ ရှိပါစေတော့ရယ်လို့ ထားထားပေမယ့် သက် ားမေ ရည်ညွှန်းနေတဲ့အကြောင်းရင်းကို ခုချိန်ထိ သူသဘောမပေါက် ပါလေ။ မိန်းမတွေကပဲ ယောကျ်ားတွေထက် စကားပိုတတ်နေလို့များ ။ ဘာပဲဖြစ်ဖြစ် ထားပြောချင်တာကို နားထောင်ပေးဖို့ ဒီကို သူရောက် တာပဲလေ။

"မမကို စိတ်တော်တော်နာနေမှာပဲနော်"

" . . . "

"နာလည်းနာစရာပဲကိုး။ ထားတောင်မှ အစ်မရင်းကို ဒေါသ ကြီးနဲ့ တစ်နှစ်လောက် စကားမပြောဘဲ နေခဲ့သေးတာပဲ။ ဘာအပြစ် ရှိတဲ့ကလေးတွေ မြေစာပင်ဘဝရောက်မှာစိုးပြီး ကရုဏာစိတ်နဲ့ စကား ပြောဖြစ်ခဲ့တာ"

"ကျွန်းမာကြတယ်မဟုတ်လား"

"မမာဘူး အစ်ကို၊ စိတ်က ချမ်းသာမှ လူက ကျန်းမာတာပါ။ ကိုအလိုလိုက်ပြီး ဘဝတစ်ခုကို လက်လွှတ်စပယ်ထူထောင်ခဲ့တဲ့ရလဒ် ကို့မေတ္တာတွေ မမ ရှုံးပြီ"

လက်ကိုင်ပဝါဖြင့် မျက်ဝန်းထောင့်ကိုသုတ်လေ၏။ အသံက တုန်



www.burmeseclassic.com

www.burmeseclassic.com



လာတာမို့ မျက်ရည်ကျမှာကို ထိန်းလိုက်ပုံပါပဲ။ မမာဘူးတဲ့. . . သူငယ်ချင်းသံယောဇဉ်နဲ့ သွားကြည့်သင့်ပေမယ့် မဆုံသောလမ်း၊ မဆိုင်တဲ့ရွာမို့ စည်းတစ်ခုက သူနဲ့မေ့ကြားမှာ ကျော်ခွင့်မသာနိုင်အောင် ခြားနားထားခဲ့ပြီလေ။

"မမ တော်တော်ဖြစ်နေတာ၊ လူက လေတိုက်ရင် လဲတော့မယ်ဘဲ"

"ဩော်"

"အစကတော့ ကလေးတွေကိုငဲ့ပြီး အားတင်းထားပုံပါပဲ။ အခုတော့ လက်လျှော့လိုက်သလိုမျိုးဖြစ်နေပြီ။ ဆေးသောက်နိုင်းလည်း မသောက်၊ ဘာမှစားနိုင်းလို့လည်း မဝင်တော့ဘူး"

"ကလေးတွေရော"

"မေမေပဲ ကြည့်ပေးနေရတာပေါ့၊ အစ်ကို့ကိုမြင်စေချင်ပါတယ်။ ထားတို့မေမေ ဒေါ်သူသူမေက ပြောင်းပြန်လှန်ထားသလိုစိတ်နဲ့ အရင်လိုမဟုတ်ဘဲ မာန်စွယ်တွေ ကျိုးနေပါပြီ"

"ဝဏ္ဏ ဘာလုပ်နေသလဲ"

"ကားဆွဲတယ်ဖန်းပြုပြီး ညညပျောက်ပြီး ပြန်မလာတာကြာပြီ"

"လိုက်မရှာဘူးလား။ မိန်းမ ဒီလောက်ဖြစ်နေတာကို"

"ကိုနိုင်ကြီးဆီကတော့ သတင်းရပါတယ်၊ ခင်းမှုပြန်မလာချင်တာ။ ကလေးမဟုတ်တော့ သွားဆွဲခေါ်လို့မှ မရတာတဲ့"

ရင်မောစရာကြီးပါလား။ သူကဖြင့် ဒီမှာ အခြေပြန်ချပြီး စီးပွားရေး စထောင်နေပြီ။ အိမ်မှာဖွင့်ထားတဲ့ဆိုင်ကလည်း ပုံမှန်ဝင်ငွေနဲ့ မိသားစုစရိတ်ကို ကောင်းကောင်းကြီး ထောက်ပံ့ပေးနိုင်ပြီမဟုတ်လား။ သူ့





ဖို့မှာ ဒီလိုဆိုင်မျိုးက တစ်ဆိုင်သာရှိတာမို့ လူစည်ရင်လည်း ညီအစ်ကိုနှစ်ယောက်စလုံး အနားမရှိတော့တာလေ။

ဖိတ်စာတွေဘာတွေကအစ Computer စီပေးတာမို့ အရေးကြီးတဲ့အခါမျိုးပါ တစ်ညလုံးမအိပ်ဘဲ လုပ်ပေးရတာမျိုးလည်း ရှိပါရဲ့။ အဲဒီအခါ အမေပါ မနေရဘဲ ဖိတ်စာပိုင်းခေါက်ပေးရတဲ့အထိ ဖြစ်ကုန်တာပါ။ အဲဒီအခါ အမေ့နှုတ်က 'ချွေးမတွေသာရှိရင် အားကိုးရမှာ'ဟု ညည်းညူရေရွတ်လေတော့ ညီလေး၏မျက်စောင်းက သူ့ထံ ရောက်လာတော့တာပါပဲ။

"ဒီမှာပါ အစ်ကို"

"ဒါက ဘာလဲ"

Slimbag အိတ်ထဲမှ ကတ်တစ်ကတ်ကိုထုတ်ပြီး စားပွဲထက်တင်ပေးလေ၏။ သူယူကြည့်လိုက်စဉ် ဘဏ်ငွေစုစာအုပ်ဖြစ်နေပြီး ငွေအယ်သိန်းအပ်ထားတာကို မြင်ရလေသည်။ ဘာလဲ. . . ဒီငွေကို ထားက သူ့ကိုပြန်ပေးဖို့ စုထားလေသလား။ မဆိုင်လိုက်တာ၊ ဒီငွေနဲ့ထားက စားသောက်ခဲ့တဲ့ ကာယကံရှင်မှမဟုတ်တာလေ။

"ဒီလောက်ရအောင် နှစ်နှစ်လောက် မနည်းကြိုးကြိုးစားပြီး ထားထားရတာ။ ဘာပဲဖြစ်ဖြစ် အစ်ကို့ငွေကို အပြည့်ဖြစ်အောင် ထားပြန်ပေးမယ်။ အချိန်တော့ ပေးပါအစ်ကို. . . နော်"

"မဟုတ်တာ ထားရယ်"

"မဟုတ်လို့ မရဘူး အစ်ကို၊ အကြွေးဆိုတာ ရှိရင်ဆပ်မှဖြစ်မှာ၊ တော်ကြာ ဖွ ! မပြောကောင်းပြောကောင်း မမသာ ရုတ်တရက်အစ်ရုံတစ်ခုဖြစ်သွားရင် ဘဝကူးမဖြောင့်မှာ စိုးတယ် အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



"ထားကလည်း အပူတွေများလိုက်တာ"

ထောက်ခံသည့်နှယ် ထားခေါင်းညိတ်ပြလေ၏။ တစ်ဖက်သာ
ကို နှိမ်တယ်တော့ မဟုတ်ပါလေ။ ကိုယ့်ညီမလိုသဘောထားပြီး စာနာ
လို့ပါပဲ။ ခင်တို့ နှောင်းတို့ထက် အသက်ကြီးပြီး ထားက ပိုတည်ငြိမ် ရ
ကျက်နေသလိုပါ။ ဩော်. . . မိသားစုကို ဦးဆောင်ရှာကျွေးနေရတဲ့လူကို
ဒီလောက်တော့ ရှိမှာပေါ့လေ။

"ဒီငွေကို ကိုယ့်ကိုပြန်ပေးမယ့်အစား မေ့ကို ဆေးကုပေးလိုက်
ပါ ထား။ အဲဒါက ပိုအကျိုးရှိပါလိမ့်မယ်၊ ကိုယ် မယူပါရစေနဲ့"

"ဆေးကုတယ်ဆိုတာ ဆရာဝန်ရှိရုံ ဆေးရှိရုံနဲ့ ရောဂါပျော
တာမျိုးမှမဟုတ်ဘဲ အစ်ကို။ စိတ်ကို အရင်နေသာအောင် ကုနိုင်မှ ရော
ပါ။ လောကမှာ နေလို့မပျော်တော့တဲ့လူမမာကို ဘယ်လိုဆေးမျိုးနဲ့ ကု
ပေးလို့ ပျောက်မှာတဲ့လဲ။ ထားလည်း ကုပေးချင်တာပေါ့၊ မြန်မြန်လည်
ပျောက်စေချင်တာပေါ့။ ပြေးကြည့်မှ ဒီညီအစ်မလေးပဲရှိတာ။ ကာယ
ရှင်သာ ဆန္ဒရှိရင် ဘာမဆို ကုသလို့အောင်မြင်မှာလေ"

စကားဝိုင်းက ခေတ္တမျှ တိတ်ဆိတ်သွားပါ၏။ အမှောင်က အ
ပျိုးလာပြီဖြစ်ပေမယ့် ထားက သတိထားမိပုံမပေါ်။ ဒီတစ်ညတည်းနဲ့
ကို စကားအကုန်ပြောဖို့ ဆုံးဖြတ်ထားတယ်ထင်ပါရဲ့။

"ထားအတွက်လည်း ရှိသေးတယ်လေ၊ တစ်ချိန်ချိန် အိမ်ထော
ပြုတဲ့အခါ ငွေက လိုလာမှာပဲဟာ။ သိမ်းထားလိုက်ပါ ညီမရယ်"

မဲ့ပြုံးပြုံးလိုက်သေး၏။ လောကဓံက ရိုက်ပုတ်ကျီစယ်သည့်
ကို ကြံ့ကြံ့ခံနေပုံပါပဲ။ မိန်းကလေးတန်မဲ့ တောင့်ခံနိုင်တဲ့စွမ်းအားကို
သူချီးကျူးမိတာ အမှန်ပါလေ။ အိမ်ထောင်ပြုဖို့ကိုတောင်မှ ဤသူ





စိတ်မကူးထားပုံပါလား။

"တော်ပါပြီ အစ်ကိုရယ်၊ ရှေ့မှာရှိနေတဲ့မမကိုကြည့်ပြီး အိမ်
ထောင်ပြုဖို့ကို လန့်နေပါပြီ။ လင်စိတ်သားစိတ်လည်း ကုန်ပါရဲ့။ ဒီတူ
တူမလေးတွေရှေ့မှာ လူတစ်လုံးသူတစ်လုံးဖြစ်တဲ့အထိ မားမားရပ်ပေးဖို့
တာဝန်က ထားဆီမှာပဲ လုံးလုံးချည်းရှိနေတာပါ"

"ငယ်ပါသေးတယ် ထားရယ်"

"အစ်ကိုပဲ ထင်နေတာပါနော်"

လေက စိမ့်ခနဲ အေးလာလေ၏။ မိန်းကလေးတစ်ယောက်တည်း
ပြန်နိုင်းလို့ မသင့်တော်တဲ့အချိန်ပါလေ။ နာရီက ရှစ်နာရီကျော်နေပေမယ့်
ဘာတယ်လို့မဆိုသာပါ။ မိန်းမသားတွေအတွက် အမှောင်ဆိုတာ အန္တရာယ်
အရိပ်ပေပဲ မဟုတ်ပါလား။

"ထားပြန်သင့်ပြီ"

"ခွင့်မလွှတ်နိုင်မှန်းသိပါတယ်၊ ထားအတွက် မဟုတ်ရပါဘူး
အစ်ကိုရယ်။ ထားချစ်တဲ့မမအတွက်ကြောင့်ပါ"

သူ သက်ပြင်းကို ကျိတ်ရှိုက်လိုက်မိပါ၏။ ပွဲပြီးမှ မီးသေလို့ ဆို
စကားရှိတာကို။ သူမွေးထားတဲ့မီးကို သူကိုယ်တိုင်ပင် ငြိမ်းသတ်ပေး
ယ်ထင်ပါရဲ့။ နာကြည်းတယ်ဆိုတာရဲ့အဆုံးသတ်က ခွင့်လွှတ်ခြင်းဆို
ကို အခုမှ သူ ရေးရေးလေး သဘောပေါက်မိသလိုပါလေ။

"အမုန်းဆိုတာ ပျိုးမိသူအတွက် ပူလောင်စေတဲ့မီးပါ ထားရယ်။
ယ် နာနာကျင်ကျင်နဲ့ တကာယ်ပဲ ပူလောင်ခဲ့ရတာပါ။ ဘာပဲဖြစ်ဖြစ်
ယ်တို့ရေစက်မပါလို့ လွဲခဲ့ကြတာလို့ပဲ ယူဆပါတယ်။ ဘယ်သူ့ဘယ်သူ
အပြစ်တင်မနေတော့ပါဘူး။ လူတိုင်း ကိုယ့်လမ်းကိုယ်လျှောက်ကြ



www.burmeseclassic.com

www.burmeseclassic.com



ရတာ သဘာဝပဲလေ''

''ဒါဖြင့် အစ်ကို. . . အစ်ကို ခွင့်လွှတ်ပေးနိုင်တယ်ပေါ့နော်''

''ခွင့်လွှတ်ပါတယ်၊ မေ့ထားလိုက်ပါတော့ ထားရယ်။ မေလည်း သူ့ဘဝနဲ့သူ နေသလို ကိုယ်လည်း ဘဝကိုအသစ်ပြန်စဖို့ အားယူနေပ ပြီ။ ဖူးစာမင်းရည်ကျဲခဲ့တယ်လို့ပဲ သတ်မှတ်ထားပါတယ်''

''ဒါလေး''

''မယူပါဘူး ထား။ သူများဆီကယူရင် ပြန်ပေးရတာမှန်ပေမယ့် ဒီကိစ္စက ထားနဲ့မှ မသက်ဆိုင်တာ။ ပြန်သိမ်းထားလိုက်ပါ။ တစ်ချိန်မှ ထားအတွက် လိုကောင်းလိုလာမှာလေ''

''အစ်ကို့ကို တစ်သက်လုံး အားနာသွားရတော့မယ် ထင်ပါရဲ့''

''မလိုပါဘူး ထားရယ်၊ မောင်နှမတွေပဲဟာ။ ထားအကူအညီ လိုရင်လည်း ကိုယ့်ကိုပြောပါ။ အိမ်ကိုမလာရဲရင်တောင် ကိုယ့် Phone ကို ဆက်ပြောလို့ရပါတယ်''

''ကျေးဇူးအနန္တပါ အစ်ကို''

သူ့ Card ကိုထုတ်ပေးတော့ ထားက တရိုတသေယူလေ၏ ဒီမျက်နှာပေါက် ဒီလက်ချောင်းသွယ်သွယ်လေးတွေက တစ်ချိန်တစ်ခါ က သူ့နှလုံးသားကို ကိုင်လှုပ်နိုင်စွမ်းရှိခဲ့တဲ့ချစ်ဦးသူနဲ့ အတော်လေး ဆင်တူနေခဲ့တာပါလေ။ ဩော်. . . မေရယ်။

အခုတော့လည်း ဒဏ္ဍာရီတစ်ပုဒ်လို ကိုယ့်တို့ချစ်ခြင်းတွေ မြေမြှုပ်သိမ်းဆည်းထားရတော့မှာပေါ့။ ဖြူစင်တဲ့နှလုံးသား၊ ရိုးသား ချစ်ခြင်းတွေက ငုဝါတွေပွင့်တဲ့လမ်းမှ ငုဝါပွင့်တွေ ဖြန့်ကျဲထားသလို တစ် စီ ဖြစ်ကျန်ရစ်ခဲ့ပြီပဲ။ ချစ်ခြင်းရဲ့နံရံတစ်ဖက်စီမှာ အမုန်းဆိုတာ ရှိ





နေပေမယ့် အဲဒီအမုန်းထက် ဥပေက္ခာတရားက ဒဏ်ရာရနှလုံးသားကို သက်သာအောင် ကုသနိုင်စွမ်းရှိစေခဲ့တာ အမှန်ပါလေ။

''ပြန်ကြစို့ ထား၊ အစ်ကိုပြန်လိုက်ပို့ပေးမယ်''

''ရပါတယ်၊ ထားပြန်ရဲပါတယ် အစ်ကို''

''မကောင်းပါဘူး ထားရယ်၊ လာပါ. . . ရှင်းမယ်ဟော့''

ဆိုင်ထဲမှထွက်ကာ ကတ္တရာလမ်းပေါ် တက်လျှောက်ခဲ့ကြပါ၏။ ညကွယ်ညမို့ လရောင်က သိပ်မရှိဘဲ ကြယ်ရောင်ဖြင့် မှုန်ဝါးဝါးအလင်း ကိုသာ ရနေပါသည်။ လမ်းပေါ်မှာ ကားတွေက ဥဒဟိုသွားလာနေဆဲပါ ။ ကားမီးရောင်စူးစူးကြောင့် ထားက မျက်စိကိုကာလိုက်စဉ် ခလုတ် တိုက်မိလေ၏။

''အမေ့!''

ထားလက်မောင်းကို သူဖမ်းထိန်းပေးလိုက်ပါသည်။ ထားနှုတ် မှ 'ကျေးဇူး' ဟု လေသံသဲ့သဲ့မျှထွက်လာလေ၏။ ယောက်ျားလေးတွေထက် မိန်းကလေးတွေက အသက်အရွယ်ရလာသည်နှင့်အမျှ ပိုရင့်ကျက်တတ် တာ အမှန်ပဲကိုး။

လမ်းထဲကိုချိုးလိုက်စဉ် ကားဟွန်းသံကြောင့် ထားလက်မောင်း ကိုဆွဲပြီး လမ်းဘေးက ကပ်လျှောက်လိုက်ရပါ၏။ လမ်းမီးက ခေတ်တိုင် ထားနေတာမို့ အလင်းသိပ်မရပါ။ ထားတို့အိမ်နားရောက်စဉ် အားနာစွာ ဖြင့်ကြည့်လိုက်သည့်ထားကို နှစ်သိမ့်ပြုံးဖြင့် တုံ့ပြန်လိုက်မိလေသည်။

''ပြန်တော့မယ်''

''လိုက်ပို့ပေးလို့ ကျေးဇူးပါ အစ်ကို''

ထားကိုလက်ပြကာ ကျောခိုင်းလိုက်မိ၏။ အိမ်ကြီးက အရှေ့ဘို



www.burmeseclassic.com

www.burmeseclassic.com



ရှည့်တာမျိုး မရှိတော့ဘဲ တိတ်ဆိတ် ငြိမ်သက်လို့ပါလေ။ ကလေးတွေ အိပ်ကုန်ပြီလား။ အနည်းဆုံးတော့ ကလေးငိုသံသဲ့သဲ့လေးတော့ ကြား သင့်တာပါလေ။

အိမ်ပြန်သင့်ပြီ မင်းမင်းရေ . . .။

♥♥♥

## အခန်း (၁၇)

"ဘာတွေ လာပို့ပြန်ပြီလဲဟေ့"

ညီလေးအော်သံကြောင့် ရေချိုးပြီး ရေသုတ်နေရင်း လန့်သွားပါ၏။ နှောင်း ရောက်လာပါပြီကော။ မီးဖိုခန်းဘက်ဝင်လာရင် ရေချိုးခန်း ထွက်လာတဲ့ မလုံ့တလုံသူ့ကို တန်းတိုးတော့မှာလေ။ ဘုရားသိကြား မ လို့ ညှော်ခန်းမှာပဲ ရပ်နေပါစေဦး။

"အား . . . ကိုကြီးက အသံမပေးဘူးကွာ၊ လန့်သွားတာပဲ"

"ဟောဗျာ! ကိုယ်ဘာလုပ်မိလို့လဲ"

"ဒီမှာ ချိုင့်လှယ်ဖို့ ဝင်လာမိတာကို၊ မေချောရော"

"မရှိဘူး။ ကြီးကြီးတို့အိမ်သွားတယ်"

မျက်စောင်းခဲလိုက်ပြီး သူ့ကိုကျောပေးကာ ပန်းကန်စင်မှ ပန်း ကန်တွေထဲ ဟင်းလှယ်ပေးနေပြီမို့ နှောင်းနောက်မှ သူအသာထွက်ခဲ့ရ သော၏။ ညှော်ခန်းမှာ Computer စာစီထားတာကို စစ်နေသည့်ညီမျက်



www.burmeseclassic.com

www.burmeseclassic.com



နှာက ပြုံးစိစိ။ ရေချိုးပြီးပတ်ဖို့ကို အမေ မီးပူထိုးပေးထားတာမို့ ညည်ခန်း ရှိ ဗီရိုပေါ်မှာ လာယူရတာကိုး။

"ဘာလဲ. . . Muscle တွေ တွေ့ကုန်ပြီလား"

"ဟာ! တိုးတိုးကွ"

"လူပျိုကြီးရှက်တယ်တဲ့ဟေ့. . . ဟာဟ"

"ညီညီနော်. . . ဟေ့ကောင်"

"နှောင်း လိပ်ပြာလွင့်သွားရင် ပြန်ခေါ်ပေးလိုက်ဦးလေ"

"မင်းနော်"

သူအဝတ်ယူကာ လိုက်ကာဖယ်ပြီး ပြန်ဝင်လေမှ အထဲက ထွက် လာသည့်နှောင်း၏ခေါင်းနှင့် သူ့ရင်ဘတ် ဆောင့်မိလေတော့၏။ ရော်! ပြဿနာပါပဲ၊ ဒီနေ့မှ ကမောက်ကမကို ဖြစ်လို့ပါလားနော်။

"အား. . . နာလိုက်တာ"

"ဥုဖွ. . . ဥုဖွ. . . Sorry!"

မရည်ရွယ်ရပါဘဲ သူ့လက်က နှောင်းနဖူးကို အသာဖွဖွ ပွတ် ပေးမိလေ၏။ ရဲခနဲရှက်သွေးဖြာသွားရပါသည့်အလှကို ရိပ်ခနဲ သူမြင်လိုက် ရပါသည်။ နောက်ထပ် အမှားဖြစ်ပြန်ပြီထင်ပါရဲ့။

"အဟမ်း! အဟမ်း! ရပ်ကွက်ထဲမှာ ဒီလိုပဲ. . . ရှိတယ်. . . ရှိ တယ်"

"နန္ဒနော်. . . ခွေးစုတ်၊ ဒီမှာ နာရတဲ့အထဲ"

"ဘာလဲဟ၊ သီချင်းဆိုတာကို အိုးမဲလုံ့ အုံ့ထပွင့်နေပြန်ပါပြီ။ ဘာလဲ! ရင်ထဲမှာ ဒိုင်းနမိုက် ထပေါက်ကုန်ပြီလား။ ဟုတ်လား. . . အား"

အုန်းခနဲထုသံ ကြားရလေ၏။ ညီကတော့ အသာအနာခံပြီးကို





စတာတ်တာပါလေ။ လောလောဆယ် မျက်နှာပူနေသေးတာမို့ ညည်ခန်းကို ချက်ချင်းပြန်မထွက်ရဲသေး။ ဒီကောင် လျှောက်စတာနဲ့ နှောင်းကို မျက် နှာချင်းဆိုင်ရမှာ ခက်ပါရဲ့နော်။

မုန့်ထဲကြည့်ကာ ခေါင်းဖြီးရင်း ပြုံးလိုက်မိပါ၏။ ကလေးနဲ့ တွဲစ တာတော့ အားနာမိပါရဲ့။ ဒါပေမဲ့ စိတ်ထဲမှာတော့ ဆိုးတာမျိုးမရှိပါဘဲ ကျေနပ်နေသလိုပါလေ။ ဘုရားရေ! ငါဘာတွေဖြစ်နေပြီလဲ။ ချစ်သူနှင့် လက်ထပ်ဖို့ ဒီနေ့ ဆွေးနွေးဖို့သွားရမှာကို ဘယ်လိုဖြစ်ပြီး ဤကလေးမ နဲ့ပတ်သက်လို့ ပီတိဖြစ်နေမိပါသလဲ။ ရှက်ဖွယ်ကောင်းလေစွ။

"ဒီကစ်ခါလည်း ငါ့ကိုပေးမစားချင်ဘူး မဟုတ်လား"

"အေး. . . ဟုတ်တယ်၊ မေတ္တာကို မရှိဘူး"

"အေးပေါ့၊ နင့်မေတ္တာတွေက ငါ့ဆီကိုမရောက်ဘဲ တခြားကို ရောက်ချင်နေတာကိုး။ သိပ်ါ"

"နန္ဒနော်. . . ပြောပြန်ပြီ"

"ပြောပါဦး၊ ဘာဟင်းတွေများလဲ"

"မပြောပါဘူး"

"မပြောရင် ငါသွားနှိုက်စားလိုက်မှာနော်။ မပြောမရှိနဲ့"

"ဟဲ့! လူကြီးတွေထက်အရင် နင်စားလို့ဘယ်ဖြစ်မှာလဲ"

"စားတော့ ဘာဖြစ်မှာမို့လို့လဲ"

"ဆံပင်ဖြူမှာပေါ့"

"သြော်. . . ဒါလေးများ ကိုင်ဖာရဲ့သီချင်းလို အဘွားကြီးမင်း က အဘိုးကြီးငါ့ကို မောင်တွေဘာတွေခေါ်ပါဦးဖြစ်မှာပေါ့။ မဟုတ်ဘူး လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်! အဲဒါ အသွားယူချင်ဦး၊ မှတ်ထား"

"အားလားလား. . . ငါက အသားယူတာမဟုတ်ဘူး ပုရွက်ဆိတ်မရဲ့။ နင်ကမှ အသားယူတာ။ ငါ့ပေါင်သားတွေ ပွဲကုန်ပါပြီ။ ကျွတ်! ကျွတ်! နာလိုက်တာ"

"ကောင်းတယ်"

Sport-shirt အင်္ကျီကြယ်သီးတပ်နေရင်း သူငြိမ်နေလိုက်မိ၏။ မောင်လို့ခေါ်ပါဦးတဲ့လား။ ဒါ နှောင်းကို ရည်းစားစကားပြောတာပဲ ဖြစ်မှာပါလေ။ အဟုတ်တကယ်ပဲလား။ ညီက သူ့ကိုပြောတော့ဖြင့် တစ်မျိုး အခုက တစ်မျိုးဖြစ်နေတာပါလေ။ ဘာကိုအတည်ယူရမှာပါလိမ့်။

"ကဲ! ပြောမှာသာပြောပါ၊ မေမေပြန်လာရင် ထမင်းစားရတော့မှာ"

"ကန်စွန်းရွက်နဲ့ချဉ်ပေါင်ကို ရိပ်ရိပ်လှီးပြီး စပ်စပ်လေးကြော်ထားတာရယ်၊ အာလူးနဲ့ဝက်သားကို ပဲငံပြာရည်လေးနဲ့ အချိုချက်ထားတာ ခြောက်ခြောက်လေးရယ်၊ ပြီးတော့ ကြက်ရိုးနဲ့ မုန်ညင်းရွက်ဟင်းချိုလေးရယ် လာပို့တယ်. . . မျိုးတော်မှချည်"

"Good တယ်ကွာ၊ မပြန်နဲ့ဦးနော်"

"ဘာလို့လဲ"

"မေမေပြန်လာရင် နင့်ကို ဟင်းပြန်ထည့်ပေးမှာမို့လို့"

"ဘာဟင်းတုန်း"

"ဒီနေ့ ငါ့အကြိုက် ပဲပုပ်ဆီဆမ်းနဲ့ ကိုကို့အကြိုက် ပုစွန်ထုပ်ဆီပြန်ချက်ထားတာ"

"ဟင်! နှစ်မျိုးတည်းကိုများ ငါရှုံးတာပေါ့"





"မရှုံးချင်ဘူးလား"

"အေး"

"ဒါဖြင့် ဒီနားတိုး"

"နင်နော်"

"တိုးတိုးပြောမလို့ပါဟ၊ တိုးမှာသာ တိုးစမ်းပါ"

ဗုဒ္ဓေါ! ညီလုပ်ပုံက နှောင်းတော့ မည်သို့နေမည်မသိ၊ သူပါ ရင်တုန်လာရတာပါလေ။ ဒီကောင် ဘာမဟုတ်တာများ လုပ်မလို့ပါလိမ့်။ ညီလေးက အဲဒီလောက်တော့ အဆင့်ကျော်ပြီး လုပ်ကျင့်မရှိတာ သူအသိပါလေ။

"ငါ့အစ်ကိုဆီကနေ အနှစ်အသည်းစုံ နှလုံးကလီစာအစုံ တစ်ပွဲလောက် တောင်းယူသွား"

"ခွေးကောင်. . . နင်တော့ နာတော့မယ်"

သက်ပြင်းကို ကျိတ်ရှိုက်လိုက်မိ၏။ လေကိုလည်း မှုတ်ထုတ်လိုက်မိပါသည်။ ရင်မောရပါလား နှောင်းရယ်၊ ကိုယ့်အဖြစ်က အဝေးမှာရှိနေတဲ့ချစ်သူဆီ ခြေလှမ်းရှေ့ချင်နေပေမယ့် ဘေးမှာရှိနေတဲ့နှောင်းကြောင့် ရွှေ့မရနိုင်အောင် ဖြစ်နေပါပေါ့လား။

ကိုယ် ဘာများဆက်လုပ်ရပါ့မလဲ. . .

"ကိုကို. . . ဟာ! မှန်ပေါက်ပြီလားမသိဘူး။ ကြာလိုက်တာ"

"ဘာလဲကွာ"

""ဒီမှာ Photo ဆွဲပေးသွားဦးနော်၊ လစ်မသွားနဲ့။ ညီက သင်တန်းစရတော့မှာ"

"အာ. . . ငါသွားစရာရှိလို့ပါဆို"



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်က အရေးကြီးလား၊ ကိုကိုကိစ္စက အရေးကြီးတာလား။ ဒီအလုပ်က ထမင်းကျွေးတာလား၊ ကိုကိုဟာလေးက ဗိုက်ဝမှာလား"

"အေးပါ. . . အေးပါ၊ ဒါပြီးမှပဲ ငါသွားပါတော့မယ်"

ရန်စကားပါပဲလား။ အပြင်ကို သူထွက်လို့မရအောင်ကို ချုပ်လိုက်တာပါလေ။ တကယ်လည်း ညီသင်တန်းပေးချိန်မို့ ဆိုင်မှာ သူမရှိလို့ မဖြစ်ဘဲကိုး။ စားပွဲထက်တင်ထားသည့်စာရွက်တွေမှာ Pin ဖြင့်ညှပ်ထား သည်က အစုံ(၂၀)၊ အစုံ(၅၀) စသည်ဖြင့်။ သူတော့ ဒီနေ့အဖို့ ခင့်ခ ရောက်တော့မှာပါပဲ။

"ဆရာရေ့"

"အေး. . . လာကြတပည့်တို့၊ ခဏလေးစောင့်ကြဦး"

ညီက အရေးပိုကြီးသည့်စာရွက်ကိုရွေးပြီးမှ သူ့လက်ထဲသို့ ထည် ပေးလေ၏။ နောင်းက အမေ့ကိုစောင့်ရမည်ဖြစ်၍ ဂျာနယ်တစ်စောင်ကို ကောက်ယူဖတ်ရင်း ဧည့်ခန်းဆက်တီမှာ ထိုင်နေရှာလေသည်။

"အဲဒါအပြီးနော်၊ ညခုနစ်နာရီ လာယူမှာ"

"အေးပါကွာ. . . ငါသိပါတယ်"

"သိရင်ပြီးတာပဲ"

ညီလေးက Learning Room ထဲသို့ တပည့်တွေနှင့်အတူ ဝင်သွားလေပြီ။ မိတ္တူစက်က ဆိုင်ထဲမှာမို့ ဧည့်ခန်းမှအထွက် သူ့လက်ထဲ မှ စာရွက်တချို့လွင့်ကာ နောင်းခြေထောက်အနီးသို့ ကျသွားလေ၏။ ငြ လိုက်ရင် မင်းသီဟတို့ကတော့ အရာရာနဲ့အကြောင်းကြောင်းချည်းပဲ လား။

"ကျစ်! မှားကုန်တော့မှာပဲ"





"နောင်း မှတ်မိပါတယ်၊ နန္ဒရေးကတည်းက ကြည့်ထားတာ"

စာရွက်ကိုကောက်ယူပြီး ထလိုက်လာပြီမို့ သူမပြောသာတော့။ မလာနဲ့လို့လည်း ဘယ်ပြောလို့ဖြစ်ပါ့မလဲ။ တကယ့်ကိုပဲ သူနဲ့အတူ မိတ္တူ စက်အနီးရပ်ကာ စာရွက်တွေ ရွေးတာ၊ စီထပ်ပေးတာတို့ကို ကူလုပ်ပေး နေတော့တာလေ။ အမြင်မတော်ရင် ကူလုပ်ပေးတတ်တဲ့အကျင့်က နဂို ကတည်းက နောင်းလေပြည်ဆီမှာ ရှိနေတာမဟုတ်ပါလား။

"ပိုနေပြီ. . . ပိုနေပြီ နှစ်ဆယ်တည်းလေ၊ ကိုကြီးခွဲတာ ကျော် ကုန်ပြီ"

ခလုတ်ကိုအမြန်ပိတ်လိုက်ရ၏။ စိတ်တွေ ဂယောက်ဂယက်ဖြစ် နေပြန်ပြီလား။ မဟုတ်သေးပါဘူး၊ ဒီလောက်သတိထားနေရင်းနဲ့ အမှား မှားအယွင်းယွင်းဖြစ်ရတယ်လို့။ သေတော့မှာပဲ မင်းသီဟလင်းရယ်။

"ငါးဆယ်ဆို"

"ငါးဆယ်က ဒါလေ ကိုကြီးရဲ့"

"ဟုတ်လား"

"မဟုတ်တဲ့နဲ့ ပြောပါ့မလား။ နောင်းဦးနှောက် အမျှားကြီးကောင်း သေးတယ်"

သေစမ်း! ဒါဖြင့် သူက Brain ချောင်နေတဲ့လူပေါ့။ ကလေးက အပြစ်ပြန်ထောက်ပြတဲ့အထိ မှားရသတဲ့လား။ ပြဿနာတော့ အကြီး အကျယ်တက်တော့မှာပဲ။ စာရွက်တွေ အလေအလွင့်ဖြစ်ရင် အိမ်က ကပ် စေးနဲ့ကော်တရာ ညီနန္ဒအောင်က ပွစိပွစိပြောတော့မှာလေ။

"ဘယ်နှရွက် ပိုသွားလဲ"

"ဆယ်ရွက်"



www.burmeseclassic.com

www.burmeseclassic.com



"ကျစ်! အပွမ်ခံရတော့မှာပဲ"

"ကိုကြီးက စိတ်နဲ့လူမှ မကပ်တာကိုး"

"အေးပါ. . . ဟုတ်ပါတယ်၊ လူကိုကြိုတုန်း ဝိုင်းဖွဲ့ထားကြပါ"

"နှောင်းက ကိုကြီးကို စေတနာနဲ့သတိပေးတာပါနော်။ အပြစ်တင်ချင်လို့ မဟုတ်ရပါဘူး"

"ဟောတော်! သမီးလေး ရောက်နေတာကိုး၊ အတော်ပဲ၊ ဒီနေ့ ဟင်းကောင်းချက်တာ ထည့်ပေးချင်နေတာ"

"အမေက နောက်ကျနေတာ၊ နှောင်းက အရင်လာပို့ပြီးနေပြီ"

"သာဓုပါတော်. . . သာဓုပါ. . . သာဓု၊ ဒီလိုချွေးမအလိမ္မာမျိုး ရချင်စမ်းပါဘိ"

"ဟာ! အမေ"

"ဘာအမေလဲ၊ မင်းမယူလည်း အမေ့သားငယ် ရှိသေးတယ်"

"မေချောကလည်း နှောင်းကို မျက်နှာပူအောင် မလုပ်ပါနဲ့"

အမေက သဘောကျစွာ ရယ်မောရင်း အိမ်ထဲဝင်သွားလေတော့၏။ စက်အနီးမှာ ဘာစကားမှဆက်မပြောတော့ဘဲ အလုပ်ကိုသာ အာရုံစိုက်ကာ တိတ်တိတ်ဆိတ်ဆိတ်လုပ်နေမိလေသည်။ အချိန်မည်မျှကြာသွားမှန်းပင်မသိ၊ ညီလေး သင်တန်းဆင်းပြီး ဝင်လာသည်နှင့် သူ့မိတ္တူကူသည့်ကိစ္စကလည်း ပြီးတာအတူတူပါလေ။

"တက်ညီလက်ညီအလုပ်ဖြစ်နေတယ်ပေါ့လေ"

"ငါမကူညီဘဲ နေလိုက်မှာနော်"

"သားတို့သမီးရော ထမင်းစားစို့လေ"

"ဟယ်! နှောင်း မစားပါဘူး မေချောရယ်၊ မဟုတ်တာ"





"စားသွားပါ သမီးရယ်၊ မငယ်တို့ဖို့ အမေ ဟင်းသတ်သတ်ထည့်ပေးလိုက်မှာပါ။ ထမင်းလက်ဆုံမစားရတာ ဘယ်လောက်ကြာနေပြီလဲ။ သာလာ. . . အမေ ငါးပိနဲ့တို့ဖို့ တို့စရာဆေးနေတာ"

"နှောင်း လုပ်ပေးမယ်လေ"

"အဲဒါလေးတွေကြောင့် ငါ့သမီးကိုချစ်နေရတာ"

"ပေါ်တင်ကြီးပါလားဟေ့"

"နန္ဒနော်"

ရယ်သံတွေ ထွက်လာပါ၏။ မရယ်ဖြစ်ပေမယ့် သူ့မျက်နှာထက် အပြုံးတော့ ထင်နေမည်သာ။ အမေ့ချွေးမတဲ့လား။ တစ်ကြိမ်တွဲဖူးသူကိုသည်း မနှစ်မြို့က်၊ နောက်ထပ်တွဲပြန်တော့လည်း သဘောမတူချင်။ အမေ့ဆန္ဒ အမေ့သဘောကို သူမည်သို့များ လိုက်လျောရပါမည်နည်း။

'အသွားမတော် တစ်လှမ်းတဲ့'။ မြေလှမ်းမိပြီဖြစ်တဲ့ 'သက်လယ်ခင်'ကို လက်ထပ်ဖို့ သူဆုံးဖြတ်ပြီးတဲ့နောက်မှာ ဘာကိုမှ နောက်ထပ်မှားသို့မဖြစ်တော့တာလေ။ အသည်းဆိုတာ တစ်ခါကွဲဖူးရုံနဲ့ တော်သင့်ပြီပေါ့။ နောက်ထပ်အကွဲခံဖို့ ဖြစ်သင့်ပါ့မလား။ သူ့လိုမျိုး ဒီလိုအဖြစ်နဲ့ကြုံဖူးတဲ့သူတွေလည်း ရှိတော့ရှိမှာပါလေ၊ သို့သော် အသည်းမာတဲ့လူတွေအတွက်အဖြင့် ကိစ္စမရှိ။ သူ့လိုတစ်ယောက် တစ်ဦးတည်းသောသူကို ချစ်ကဲ့သူအဖြင့် ကံကြမ္မာက ရက်ရက်စက်စက် နှလုံးသားကို ကွဲကြေစေသလို ဖြစ်နေရတာလေ။

"စားနော်. . . သမီးလေး"

အမေ့အသံကြောင့် သူသတိဝင်သွားရစဉ် သူ့ထမင်းပန်းကန်ထဲသို့ ဝက်သားနဲ့အာလူးဟင်းကိုရော၊ ကန်စွန်းရွက်နှင့် ချဉ်ပေါင်ရွက်



www.burmeseclassic.com

www.burmeseclassic.com



ရောကြော်ထားတာကို ဖွန်းဖြင့်ခပ်ယည့်ပေးလိုက်သည်က နှောင်းရယ်ပ လေ။ အမေရော ညီလေးပါ ပြုံးစိစိမျက်နှာကို ငုံ့ချလိုက်တာမို့ တော် သေးရဲ့။

မသိလို့ပဲလား. . . ဒါမှမဟုတ် တမင်သိသိကြီးနဲ့ပဲ သူမ ဤသ ပြုမူပြလေသလား။ မိန်းမတို့သဘောကို သူ ခုချိန်ထိ နားမလည်နိုင်သေ ပါလေ။

❤ ❤ ❤



# အခန်း (၁၈)

ညနေခင်းမို့ လမ်းလျှောက်ထွက်သလိုဖြင့် ကားမယူဘဲ သူထွက် ပါ၏။ ချစ်သူလေး နေမကောင်းဖြစ်နေသည်တဲ့။ ဘာဝယ်လို့ ဝယ်ရမှန်း သိပေမယ့် ပန်းသီး လိမ္မော်သီး ကြိုက်တတ်သည့်ခင့်မို့ သစ်သီး သုံး သားမျိုး ဝယ်လာခဲ့မိပါသည်။ ခေါ်ခေါ်ချင်း ရောက်မလာဖြစ်သည့်အတွက် တ်ခုနေဦးမယ်ထင်ပါရဲ့။

လမ်းကြားကိုချိုးချလိုက်စဉ် မထင်မှတ်ပါဘဲ ခလုတ်တိုက်မိလေ ည်။ ညာဘက်ခြေမနေရာမှ နာနာကျင်ကျင်ခံစားမှုကြောင့် စုတ်သတ် က်မိသည်။ မိန်းမတွေ ဘယ်ဘက်ခြမ်းနာကျင်ရင်(သို့မဟုတ်) ယောကျ်ား တွေ ညာဘက်ခြမ်းနာကျင်ထိခိုက်မိရင် ပျောက်ဖို့က ရက်ရှည်တတ်တယ် ဆိုတာကို ကြားဖူးနားဝ ရှိခဲ့တာပါလေ။

"ကျွတ်! ကျွတ်!"

ကွဲတော့ ကွဲမသွားပါ။ ထိပ်တည့်တည့်မှာ ညိုမည်းသွားတာမို့



www.burmeseclassic.com

www.burmeseclassic.com



သွေးခြေဥသွားပြီမှန်း သိလိုက်ပါ၏။ ဘယ်လိုဖြစ်ရတာပါလိမ့်။ တစ်ခါမ ဒီလိုမျိုး မတော်တဆ ထိခိုက်တာမျိုး တစ်ကြိမ်တစ်ခါမှ မဖြစ်ဖူးတာလေ ဘာများလဲ. . . ရင်ထဲမှာ ဒိတ်ခနဲဖြစ်ကာ ကြက်သီးများပင် ထသွားရလေ၏။ ထူးထူးဆန်းဆန်းပါပဲလား။

ခြံဝတံခါးက ခါတိုင်းလို ဟင်းလင်းဖွင့်ထားခြင်းမရှိပါလေ။ ဘယ် လိုလဲ. . . အခုမှ အစောကြီးရှိသေးတာကို ခြံတံခါးကြီးပိတ်ထားစရာလား ပြီးတော့ သူ ဒီညနေ လာမယ်ဆိုတာကို ကြိုအကြောင်းထားတာမို့ သိမ် ကြီးနဲ့ တမင်များ ပိတ်ထားသလိုဖြစ်မနေဘူးလား။ သို့တည်းမဟုတ် သမ် ဖြစ်သူ နေထိုင်မကောင်းဖြစ်နေတာမို့ ညှို့သည့်နှောင့်ယှက်တာမျိုး မဖြ စေချင်၍ပဲလား။ ဟုတ်မှာပါ၊ ဒါပဲဖြစ်နိုင်လောက်ပါတယ်လေ။

ခြံတံခါး Bell ကို နှိပ်လိုက်ပါ၏။ တစ်အောင့်အကြာမှာ ခင်တို့ အိမ်မှ ကောင်မလေး အပြေးထွက်လာပါသည်။ ဘုရားရေ! ခင် တစ်ခု ဖြစ်လို့များလား။ ဖွဟဲ့! လွဲပါစေ ဖယ်ပါစေ၊ ဆေးရုံဆေးခန်းတစ်ခုခုတ ရရင်တော့ သူ့ကို Phone ဆက်ပြီး အကြောင်းကြားမှာ အမှန်ပါလေ

“နင့်မမရော”

“ရှိပါတယ်”

ရှိပါတယ်ဆိုပြီး ခြံတံခါးကိုမဖွင့်သေးတာမို့ သူ အံ့သြနေရပါ ကွေ့လား. . . တစ်ခုခုထူးခြားပါတယ်လို့၊ သူထင်တဲ့အတိုင်းပါပဲ။ ကောင် မလေးမျက်နှာက တစ်ခုခုကို စိုးရိမ်ထိတ်လန့်နေသလိုပါလေ။ ကြည့်ရတာ ခင်တော့ သူမလာနိုင်တာနဲ့ အိမ်မှာ သောင်းကျန်းနေပြီထင်ပါရဲ့။

“ခြံတံခါးဖွင့်ပေးလေ”

“ဟို. . . ဟို”



'ကောင်မလေးက အိမ်ဘက်ကို လက်ညှိုးညွှန်ပြကာ ဇက်မပြော သလို ဖြစ်နေတာပါလေ။ ဘာလဲ၊ ဘယ်သူက တံခါးမဖွင့်ဖို့ အမိန့်ချထား တာပါလိမ့်။ အာဏာရှိတဲ့လူက အန်ကယ်ဦးသက်မောင်ဖြစ်ပေမယ့် အိမ် ရဲ့ဆည်းလည်းလေးဖြစ်တဲ့ 'သက်လယ်ခင်'ရဲ့နှုတ်ထွက်စကားကလည်း ဒီ အိမ်မှာ အတည်ပဲမဟုတ်ပါလား။

“ဘာဖြစ်လို့လဲ”

“မမကလေ. . . ဦးကို မတွေ့ချင်ဘူးတဲ့”

“ဘာ!”

“အဲဒါ ဦးလာရင် တံခါးဖွင့်မပေးရဘူးလို့ မှာထားလို့ပါ”

“ကျစ်! သူနေမကောင်းဘူးဆိုလို့ လာကြည့်တဲ့လူကို အဲဒီလို ပြောလွှတ်နိုင်းရလား။ တံခါးဖွင့်မှာသာ ဖွင့်စမ်းပါ ညီမရယ်၊ သူ့ကို အစ်ကို ပြောစရာတွေရှိတယ်”

“အပြုံး”

“ရှမ်! မမ”

ကောင်မလေး တုန်ခနဲဖြစ်သွားပါ၏။ အိမ်ရှေ့မှ လှမ်းအော်လိုက် ခါက ဒေါသစွက်နေသလိုပါလား။ ဘာကိုများ စိတ်တိုနေပါသလဲ၊ တကယ် ဆို ဒေါသထွက်ရတဲ့လူကိုသာ ထွက်ပြီး၊ မဆိုင်တဲ့လူကို ရန်မရှာသင့်ပါ ဘူး။ သို့သော် သူချစ်တဲ့မိန်းကလေးကဖြင့် အဲဒီလိုကလေးဆန်ပြီး ပတ် ဝန်းကျင်ကို ရမ်းပြီး ရန်ရှာတတ်တဲ့အကျင့်ရှိတတ်တဲ့ မိန်းမဆိုးလေးမှန်း အစောကြီးကတည်းက သိထားတာပါ။

“နင့်ကို ငါဘာမှာထားလဲ”

“ဟို”



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်တို့ မရှိကြဘူးလား"

"မရှိဘူး ဦးရဲ့၊ ဘဘရော ကြီးကြီးပါ ဘုရားကိုးဆူဖိတ်ထား
တာ သွားကြတယ်"

"ဟုတ်လား၊ တံခါးသာ ဖွင့်စမ်းပါ အပြုံးရယ်။ သူ့ကို အစ်
ချောရဦးမှာ။ ဖျားတာနဲ့ သူ့ကိုထားခဲ့ကြတာပဲဖြစ်မယ်"

ကောင်မလေးက သူပြောတာကို နားယောင်ကာ ခြံတံခါးသေ
ကို ဖွင့်ပေးလိုက်လေ၏။ မဒေါ်သလေးကတော့ အတော်လေးကို ဒေါ
ဖြစ်ကာ ခြံထဲဆင်းလာတော့တာလေ။ အပြုံးကတော့ သူတို့ပြဿနာဖြ
မှာကို ကြိုမြင်နေသည့်အလား အိမ်ထဲဝင်ပြေးချေပြီ။

"ဘာလာလုပ်တာလဲ"

"ဟောဗျာ! ခင်ကလည်းလေ၊ ကိုယ်အလုပ်များနေတာနဲ့ ခ
နေမကောင်းဖြစ်နေတာကို လာမကြည့်နိုင်တာပါ။ အခုအားတာနဲ့ ပြေ
လာတာလေ။ ဒီမှာ ခင့်ဖို့"

သူ့စကားပင် မဆုံးလိုက်ပါ။ လက်ထဲမှာ Plastic အိတ်ဖြ
သယ်လာသည့်သစ်သီးတွေကို ရိုက်ချလိုက်တာမို့ ကွန်ကရစ်ခင်းထားသ
လမ်းပေါ် တလိမ့်လိမ့်ကျကာ ပွံ့ကျဲကုန်လေ၏။ သူအံ့ဩလွန်း၍ ပါး
အဟောင်းသားဖြစ်သွားရပါသည်။ ဘယ်လိုလဲ... တရားခံက သူကို
တိုင်ဖြစ်နေပြီလား။

"ခင်... ဘယ်လို"

"ဘာမှ လာဖားစရာမလိုဘူး၊ ရှင့်အကြောင်းတွေကို အ
ကျွန်မသိပြီးနေပြီ ကိုမင်းသီဟလင်း"

"ဘာရယ်"





"ကျွန်မဘဝမှာ ရှင့်ကို ပထမဦးဆုံးအကြိမ်တွေ့ပြီး ပထမဆုံး
ချစ်မိခဲ့တဲ့သူပါ"

"ခင်"

"ရှင့်ကို အချစ်ဦးမှန်းသိသိကြီးနဲ့ ရှင်မို့ အခုလိုလုပ်ရက်တယ်"

"မဟုတ်ဘူး ခင်"

"ဘာမဟုတ်ရမှာလဲ၊ ဒီမျက်လုံးနဲ့ တပ်အပ်ကြီးမြင်ခဲ့ရတာတောင်
မှ မဟုတ်ဘူးငြင်းရဲတယ်ပေါ့လေ"

အံကိုတင်းတင်းကျိတ်ကာ လက်သီးဆုပ်လျက် စွပ်စွဲနေတာ
ကြောင့် သူမည်သို့ရှင်းပြရမည်မှန်း မသိတော့ပါလေ။ ဒေါသမျက်ဝန်းမှ
မျက်ရည်ဥတို့ ခိုသီလာတာမို့ ဒီမိန်းကလေး အတော်လေးကို ခံပြင်းနေ
တာမှန်း သူသိလိုက်ပါသည်။ ခက်တာက ဘာကိစ္စကို ဘယ်လိုဖြစ်ပြီး
ဘယ်လိုနည်းလမ်းမျိုးနဲ့ ရှင်းပြရမှာပါလိမ့်။ ဝေခွဲမရနိုင်ပါလေ။

"ဘယ်သူ့ကိုမြင်ခဲ့တာလဲ ခင်ရဲ့၊ မှားနေပြီနော်။ ခင်ထင်သလို
မဟုတ်ဘူး"

"ဘာ! ရှင့်အဆက်ဟောင်းနဲ့ လမ်းဘေးလက်ဖက်ရည်ဆိုင်မှာ
ကြည်နေတာ၊ ဘေးပတ်ဝန်းကျင်ကို သတိမထားမိအောင်ကို အဖြစ်သည်း
နေကြတာ ကျွန်မက အမြင်မှားတယ်တဲ့လား"

ကြည့်စမ်း! ထားနဲ့ တစ်ညလေး စကားပြောလိုက်မိတဲ့ကိစ္စကို
ဘယ်လိုများ သိသွားရတာပါလိမ့်။ ဆိုးတာက အဆက်ဟောင်းဆိုပြီး တိ
တိကျကျစွပ်စွဲချလိုက်တာကိုပါ။ မေ့နဲ့ပတ်သက်ပြီး ရည်းစားဟောင်းကိစ္စ
ကို ပြဿနာရှာရတယ်လို့။ ကြားထဲက ထားက ပဲကြားကဆားလို့ ညပ်
သွားရတာမို့ မျက်နှာတောင် ပူသွားရတာပါလေ။ အူတိုတယ်ဆိုပေယ့်



www.burmeseclassic.com

www.burmeseclassic.com



အတိုင်းအတာတစ်ခုအထိသာ ရှိသင့်တာပါ။

"အဲဒါပြီးခဲ့တဲ့ကိစ္စပါ ခင်ရာ၊ ကိုယ် အခုခင်နဲ့ပတ်သက်ပြီး ဘယ် မိန်းကလေးကိုမှ စေ့စေ့တောင် မကြည့်တော့တဲ့လူပါ"

"ဪ. . . ဟုတ်လား၊ အဲဒီမိန်းမရဲ့လက်ကို အကြင်နာ ကရုဏာနဲ့ ဆုပ်ကိုင်ထားတာကရော ဘာသဘောလဲ ကိုမင်းသီဟရဲ့"

"ထားက မေ့ညီမပါ ခင်၊ မေနဲ့ကိုယ်ပြတ်ခဲ့တာ ငါးနှစ်ကျော် ရှိနေပါပြီ"

"အဲဒါနဲ့ ညီမဖြစ်သူကိုပါ ကြံလိုက်တယ်ပေါ့လေ။ ဟုတ်လား"

"ဟာ! ခင် ဘယ်လိုပြောလိုက်တာလဲ"

ဘုရားရေ! ဒီမိန်းကလေး ဤမျှအထိ ရိုင်းလိမ့်မည်ဟု ထင်မထားခဲ့။ အမြင်နှင့်ဆန့်ကျင်စွာဖြင့် သိမ်မွေ့နူးညံ့ခြင်းတွေ ဘယ်ကိုများ လွင့်ပျယ်ကုန်တာပါလိမ့်။ 'သက်လယ်ခင်' ဆိုတာ ကြည်နူးရွှင်၊ အေးဆေးတည်ငြိမ်တဲ့ မိန်းကလေးအဖြစ် သူသိခဲ့ရတာပါလေ။ အခုတော့ ဒေါသတွေနှင့် ပြောင်းပြန်တွေ ဖြစ်ကုန်ပါရောလား။ ခက်ချေပြီကော 'သက်လယ်ခင်'။

"ဘာလဲ၊ ရှင့်ဟာတွေကိုထိလို့ ဆတ်ဆတ်ထိတောင် မခံနိုင်ဘူး ပေါ့လေ"

"ခင်နော်"

"ကျွန်မကို မအော်နဲ့၊ အော်စရာမလိုဘူး။ ကျွန်မက ရှင့်ကိုမှ ရှင့်တစ်ယောက်တည်းကိုပဲ သစ္စာရှိရှိချစ်တဲ့မိန်းမပါ။ ရှင်ကသာ ကျွန်မ နောက်ကွယ်မှာ မိန်းမပေါင်းစုံနဲ့ ရှုပ်ရှုပ်ယှက်ယှက်လုပ်နေတာ။ အလကား လူ. . . သစ္စာမဲ့တဲ့လူ"

"သက်လယ်ခင်. . . မင်းအတော်လွန်နေပြီနော်"





"လွန်တယ်. . . ဟုတ်လား။ သမီးရည်းစားကာလလေးတောင်မှ ရှင့်ကိုဒီလိုစိတ်မချရရင် အိမ်ထောင်ကျဖို့က ဝေးစွပါပဲ။ ရှင့်လို စိတ်ကစားပြီး မိန်းကလေးတွေနဲ့ ရှုပ်ရှုပ်ယှက်ယှက်လုပ်တတ်တဲ့လူကို ပတ်သက်မိတာ နောင်တအရဆုံးပဲ. . . သိလား"

"ငါက ဘာမဟုတ်တာလုပ်နေလို့ အဲဒီလို ရိုင်းရိုင်းစိုင်းစိုင်းပြောရတာလဲ"

"ငါ. . . ဟုတ်လား၊ အခုတော့ သရုပ်မှန်တွေ ပေါ်လာပြီပေါ့။ အဆက်ဟောင်းတွေ အဆက်လတ်တွေ၊ အဆက်သစ်တွေဆိုပြီး ကြိုးရှည်ရှည်လှန်တတ်တဲ့လူက ကျွန်မလိုသူဌေးသမီးကို ဘယ်လက်လွှတ်နိုင်မှာလဲ။ ဒီကြားထဲ ကင်ပြီးသားငါးလေးကလည်း အဆင်သင့်ဆိုတော့ အချိန်မရွေး ကောက်ဝါးရုံပဲကိုး"

"ဘာ! "

ကြည့်စမ်း! ပြောရင်းနဲ့ကို ပိုဆိုးလာတာပါ။ ကင်ပြီးသားငါးတဲ့။ ဘယ်လိုလဲ. . . ဘယ်သူ့ကိုရည်ညွှန်းပြီး ပြောလိုက်ပြန်တာပါလိမ့်နော်။ အာရုံက ဖျတ်ခနဲ နှောင်းကိုမြင်မိလိုက်တာမို့ ရင်ထိတ်သွားရပါ၏။ နှောင်းနဲ့ သက်လယ်ခင်က ရွယ်တူတွေဖြစ်ကြပြီး တစ်ကျောင်းတည်း တစ်တန်းတည်း တက်ခဲ့ကြတဲ့သူငယ်ချင်းတွေဟု ညီ တစ်ခါပြောဖူးတာကို ကြားခဲ့တာလေ။

"ဒီမှာ ခင်"

"ရှင် ကျွန်မကို ဘာဆင်ခြေမှ ပေးစရာမလိုပါဘူး။ ဘီလူးခေါင်းကို ရှင် မခွာပြပေမယ့် အချိန်မီ ကျွန်မမြင်တတ်ပါတယ်။ နှောင်းလေပြည်လို သူများရည်းစား ကြောင်တောင်နိုက်ရဲတဲ့ဟာမျိုးလည်း. . ."

www.burmeseclassic.com



"မင်း! မင်း! . . ."

"ဖြန်း. . ."

ဒေါသက ထောင်းခနဲထွက်လာပြီး သူမပခုံးကို ကိုင်လှုပ်လိုက်မိစဉ် သက်လယ်ခင်၏လက်ဝါးက သူ့ပါးပေါ် ဖြောင်းခနဲရောက်လာလေတော့၏။ အလို! နှုတ်ကြမ်းရုံမက၊ လက်ပါ ရမ်းရဲလာတာပါလား သက်လယ်ခင်။ အပြစ်မရှိတဲ့မိန်းကလေးအပေါ်မှာ မင်းရဲ့မနာလို မရှုစိမ့်စိတ်က အတော်လေးကို ကြောက်စရာကောင်းနေပါရောလားလေ။

"မှတ်ထား! အဲဒီလောက် ဆဘ်ဆတ်ထိမခံဖြစ်ချင်ဦး။ နှောင်းလေပြည်ဆိုတာ ကျွန်မနဲ့ငယ်ငယ်ကတည်းက စာကအစ ပြိုင်ခဲ့တဲ့ ပြိုင်ဘက်ရှင့်။ အဆင့်အတန်းမတူလို့သာ ကျွန်မကိုလိုက်မယှဉ်ရဲတာ။ အဲဒီလိုမိန်းမမျိုးကို ရှင်မှိုလို့"

"နှောင်းကို အဲဒီလိုမပြောပါနဲ့၊ နှောင်းက အင်မတန်အပြစ်ကင်းစင်တဲ့မိန်းကလေးကွ"

"ဟင်း. . . လက်သည်းခိတ်တော့ လက်ထိပ်နာတတ်တယ်ပေါ့လေ"

"ဟုတ်တယ်. . . နာတယ်၊ နာသင့်လို့နာတာပါ သက်လယ်ခင်မင်းနဲ့မတွေ့ခင်က ရည်းစားထားခဲ့ဖူးတာကလွဲပြီး ဘယ်လိုအပြစ်မျိုးကိုမှ ဒီနေ့အထိ ငါမလုပ်ခဲ့ဘူးကွ။ အေး. . . နှောင်းဟာ မင်းသူငယ်ချင်းဖြစ်ပေမယ့် မင်းလို စိတ်ထားမယုတ်ညံ့ဘူး။ သူနဲ့ငါ့ကို မိဘချင်းသဘောတူနေတာတောင်မှ ငါဆိုတဲ့ဦးနှောက်မရှိတဲ့ကောင်က မင်းကိုမှ တမ်းတမ်းစွဲဖြစ်ခဲ့ရတာ အကြီးအကျယ်နှောင်တရတယ်။ မှတ်ထား"

"ဘာပြောတယ်၊ နှောင်းလေပြည်က"





"ဟုတ်တယ်"

သူမအသားတွေ တဆတ်ဆတ်တုန်ယင်လာကာ နောက်ထပ်တစ်ကြိမ် သူ့ကိုရိုက်ရန် ရွယ်လိုက်ပြန်လေ၏။ ဒီတစ်ခါတော့ သူ သည်းမခံနိုင်တော့ပါလေ။ ဒေါသဖြစ်ပြီးရိုက်လည်း တစ်ကြိမ်ပေါ့။ ဘာဖြစ်လို့များ နောက်ထပ်တစ်ကြိမ် စော်ကားမော်ကား ရိုက်ချင်သေးရပါသလဲ။ မြောက်တက်လာသည့် သူမလက်ကောက်ဝတ်ကို ဖျတ်ခနဲဖမ်းဆုပ်ထားလိုက်ပါ၏။

"တော်သင့်ပြီ သက်လယ်ခင်၊ ငါ တစ်ခါပဲ သည်းခံနိုင်မယ်။ လက်မထပ်ရသေးခင် မင်းရဲ့နဂိုစရိုက်အမှန်ကို အချိန်မီသိခွင့်ရတဲ့အတွက် ကျေးဇူးပဲ။ အ[illegible]ကိုစိတ်ဆင်းရဲအောင်လုပ်မိတဲ့အတွက် အပြစ်ဒဏ်ရတာလို့ပဲ ငါယူဆသတ်မှတ်လိုက်ပါတယ်။ အခုတော့ အမေ့စကားနားထောင်တဲ့ သားလိမ္မာပဲ လုပ်လိုက်ပါတော့မယ် သက်လယ်ခင်။ ဤဘဝ ဤမျှသာပါပဲ"

"ရှင်. . . ရှင်. . . လူယုတ်မာ"

ကျောခိုင်းပစ်ခဲ့ပါ၏။ ရင်ထဲမှာ နာကျင်မိသည်က ဘာအတွက်ကြောင့်ပါလဲ။ ချစ်သူကိုဖြေရှင်းပြဖို့ထက် နှောင်းကိုစော်ကားပြီး ပြောတာကို သူလက်သင့်မခံနိုင်ခဲ့တာလေ။ ဘုရားရေ! တကယ်ပဲ ဟုတ်နေပြီလား။ သက်လယ်ခင် ထိထိမိမိကြီး စွပ်စွဲခဲ့သလို နှောင်းအပေါ်မှာ သူ့မသိစိတ်က အမှန်တကယ်ကိုပဲ တွယ်ငြိနေလေပြီလား။

မဖြစ်နိုင်တာ။ မဖြစ်နိုင်တာထက် မဖြစ်သင့်တာလို့ပဲ သူသတ်မှတ်မိပါ၏။ ရိုးသားဖြူစင်လွန်းတဲ့မိန်းကလေး ဘယ်တော့မဆို တက်တက်ကြွကြွနဲ့ အမြဲလန်းဆန်းနေလေ့ရှိတဲ့ကောင်မလေး၊ သူ့အပေါ်မှာ ထိုတာ



www.burmeseclassic.com

www.burmeseclassic.com



ထက် ပိုသာတဲ့စေတနာတွေ ထားတတ်တဲ့ မိန်းမချောလေး။ ယဉ်နုတဲ့ နှလုံးသားနဲ့ စိတ်ထားဖြူစင်လွန်းတဲ့ကောင်မလေးက သူ့လို အသည်းထပ် ဆင့်ကွဲကောင်မျိုးနဲ့ တူတန်ပါရဲ့လား။

ရင်ထဲမှာ ထိထိခိုက်ခိုက်ကြီး ခံစားလိုက်ရပါ၏။ ရင်နာတယ်ဆို တာ အခုမှ တကယ့်လက်တွေ့ပါလား။ ဘေးနားမှာရှိတဲ့ ပန်းပွင့်လေးကို ဖြင့် တန်ဖိုးထားမြတ်နိုးရကောင်းမှန်းမသိဘဲ အမြင့်ကပန်းကို တုံးခုလှမ်း ချင်လို့ အကျနာခဲ့ရပြီလေ။

ခံပေါ့ မင်းသီဟလင်းရယ်။ အခွင့်အခါဆိုတာ ဘဝမှာ တစ်ကြိမ် တစ်ခါသာ လာတတ်မှန်းသိသိကြီးနဲ့ ပုတ်ခါ ဖယ်ထုတ်မိခဲ့ရတယ်လို့။ ဘယ်လိုလုပ်ရပါ့မလဲ။ သူ့လိုလူနဲ့ မထိုက်တန်မှန်း သိခဲ့ရတာမို့ အမေက နှောင်းကို ညီလေးနဲ့ပဲသဘောတူပေးချင်တော့တာလေ။

ဪ. . . နှောင်းရယ်၊ ကိုယ်တို့ကံကြမ္မာက ဒီလိုပဲ အမြဲ အလွဲ တွေချည်းဖြစ်နေတယ် ထင်ပါရဲ့လေ။

❤ ❤ ❤



## အခန်း (၁၉)

ခြေလက်တို့က မလှုပ်ချင် မသယ်ချင်သလိုဖြစ်ပြီး စိတ်ကပါ ဗုန်းဗုန်းလဲကျချင်သလိုမျိုး ဖြစ်နေချေပြီ။ လူက အားမရှိတော့သလိုပါပဲ။ ဘယ်လိုများဖြစ်ရတာပါလိမ့်။ လူက မစားချင်မအိပ်ချင်သလို စိတ်နဲ့လူ မကပ်ဘဲ လွင့်ချင်ရာလွင့်ပြီး အိပ်ရာထဲ လူးလိမ့်နေရသလို ရင်တစ်ခု လုံးလည်း ပူလောင်နေရသလိုဖြစ်နေပါရောလား။

အသည်းကွဲတာများ ဘာဆန်းလို့လဲ။ တစ်ကြိမ်ဆို ခပ်ပါးပါး၊ နှစ်ကြိမ်ဆို အနည်းငယ်ထူရုံပဲပေါ့။ ဖြစ်သင့်ပါရဲ့လား။ ယဉ်နုစဉ်က အသည်း နာဘာကို ခံစားရတာ ထားပါတော့။ ဒီအရွယ်မှာ ရင့်ကျက်တန်သလောက် ရင့်ကျက်နေပါလျက် အဘယ်ကြောင့်များ လူက မီးထိတဲ့ဖယောင်းတိုင် လို ပျော့ခွေချင်နေရတာပါလိမ့်။

"ဒေါက်! ဒေါက်!"

"သားကြီးရေ့၊ ထမင်းစားကြမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



မေမေ့အသံကြောင့် အခန်းဝကို သူလှမ်းကြည့်လိုက်ပါ၏။ သူတို့ညီအစ်ကိုက တံခါးကို Lock ချလေ့မရှိတာကို မေမေအသိဆုံးမဟုတ်ပါလား။ မကြာပါဘူး၊ တံခါးက ချပ်ခနဲပွင့်သွားပြီး ခေါင်းပြူဝင်လာသည်က အမေမဟုတ်တော့ဘဲ ညီလေးဖြစ်နေလေ၏။

"ဟာ! ဒါက ဘာ Style လဲ ကိုကို့ရ၊ ညီတစ်ယောက်လုံးအရှေ့မှာ အလုပ်ရှုပ်နေတာကို နည်းနည်းမှ ဝိုင်းကူဖော်မရဘူး။ ဘာဖြစ်နေပြန်ပြီလဲ"

"ဒီနေ့ ငါစိတ်မပါဘူး ညီရာ"

"ထူးဆန်းလိုက်တာ။ မနေ့ကတည်းက ထူးကိုထူးဆန်းနေတာ။ တစ်ညလုံးလည်း ကောင်းကောင်းအိပ်မထားဘူးမဟုတ်လား။ မျက်တွင်းဟောက်ပက်နဲ့ ရယ်ချင်စရာကြီး"

ညီလေးက သူစိတ်ကြည်အောင် စတာဖြစ်ပေမယ့် စိတ်မပါတာမို့ ပြုံးပင်မပြုံးပါ။ ပစ္စည်းတွေရောင်းတာက Label Tape ကပ်ထားပြီးသားမို့ ဈေးနှုန်းကြည့်ပြီး ရောင်းလို့ရတာပါလေ၊ Photo ဆွဲဖို့တွေ၊ စာဝိုင်းစီဖို့တွေ၊ Phone ပျက်လို့ လာပြင်တာတွေရှိရင်တော့ သူက မရှိမဖြစ်လိုအပ်တဲ့လူမဟုတ်ပါလား။

အဲဒီအခက်အခဲတွေကို ဖြေရှင်းပေးရမှာက သူကိုယ်တိုင် တာဝန်ယူပေးရမှာပါလေ။ အခုထိတော့ ဘာမှမရှိသေးဘူးထင်ပါရဲ့။ တစ်နေ့ဆို ညီ့အော်သံကို ကြားရမှာကိုး။ သူ အိပ်ရာထဲက မထသေးတာမို့ ညီက အခန်းထဲဝင်လာလေတော့၏။

"နေမကောင်းဘူးလား"

"အေး"





"မှန်း! ကိုယ်မပူပါဘူး၊ လုပ်ဖျားကြီး မဖျားချင်စမ်းပါနဲ့ ကိုကိုရာ"

"ရင်ထဲမကောင်းလို့ပါကွာ"

"ဘာလဲ၊ ဒုတိယအကြိမ်မြောက် နာကျင်ကြေကွဲခြင်း စပြီလား"

"ကျစ်!"

ညီက ပြုံးစစဖြစ်သွားပေမယ့် သူ့ဒေါသထွက်မှာစိုးပြီး မျက်နှာပိုးသပ်လိုက်လေ၏။ လှောင်ရက်ပေမပေါ့၊ ဒင်းလေးက သူ့လိုမှ မခံစားဖူးတာကိုး။ သူ့မှာသာ တစ်ခါထိ နှစ်ခါနာနဲ့ အလူးအလဲဖြစ်ခဲ့ရတာပါ။ အတည်လို့ယူဆသတ်မှတ်ခဲ့တာပါ ခင်။ ထာဝရလက်တွဲဖော်အဖြစ် ရွေးချယ်မိခဲ့တဲ့လူကို မင်းမို့ လုပ်ရက်ရတယ်လို့၊ ရက်စက်ရက်ပ့်။

"ဘာလဲဗျ၊ ကိုကို့ဟာလေး ဗျင်းထည့်လိုက်တာလား"

"တိုးတိုးပြောကွ။ အမေကြားသွားဦးမယ်"

"မပြောလည်း မြင်တာနဲ့သိမှာပဲကိုး။ ကြည့်ပါဦး. . . အသားဖြူတဲ့ ငါ့အစ်ကိုပါးပေါ်မှာမှ လက်ဝါးတံဆိပ် ရိုက်နှိပ်ပေးလိုက်ရတယ်လို့"

"ဟော့ကောင်! ရှူး. . ."

ဘာများပြဿနာတက်လို့ ဖြစ်ရတာလဲ"

သူ သက်ပြင်းရှိုက်လိုက်မိပါ၏။ ပြောလို့ ဘယ်ဖြစ်ပ့်မလဲ။ အစဆွဲဘုတ်မိတာနဲ့ နောက်ဆက်တွဲပြဿနာ ရှိတော့မှာကိုး။ မေနဲ့ပတ်သက်ပြီး ခင် Jelous ဝင်တာ ကိစ္စမရှိ၊ နှောင်းနဲ့ဆက်နွယ်ပြီး သူ ဆတ်ဆတ်ထိမခံဖြစ်တာကို သိသွားရင်တော့ ပွဲသိမ်းပြီပဲ။ နှောင်းဆိုတာ ညီနဲ့မြန်မာ ချင်တဲ့ အမေ့ရဲ့ချွေးမလောင်းလေး မဟုတ်ပါလား။

"မသိချင်ပါနဲ့ကွာ"

"ရမလားဗျ၊ ကိုယ့်အစ်ကိုတစ်ယောက်လုံးကို ကိုယ်ထိပ်ပေါက်



www.burmeseclassic.com

www.burmeseclassic.com



ရောက် လုပ်လိုက်တဲ့မိန်းမကို သွားကောရမှာပေါ့''

''မလုပ်ပါနဲ့ ညီရာ၊ ပြီးတာတွေပြီးပါစေတော့''

''ဘာများကြီးကြီးကျယ်ကျယ်ဖြစ်ကြတာလဲ''

''ပြတ်ပြီလို့ပဲ မှတ်လိုက်ကွာ''

''ဘယ်ဖြစ်မလဲ ကိုကိုရ၊ ပြဿနာဖြစ်ရင် ဖြေရှင်းချက်တော့ ရှိရမှာပေါ့။ ကိုကိုမရှင်းနိုင်ရင် ညီ ဝိုင်းရှင်းပေးမှာသိရဲ့သားနဲ့။ ကိုကို့ရဲ့ အကြောင်း ညီက ဘာတစ်ခုမှမသိတာ မရှိဘဲနဲ့များ။ ဘာလဲ! မမမြတ်နိုး Case လား''

''အေး''

''အဲဒါက ကြာပါကြာလှပြီ၊ သက္ကရာဇ်ကဟာကို ဒီထိယူလာစရာ လား။ မမိုက်ဘူးဗျာ''

ညီက သူလှဲနေသည့်ဘေးမှာ ထိုင်ချလိုက်လေ၏။ ဒုက္ခပါပဲ၊ ဖုံ ဖုံးဖိဖိနဲ့ပြောနေကာမှ အကုန်ပေါ်ကုန်တော့မှာပါလား။ ညီက နဂိုကတည်း က ချက်ဆို နားခွက်က မီးတောက်သလို ပါးလိုက်တာ မပြောပါနဲ့။ အစ် ကိုဖြစ်သူကို ချစ်တဲ့စိတ်၊ အားကိုးတဲ့စိတ်က ငယ်စဉ်ကတည်းက ရှိတာ သူငယ်ချင်းနဲ့စကားများရင်တောင် ငါ့အစ်ကိုကို မထိနဲ့ဆိုပြီး သေးသေး ကွေးကွေးလေးနဲ့ ကြားက ဝင်ပါတတ်ခဲ့တာလေ။

''ထားလိုက်ပါတော့ ညီရာ''

''ထားလို့ဘယ်ရမလဲဗျ၊ ကိုကိုတို့ချစ်သူဖြစ်တာပဲ သုံးလလာ လေးလလားပဲ ရှိသေးတဲ့ဟာ''

''ခြောက်လပါကွာ''

''အင်းလေ. . . ခြောက်လဆိုတာ ဘာများကြာသေးလို့လဲ၊ လက်





ထပ်ဖို့အထိ ရည်ရွယ်ထားပြီးမှ အခုလိုအစိမ်းသက်သက်ဖြတ်လို့ ဘယ် ရမလဲ။ ညီ သွားရှင်းမယ် ကိုကိုရာ''

''အကြီးကြီးဖြစ်ပြီးမှ သွားရှင်းမနေပါနဲ့တော့ ညီရာ၊ နေပါစေ''

''နေလို့မရဘူးဗျ၊ ကိုကို ဒီလိုမှိုင်နေတာ မြင်လို့မှမကောင်းဘာ။ ...င်း ဒီလိုသစ်စိမ်းချိုးချိုးလို့ ဘယ်ရမလဲ''

''အဲဒါ မိန်းကလေးဘက်က သုံးရမယ့်စကားကွ။ ခက်တော့တာ ...ပဲ. . . ဒီကောင်တော့''

သူ မရယ်ဖြစ်သော်ငြား စိတ်ပျက်စွာ မဲ့ပြုံးတော့ ပြုံးမိလေ၏။ ဒီလောက်အထိ ညီလေး သူ့ကိုယ်စား ဒေါသဖြစ်နေမယ်လို့ ထင်မထား ...ဘာလေ။ အစ်ကိုကို မျက်နှာများတယ်လို့ ဝိုင်းထင်ကြတာ ကိစ္စမရှိ။ ညီ ...လေး အထင်သေးမှာကိုတော့ စိုးရိမ်မိတာ အမှန်ပါပဲ။

''နေပါဦး. . . မမမြတ်နိုးနဲ့ကိစ္စကို ဘယ်တုန်းက သိသွားတာလဲ။ ကိုကိုကရော သူ့ကိုပြောမထားဘူးလား''

''မပြောဖြစ်လို့ ဖြစ်ကုန်တာပေါ့၊ ခင်က ငါ့ကို အူအရမ်းတိုလွန်း ...ဘာနဲ့ မပြောဖြစ်တာ။ ကြာလည်းကြာပြီဆိုတော့ မေ့ထားလိုက်တာပါပဲ။ ...ဖြစ်ချ...တော့ ဟိုတလောလေးကပဲ လက်ဖက်ရည်ဆိုင်မှာ တစ်ညနေလေး ...သားနဲ့ စကားကြာကြာထိုင်ပြောဖြစ်လိုက်တာကိုမှ တိုက်တိုက်ဆိုင်ဆိုင် ...မြင်သွားလို့ အခုလိုဖြစ်တာပဲ''

''ဟာ! ကိုကိုက ထားကို မမမြတ်နိုးရဲ့ညီမလို့ မပြောပြလိုက် ...ဘူးလားဗျ''

''မပြောဘဲနေမလား၊ ပြောတာလည်းမရဘူး။ နောက်ထပ်စွပ်စွဲ ...ချက်တွေက တစ်ပြုံတစ်ခေါင်းကြီးပဲ။ ငါဘာမှပြောမထွက်နိုင်အောင်ကို



www.burmeseclassic.com

www.burmeseclassic.com



တရစပ်ပြောခဲ့တာ''

''နောက်ထပ်''

''အေး''

''နောက်ထပ် ဘယ်သူ့ကိုများ ကိုကို့ရင်ခုန်ပြစ်ခဲ့သေးလို့လဲ''

ဗုဒ္ဓေါ! သူ့နှုတ်က လွှတ်ခနဲပြောထွက်သွားတဲ့စကားလုံးတွေ ဘရိတ်အုပ် မဖမ်းမိတော့သလိုပါလေ။ ပြဿနာပါပဲ။ ညီနဲ့တော့ နှောင်းနဲ့ပတ်သက်ပြီး ညီအစ်ကိုနှစ်ယောက် စိတ်ခုတာမျိုးကို မဖြစ်စေချင်ပါ အလျှော့ပေးရင်တောင်မှ အစ်ကိုဖြစ်တဲ့သူကသာ ညီဖြစ်သူကို လျှော့ပေးရမှာလေ။

သူ နှုတ်ဆိတ်နေလိုက်မိတော့၏။ ရှေ့ဆက်ပြောတာနဲ့ ဖုံးဖုံးဖိဖိ လုပ်ထားသမျှ အကုန်ထွက်ပေါ်ကုန်ကော့မှာကိုး။ မျှော်လင့်တကြီးကြည့် နေသည့်ညီက သူတိတ်သွားတာကို အံ့သြသလို မျက်မှောင်ပါ ကြုတ်သွား လေ၏။

''ပြောလေ၊ ဘယ်သူနဲ့လဲလို့''

''ဒီလိုပါပဲကွာ''

''အဲဒီလိုလွယ်လွယ်နဲ့ လျှော့မချနဲ့လေ ကိုကိုရာ၊ တိတိကျကျ ပြော''

''ကျစ်! အရေးမပါပါဘူး ညီရာ''

''အရေးမပါဘဲဖြစ်မလား၊ ကိုကို ဒီလိုတပိန်ပိန်တလိန်လိန် ဖြစ် နေတာ ညီရောမေမေပါ ဘယ်စိတ်ချမ်းသာနိုင်ပါ့မလဲ၊ အနာသိရင် ဆေး ရှိရမှာပေါ့။ ရောဂါရဲ့ဇစ်မြစ်ကို အရင်ရှာတွေ့ဖို့က အဓိကပဲ''

''ကျွတ်! ဒီလောက်နဲ့ ငါမသေနိုင်ပါဘူးကွာ''





''ပြောလိုက်ရင် အဲဒီလိုပဲ၊ ဘာမဆို မြုံစိစိနဲ့။ အဲဒါတွေကြောင့် ကိုကို့ကို ညီမကြိုက်တာ''

ဟောကြည့်! မကျေနပ်ချက်တွေ ပေါ်လာကုန်ချေပြီ။ ပွင့်လင်း တယ်ဆိုတာ နေရာတကာတိုင်း ကောင်းတာမှမဟုတ်ဘဲ။ လျှို့ဝှက်ထား သင့်သည့်ကိစ္စကို တစ်သက်လုံးလျှို့ဝှက်ထားရတယ်ဆိုတာကို ညီကလေး မသိလေရော့သလား။

''နန္ဒရေ. . . နန္ဒ''

''ဟော''

ရုတ်တရက် သူတွန့်ခနဲဖြစ်သွားတာမို့ ညီက သူ့ကိုကြည့်လိုက် လေ၏။ မဖြစ်သေးဘူး. . . ဟန်မပျက် ဣန္ဒြေဆည်နိုင်မှဖြစ်မှာလေ။ ဒီ ကလေးမလေးက မလာတော့လည်း ငိုလိုပျောက်၊ ရောက်လာပြန်တော့ လည်း လေလို အလျှဉ်နဲ့ပါပဲလားနော်။

''နှောင်းပဲ''

''သွားသွား. . .''

''ဘာလို့ အတင်းတွန်းလွှတ်နေတာလဲ၊ ကိုကို ရှိုးမှရှိုးရဲ့လား''

''ဘာကိုလဲကွာ''

''နှောင်းနဲ့ပတ်သက်ပြီး ကိုကို့စိတ် ရှိုးရဲ့လားလို့မေးတာလေ''

''ဘာကွ! ငါ့ကိုဘာများထင်နေလဲ၊ သူစိမ်းတွေ ငါ့ကိုအထင်သေး တာ ပြဿနာမရှိဘူး။ ညီဖြစ်တဲ့မင်းကပါ အထင်သေးနေပြီလား''

''ကန်တော့. . . ကန်တော့. . . မဟုတ်ရင် ပြီးတာပါပဲ ကိုကိုရာ၊ ညီ တောင်းပန်ပါတယ်''

''နန္ဒ''



www.burmeseclassic.com

www.burmeseclassic.com



"လာပြီဟေ့. . . လာပြီဟ၊ ဘယ်လိုဖြစ်ပြီး ငါးစိမ်းသည်လို အိမ် ရှေ့လာအော်နေရတာလဲ။ ဝင်လာခဲ့ပါလား"

"မချောမှ မရှိတာ၊ ဝင်မလာပါဘူး. . . နင်ထွက်လာခဲ့၊ ပြော စရာရှိတယ်"

"အေးအေး"

အိမ်ထဲမှအိပ်ပြင်ကို လေသံကျယ်ကြီးနဲ့ ပြောစရာလား။ ဘာများ ဖြစ်လာလို့လဲ။ နှောင်းက တစ်ကြိမ်တစ်ခါမှ လေသံကျယ်ကြီးနဲ့ စကား ပြောတတ်တဲ့မိန်းကလေးမှ မဟုတ်တာလေ။ လေသံက ဒေါသသံဆိုတာ ထက် ငိုသံများ စွက်နေသလား။ သူ့စိတ်ထင်တာမျိုးလည်း ဖြစ်နိုင်ပါရဲ့

ညီ အခန်းထဲမှထွက်သွားပြီမို့ သူနားစွင့်နေမိ၏။ အိမ်ထဲမဝင် ဘူးဆိုပေမယ့် ဆိုင်ခန်းထဲတော့ ဝင်လာမှာကိုး။ နှစ်ကိုယ်ကြား တိုးတိုး ပြောတာမျိုးမဟုတ်တာမို့ ညီတို့စကားသံကို သဲ့သဲ့မျှ သူကြားရတာပါလေ ဒီကောင်မလေး ဘာဖြစ်လာတာပါလိမ့်။

"ဒါက ဘာဖြစ်လာတာတုန်း၊ မျက်နှာက ငိုချင်ရက် လက်ဆုပ် ပုံစံနဲ့"

"ငါ့ကိုလာမဆွနဲ့နော်၊ ဒီမှာ တင်းလာရတဲ့ကြားထဲ"

"ဟိုက်! လာပြန်ပြီ တစ်ယောက်၊ နေပါဦး. . . ဘယ်သူနဲ့ ကိုင် တက်လာလို့လဲ"

"ဘယ်သူရှိမလဲ၊ ငါ့စိတ်ထဲရှိတဲ့အတိုင်းသာ လုပ်လိုက်ရရင် အဲ မိန်းမ တစ်စစီပြုတ်ထွက်ကုန်တယ်။ အဟုတ်"

"အားပါး. . . လန့်စရာကြီး၊ ဘယ်ကမိန်းမလဲ၊ ငါးစိမ်းသည် ဒေါ်ဂျမ်းကြီး အလေးခိုးလိုက်ပြန်ပြီလား"





"ချေးသည်မဟုတ်ပါဘူးဟဲ့၊ ဟိုမိန်းမကိုပြောတာ။ ငါနော်. . . တောက်! ဒေါသထွက်နေရတုန်းပဲ"

"နေနေ. . . ငါသောက်ရေခပ်လာပေးမယ်။ စိတ်ကို ဖြည်းဖြည်း ချင်းလျှော့"

စကားသံတို့က တိုးသွားတာမို့ အခန်းဝသို့ သူလျှောက်လာခဲ့ပါ ၏။ တံခါးကိုဖွင့်လိုက်ပြီး လိုက်ကာကိုတော့ စေ့ပိတ်ထားလိုက်ပါသည်။ ါဆိုရင်တော့ ညီအစ်ကိုနှစ်ယောက် ပြောတာကို ကောင်းကောင်းကြီး ကြားလောက်ပါရဲ့။

"ဘယ်သူတဲ့လဲ"

"ဟိုမိန်းမ. . . သက်လယ်ခင်"

ဘုရား! သက်လယ်ခင်က နှောင်းနဲ့ဘာတွေ့စရာများ အကြောင်း ရှိလို့လဲ။ ဟိုဘက်ရပ်ကွက်နဲ့ ဒီဘက်ရပ်ကွက် လမ်းမှာဆုံနိုင်စရာတောင် မရှိတာလေ။ အလို! နှောင်းကိုများ. . . နှောင်းကိုများ သူပြောထားသမျှ အကုန်ပြန်ပြောချရင်တော့ အရှက်ကြီး ဗြန်းဗြန်းကွဲချေလေပြီ။

"သက်လယ်ခင်က ဘာတဲ့လဲ"

"ငါ့ကို ကြောင်တောင်နိုက်မတဲ့"

"ဟာ! ဘလိုင်းကြီး ခွပ်တာပါလား"

"အေးဟယ်. . . ငါ့ကိုကလည်း ဒီနေ့မှ ကံကိုဆိုးတာပါ။ သူတို့ မ်းထဲက ကောင်လေးနဲ့ ဦးလေးကြီးတစ်ယောက် သွေးလှူထားတာကို အားရုံက လက်ဆောင်ပို့ခိုင်းတာနဲ့ သွားပို့မိတာ။ အဲဒါ ငါ့ကိုမြင်တာနဲ့ ါပြောတော့တာပဲ။ တော်တော်ရိုင်းတဲ့မိန်းမ"

"နင်က ဘာမှပြန်မပြောဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



''မပြောဘဲနေမလား၊ ငါ့မှာလည်း ပါးစပ်ပါတဲ့ဟာပဲ။ နင့်လိုလင်တရူးမ မဟုတ်ဘူးလို့ကိုပြောထည့်လိုက်တယ်၊ မှတ်ကရော။ လူကိုများ ချိုးချိုးနှိမ်နှိမ်နဲ့ သူ့မှာ ဘာများအစွမ်းအစရှိလို့လဲ။ မိဘမျက်နှာနဲ့ အရောင်ဟပ်နေတဲ့မိန်းမကများ၊ ရှုံစရာတောင် ကောင်းသေးတယ်။ ဖြစ်နိုင်ရင် ဒင်းကို အမှုန့်ကိုကျိတ်ပစ်လိုက်ချင်တာ။ တကယ်ပါပဲ၊ ငါလည်း ဒီဒေါ်သမျက်နှာကြီးနဲ့ ချက်ချင်းအိမ်မပြန်ရဲလို့ နင့်ဆီဝင်လာတာ။ ကိုကြီးရော''

ရင်ထဲမှာ နင့်ခနဲဖြစ်သွားရပါ၏။ ကိုယ့်ကို စော်ကားမော်ကားအပြောခံရချိန်မှာတောင် ကိုကြီးရောဆိုပြီး ကိုယ်စားခံစားပေးချင်ရတယ်လို့။ သူ့အစိုးရိမ်ဆုံးအခြေအနေကိုမှ မရောက်ရောက်အောင် တွန်းပို့ပေးရသတဲ့လား သက်လယ်ခင်။ တီးတိုးစကားသံတို့က နားထဲမှာ မကြားတစ်ချက်ကြားတစ်ချက်ဖြစ်ကာ ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားရလေတော့၏။



## အခန်း (၂၀)

မျက်လုံးကိုဖွင့်ကြည့်လိုက်တော့ ညမှိုးစုန်းစုန်းချုပ်နေချေပြီ။ ဘယ်လိုများ ဖြစ်သွားရတာပါလိမ့်။ နဖူးထက်မှာ အေးစက်စက်အရာတစ်ခုတင်ထားတာမို့ ရေပတ်အေး တင်ပေးထားမှန်း သူသိလိုက်ပါ၏။ အခေါင်တွေ ခြောက်လိုက်တာနော်။ မျက်လုံးကို အားယူဖွင့်ချင်ပေမယ့် မျက်ခွံထက် အလေးတင်ထားသလိုမျိုး ဖွင့်မရဖြစ်နေလေသည်။

''Drip... ကုန်ပြီလား''

''နည်းနည်းကျန်သေးတယ်၊ နောက် ဆယ့်ငါးမိနစ်စာလောက်စောင့်ရမှာ''

''နင်နားရင် နားတော့လေ''

''ရပါတယ် နန္ဒရယ်၊ နင်က ညအိပ်စောင့်ရမယ့်လူပဲဟာ။ နင်ပဲသွားနားပါ။ ငါ ရှစ်နာရီကျော်ရင်ပြန်မယ်''

''အေးပါ''



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ! ဒါဖြင့် သူ ဆေးရုံရောက်နေတာပေါ့။ ခြေသံတရှပ်ရှပ်ကြားရပြီး အနီးမှ ညီလေးထွက်သွားမှန်း သိလိုက်ပါ၏။ စာရွက်လှန်လှောသံကြားရတာမို့ ဘေးမှာထိုင်စောင့်ရင်း နှောင်း စာအုပ်ဖတ်နေတာမှန်း အလိုလိုသိနေလေသည်။

''ပူနေပြီ''

လက်နုနုက နဖူးကိုဖွဖွထိလေ၏။ ရေပတ်ဝတ်ကို နောက်အေးတာတစ်ခုနှင့် လဲတင်ပေးလိုက်မှန်းသိနေပါသည်။ နဖူးမှဆံစကို သပ်တင်ပေးခြင်းခံလိုက်ရတာမို့ နှလုံးသားဆီမှ တဒုတ်ဒုတ်ဖြင့် အခုန်မြန်လာတာကို သိလိုက်ရလေ၏။ ဘုရားရေ! နှောင်းတော့ သူရင်ခုန်နေတာကို သိတော့မှာပဲ။

''သမီးလေးပြန်မယ်ဆို အမေနဲ့အတူ ပြန်မယ်လေ''

''နာရီဝက်လောက် စောင့်ရမယ် မေချောရဲ့။ Glucose မကုန်သေးဘူး''

''ဟုတ်လား''

အမေပါရောက်လာတော့ သူ့ဘေးမှာ သနပ်ခါးနံ့နှစ်မျိုး ရောသွားတော့၏။ နှောင်းက နံ့သာဖြူလိမ်းပြီး အမေက ရှင်မတောင် လိမ်းတာကိုး။ လိုက်လည်းလိုက်ဖက်ပါပေ့။

''မငယ် စိတ်ပူနေမှာစိုးလို့ပါ သမီးရယ်''

''မပူပါဘူး မေချောရယ်၊ မေမေ့ကို နှောင်းပြောထားပါတယ်''

''အင်း. . . သမီးအသိမြန်ပေလို့ပဲ၊ အမေက ဓမ္မာရုံမှာ တရားသွားနာနေတာ။ သားငယ်က သင်တန်းစနေတာနဲ့ ဘာမှမသိလိုက်ဘူး''

''နှောင်းလည်း ပထမတော့ ကိုကြီးအိပ်ပျော်နေတာပဲလို့ ထင်





ထားတာ။ ဝုန်းခနဲအသံကြားမှ အပြေးသွားကြည့်မိတာ။ တံခါး Lock မချထားတာဘဲ တော်တော့တယ်''

''အမေ့သားကြီးက ကြည့်တော့သာ. . . လူက ကျားကိုးစီး စားမကုန်တဲ့ကိုယ်၊ စိတ်ကဖြင့် ခပ်ပျော့ပျော့ရယ်လေ။ ဘယ်ဘဝက ဝဋ်ကြွေးကြောင့်မှန်းလည်း မသိတော့ပါဘူးသမီးရယ်။ အမေ့သားကို ရင်ကွဲနာကျစေရတာ နှစ်ခါတောင်မှ ဖြစ်ရတယ်လို့''

အမေက ညည်းသလိုပြောလိုက်ပေမယ့် သူမထံမှ ဘာစကားမှ ထွက်မလာပါချေ။ ပြောစရာမရှိလို့ပဲလား၊ ဒါမှမဟုတ် သူ့ကိုများ ငေးကြည့်နေလို့ပဲလား။ တစ်ခုခုတော့ ဖြစ်နိုင်တာပါလေ။

''ဟိုတစ်ယောက်တုန်းက အနေဝေးလို့ မီးဝေးချိတ်ဖြစ်ခဲ့တာဘားလိုက်ပါတော့။ အခုတစ်ယောက်က အမေတောင်မှ လက်နဲ့မရွှယ်ခဲ့တဲ့ကလေးကို ရက်ရက်စက်စက်ရိုက်လိုက်ရတယ်လို့''

''မုန်းလိုက်တာ''

လေသံမှျ ရေရွတ်သံကို ကြားလိုက်ရလေ၏။ မုန်းလိုက်တာတဲ့။ မုန်းပါနဲ့လား နှောင်းရယ်၊ အမုန်းဆိုတာ ရင်ကိုလောင်စေတဲ့မီးစဆိုတာကို နှောင်းလေး မသိဘူးလား။ ကိုယ်က တကယ်ပဲ မုန်းခဲ့ဖူးလို့ တကယ်ပဲ လောင်မြိုက်ခဲ့ရလို့ အဲဒီအပူကို သိနေခဲ့တာပါလေ။

ကိုယ်ခင်တွယ်တဲ့ နှောင်းရဲ့ရင်ထဲကို ဒီလိုအပူမျိုး မပျိုးမိစေချင်ပါဘူး။ ရင်ထဲမှာ အစဉ်အေးချမ်းပြီး အမြဲတမ်းပြုံးပျော်နေတဲ့ နှောင်းရဲ့မျက်နှာလေးကိုသာ ငေးကြည့်သွားချင်တာပါလေ။ ရင်ထဲက စစ်မှန်တဲ့ခံစားနာတွေကို နှောင်းလေး သိပါလေစကွယ်။

''ကြားထဲက သမီးပါ အပြောခံရတာ အမေတော့ သမီးကိုရှာ



www.burmeseclassic.com

www.burmeseclassic.com



မငယ်ကိုပါ မျက်နှာပူရတယ်"

"ရပါတယ် မေချောရယ်၊ နှောင်းလည်း ဒေါသဖြစ်ဖြစ်နဲ့ သူ့ကို ပြောခဲ့သေးတာပဲ။ သူက မှန်နေတဲ့လူဆိုတော့ ဘေးဘီကို ဘယ်မြင်တတ်ပါတော့မလဲ။ နှောင်း နားလည်ပါတယ်"

"အဲဒီကလေးကိုက မောက်မာပြီး ရိုင်းတာပါကွယ်"

"အသက်နဲ့နှောင်းက ငယ်စဉ်ကတည်းက စာပြိုင်ဖက်ဖြစ်ခဲ့တာလေ။ နှောင်းက အားကစားဘက်မှာရော ဘက်စုံထူးချွန်စာမေးပွဲတွေမှာ အမှတ်သာတော့ သူအမြဲမနာလိုရှိခဲ့တာ။ ကျောင်းမှာ ဆရာဆရာမတွေက သူ့ကို ပိုက်ဆံရှိသားသမီးမို့ အရေးပေးဆက်ဆံသလို နှောင်းကိုက ဆရာဆရာမတိုင်းက ချစ်စိတ်နဲ့ အလေးပေးခဲ့ကြတာလေ။ နှောင်းက ဘာကိုမှပြိုင်တာမျိုး မရှိပါဘူး။ အသက်က ငယ်ငယ်ကတည်းက နှောင်းထက် အမှတ်လျော့ရင် အဆင့်ကျသွားရင် လူရှေ့မရှောင် ငိုချတတ်တာ"

"မစ္စရိယစိတ်ပေါ့ သမီးရယ်"

သက်ပြင်းငွေ့ငွေ့က သူ့မျက်နှာကို လာထိလေ၏။ စိတ်မောနေ ပြီလား။ သူလိုလူအတွက်ကြောင့်နဲ့ သူစိမ်းတစ်ယောက်ရဲ့ စော်ကားမော် ကား အပြောခံရတာကို ကြာရှည်သိမ်းဆည်းထားတဲ့ အမုန်းအငြိုးတို့မရှိ ဘဲ ခပ်မြန်မြန်နဲ့ နားလည်ပေးနိုင်သတဲ့လား။ သြော်. . . နှောင်းရယ်။

"သူ့ပုံကို အပြင်ပန်းကြည့်ရင် မမြင်မသိနိုင်ဘူး မေချောရဲ့ အတွင်းကျကျပေါင်းမှ သိရတာ။ ကျောင်းမှာ အဆင့်တူ ခုံနံပါတ် Seniour အတိုင်း နှစ်ယောက်ထိုင်ရရင် သူက နှောင်းစာရေးလို့မရအောင်ကို နှောင့် ယှက်တာ။ စားပွဲခုံကို ဆောင့်တွန်းတာမျိုး၊ နှောင်းစာအုပ်ကို တိုက်လိုက် တာမျိုးလေ"





"သဘောထားသေးလိုက်တာကွယ်"

"ဘာပဲဖြစ်ဖြစ် မေချောသားတွေကိုတော့ နှောင်းက အစ်ကိုတွေလိုပဲ သဘောထားပါတယ်။ နှောင်းအစ်ကိုတွေကို အဆင်းသာရှိပြီး အချင်းမရှိတဲ့မိန်းကလေးမျိုးနဲ့တော့ ဖူးစာမဆုံစေချင်ပါဘူး။ တကယ်အချင်းရှိရှိ မေတ္တာစစ်မှန်တဲ့မိန်းကလေးမျိုးတွေနဲ့ပဲ ဖူးစာဆုံစေချင်တာအမှန်ပါ"

စကားက ခဏမျှရပ်သွားလေ၏။ သူသတိပြန်မရသေးဘူး။ အိပ်ပျော်နေရာမှ မနိုးသေးဘူးဆိုပြီး ရင်ဖွင့်ပြောနေကြပါလား။ အစ်ကိုတွေတဲ့လား နှောင်းရယ်၊ ကိုယ့်ကိုရော ညီကိုပါ တကယ်ပဲ အစ်ကိုလို့သဘောထားခဲ့တာလား။ ဒါဖြင့် ကိုယ်က. . . ကိုယ်က တစ်ဖက်သတ်အမြင်နဲ့ နှောင်းအပေါ်မှာ တိတ်တဆိတ်တွယ်တာနေခဲ့တာ မှားနေပြီပေါ့လေ။ ရှက်စရာကောင်းလိုက်တာနော်။

ကိုယ့်လိပ်ပြာ ကိုယ်ရှက်ရမယ့်အဖြစ်ပါပဲ။ တစ်ဖက်သား ဖြူဖြူစင်စင်စိတ်နဲ့ကလေးကို သူတို့ညီအစ်ကိုက အလေးမထားဘဲ ကွယ်ရာမှာရော ရှေ့မှာပါ မထိတထိ စနောက်နေခဲ့မိတာလေ။ ဆင်ခြင်စရာတွေ များနေပါရောလား။ နောက်ကို ရှေ့ဆက်ပြီး နှောင်းနဲ့မပတ်သက်မိအောင် အတတ်နိုင်ဆုံး ရှောင်ရှား ဆင်ခြင်လေ့ကျင့်ပါ့မယ်ကွယ်။

"အမေ့က သမီးလေးကို ချွေးမတော်ချင်တာ"

"ချွေးမမှ သမီးမဟုတ်ပါဘူး မေချောရယ်၊ နှောင်းကို မေချောရဲ့အငယ်ဆုံးသမီးအဖြစ်မွေးစားပြီး ချစ်လို့လည်းဖြစ်တာပါပဲ။ ဖေဖေနဲ့ မေမေလည်း မေချောနဲ့ငယ်ငယ်ကတည်းက သူငယ်ချင်းတွေပဲကို"

"သမီးက အမေ့ချွေးမ တကယ်ပဲမဖြစ်ချင်ဘူးပေါ့နော်"

သက်ပြင်းရှိုက်လိုက်ပြန်လေ၏။ အမေရယ်. . . ဒီမိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ရင်ထဲကို အမောဆို့အောင်လို့ ဒီစကားမျိုးတွေ ဆက်မပြောပါနဲ့တော့လား။ ကိုယ်ချင်းစာနာမိလို့ပါ။ သူချစ်နေတဲ့မိန်းကလေးကို သူ့အတွက်ကြောင့်နဲ့ ရင်မမောစေချင်တာ အမှန်ပါလေ။

''လောကမှာ ကိုယ်ဖြစ်ချင်တိုင်းဖြစ်လာတာမျိုး မရှိသေးပါဘူး မေချောရယ်။ နှောင်းက ရိုးသားတယ်၊ ပွင့်လင်းတယ်၊ မဟုတ်မခံစိတ်ရှိတယ်၊ စွာတယ်၊ နှောင်းမှန်တယ်လို့ယူဆရင် ဘာကိုမှ မကြောက်မရွံ့နဲ့ ရဲရဲဝံ့ဝံ့ပြန်ပြောတတ်တယ်။ နှောင်းလုပ်နေတဲ့ တာဝန်ယူထားတဲ့ ပရဟိတလုပ်ငန်းတွေကြောင့် လမ်းပေါ်မှာပဲ အမြဲသွားနေရလို့ လမ်းများတယ်ဆိုပြီး ဝိုင်းအထင်သေးကြတာပါ။ မေချောချွေးမနေရာက နှောင်းနဲ့မထိုက်တန်ပါဘူးလေ။ ရိုးရိုးအေးအေးနဲ့ ဣန္ဒြေရှိတဲ့မိန်းကလေးမျိုးသာ ကိုကြီးနဲ့ နန္ဒမို့ ရှာပေးပါ မေချောရယ်။ နှောင်းက စေတနာနဲ့ပြောတာပါ''

''သမီးရယ်''

အဆုံးသတ်လေသံက တုန်သွားတာမို့ ငိုချင်စိတ်ကို ထိန်းလိုက်မှန်း သိလိုက်ပါ၏။ မထိုက်တန်ဘူးတဲ့လား။ ကိုယ်လိုလူ အသည်းနှစ်ထပ်ကွမ်းကွဲတဲ့လူနဲ့က ထားပါတော့၊ ညီလိုမျိုး ရည်းစားတစ်ခါမှ မထားဖူးတဲ့ကောင်လေးနဲ့ပါ မတန်ဘူးလို့ ယူဆသတ်မှတ်ထားတာတဲ့လား နှောင်းရယ်။

ဖြစ်မှဖြစ်ရလေ။ နှလုံးသားဆိမ့်ရှုးအောင့်သည့်ဝေဒနာခိုးကို ခံစားလိုက်ရပါ၏။ မမိတဲ့ပန်းကို တုံးချပြီးလှမ်းခဲ့လို့ အကျနာရတာကထားပါတော့၊ ဘာမဆို အဆင့်အတန်းအတူတူဖြစ်တဲ့ နှောင်းလိုမိန်းကလေးမျိုးနဲ့တောင်မှ မထိုက်တန်တဲ့ဘဝပါလား။ မင်းသီဟလင်းတို့ရဲ့ကံကြမ္မာက တစ်သက်တာအတွက် စုန်းစုန်းနှစ်မြုပ်နေပါရောလားနော်။ နှစ်ကြိမ်နှစ်ခါကွဲဖူးတဲ့အသည်းနှစ်ခြမ်းက အခုမှပဲ အစိတ်စိတ်အမွှာမွှာ ကွဲကြေ





ရပါရောလား။

တတိယအကြိမ်မြောက် ရင်နင့်ခြင်းက ကိုယ့်ကို နောင့်တတွေတစ်သီကြီးနဲ့ အသက်ရှူရပ်စေရပါတယ် နှောင်းရယ်။ ဒီဘဝမှာ မချစ်တတ်လို့တဲ့ အချစ်ငတ်ခဲ့ရတာများလား။ နှောင်းရဲ့စက်ဘီး Bell သံလေးကြောင့်ကွယ်ရာကနေ ခိုးကြည့်ခဲ့မိတာတွေဟာ ချစ်ခြင်းမဟုတ်ရင် ဘာများဖြစ်နိုင်မှာမို့လို့လဲ။

အချစ်ဆိုတာ မချစ်တတ်ရင် အဆိပ်ဖြစ်စေတယ်ဆိုတာ ကြားဖူးနားဝရှိခဲ့တဲ့စကားလုံးမျိုးပါပဲ။ သို့သော် လက်တွေ့ဘဝမှာ တကယ်ပဲ အဲဒီအချစ်နဲ့ သူက မထိုက်တန်ဖြစ်နေခဲ့ရတယ်လို့။ လောကဓံကို အာခံတွန်းလှန်ရင်း မရှိမရှားဘဝကို ရုန်းကန်ကြိုးစားခဲ့ရတာပါ။

အမေ့ကိုစိတ်ချမ်းသာစေဖို့ ညီကလေးကို လူ့ပုံအလယ်မှာ တင့်တယ်စေဖို့ စေတနာမေတ္တာအပြည့်ဖြင့် ကြိုးပမ်းခဲ့တာ အမှန်ဖြစ်ခဲ့ပါလျက်ရောင်ပြန်ဟပ်တတ်လေ့ရှိတဲ့ စေတနာအကျိုး မေတ္တာအကျိုးကို ဘာကြောင့်များ သူအပြည့်ပြန်ရခွင့်မရှိခဲ့ပါလိမ့်။

နှောင်းရယ်. . . နှစ်ခါကွဲဖူးတဲ့အသည်းနဲ့ နှောင်းကိုဖွင့်မပြောရက်ဘဲ တစ်သက်လုံး ရေငုံနှုတ်ပိတ်သွားဖို့ ဆုံးဖြတ်ခဲ့တဲ့လူပါ။ ဒီလိုလူကို ငဲ့ညှာမှုအနည်းငယ်မျှတောင်မရှိဘဲ နှောင်းမို့ စိမ်းစိမ်းကားကား ဆုံးဖြတ်ရက်ရတယ်လို့။ အရင်က ရှိခဲ့တဲ့သံယောဇဉ်လက်ကျန်ကလေးနဲ့ ငဲ့ညှာမှုကလေးနဲ့တောင်မှ မထားပေးနိုင်ပါလားလေ။

''အသက်နဲ့ပတ်သက်ပြီး အဝတ်နိုင်ဆုံး နှောင်း ကြိုးစားရှောင်ခဲ့တာပါ။ အခုကိစ္စကျမှ သူစွပ်စွဲသလိုမျိုး နှောင်းဘက်ကဖြစ်ခဲ့ရင်တစ်သက်လုံး သူလက်ညှိုးထိုး ဟားတိုက်စရာဖြစ်သွားမယ်လေ''



www.burmeseclassic.com

www.burmeseclassic.com



"လူဆိုတာ သူတစ်ပါးပြောတာထက် ကိုယ်လုပ်တဲ့အလုပ်ကိုပဲ အာရုံစိုက်ပြီး မှန်ကန်ဖို့သာ အဓိကကျတာပါ သမီးရယ်။ ဒီကလေး မမွေးခင်ကတည်းက အမေတို့ လူကြီးချင်းစကားအခံ ရှိခဲ့ကြတာပါ။ ဘာကိုများ ဂရုစိုက်ဖို့ လိုလို့တုန်း"

"ဟုတ်ပါတယ်လေ၊ နှောင်းလည်း အဲဒါကိုသိထားပါတယ်။ မေမေကလည်း ပြောတယ်၊ ပတ်ဝန်းကျင်ဆိုတာ ချီးမွမ်းခုနစ်ရက် ကဲ့ရဲ့ ခုနစ်ရက်တဲ့။ နှောင်းက. . . နှောင်းက အသက်ကိုမယှဉ်ချင်တဲ့စိတ်အား ရှိလို့ပဲ ထင်ပါရဲ့ မေချောရယ်"

"ဒါဖြင့် သမီးဆုံးဖြတ်ချက်ကို မပြင်နိုင်တော့ဘူးလား"

"ဟုတ်ကဲ့"

"အမေ့အပေါ်ထားတဲ့ သံယောဇဉ်ကိုရော ထည့်မတွက်ပေးတော့ ဘူးပေါ့လေ"

"မေချောက မေချောသီးသန့်ပါလေ၊ ကိုကြီးတို့နဲ့ မဆိုင်ပါဘူး"

"အင်းပေါ့လေ၊ သမီးက အမေ့ရင်က ဖြစ်တဲ့ကလေးမဟုတ် တော့ ပြောအားရှိရှာမှာပေါ့။ အမေလည်း သိပါတယ်၊ ဒါပေမဲ့ အ[illegible] သားကြီးကို လွန်ခဲ့တဲ့ငါးနှစ်ကျော်ကာလက ခွဲခဲ့ရသလိုမျိုး အခုလည်း ခံစားရတာအမှန်ပါ။ ဝမ်းနဲ့လွယ်ပြီး မမွေးရပေမယ့် အမေ့ရင်နှစ်သည်း ခြာလို့ ချစ်ခဲ့တာပါ သမီးလေးရယ်"

"နှောင်း ယုံပါတယ် မေချောရယ်၊ နှောင်းဟာ မေချောအ[illegible] တစ်သက်တာ သမီးပါရှင်"

တစ်ယောက်ကို တစ်ယောက် ပွေ့ဖက်နှစ်သိမ့်ပေးနေမှ[illegible] သိပါ၏။ အခုမှပဲ မင်းသီဟလင်းတို့ အပြီးအပိုင်ဇာတ်သိမ်းပါပဲ။ [illegible]





သူ့ကိုမှ အပြစ်ပုံမချရပါဘဲ ကိုယ်ကိုယ်တိုင်သာ အပြစ်ရှိတဲ့လူလိုပါပဲလေ။ ဝေးကြရပါပြီကော။ မြင်သာမြင်ရ မကြင်ရဆိုတဲ့စကားက သူ့လိုလူကို ရည်ညွှန်းတာပဲဖြစ်မှာပါလေ။

"အမေတို့ ပြန်ကြတော့လေ၊ Drip လည်း ကုန်ပြီကို"

"ငါ ထမင်းဘူးထည့်လာပေးတာ စားလိုက်နော်"

"ဘာဟင်းလဲ"

"ခပ်မြန်မြန်စီစဉ်လာရတာဟဲ့၊ ခရမ်းချဉ်သီးငါးပိချက်ရယ်၊ ငါးကြော်ရယ်ပဲ။ လက်ဖက်သုတ်ပါ ထည့်လာပေးတယ်၊ စားခါနီး နယ်လိုက်ဦး"

"လူမမာအတွက်ကရော"

"ဆေးသွင်းထားတဲ့လူမမာက ဆာမလားဟဲ့ တကယ်ပဲ လောဘကိုကြီးတယ်"

"သူစားချင်ရင် ဘယ်နှယ်လုပ်မလဲဟ၊ နိုးနေတာကို မျက်စိမှိတ်ထားပြီး အိပ်ချင်ယောင်ဆောင်နေတဲ့ဟာ"

"ဟမ်!"

သွားပါပြီ။ ဒီညီတစ်ယောက်ကဖြင့် သူ့ကို အရှက်ဟက်တက်ခွဲ[illegible]နိုပါရောလား။ အလိုက်မသိတဲ့ နောလေးပါလားနော်။

❤ ❤ ❤



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"ဘာလာလုပ်ပြန်ပြီလဲဟေ့"

မျက်စောင်းက အရင်ဆုံးရောက်လာ၏။ Phone ပြင်ပေးနေသည့်သူ့ရှေ့မှ အသာဖြုတ်ကာ Photo ကူးနေသည့်ညီအနီး လျှောက်သွားတာမို့ သူ သက်ပြင်းကျိတ်ရှိုက်လိုက်မိပါသည်။ လက်ထဲကိုင်ထားသည့် Screw driver က မှလီကိုမဆွဲဘဲ သံမံတလင်းပေါ် ပြုတ်ကျသွားလေ၏။ ခက်ပါရဲ့နော်၊ ရှာရခက်တဲ့မှလီက ပြဿနာရှာပြန်ပြီလေ။

"ဟာ . . . ကျွတ်!"

"ဘာဖြစ်ပြန်ပြီလဲ"

"ဒီမှာကွာ . . . Screw တစ်လုံး ပြုတ်ကျသွားလို့"

"မရှိလည်း အသစ်ထည့်ပေးလိုက်ပေါ့ ကိုကိုရာ။ အပင်ပန်းခံမနေစမ်းပါနဲ့"

"မရဘူးကွ၊ ဒီ Size က ပိစိလေး"





Showcase တွေအောက်ထဲ သူ ကုန်းကုန်းကွကွရှာလေတော့ သူမက Steel ချိုင့်ကို ခုံပေါ်တင်ကာ အနားသို့ရောက်လာတော့၏။ သိတယ်လေ၊ မကူညီရရင် မနေတတ်ဘဲကိုး။

"နှောင်း ကူပြီး . . ."

"နေနေ . . . ရတယ်၊ ဒီနားမလာနဲ့"

"ဟင်! ကိုကြီးစကားက ဘာကြီးလဲ၊ နှောင်းကို မတူမတန်သလိုနဲ့၊ အနားအလာမခံရအောင် နှောင်းက နူနေဝဲနေလို့လား"

"အာ . . . မဟုတ်ရပါဘူး၊ ညည်းခြေထောက်နဲ့တိုက်မိရင် မှလီလွင့်သွားမှာစိုးလို့ တားနေတာ"

"တွေ့လား . . . လူကို ညည်းညည်းနဲ့ မပြောပါနဲ့၊ မကြိုက်ဘူး"

"ရော်! အရေးထဲ ဂျပန်မှုဒါနဲ့ လာတိုးနေပြန်ပါပြီ"

"ဘာရယ် . . . အဲဒါက နှောင်းကို အရစ်ရှည်တယ်လို့ ပြောထိုက်တာပေါ့လေ။ ဒီက စေတနာနဲ့လည်း ကူပေးမယ်ပြောရသေးတယ်။ ထားစေချင်လို့လည်း အားရှိစေချင်လို့ တပင်တပန်း အပူလောင်ခံပြီး ချက်ပြုတ်ယူလာတာကို ကျေးဇူးမတင်တဲ့အပြင် . . ."

"ဟေ့ဟေ့! မငိုချလိုက်နဲ့နော်၊ ပြဿနာပဲ"

"ငိုတော့ ဘာဖြစ်လဲ"

"ဆိုင်ထဲမှာ လာဘ်တိတ်မှာပေါ့ဟ"

"တိတ်ပါစေ၊ ငိုမှာပဲ။ နင်နော် နန္ဒ"

"နေရင်းထိုင်ရင်း ငါပါအမှုပတ်နေပြီ။ ကူရှာခိုင်းလိုက် ကိုကိုရာ၊ ulb သီးနှစ်လုံးအားထက် လေးလုံးအားက ပိုကောင်းတယ်မဟုတ်လား"

"ရှာပေးရမလား"

www.burmeseclassic.com



"ကဲကဲ. . . ရှာတော်မူပါ မယ်မင်းကြီးမရယ်၊ တကယ်ပါပဲ"

ခုနကပဲ ငိုမဲ့မဲ့ဖြစ်နေတဲ့မျက်နှာက ချက်ချင်းကိုပြုံးသွားတော့ တာလေ။ တိမ်ဖုံးနေတဲ့လကလေး တိမ်ကင်းစင်သွားသလိုပါပဲ။ Phone Handset ကောင်တာ၊ Service ကောင်တာ၊ ညီ Photo ပြင်ရ စားပွဲကြားနေရာကျဉ်းကျဉ်းလေးမှာ လူနှစ်ယောက် လေးဖက်ထောက် ဘယ်လိုရှာလို့ လွတ်ပါ့မလဲ။

ဖျတ်ခနဲလှည့်ရုံနဲ့ နဖူးချင်းတိုက်၊ ကိုယ်ချင်းတိုက်တွေ ဖြစ်ရ မို့ သူ့အတော်လေး စိတ်ကျဉ်းကြပ်နေရတာလေ။ Screw တော့မတွေ့ သူ့ပဲ အကြပ်တွေ့နေရပါရောလား။

"တွေ့လား"

"ဟင့်အင်း"

"သေးသေးပိစိမည်းမည်းလေးလေ၊ နေဦး. . . ဓာတ်မီးနဲ့ ကြည့်ရမှာပါပဲ"

သူဆတ်ခနဲ ထရပ်ကာ ကောင်တာပုံးထဲမှဓာတ်မီးကိုယူ၍ လိုက်ပါ၏။ သေးသေးလေးမို့ အောက်ထဲ လွင့်သွား၊ လိမ့်သွားတာလည်း ဖြစ်နိုင်တာကိုး။ ကောင်တာအောက်တွေကိုကြည့်စဉ် ဘာမှမတွေ့ တာမို့ သူ့စိတ်အတော်ပျက်နေလေပြီ။ ဒီ Phone က ခဏနေရင် လာ မှာကိုး။

"ထမင်းစားလို့ မကောင်းသေးဘူးဆို"

"အင်း"

"အဲဒါကြောင့် နှောင်း ကြက်စွပ်ပြုတ်နဲ့ ကြက်သားသုတ် လာတယ်"





"ကြားရတာနဲ့ ပျို့တက်လာပြီ၊ မစားချင်ပါဘူး။ နေမကောင်း ဖြစ်စကတည်းက ဆက်တိုက်သောက်လာရတဲ့ Chicken Soup."

"မသောက်လို့ ဘယ်ဖြစ်ပါ့မလဲ၊ ကြက်သားသုတ်ကိုလေ၊ ကို ကြီးသိပ်ကြိုက်တဲ့ ငရုတ်သီးခွဲခြမ်းရယ် ကြက်သွန်နီရယ် ထောင်းပြီး ပဲဆီမွှေးမွှေးလေး ဆမ်းလာပေးတာ။ ရောက်ရွက်လေး ပါးပါးလှီးထည့် ထားပြီး သံပုရာစိတ်လေး ညှစ်ရုံပဲ"

"မစားချင်ပါဘူးဆိုနေမှ စကားကိုများတယ်ဟာ"

"ကိုကြီးနော်၊ အဲဒီလိုမပြောနဲ့"

"ဟောကြည့်! စိတ်က ကောက်ချင်နေပြန်ပြီ။ ကူရှာပေးမှာလား၊ မရှာပေးဘူးလား. . . ပြော"

"နှောင်းကို ဘာလို့ရောင်နေတာလဲ"

သူနှုတ်ပိတ်သွားတော့၏။ မေးနေလေပြီ၊ ရှောင်တာတော့ ရှောင် တာပေါ့လေ။ သို့သော် Thai ပြန်ထွက်ဖို့ကိစ္စ လုံးပန်းနေရတာမို့ ရှောင် သလိုဖြစ်နိုင်တာပါပဲ၊ ကိုယ့်အလုပ်နဲ့ကိုယ်ရှုပ်ပြီး လုံးလည်လိုက်နေရတာ မို့ ဒီကလေးကို ဂရုမစိုက်မိသလိုများ ဖြစ်နေလေမလား။ အထူးတလည် မစဉ်းစားမိပါလေ။

"နှောင်းလာပို့တဲ့ဟင်းတွေကိုလည်း ထိတောင် မထိဘူးဆို"

အားပါး. . . စစ်ဆင်ရေးကတော့ စပါရောလား။ လုပ်လက်စ အလုပ်ကိုတောင် ဘာဆက်လုပ်ရမှန်းမသိအောင် သူတွေဝေသွားရတာပါ လေ။ ဘယ်လိုဖြေရင်ကောင်းမလဲ၊ မဖြေလို့လည်းမရ။ နောက်ထပ်အပြစ် က ထပ်တိုးဦးမှာကိုး။

"ပြီးတော့ ကိုကြီး နိုင်ငံခြားပြန်ထွက်တော့မှာဆို၊ ဟုတ်လား။

www.burmeseclassic.com



သက်ပြင်းချည်းချမနေနဲ့လေ၊ မေးတာဖြေမှပေါ့"

"ကျစ်! ခက်တာပဲ"

"မထွက်တော့ဘူးလို့ မေချောကို ပေးထားတဲ့ကတိက ဘယ်သူ့ကြောင့် ပျက်ရတာလဲ။ နှောင်းကြောင့်လား"

"မဟုတ်ပါဘူး"

"အဲဒါဆို ဘယ်သူ့ကြောင့်လဲ၊ ရှင်းရှင်းပြော"

ရော်! ခက်တော့တာပဲ၊ ဘေးနားကနေ နားပူနားဆာလုပ်နေတာပါလား။ ဖြေဖို့ကလည်း အထအနကောက်ပြီး ဖြစ်နဲ့ငိုချလိုက်မှ ရှင်ရခက်ပေမည်။ မင်းတော့ ဆူးကြားက ပူးခါးဖြစ်နေပြီ သီဟရေ။

"ဟင်လို့"

"ဘယ်သူ့ကြောင့်မှ မဟုတ်ဘူး၊ ဒီလိုပဲ ဒီမှာမနေချင်တော့လို့ သွားတာ။ ရှင်းပြီလား"

"အဲဒါကို နှောင်းကိုမုန်းလို့ပေါ့"

တွေ့လား. . . ထင်တဲ့အတိုင်းကို ဖြစ်လာတာလေ။ ဒီကလေးသာသာ ကောင်မလေးနဲ့တော့ ခက်တော့တာပဲ။ သူကလည်း စကားကို လိမ်ပတ်လည်အောင် ရှင်းရှင်းမပြောတတ်တာနဲ့တော့ အခက်ကို တွေ့ရပြီလေ။

"ဒီမယ် ဒမိ၊ ကျုပ်လုပ်နေတာကို ကူညီချင်တာလား၊ နှောင့်ယှက်ချင်တာလား။ မကူညီချင်ဘူးဆိုရင် ထွက်တော့"

"အမိလို့ မခေါ်နဲ့"

"ဟောဗျာ"

မျက်ရည်က ပိုးပိုးပေါက်ပေါက်ကျလာလေတော့၏။ ညီက အငယ်





ပြီး၍ ဘယ်ပျောက်သွားမှန်းပင် မသိလိုက်ပါချေ။ ဒုက္ခပါပဲ၊ ဆိုင်ထဲမှာ ငိုပွဲကြီးဆင်နေတဲ့ ဤကလေးမနဲ့ သူ့ကို ပတ်ဝန်းကျင်က တွေ့သွားရင် ဘယ့်နှယ်ရှင်းပြရမှာပါလိမ့်။

"မငိုနဲ့လေ၊ ဘာငိုစရာရှိလို့လဲ"

"ကိုကြီးက နှောင်းကို မုန်းနေတာကိုးလို့"

"ဟာ! ဘယ်မှာမုန်းလို့လဲ"

"မုန်းတာပေါ့၊ မမုန်းဘဲနဲ့ ဒီမြေကနေ နှောင်းရှေ့ကနေ ဟိုးအဝေးဆုံးကို ထွက်ပြေးပါ့မလား"

"ကျစ်! ခက်လိုက်တာနော်၊ ဘယ်လိုရှင်းရမှန်းကို မသိတော့ဘူး"

"ဘာမှမရှင်းပြနေနဲ့၊ နှောင်းသိပါတယ်"

"ဩော်. . . မဟုတ်ရပါဘူးဆိုနေမှပဲကွာ"

"မဟုတ်ရင် မသွားနဲ့ပေါ့၊ မေချောလည်း မခွဲချင်တဲ့ဟာကို"

"မသွားလို့မဖြစ်ဘူး၊ ဗီဇာတွေ Past Post တွေအားလုံး လုပ်ပြီးနေပြီ"

"သွားသွား. . . သွားပြီး တစ်သက်လုံးပြန်မလာလည်း အေးတာပဲ"

"ဟ! ကိုယ့်နိုင်ငံ ကိုယ်ပြန်မလာလို့ ဖြစ်မလား"

"ဒါဆိုလည်း ဘာလို့သွားသေးလဲ၊ အလကားလူကြီး. . . နှလုံးသားကို မရှိဘူး"

"ဘာပြောလိုက်တယ်"

"မသိဘူး"

နှောင်းစိတ်ဆိုးလျှင် ထိုသို့မကြားတကြား ရေရွတ်ကျင့်ရှိသည်မို့



www.burmeseclassic.com

www.burmeseclassic.com



သူနားစွန်နားဖျား ကြားလိုက်ပါ၏။ အလကားလူကြီးတဲ့၊ ခင်ပြောတုန်းက ဖြင့် ဆတ်ဆတ်ခါနာခဲ့ရပြီး နှောင်းပြောတာကိုဖြင့် သူစိတ်မဆိုး မနာကျင် မိတာ ဘာကြောင့်ပါလိမ့်။

"လူကြီးကို မရိုမသေ ကြပ်ကြပ်ပြော၊ ရဲကြီးမယ်သိလား"

"ကြီးကြီးပေါ့. . . သိဘူး ပြောမှာပဲ"

"အတော်ဆိုးတဲ့ဟာလေး"

"ဟုတ်ပါတယ်၊ နှောင်းက ကိုယ့်ကိုယ်ကိုယ် ဆိုးမှန်းသိပါတယ်"

"တော်တော့နော်၊ မျက်ရည်ထပ်မကျတော့နဲ့၊ တော်ကြာ လူတွေ တစ်မျိုးထင်ကုန်မယ်"

"ဘယ်လိုမျိုးလဲ"

"ဟင်!"

မျက်ဝန်းတောက်တောက်လေးတွေ ဖျတ်ခနဲလက်သွားတာမှီ သူ့ အထိတ်တလန့်ထိုင်ချလိုက်မိလေ၏။ ပြဿနာပဲ၊ ဒီကလေးမတော့ သူ့ကို မရမက အကြပ်ကိုင်နေပါရောလားနော်။ လက်က တစ်စုံတစ်ခုကို ဖိ သွားပြီး လိမ့်သွားလေ၏။

"ဟော!"

"တွေ့ပြီ"

"အား. . ."

ပြိုင်တူအော်သံနှင့်အတူ နှစ်ဦးသား ခေါင်းချင်းဆောင့်သံက ခွပ် ခနဲပါပဲ။ ယောကျ်ားလေးက ကိစ္စမရှိပေမယ့် မိန်းကလေးဖြစ်တဲ့ နှောင်း အတော်နာသွားရမှာလေ။ ထုံးစံအတိုင်း သူ့မသိစိတ်က မရည်ရွယ်ပါ နှောင်းနဖူးပေါ် လက်အုပ်ပြီးသားဖြစ်သွားတော့သည်။





"နာသွားလား. . . ဦးဖွ! ဦးဖွ!"

"ဟဲ့! ဒီကလေးနှစ်ယောက်ဟာလေ ချိန်းတွေ့စရာရှားလို့ ဒီချောင် ထဲ လာချိန်းတွေ့နေရလား. . . မိနှောင်း"

"မေမေ. . . မဟုတ်ဘူး"

"ဘာမဟုတ်ရမှာလဲ၊ ငါ့မျက်စိနဲ့ တပ်အပ်ကြီးနှစ်ယောက်သား အကြည့်ဆိုက်နေတာကို မြင်ရတာ။ ဘာမှန်လာဥလုပ်ချင်ရတာလဲ၊ ဘယ် သူမှ မရှိကြဘူးလား"

"ကျွန်တော်ရှိပါတယ် ဒေါ်လေးငယ်ရယ်၊ မမြင်သင့်တာ မမြင် ရအောင် အလိုက်တသိနဲ့ ရှောင်ပေးနေတာဗျ"

"မချောရော. . . မျှော်ရုံသွားဖို့ သူ့ကိုဝင်ခေါ်ပါတယ်၊ ငါတော့ ကုသိုလ်မရဘဲ အကုသိုလ်ရတော့မှာပဲ"

"မေမေကလည်း မဟုတ်ပါဘူးလို့ နှောင်းပြောနေတယ်လေ"

"ညည်းသာ တစ်ယောက်တည်းဘူးခံပြီး ငြင်းနေတာ။ မင်းမင်း က ဘာမှမပြောတာပါကြည့်။ ဘာလိမ်ချင်နေရတာလဲ။ အမေက နင်တို့ နှစ်ယောက်ကို သဘောမတူဘူးပြောနေလို့လား"

"မဟုတ်ဘူး၊ နှင်းတို့ မူလီပျောက်လို့ ရှာနေတာပါ"

"ဘယ်မလဲ. . . အဲဒီ မူလီ"

"အဲ. . ."

"တွေ့လား. . . မအေကိုများ မညာတတ်ဘဲ ညာပြနေပြန်ပါပြီ၊ ညည်းနော်. . . အတတ်ကောင်းတွေ တော်တော်တတ်"

"ကိုကြီးက ပြောဦးလေ"

"ဘာကိုပြောရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်! နှောင်းတို့ မှုလီရှာနေတာကိုပေါ့"

"ဘာမှုလီလဲ"

"ကိုကြီးနော်"

တကယ့်ကို ပြူးပြူးပြာပြာဖြစ်သွားရသည့် ကောင်မလေးကို သူ သနားမိပေမယ့် ငြိမ်နေလိုက်မိပါ၏။ 'ချော်လဲ ရောထိုင်'တဲ့။ ဒီစကားပုံက သူနဲ့ကွက်တိကို လာမှန်နေပါရောလား။

"ပြီးပြီ မငယ်ရေ့၊ ငါရေချိုးနေလို့ပါ။ ဘာဖြစ်နေပြန်ပြီလဲ"

"ဒီမှာလေ၊ အိမ်က ဆတ်စလူးမကို အနေအထိုင်မတတ်လို့ ဆူနေတာ"

"သမီးကိုမပြောပါနဲ့ဟယ်၊ ကလေးက လိမ္မာပါတယ်"

"ဘာလိမ္မာရမှာလဲ၊ ငါမပြောလိုက်ချင်ဘူး။ ဒါနဲ့ မင်းမင်း ဘယ်တော့သွားရမှာလဲ"

"မသွားဖြစ်သေးပါဘူး မငယ်ရယ်၊ သူစိတ်ရှုးထပြီး လျှောက်လုပ်နေလို့ ငါ မရမက ဖျက်ထားတယ်။ ငါကလည်း မလွှတ်ချင်ပါဘူး"

"အေး. . . ငါတို့မလွှတ်ချင်တာက တော်တော်ရယ်။ ငါ့သမီးက မလွှတ်ချင်တာက ပိုဆိုးတယ်ဟဲ့။ သမီးရှင်ဘက်က မျက်နှာပူလိုက်ရတာနော်"

"ဪ. . . ဒီတော့လည်း ဖိတ်စာဝေပြီး ပေးစားလိုက်ရုံပေါ့အေ"

"လုပ်လိုက်လေ ကြာသလားလို့၊ ဒီမှာ ညီ Computer စီဒီ အကြမ်းရေးနေပြီ ကိုကိုရေ့"

ရယ်သံတွေ ထွက်လာလေ၏။ နှောင်းမျက်နှာလေး ရဲရဲနီကာ ရှက်သွေးဖြာနေလေတော့သည်။ ဒီတစ်ကြိမ်တော့ ဘာမှမပြောတော့ဘဲ





ငြိမ်ရုံပဲဖြစ်တော့မှာလေ။ စကားများရင် အမှားပါတတ်တာကိုး။

"ဘာမှမပြောတော့ဘူးလား"

"အင်း"

"အဲဒီလိုငြိမ်နေရင် ပြီးရောလား"

"အင်းလေ"

"ပြောဖို့ဖြင့် သတ္တိမရှိဘဲနဲ့များ"

"ပြောဖို့စကားမှ မရှိတော့တာ။ နှောင်းက ကိုယ့်ကိစ္စတွေ အကုန်လုံးသိထားတာပဲ မဟုတ်လား။ ရှေ့ကကောင်မလေးတွေ နာမည်ခေါ်ပြီးတော့ ရှာကြံစိတ်မကောက်တတ်ပါဘူးနော်"

"အံမယ်! နှောင်းကိုများ ကလေးထင်နေလား။ ကိုကြီးရဲ့အတိတ်က နှောင်းနဲ့မှမဆိုင်တာ"

"တကယ်နော်"

"တကယ်"

"ခုနမှုလီလေး တကယ်ပြန်ပျောက်သွားပြန်ပြီလား"

သူပြုံးရင်းဖြင့် လက်ဝါးထဲ ဆုပ်ကိုင်ထားသည့်မှုလီလေးကို ဖြန့်ပြလိုက်ပါ၏။ နှောင်းထံမှ မျက်စောင်းလှလှလေးနှင့်အတူ လက်သီးဆုပ်တစ်ချက်ပါ လက်ဆောင်ရလိုက်လေသည်။ လူကြီးတွေ ဓမ္မာရုံတရားပွဲကို သွားကြပြီဖြစ်ပေမယ့် အိမ်မှာ ညီကျန်နေသေးတာမို့ လုပ်ချောင်းသံကြီး ထွက်လာလေတော့သည်။

တကယ်ပါလေ၊ မင်းသီဟာလင်းရဲ့မျက်ရည်တွေ ဒီမှာအဆုံးသတ်သွားရတာ အမှန်ပါပဲ။ ။

www.burmeseclassic.com

www.burmeseclassic.com

လေးစားလျက်....

မမသဒ္ဒါမောင်

20th April 2014

PM 1:45

# ကျေးဇူးတင်ရှိခြင်း

ဤဇာတ်လမ်းဖြစ်မြောက်စေရန် ကုန်ကြမ်းပေးသည့်
“မွန်ပြည်နယ်၊ ရေးမြို့နယ်ရှိ လမိုင်းမြို့”မှ မောင်လေး
“မင်းမင်း”အား အထူးပင် ကျေးဇူးတင်ရှိပါသည်။

မမသဒ္ဒါမောင်

## စာရေးသူရေးနေဆဲ စာအုပ်

မပြာမိကဝါ

BURMESE CLASSIC

www.burmeseclassic.com